www.dhammaransi.com



# သာမဏေကျော်

## မှတ်သားလိုက်နာဖွယ် ဘုရားစကား

၁၀

Than Myint Aung

www.dhammaransi.com

## ဒို့တာဝန်အရေး ၃ ပါး

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး | ဒို့အရေး |

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်
ပြည်ထောင်စုသား အားလုံး၏ ပဓာနကျသော
တာဝန်ဖြစ်သည်။

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ
- ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ

www.dhammaransi.com

သာမဏေကျော်

# မှတ်သားလိုက်နာဖွယ် ဘုရားစကား ၅၀

ပါရမီ
စာပေ

www.dhammaransi.com

မှတ်သားလိုက်နာဖွယ် ဘုရားစကား ၅၀
ပထမအကြိမ်၊ ၂၀၀၁ ခုနှစ် ဩဂုတ်လ၊ အုပ်ရေ ၁၀၀၀

အဖုံးပန်းချီ သန်းမြင့်အောင်

မျက်နှာဖုံးခွင့်ပြုချက်အမှတ် ၄၄၈/၂၀၀၁(၈)နှင့် စာမူခွင့်ပြုချက်အမှတ်
၁၃၅/၂၀၀၁(၂)တို့အရ ဦးတင်ရိုန်(၀၃၇၆၃)စန်းရောင်ရှိန်စာပေ၊ ၄/၁၇၇၊
မေခလမ်း၊ ဝေဘာဂီမြို့သစ်၊ မြောက်ဥက္ကလာ က ထုတ်ဝေ၍
မျက်နှာဖုံးနှင့် အတွင်းစာသားကို ဒေါ်ခင်ခင်ဝင်း(၀၂၆၇၀)၊
ကလျာအော့ဖ်ဆက်၊ ၁၅၂၊ ကျွန်းရွှေမြိုင်လမ်း၊ သုဝဏ္ဏ က ပုံနှိပ်သည်။

တန်ဖိုး ၄၀၀ ကျပ်

ပါရမီစာပေ
၂၃၀၊ ၂၉ လမ်း(အထက်လမ်း)၊ ရန်ကုန်(ဖုံး ၂၅၃၂၄၆)
၂ / ၄၊ ကမ္ဘာအေးစေတီတော်မုခ်ဦးစောင်းတန်း၊ ရန်ကုန်
၂၉၅၊ ဈေးအရှေ့လမ်း၊ ထားဝယ်

www.dhammaransi.com

# မာတိကာ


| | | |
|---|---|---|
| | ဒေါက်တာမတင်ဝင်း၏လျှောက်ထားလွှာ | ၅ |
| ၁။ | ဖြေရခက်တဲ့ကြိုး | ၂၅ |
| ၂။ | ရှားပါးတဲ့ဇာတ်လမ်းတစ်ပုဒ် | ၂၉ |
| ၃။ | ချစ်တတ်သူ | ၃၃ |
| ၄။ | လက်နှီးစုတ်လေး ဖြူချင်ရင် | ၃၆ |
| ၅။ | အေးချမ်းသာယာတဲ့ လူ့လောကကြီး | ၄၀ |
| ၆။ | ဗျိုင်းငှက်နဲ့ အလင်းရောင် | ၄၄ |
| ၇။ | ကိုယ့်အကျိုး သူ့အကျိုး | ၄၇ |
| ၈။ | သေစာ | ၅၁ |
| ၉။ | အကျိုးဆောင် | ၅၄ |
| ၁၀။ | ကံကောင်းသူ | ၅၇ |
| ၁၁။ | ရှေ့တော်ပြေး | ၆၀ |
| ၁၂။ | အချိုနဲ့ အခါး | ၆၃ |
| ၁၃။ | ဘုရားရဲ့စကားပြောနည်း | ၆၇ |
| ၁၄။ | အရှင်မောဂ္ဂလာန်ရဲ့စိတ်ထား | ၇၁ |
| ၁၅။ | အမှီကောင်း | ၇၅ |
| ၁၆။ | အရှုံး အနိုင် | ၇၈ |
| ၁၇။ | အရှက် အကြောက် | ၈၁ |
| ၁၈။ | လူတိုင်းဖြေရမယ့်စာမေးပွဲ | ၈၄ |
| ၁၉။ | ဘုရားနဲ့ တရား | ၈၇ |
| ၂၀။ | အချိန်ပညာ | ၉၀ |
| ၂၁။ | အလှရဲ့ကျေးကျွန် | ၉၃ |
| ၂၂။ | အဆင်ပြေချင်ရင် | ၉၆ |
| ၂၃။ | လှိုင်းကြီးလှေအောက် | ၁၀၀ |
| ၂၄။ | ဘဝရဲ့အလှ | ၁၀၄ |

www.dhammaransi.com




၂၅။ သူမပါ ဘယ်ဟာမပြီး ၁၀၇
၂၆။ ရှာမှ ရှားသူ ၁၁၀
၂၇။ သူ့သုခ ကိုယ့်သုခ ၁၁၃
၂၈။ အနာနဲ့ဆေး ၁၁၇
၂၉။ အချစ်ဆုံး ၁၂၀
၃၀။ အမြဲဆင်ခြင် ၁၂၄
၃၁။ အကောင်းဆုံးဆေးတစ်ခွက် ၁၂၈
၃၂။ ကဲ့ရဲ့ ချီးမွမ်း ၁၃၂
၃၃။ တစိမ်းလိုသဘောထားရင် ၁၃၆
၃၄။ အနှစ် ၁၄၀
၃၅။ အမျိုးဖျက်သား ၁၄၃
၃၆။ ဉာဏ်နဲ့ဆင်ခြင် ဆင်ခြင်ပြီး ၁၄၇
၃၇။ တိုက်တွန်းပေးကြပါ ၁၅၁
၃၈။ မြတ်တဲ့အသက်ရှင်ခြင်း ၁၅၅
၃၉။ ချမ်းသာရေး ရှေးရှု ၁၅၈
၄၀။ ချမ်းသာသူ ၁၆၁
၄၁။ သတ္တိရှိသူ ၁၆၅
၄၂။ မသေတဲ့ဘဝ ၁၆၈
၄၃။ မေတ္တာသင်္ကေတ ၁၇၂
၄၄။ နတ်စောင့်သူ ၁၇၅
၄၅။ မျက်စိအောက်က အပျောက်မခံချင်ရင် ၁၇၈
၄၆။ ကြီးငှက်နဲ့ ရွှေဟင်္သာ ၁၈၂
၄၇။ ဟန်ဆောင်လှည့်စားတယ် ၁၈၅
၄၈။ သတိမထားရင် လိမ့်သွားမယ် ၁၈၉
၄၉။ ဘုရားရှင့်အကြိုက် ၁၉၃
၅၀။ မသေဖူးတဲ့နေရာ ၁၉၇


✤

www.dhammaransi.com

# ဒေါက်တာမတင်ဝင်း၏ လျှောက်ထားလွှာ

လျှောက်ထားပါသည်ဘုရား

ခြေတော်ဦးခိုက် ရိုသေစွာ လျှောက်ထားပါသည် ဆရာတော်ဘုရား။

ဒီတစ်ခါ လျှောက်ထားချက်က ထူးခြားနေပါတယ်ဘုရား။ တောစခန်းရိပ်သာကို စတုတ္ထအကြိမ် တရားဝင်ဖို့လာတဲ့ ၉၊ ၂၊ ၂၀၀၀ နေ့မှာ ဆရာတော်ကို ပထမဦးစွာ ဦးခိုက်ပူဇော်ရင်း တပည့်တော်ရဲ့ စာအုပ်များကို ကပ်ခဲ့ပါတယ်။ ဆရာတော်ကလည်း ရေးပြီးတာနဲ့ ရေးလက်စစာမူကို ထုတ်ပြပြီး 'ဒီတစ်ခါတော့ ဒကာမကြီးက တရားဝင်မှာဖြစ်လို့ အမှာစာ ရေးခိုင်းရမှာ အားနာတယ်' လို့ မိန့်တော်မူခဲ့ပါတယ်။

ဆရာတော်ဟာ အရင်တစ်ခါကလည်း အားနာတဲ့အကြောင်းကို မိန့်တော်မူပြီးပါပြီ။ အလုပ်များပြီး မအားတဲ့သူကို အမြဲတစေ ရေးခိုင်းနေရင် အားမနာရာကျမယ်၊ 'သဒ္ဒါလွန်း ဆွမ်း တော်တော်ရပ် တဲ့' လို့ မိန့်တော်မူခဲ့တာပါ။ အရှင်ဘုရား အားနာတတ်တယ်၊ ကိုယ့်ကြောင့် တစ်ဖက်သားမှာ အလုပ်များမှာ တာဝန်ပိုမှာကို အလွန်စိုးရိမ်တယ်ဆိုတာ တပည့်တော် ကြားဖူးတာ အခါခါပါပဲဘုရား။

တပည့်တော်က ဒီတစ်စောင်တော့ တပည့်တော် ရေးပါဦးမယ်လို့ လျှောက်ထားပြီး စာမူကို ယူခဲ့ပါတယ်။ နောင်တစ်စောင်ကလည်း မပြီးသေးဘဲကိုး။ ဆရာနဲ့ ဒကာတို့ဟာ စာရေးတာကို အလွန်ဝါသနာကြီးကြတာကြောင့် တပည့်တော်ကိုလည်း အမြဲရေးချင်နေတာပဲလို့ ဆရာတော်က ကဲ့ရဲ့ပြစ်တင်မှု ပြုမှာမဟုတ်ဘူးဆိုတာ သေချာပါတယ်။ တရားအားထုတ်ဖို့လာတာ စာက ရေးရဦးမှာလားလို့ မေးရင် ဆရာ

www.dhammaransi.com



တော့် စာမူများဟာ တရားအားထုတ်မယ့် တပည့်တော်အတွက် အားဆေးများဖြစ်မှာ သေချာတာကြောင့် တရားအားထုတ်နေရင်း ဖတ်လည်းဖတ်သင့်သလို သေသေချာချာ နှလုံးသွင်းရမယ့် တရားများလည်းဖြစ်ပါတယ်ဘုရား။

အခု ဖတ်နေဆဲစာမူတွေထဲမှာ 'အကျိုးဆောင်' ဆိုတဲ့ ခေါင်းစဉ်နဲ့ ရေးထားတဲ့ သတိအကြောင်းကို တပည့်တော် အရင်ရေးသား ပူဇော်ပါရစေဘုရား။

အကျိုးဆောင်

'ရဟန်းတို့၊ မိမိရဲ့အကျိုးစီးပွားကို ကောင်းကောင်းရှုမြင်သူဟာ သတိနဲ့ ကိစ္စအားလုံးကို ပြုလုပ်သင့်သည်သာ။ သူတစ်ပါးရဲ့အကျိုးစီးပွားကို ကောင်းကောင်း ရှုမြင်သူဟာ သတိနဲ့ ကိစ္စအားလုံးကို ပြုလုပ်သင့်သည်သာ။ မိမိ သူတစ်ပါး နှစ်ဦးသားရဲ့ အကျိုးစီးပွားကို ရှုမြင်သူဟာ သတိနဲ့ အရာအားလုံးကို ပြုလုပ်သင့်သည်သာ' ဆိုတဲ့ နိဒါနဝဂ္ဂသံယုတ် ၃ ဒသဗလဝဂ္ဂ၊ ၂ ဒုတိယ ဒသဗလသုတ္တလာ မြတ်စွာဘုရားရဲ့ အဆုံးအမကို ညွှန်းပြီး ဆရာတော် ရေးသားထားတဲ့ သတိအကြောင်းဟာ အခုလို တရားအားထုတ်နေတဲ့အချိန်မှာ ဖတ်ရတာ အားပေးတရား၊ သတိပေးတရား စင်စစ်ဖြစ်ပါတယ် ဘုရား။

'သတိမဲ့မှုက အမှားကို တံခါးဖွင့်ပေးထားပါတယ်။ သတိက အမှားကို တံခါးပိတ်ထားပါတယ်' ဆိုတဲ့ စာကြောင်းကဖြင့် တရားအားထုတ်နေသူတိုင်းကို သတိထားကြဖို့ တိုက်တွန်းနေသလိုပါပဲ။ တရားအားထုတ်ဖို့ လာကြရတာ ပြည်တွင်းယောဂီအနေနဲ့ရော ပြည်ပယောဂီအနေနဲ့ပါ မလွယ်လှပါဘူး ဘုရား။ အဲသည်လို မလွယ်တဲ့ကိစ္စတွေကို ကြိုးစားပမ်းစား ပစ်ထားပြီးမှ ဓမ္မာရုံကြီးမှာ ကျုံ့ကျုံ့ယုံ့ယုံ့ ထိုင်ကာ တရားမှတ်နေရင်း သတိလွတ်နေကြတယ်ဆိုရင် တကယ်ပဲ နှမြောဖို့ကောင်းပါတယ်။ အချိန်ကလည်း မြန်မာနိုင်ငံ သာသနာနဲ့

www.dhammaransi.com



ကြုံရခြင်းဆိုတဲ့ အချိန်ဖြစ်လို့ ဆုံးရှုံးမှုဟာ ဆင်ခြင်လေလေ ကြီးမားလေလေပါပဲ ဘုရား။

တပည့်တော်တို့က သံသရာ အဆက်ဆက်ကစပြီး ခုအချိန်အထိ တပည့်တော်တို့ရဲ့ ကိုယ်၊ နှုတ်၊ နှလုံး သုံးပါးထဲကို ဝင်နေတဲ့ ဝင်နေဆဲလည်းဖြစ်တဲ့ အမှားများကို ထပ်မဝင်နိုင်ဖို့ ဝင်ပြီးသားများကို ချေဖျက်ဖို့ ကြိုးစားနေကြတာပါကလားလို့ သဘောပေါက်မိပါတယ် ဘုရား။ ပြုလုပ်သမျှ၊ ပြောဆိုသမျှ၊ တွေးတောသမျှကို အမှတ်နဲ့ စစ်နေတာဟာ သတိရှေ့ဆောင်သော လုပ်ရပ်ဖြစ်လို့ ဝမ်းသာစရာ ကောင်းလှပါတယ် ဘုရား။ ဒါပေမဲ့ သတိက မည်ကာမတ္တမဟုတ်ဘဲ အားကောင်းပါမှ အမှားတွေက စင်ကြယ်မှာ ဖြစ်ပါတယ်။ တပည့်တော်ကတော့ အားသာ ထုတ်နေရတယ်၊ သတိအားမကောင်းမှန်း ကိုယ့်ဘာသာသိပြီး အတော်ပဲ ကြိုးစားနေရပါတယ်ဘုရား။

ကုသိုလ်အားလုံးထဲမှာ သတိဆိုတဲ့ကုသိုလ်က အမြတ်ဆုံး ဖြစ်ပါတယ်လို့ ဆရာတော်က ပါဠိတော်လာ နှိုင်းယှဉ်ချက်များနဲ့ ပြထားတာလည်း တပည့်တော်တို့အဖို့ အလွန်ကျေးဇူးကြီးပါတယ်ဘုရား။

ကုသိုလ်အားလုံးဟာ သတိဆိုတဲ့ အရင်းခံမှာ ရှိပါတယ်။ သတိမှာ ပေါင်းဆုံကြရပါတယ်။ အဲဒါကြောင့်လည်း သတိဟာ ကုသိုလ်အားလုံးထဲမှာ အမြတ်ဆုံးဖြစ်ပါတယ်။ ဘယ်ကုသိုလ်ကို လိုချင် လိုချင် သတိရှိမှ ရနိုင်တယ်။ နိဗ္ဗာန်ကို လိုချင်ရင်၊ မဂ်ဖိုလ်ကို လိုချင်ရင် သတိရှိမှ ရနိုင်တယ်ဆိုတဲ့ မိန့်မှာချက်ကိုယ်တိုင်ကလည်း တပည့်တော်တို့ကို မေ့လျော့ ပေါ့တန်မနေနဲ့တော့လို့ သတိပေးနေတာ ဖြစ်ပါတယ်။

တပည့်တော်က တရားအားထုတ်နေဆဲ ယောဂီအနေနဲ့ ရေးတဲ့စာဖြစ်လို့ ယောဂီတစ်ယောက်ရဲ့ခံစားချက်နဲ့ ရေးထားတာ ဖြစ်ပါတယ် ဘုရား။ တကယ်တော့ တပည့်တော်တို့ရဲ့ဘဝတာမှာ သတိတံခါးပျက်နေတဲ့ အိမ်၊ သတိမဲ့လျှင်း ဟင်းလင်းဖြစ်နေတဲ့အိမ်မှာ နေခဲ့ရလို့

www.dhammaransi.com



ဘယ်လောက်များ မှားခဲ့သလဲ၊ နစ်နာခဲ့သလဲဆိုတာ လျှောက်တင်ဖို့ အချိန်မရှိလို့သာပါ ဘုရား။

အမှားကြီးမှား အနာကြီးနာခဲ့တဲ့သူများဟာ ဘယ်သူ့ကြောင့်၊ ဘယ်ဝါ့ကြောင့်ဆိုတဲ့ လွှဲချတဲ့အလုပ်ကိုရပ်၊ သတိကလေး ကပ်လိုက်ရင် ဘယ်သူ့ကြောင့်မှ ကိုယ်ဒုက္ခရောက်တာမဟုတ်၊ ကိုယ့်ဘာသာကိုယ် သတိလက်လွတ် လျှောက်လုပ်ခဲ့လို့သာ ဒီလိုအဖြစ်တွေနဲ့ ကြုံရတာလို့ သိနားလည်ကြမှာပါပဲ။

ကိုယ်တွေ့နဲ့ လျှောက်တင်ရရင်ဘုရား ဘယ်လောက်ပဲ မှားခဲ့ မှားခဲ့၊ သတိကပ်လိုက်တာနဲ့ အဖတ်ဆယ်လို့ရနိုင်တယ်ဆိုတာ အလွန် သေချာပါတယ်ဘုရား။ တပည့်တော်တို့လို ဘာမှမဟုတ်တဲ့သူတွေ မပြောပါနဲ့တော့ဘုရား။ အရှင်အင်္ဂုလိမာလကြီးလို ပုဂ္ဂိုလ်ကြီးတောင်မှ တစ်သက်လုံးမှားခဲ့တာ သတိကပ်လို့ အရှင်မြတ်ရော၊ သူနဲ့ပတ်သက်တဲ့ သူတွေရော ဒုက္ခကင်းသွားရတာပါပဲဘုရား။

## ဖြေရခက်တဲ့ကြိုး

'ဖြေရခက်တဲ့ကြိုး' အမည်နဲ့ ဆောင်းပါးဟာ စာအုပ်ထွက်တဲ့ အခါမှာ ပထမဆုံးပါမယ့် ဆောင်းပါးဖြစ်တယ်လို့ ဆရာတော် အမိန့် ရှိလိုက်တာကို တပည့်တော် သတိရပါတယ်ဘုရား။ ဒါပေမဲ့ ဒီတစ်ခါ ရေးတဲ့နေရာ ရေးတဲ့စိတ်အထာက တစ်မျိုး တစ်ဘာသာ ဖြစ်နေလေ တော့ ဆောင်းပါးတွေကို အစီစဉ်တကျ ရေးမိမှာမဟုတ်တော့ပါ ဘုရား။ စာဖတ်သူများကတော့ တပည့်ဘော်ရဲ့စာကို အရင်ဖတ်ဖြစ်ရင်လည်း စာအုပ်ဖတ်ရင်း တွေ့တဲ့ဆောင်းပါးတွေကို ဖတ်မိပြီး ဪ ဒီအကြောင်း ကို ဆွေးနွေးထားတာပါကလားလို့ သတိရကြပါလိမ့်မယ်ဘုရား။

'သံခြေချင်း၊ သစ်သားခြေချင်း၊ ကြိုးအနှောင်အဖွဲ့တွေကို ဘုရား စတဲ့ပညာရှိတွေက ခိုင်တဲ့အနှောင်အဖွဲ့လို့ မဆိုကြပါ။ ပတ္တမြား နားတောင်းစတဲ့ ပစ္စည်းနဲ့ သားသမီး ဇနီးအပေါ် ပြင်းထန်တဲ့ တပ်မက်မှု

www.dhammaransi.com



နှောင်ကြိုးကိုသာ ခိုင်တဲ့အနှောင်အဖွဲ့လို့ ဆိုကြပါတယ်' ဆိုတဲ့ ဥဒါန်းစကားကို ဓမ္မပဒ၊ တဏှာဝဂ္ဂ၊ ၄ ဗန္ဓနာဂါရဝတ္ထုက ထုတ်ပြီး ဆရာတော်က ပြဆိုထားပါတယ်။

အဲဒီဇာတ်တော်ထဲက အလောင်းတော်ရဲ့ အပြုအမူမျိုးကို မသိနားမလည်တဲ့သူများက ဝေဖန်သုံးသပ် ဆင်ခြင်ကြပုံကတော့ ကဲ့ရဲ့စရာ အဖျက်သဘောကို ဆောင်ပါတယ်ဘုရား။ တစ်ခါတုန်းက (နှစ်များစွာ မကြာသေးပါဘူး) ဘာသာခြားခေါင်းဆောင်ကြီးတစ်ဦးက ဝေဿန္တရာမင်းကြီး ဆင်ဖြူတော်ကို လှူတာဟာ တစ်ကိုယ်ကောင်းဆန်တယ်၊ သားသမီးနဲ့ မိဖုရားကို လှူတာဟာ တစ်ကိုယ်ကောင်းဆန်တယ်လို့ ဝေဖန်ခဲ့ပါတယ်။ ကမ္ဘာသိ ဝေဖန်တာပါ။ နောက်တော့လည်း အရှက်နည်းစွာနဲ့ ပြောမိတာ မှားပါတယ်လို့ ဝန်ခံပြီး သူ့အဆိုကို သူရုပ်သိမ်းသွားခဲ့ပါတယ်။

အရေးကြီးတာက ဗုဒ္ဓဘာသာဝင်နိုင်ငံက နိုင်ငံသားကလေးတွေ မသိနားမလည်စွာနဲ့ သူများပြောတာ ဟုတ်နိုးနိုး မထင်ကြဖို့ပဲ ဖြစ်ပါတယ်။

မြတ်စွာဘုရားအလောင်းတော်များဟာ အခြားသူများနဲ့ မတူနိုင်ပါဘူး။ လေးအသင်္ချေနဲ့ ကမ္ဘာတစ်သိန်းတိုင်အောင် ပါရမီ ဆယ်ပါး အပြားသုံးဆယ်ကို ဖြည့်စွမ်းရတာ သူ့ဘက်က အနစ်နာမခံဘဲနဲ့ ဖြည့်စွမ်းရတာ မဟုတ်ပါဘူး။ တပည့်တော်တော့ ကြီးခါမှ ရတနာသုံးပါးနဲ့ပတ်သက်တဲ့ စာပေတွေ ဖတ်ဖတ်ပြီး ပိုပိုကြည်ညိုလာရပါတယ်။

စွန့်ခြင်းကြီးငါးအင်ကို စွန့်ရတာဟာ စွန့်တဲ့အလောင်းတော်ကြီးများအနေနဲ့ မခံစားတတ်လို့၊ တာဝန်မဲ့လို့၊ တစ်ကိုယ်ကောင်းဆန်လို့ မဟုတ်ဘဲ ဘဝပေါင်းများစွာက ဖြည့်ဆည်းခဲ့တဲ့ ပါရမီတော်အဟုန်က အားပေးလေလေ စွန့်နိုင်လေလေ စွန့်ရလေလေပါပဲ။

တပည့်တော်ကတော့ ဝေဿန္တရာဇာတ်တော်ထဲမှာ သားတော်နဲ့

www.dhammaransi.com



ဘယ်လောက်များ မှားခဲ့သလဲ၊ နစ်နာခဲ့သလဲဆိုတာ လျှောက်တင်ဖို့ အချိန်မရှိလို့သာပါ ဘုရား။

အမှားကြီးမှား အနာကြီးနာခဲ့တဲ့သူများဟာ ဘယ်သူ့ကြောင့်၊ ဘယ်ဝါ့ကြောင့်ဆိုတဲ့ လွှဲချတဲ့အလုပ်ကိုရပ်၊ သတိကလေး ကပ်လိုက်ရင် ဘယ်သူ့ကြောင့်မှ ကိုယ်ဒုက္ခရောက်တာမဟုတ်၊ ကိုယ့်ဘာသာကိုယ် သတိလက်လွတ် လျှောက်လုပ်ခဲ့လို့သာ ဒီလိုအဖြစ်တွေနဲ့ ကြုံရတာလို့ သိနားလည်ကြမှာပါပဲ။

ကိုယ်တွေ့နဲ့ လျှောက်တင်ရရင်ဘုရား ဘယ်လောက်ပဲ မှားခဲ့ မှားခဲ့၊ သတိကပ်လိုက်တာနဲ့ အဖတ်ဆယ်လို့ရနိုင်တယ်ဆိုတာ အလွန် သေချာပါတယ်ဘုရား။ တပည့်တော်တို့လို ဘာမှမဟုတ်တဲ့သူတွေ မပြောပါနဲ့တော့ဘုရား။ အရှင်အင်္ဂုလိမာလကြီးလို ပုဂ္ဂိုလ်ကြီးတောင်မှ တစ်သက်လုံးမှားခဲ့တာ သတိကပ်လို့ အရှင်မြတ်ရော၊ သူနဲ့ပတ်သက်တဲ့ သူတွေရော ဒုက္ခကင်းသွားရတာပါပဲဘုရား။

ဖြေရခက်တဲ့ကြိုး

'ဖြေရခက်တဲ့ကြိုး' အမည်နဲ့ ဆောင်းပါးဟာ စာအုပ်ထွက်တဲ့ အခါမှာ ပထမဆုံးပါမယ့် ဆောင်းပါးဖြစ်တယ်လို့ ဆရာတော် အမိန့် ရှိလိုက်တာကို တပည့်တော် သတိရပါတယ်ဘုရား။ ဒါပေမဲ့ ဒီတစ်ခါ ရေးတဲ့နေရာ ရေးတဲ့စိတ်အထာက တစ်မျိုး တစ်ဘာသာ ဖြစ်နေလေ တော့ ဆောင်းပါးတွေကို အစီစဉ်တကျ ရေးမိမှာမဟုတ်တော့ပါ ဘုရား။ စာဖတ်သူများကတော့ တပည့်တော်ရဲ့စာကို အရင်ဖတ်ဖြစ်ရင်လည်း စာအုပ်ဖတ်ရင်း တွေ့တဲ့ဆောင်းပါးတွေကို ဖတ်မိပြီး ဩော် ဒီအကြောင်း ကို ဆွေးနွေးထားတာပါကလားလို့ သတိရကြပါလိမ့်မယ်ဘုရား။

'သံခြေချင်း၊ သစ်သားခြေချင်း၊ ကြိုးအနှောင်အဖွဲ့တွေကို ဘုရား စတဲ့ပညာရှိတွေက ခိုင်တဲ့အနှောင်အဖွဲ့လို့ မဆိုကြပါ။ ပတ္တမြား နားတောင်းစတဲ့ ပစ္စည်းနဲ့ သားသမီး ဇနီးအပေါ် ပြင်းထန်တဲ့ တပ်မက်မှု

www.dhammaransi.com



နှောင်ကြိုးကိုသာ ခိုင်တဲ့အနှောင်အဖွဲ့လို့ ဆိုကြပါတယ်' ဆိုတဲ့ ဥဒါန်းစကားကို ဓမ္မပဒ၊ တဏှာဝဂ္ဂ၊ ၄ ဗန္ဓနာဂါရဝတ္ထုက ထုတ်ပြီး ဆရာတော်က ပြဆိုထားပါတယ်။

အဲဒီဇာတ်တော်ထဲက အလောင်းတော်ရဲ့ အပြုအမူမျိုးကို မသိနားမလည်တဲ့သူများက ဝေဖန်သုံးသပ် ဆင်ခြင်ကြပုံကတော့ ကဲ့ရဲ့စရာ အဖျက်သဘောကို ဆောင်ပါတယ်ဘုရား။ တစ်ခါတုန်းက (နှစ်များစွာ မကြာသေးပါဘူး) ဘာသာခြားခေါင်းဆောင်ကြီးတစ်ဦးက ဝေဿန္တရာမင်းကြီး ဆင်ဖြူတော်ကို လှူတာဟာ တစ်ကိုယ်ကောင်းဆန်တယ်၊ သားသမီးနဲ့ မိဖုရားကို လှူတာဟာ တစ်ကိုယ်ကောင်းဆန်တယ်လို့ ဝေဖန်ခဲ့ပါတယ်။ ကမ္ဘာသိ ဝေဖန်တာပါ။ နောက်တော့လည်း အရှက်နည်းစွာနဲ့ ပြောမိတာ မှားပါတယ်လို့ ဝန်ခံပြီး သူ့အဆိုကို သူရုပ်သိမ်းသွားခဲ့ပါတယ်။

အရေးကြီးတာက ဗုဒ္ဓဘာသာဝင်နိုင်ငံက နိုင်ငံသားကလေးတွေ မသိနားမလည်စွာနဲ့ သူများပြောတာ ဟုတ်နိုးနိုး မထင်ကြဖို့ပဲ ဖြစ်ပါတယ်။

မြတ်စွာဘုရားအလောင်းတော်များဟာ အခြားသူများနဲ့ မတူနိုင်ပါဘူး။ လေးအသင်္ချေနဲ့ ကမ္ဘာတစ်သိန်းတိုင်အောင် ပါရမီ ဆယ်ပါးအပြားသုံးဆယ်ကို ဖြည့်စွမ်းရတာ သူ့ဘက်က အနစ်နာမခံဘဲနဲ့ ဖြည့်စွမ်းရတာ မဟုတ်ပါဘူး။ တပည့်တော်တော့ ကြီးခါမှ ရတနာသုံးပါးနဲ့ပတ်သက်တဲ့ စာပေတွေ ဖတ်ဖတ်ပြီး ပိုပိုကြည်ညိုလာရပါတယ်။

စွန့်ခြင်းကြီးငါးအင်ကို စွန့်ရတာဟာ စွန့်တဲ့အလောင်းတော်ကြီးများအနေနဲ့ မခံစားတတ်လို့၊ တာဝန်မဲ့လို့၊ တစ်ကိုယ်ကောင်းဆန်လို့ မဟုတ်ဘဲ ဘဝပေါင်းများစွာက ဖြည့်ဆည်းခဲ့တဲ့ ပါရမီတော်အဟုန်က အားပေးလေလေ စွန့်နိုင်လေလေ စွန့်ရလေလေပါပဲ။

တပည့်တော်ကတော့ ဝေဿန္တရာဇာတ်တော်ထဲမှာ သားတော်နဲ့

www.dhammaransi.com



သမီးတော်ကို လှူအပြီး အလှူအတွက် ဝမ်းမြောက်တဲ့ကြားက ဇူဇကာက ရိုက်နှက်ခေါ်ဆောင်သွားတဲ့နောက်ကို လိုက်ပါသွားကြရတဲ့ သားနဲ့ သမီးကို ကြည့်ပြီး သွေးကဲ့သို့ ခြင်းခြင်းနီတဲ့ မျက်ရည်များ ကျရှာတယ် ဆိုတာကို ဖတ်ပြီး ဩော် သဗ္ဗညုတဉာဏ်တော်အတွက် အရင်းအနှီးက အလွန်ကြီးပေတာပဲ လို့ တွေးကာ ကြည်ညိုရပါတယ်။

ဒီနေရာမှာ လူ့လောကထဲက လူတွေ သဘောပေါက်ကြအောင် ပြောရမယ်ဆိုရင် လူသားတာဝန်ကို ကျေပွန်တာလည်း တန်ဖိုးရှိပါတယ်၊ အကြောင်းမဲ့ လူသားတာဝန်ကို မကျေမပွန်နေတတ်ကြတာလည်း ရှိတာကိုး ဘုရား။

အဲဒီလူသား တာဝန်ကျေပွန်ခြင်းထက် ပိုမိုမြင့်မားတာဟာ နှိုင်းဆလို့မရလောက်အောင် မြင့်မားတဲ့ သဗ္ဗညုတဉာဏ်တော်ရှင်ရဲ့ တာဝန်ကျေပွန်ခြင်း ဖြစ်ပါတယ်။ အဲဒီ Highest Value ကို ရနိုင်ဖို့ မိမိရဲ့ စိတ်ဆင်းရဲမှု၊ ကိုယ်ဆင်းရဲမှုကိုရော မိမိရဲ့မိသားစုရဲ့ စိတ်ဆင်းရဲ၊ ကိုယ်ဆင်းရဲ ဖြစ်မှုကိုရော အဆုံးစွန်အထိ စွန့်ရတာလို့ တပည့်တော်တို့ ဗုဒ္ဓဘာသာဝင် လူငယ်တွေ နားလည်စေချင်တာပါပဲ။

လူသားတာဝန် ကျေပွန်တဲ့ Value ထက် ပိုမိုမြင့်မားတာက လူသားများကို ကယ်တင်ဖို့ မိမိရဲ့ ဓန၊ သား သမီး ဇနီး၊ ကိုယ်လက်အင်္ဂါနဲ့ အသက်တို့ကို စွန့်ပြီး ကြိုးစားရတာ ဖြစ်ပါတယ်။ အဲဒီ ကြိုးအမျိုးမျိုးကိုဖြတ်ဖို့ဆိုတာ လေးအသင်္ချေနဲ့ ကမ္ဘာတစ်သိန်း ပါရမီဖြည့်ဆည်းရင်း ကိုယ်တိုင်ကိုယ်ကျ ပရမတ် ပညတ် အရပ်ရပ်လုံးစုံကို ကုန်စင်အောင် သိအောင် ကြိုးစားမှ ရပါတယ်။ အဲဒီလို ကြိုးများကို ဖြတ်တောက်နည်းတွေကို ကိုယ်တော်တိုင် လေးဆယ့်ငါးဝါလုံး ဟောပြော ပို့ချသွားတော်မူပါတယ်။ သာသနာငါးထောင်လည်း ထားရစ်တော်မူပါတယ်။ ဒါနဲ့တောင် တပည့်တော်တို့တစ်တွေ ကိုယ့်ကြိုးနဲ့ကိုယ် ရှုပ်နေပါသေးတယ် ဆရာတော်ဘုရား။ သာသနာလည်း တစ်ဝက်ကျော်

www.dhammaransi.com



နေပြီ။ ကိုယ့်ကြိုးနဲ့ကိုယ်ရှုပ်နေတဲ့ တပည့်တော်များရဲ့ဘဝဟာ ကြောက်စရာကောင်းပါဘိတော့တယ် ဘုရား။

အရှုံးအနိုင်

'အခြားသူကို အောင်နိုင်ခြင်းဟာ မမြင့်မြတ်၊ မိမိကိုယ်ကို အောင်နိုင်ခြင်းဟာ မြင့်မြတ်တယ်။ မိမိကိုယ်ကို ယဉ်ကျေးအောင်လုပ်ပြီး ကိုယ် နှုတ် စိတ်တွေကို အမြဲစောင့်စည်းသူရဲ့ အောင်နိုင်မှုကို နတ်၊ မာရ်နတ်၊ ဂန္ဓဗ္ဗ၊ ဗြဟ္မာတွေက ရှုံးသွားအောင် မလုပ်နိုင်ကြပါ' ဆိုတဲ့ မြတ်စွာဘုရားရဲ့ ဆုံးမစကားကို ဓမ္မပဒအဋ္ဌကထာ၊ သဟဿဝဂ်၊ ၄ အနတ္ထပုစ္ဆကဗြာဟ္မဏဝတ္ထုကို ညွှန်းပြီး ဆရာတော်က ပြဆိုထားပါတယ်။

ဆရာတော်ဘုရား တိုက်ဆိုင်လွန်းလှပါတယ်။ အဲဒီစာကို မဖတ်ခင် နှစ်ရက်လောက်ကတည်းက တပည့်တော် စဉ်းစားနေမိတာ၊ မိမိကိုယ်ကို အောင်နိုင်ဖို့ အင်မတန် ခက်တယ်ဆိုတဲ့အချက် ဖြစ်ပါတယ်။ တပည့်တော်ဟာ အသက် ၆၀ မပြည့်ခင် တစ်နှစ်လောက်စောပြီး အငြိမ်းစားယူခွင့်တင်ကာ ရိပ်သာကို ဝင်ခဲ့ပါတယ်။ သေခြင်းအကြောင်းတရားကို အေးဆေးတည်ငြိမ်စွာ ရင်ဆိုင်နိုင်ဖို့ ပြင်ဆင်ရမယ်၊ သေသည်၏အခြားမဲ့မှာ အပါယ်မလားဖို့ ပြင်ဆင်ရမယ်လို့ဆိုပြီး တရားဝင်တာလည်း လေးကြိမ်ရှိခဲ့ပါပြီ။

တရားဝင်တိုင်း တပည့်တော် မကျေမနပ် ဖြစ်ရသူကတော့ တပည့်တော်ရဲ့ကိုယ်ပဲ ဖြစ်ပါတယ်။ ကိုယ် စိတ် နှစ်ပါးစလုံးပေါ့ ဘုရား။ နည်းနည်းမှ မလိမ္မာကြပါဘူး။ အတော်ကလန်ကဆန် လုပ်ပါတယ်။ ကိုယ့်ဘာသာကိုယ် မအောင်နိုင်ရင် တရားရဖို့ ခက်ပါတယ်။ အဲသည်လိုတွေးပြီး တပည့်တော်ကိုယ် တပည့်တော် အောင်မြင်အောင် ကြိုးစားနေပါတယ်ဘုရား။ နေ့စဉ်လည်း အရှုံးပေါ်ပါတယ်ဘုရား။

ဒီတစ်ခေါက် ရိပ်သာကိုလာတာ လောကီ အောင်မြင်မှုအဝဝကို ကျောခိုင်းပြီး ထွက်လာတာပါဘုရား။ နေမကောင်းရင်တောင်မှ မပြန်

www.dhammaransi.com



ဘူး။ တရားအားထုတ်လို့တော့ မသေဘူးလို့ နှလုံးသွင်းထားတာပဲဘုရား။ အခုအထိတော့ လုံးလည်ချာလည် လိုက်နေပါတယ်။ အဲဒါကြောင့် သြော် ကိုယ့်ကိုယ်ကို အောင်နိုင်ဖို့ဆိုတာ တယ်လည်းခက်ပါကလားလို့ စိတ်မပျော်ဘဲ ဖြစ်နေချိန်မှာ အရှင်ဘုရားရဲ့စာဖတ်ရတော့ မှန်လိုက်လေဘုရား၊ ကိုယ့်ကိုယ်ကို မအောင်မြင်တဲ့သူကို သုခက မချစ်ဘူးဆိုတာ တကယ်ဟုတ်တာပါပဲ။ ဒါက အတွေ့အကြုံနဲ့ ပတ်သက်ပြီး လျှောက်ထားရတာကိုး။

တပည့်တော်ရဲ့ဘဝမှာရော အခြားအခြား ထိတွေ့ပတ်သက်နေတဲ့သူတွေရဲ့ ဘဝမှာရော ကြားဖူး သိဖူး ဖတ်ဖူးသမျှ လူတွေရဲ့ဘဝမှာရော ချမ်းသာကွယ်ပျောက် ဒုက္ခရောက်ကြရတာဟာ ဘယ်သူ့ကိုမှ ရှုံးလို့ မဟုတ်ပါဘူး။ ကိုယ့်ဘာသာကိုယ် ရှုံးလို့ပါပဲ။ ကိုယ့်ရဲ့ ကိုယ်၊ နှုတ်၊ စိတ်တို့ကို နိုင်အောင် မထိန်းနိုင်တဲ့သူ၊ တစ်နည်းဆိုသော် ကိုယ့်ကိုယ်နဲ့ ကိုယ် အပြိုင်တိုက်ရာမှာ မအောင်မြင်တဲ့သူတွေဟာ ပစ္စည်းပုံပေါ်ထိုင်ပြီး ချမ်းသာကွယ်နေကြတာကို တွေ့ကြရဖူးတာ အခါခါ ပါပဲဘုရား။

အရှင်ဘုရား စာရေးတဲ့ကျေးဇူး တကယ်ကြီးပါတယ်ဘုရား။ အရှင်ဘုရားရဲ့စာကိုဖတ်ပြီး ဒီအရှုံးဟာ အဆုံးအထိ ရှုံးနိုင်တဲ့ အရှုံးပဲ၊ မရှုံးစေနဲ့။ နိုင်အောင် တိုက်ကွယ်လို့ ကိုယ့်ဘာသာကိုယ် အားပေးရတော့မှာပါဘုရား။

## အနာနဲ့ဆေး

တပည့်တော်ရဲ့ လျှောက်ထားချက်များဟာ ကိုယ်ရေးကိုယ်တာ ခံစားချက်တွေများ များနေမလား မသိပါဘုရား။ အကြောင်းအကျိုးကိုတော့ လျှောက်ထားပါရစေဘုရား။

တပည့်တော်တို့က လူတောထဲမှာ နေရတော့ ဗုဒ္ဓဘာသာဝင်ပါလို့ ကိုယ့်ကိုယ်ကို ဝန်ခံနေတဲ့သူများနဲ့ အတွေ့အထိရ များပါတယ်။ သူတို့က ဗုဒ္ဓသာသနာဝင်ဆိုတဲ့ ဝေါဟာရကို မသုံးတတ်ကြပါ ဘုရား။

www.dhammaransi.com



အဲဒီလူစုဟာ ဗုဒ္ဓမြတ်စွာဘုရား ဟောကြားတော်မူခဲ့တဲ့ အဆုံးအမများနဲ့ မရင်းနှီးပါဘူး။ အဲသည်လို မရင်းနှီးတော့ ဘာသာရေးဆိုတာ နောက်ဘဝအတွက် ပြင်ဆင်တဲ့ လုပ်ငန်းသာ ဖြစ်တယ်လို့ အသေမှတ်ထား လိုက်ပါတယ်။ နောက်ဘဝမှာ ချမ်းသာဖို့ အလှူအတန်းကလေးတွေ လုပ်၊ သီလကို တတ်နိုင်ရင် စောင့်၊ စောင့်တဲ့အခါမှာ သတိမပါတော့ အကျိုးအပေါက် အပြောက်အကျားတွေနဲ့ပါပဲ ဘုရား။

သတိပဋ္ဌာန်တရားဆိုတာကိုတော့ နေပါစေတော့၊ နောက်များမှ ပဲလို့ တွေးပြီး ခပ်ဝေးဝေးကလေး နေတတ်ပါတယ်။ တစ်ခုခုရချင်ရင် အောင်မြင်ချင်ရင် ဘုရားဟောတဲ့စကားလို့ ထင်မှတ်ကြတဲ့ (သူတို့ဆရာကြီးများက ရွတ်ဆိုခိုင်းတဲ့ ပါဠိစာသားတွေကို) ရွတ်ဆိုတတ်ကြပါတယ်၊ ပုတီးစိပ်တတ်ကြပါတယ်။ ဒါဆိုရင် ဘုရား တရားကိစ္စ လုံလောက်ပြီလို့ ထင်တတ်ကြပါတယ်။

ဘုရားဟောတရားဆိုတာ ရွတ်ဆိုရုံနဲ့ မပြီးဘူး၊ ကျင့်ကြံရတယ်၊ နောက်ဘဝအတွက် ကြိုတင်ပြီး ကျင့်ကြံတဲ့သဘော မဟုတ်ဘူး၊ အခုဘဝ အခုစက္ကန့် မိနစ်တိုင်းမှာ ကောင်းဖို့ ကျင့်ကြံရတာလို့ သဘောပေါက်အောင် ဘယ်လိုများ ပြောရပါ့မလဲ မသိပါဘုရား။ တတ်နိုင်သလောက်တော့ ရေးသားဟောပြောနေကြတာပါပဲ။ အခု ကျင့် အခု ရတယ်၊ မြတ်စွာဘုရားက ဘဝရဲ့ လွတ်မြောက်ခြင်းအတွက်သာမက ဘဝရဲ့ပြည့်စုံခြင်းအတွက်ပါ လိုလေသေးမရှိ ဟောကြားတော်မူခဲ့ပါတယ် ဆိုတဲ့အကြောင်းကို သာသနာရေးနဲ့စပ်လျဉ်းတဲ့ စာတွေကို ဖတ်မိလေလေ ဝမ်းမြောက်ဝမ်းသာ ကြည်ညိုသဒ္ဓါ ပွားရလေလေပါပဲ ဘုရား။

'အနာနဲ့ဆေး' ခေါင်းစဉ်အောက်မှာ

'ရာဂကို ပယ်ဖို့ရာ အသုဘဘာဝနာကို ပွားထိုက်၏၊ ဒေါသကို ပယ်ဖို့ရာ မေတ္တာဘာဝနာကို ပွားထိုက်၏၊ ဝိတက်ကို ဖြတ်တောက်ဖို့ ရာ အာနာပါနဿတိကို ပွားထိုက်၏၊ မာနကို ပယ်သတ်ဖို့ရာ အနိစ္စ

www.dhammaransi.com



သညာကို ပွားထိုက်၏' ဆိုတဲ့ မြတ်စွာဘုရားရဲ့ ဒေသနာကို အင်္ဂုတ္တရ နိကာယ်၊ ပ ပဏ်၊ ၁ သမ္ဗောဓိဝဂ်၊ ၃ မေဃိယသုတ် ကျမ်းညွှန်းနဲ့ အရှင်ဘုရား ရေးသားထားတာကို ဖတ်ပြီး ဩဘာ ဒါဟာဖြင့် အခုကျင့် တာနဲ့ ဘဝရဲ့ ပြည့်စုံခြင်းအတွက် အခုအကျိုးရှိမယ့် ဆုံးမစကား ဖြစ်ပါပေတယ်လို့ တွေးမိပြီး မြတ်စွာဘုရားရဲ့ သဗ္ဗညုတဉာဏ်တော် အစွမ်းကို ကြည်ညိုရပါတယ်ဘုရား။

'ဘာကိုပဲ အလိုရှိရှိ ငါ့ကိုပူဇော်၊ ငါ့ကို ကိုးကွယ်၊ ငါ့ထံမှာ ဆုတောင်း၊ ပြည့်စုံအောင် ငါဖြည့်ဆည်းပေးမယ်' လို့ မြတ်စွာဘုရားက မိန့်တော်မမူပါဘူး။ မြတ်စွာဘုရားကို အမြတ်ဆုံးသော ပူဇော်ခြင်းဟာ မြတ်စွာဘုရား ဟောပြောဆုံးမတဲ့အတိုင်း ကျင့်ကြံနေထိုင်ကြဖို့ပဲ ဖြစ်ပါ တယ်ဆိုတာ လူအများ လက်ခံလာအောင် ဘယ်လိုများ ပြောကြရမှာပါ လိမ့်။

ရာဂမီးတွေတောက်ပြီး ကယောက်ကယက်တွေဖြစ်၊ လမ်းမှား ကို ညွှန်တဲ့ ဆရာယောင် သမားယောင်တွေနောက် ကောက်ကောက် လိုက်ကြ၊ အမှားတွေ ထပ်ဆင့်လုပ်ကြနဲ့ နောက်ဘဝ မရောက်ခင် အခုဘဝမှာတွင်ပဲ အထုပ်အထည်နဲ့ အကုသိုလ်တွေ စုနေကြတာပါပဲ ဘုရား။

ဒါထက်ဘုရား၊ အရှင်ဘုရားရဲ့ စာကိုးထဲမှာ မေဃိယသုတ်လို့ ပါပေမယ့် ဘယ်လိုအကြောင်းရင်းတွေ ခံတယ်ဆိုတာ ရှင်းပြမထားပါ ဘူး၊ ဇာတ်ကြောင်းကလေးပါတယ်ဆိုရင်တော့ ပိုလို့များ ကောင်းမလား လို့ပါ ဘုရား။

တပည့်တော်ကတော့ဘုရား ဝိတက်က များသလားမမေးပါနဲ့ တော့၊ အာနာပါနသတိနဲ့ ဖြတ်တောက်ရတာ မနိုင်နိုင်ပါဘူးဘုရား။ တစ်ခုတော့လည်း ဖြေရပါသေးတယ်၊ ဝိပဿနာတရားနဲ့သာ မနီးစပ်ခဲ့ ရင် စိတ်ဟာ အဲသည်လောက် ပြေးသွားပျံ့လွင့်နိုင်စွမ်း ရှိတယ်ဆိုတာ

www.dhammaransi.com



နည်းနည်းကလေးမှ ရိပ်မိမှာ မဟုတ်ဘူးလို့တွေးပြီး ဖြေရတာပါဘုရား။

မြတ်စွာဘုရားရဲ့ ဆေးတစ်ခွက်ကို အစဉ်မှီဝဲဖို့ တပည့်တော်ရဲ့ မိခင်ကြီး ဒေါ်ရင် ဆုံးမခဲ့ပုံကို လျှောက်ထားပါရစေဘုရား။ မိခင်ကြီးဟာ တရားစာပေမှာ မွေ့လျော်တတ်ပါတယ်။ တရားစာအုပ်တွေကို ထပ်ခါထပ်ခါ ဖတ်တတ်ပါတယ်။ တရားကောင်းစွာအားထုတ်ခဲ့ပါတယ်။ ၁၉၉၁ ဒီဇင်ဘာလ ၁၅ ရက်နေ့မှာ ကွယ်လွန်ပါတယ်။

တပည့်တော် ၁၀ တန်းအောင်ကတည်းက အိမ်ကို ကျောင်းပိတ်ရက်လောက်မှာ ပြန်ရောက်တာပဲ ရှိပါတယ်။ မိခင်ကြီးက အဲသည်လို အကြာကြီး အကြာကြီး ခွဲနေရတဲ့ တပည့်တော်ကို သွန်သင်ပုံဟာ မှန်ကန်လို့ အတော်ကျေးဇူးကြီးပါတယ်၊ ဘုရားရဲ့နည်းကို ယူခဲ့တာကိုး။

အမေက ပြောပါတယ်။ 'ငါ့သမီးက မာနကြီးတယ်၊ ဘုရားရှိခိုးတိုင်း ရှိခိုးတိုင်း 'သူတော်ကောင်းတို့ရဲ့ အဆုံးအမကို ခံယူကျင့်ကြံနိုင်တဲ့သူ ဖြစ်ရပါလို၏'လို့ ဆုတောင်း၊ ညတိုင် ညတိုင် အိပ်တော့မယ်လို့ လှဲတဲ့အခါတိုင်း မရဏာနုဿတိကို ပွားလို့အကောင်းဆုံးပဲ၊ ကိုယ့်ကိုယ်ကို အသေကောင်လိုမှတ်ပြီး မလွဲမသွေကို သေရမှာလို့ နှလုံးသွင်းပါ' တဲ့။ အမေက အဲသည်လို ဆုံးမခဲ့ပါတယ်ဘုရား။

ကြီးမှ စဉ်းစားမိပါတယ်။ ဆုတောင်းခိုင်းတာက ကိုယ်လုပ်ရမယ့်အလုပ်၊ လုပ်သင့်တဲ့အလုပ်နဲ့ ပတ်သက်ပြီး သတိပေးနေတာပေါ့။ အခုခေတ် စိတ်ပညာစကားနဲ့ဆိုရင် (Auto Suggestion) ပေါ့ ဘုရား။ ညတိုင်း ကိုယ့်ဘာသာ အသေကောင်လို ရှုခိုင်းတာက အနိစ္စသညာကို ပွားခိုင်းတာပေါ့ဘုရား၊ အမေက ဘုရားဆေးနဲ့ တပည့်တော်ကို ကုသပေးခဲ့တာ အခုမှ ကောင်းကောင်းကြီး သဘောပေါက်ပါတော့တယ်။

မာနကလည်း ပုံစံအမျိုးမျိုးနဲ့ ပူးတာကိုးဘုရား။ အခုတော့ လောကီမှာ ဘာကြီးဖြစ်ခဲ့တယ်ဆိုဆို ဝင်ကစွပ်ကောင်လိုပါပဲ၊ အခွဲတွေ

www.dhammaransi.com



ပါပဲ ဘုရား။ အခွံက ကိုယ်ပိုင်တောင်မှ မဟုတ်ပါဘုရား။ သူများချွတ်ထားတဲ့ အခွံကို ကိုယ်က စွပ်လိုက်၊ ကိုယ့်ဘာသာကိုယ် အဟုတ်ကြီးမှတ်လိုက်နဲ့ နောက်ဆုံးတော့ အခွံသာ ပြောင်းသွားမယ်၊ ကိုယ်ပိုင်ဘာမှ မရှိပါဘုရား။

အဲသည်လို သဘောပေါက်ပြီး နည်းနည်းဖြစ်စေ ပျော့ပျောင်းတဲ့အချိန်မှာ အမေ မရှိတော့ပါဘုရား။ အမေ့ကို ပြောပြချင်တဲ့စကားတွေ အရှင်ဘုရားကို လျှောက်ထားလိုက်ရပါတယ်ဘုရား။

အမြဲ ဆင်ခြင်

အို နာ သေ ကွဲ၊ ကံနှင့်တွဲ အမြဲဆင်ခြင်လေ (အင်္ဂုတ္တရနိကာယ၊ ပဉ္စကနိပါတ၊ အဘိဏှပစ္စဝေက္ခိတဗ္ဗဌာနသုတ္တ) ဆိုတဲ့ လင်္ကာလေးကို ဖတ်ပြီးတဲ့နောက် နှုတ်ထဲမှာ စွဲသွားပါတယ်ဘုရား။ အဲဒီလို စာသားပါသဘောအနှစ်ကို နားမလည်လို့ မဖြစ်တော့တဲ့ အသက်အပိုင်းအခြားကို ရောက်လာပြီဆိုတော့ ပိုပြီးလည်း စွဲမိတာ ဖြစ်ပါလိမ့်မယ်ဘုရား။

တပည့်တော်ဟာ ၆၊ ၁၊ ၂၀၀၀ နေ့မှာ အသက် ၆၀ တင်းတင်းပြည့်ခဲ့သူ ဖြစ်ပါတယ်။ ကိုယ့်ဘာသာကိုယ်တော့ အိုခြင်းကို အတော်သဘာဝကျကျ လက်ခံထားသူလို့ ထင်ခဲ့ပါတယ်ဘုရား။ အသက်ကြီးလာလို့ အတွေ့အကြုံ စုံလင်ရင့်ကျက်လာတဲ့အခါမှာမှ ရနိုင်တဲ့ အေးဆေးတည်ငြိမ်ခြင်းကိုလည်း တပည့်တော် နှစ်ခြိုက်ပါတယ်ဘုရား။ သူ့အရွယ်မှာ သူ့အလှရှိတယ်လို့လည်း တပည့်တော်ဖြေခဲ့တာ အကြိမ်ကြိမ်ပါပဲဘုရား။ သူ့အရွယ်နဲ့လိုက်အောင် ဝတ်တတ် စားတတ်ရမယ်၊ ကလက်တက်တက် မဖြစ်စေသင့်ဘူးလို့လည်း ဆိုတတ်ပါသေးတယ်။

ဒါပေမဲ့ ဆံပင်တွေ ဖြူစပြုလာချိန်ကစပြီး နုတ်လာခဲ့တာ အနည်းဆုံး ဆယ်နှစ်ကျော်ကျော်တော့ ရှိပါပြီဘုရား။ အဲဒါကြောင့် အရှင်ဘုရား ရေးတဲ့စာကို ဖတ်ပြီး ရယ်မိပါတယ်။ မှန်လိုက်တာ မှန်လိုက်တာ၊ အိုခြင်းကို ဖုံးဖိချင်လို့ ဆံပင်ဖြူ နုတ်တာပေါ့လို့လည်း

www.dhammaransi.com



စိတ်ထဲက ပြောမိပါသေးတယ်။ မမက ဆံပင်မဖြူဘူးနော်လို့ဆိုရင် အထဲမှာတော့ ဖြူလို့ပါကွယ်လို့ ပြောပေမယ့် သဘောတွေကျလို့ပေါ့ ဘုရား။

တပည့်တော် အသက် ၆၀ မပြည့်ခင် ၆ ရက်အလိုမှာ ဆွမ်းကျွေးအလှူတစ်ခုရှိလို့ သွားပါတယ်။ အဲဒီမှာ ဓာတ်ပုံတစ်ပုံ ရိုက်ပေးတဲ့သူက ပုံကြီးချဲ့ပြီး ပေးတာနဲ့ အိမ်က စားပွဲပေါ်မှာ ထောင်ထားလိုက်ပါတယ်။ အမှတ်တမဲ့ ရိုက်လိုက်တဲ့ပုံဆိုတော့ သဘာဝကျတယ်လို့ လူတကာက ချီးကျူးကြပါတယ်။ အဲဒီလိုနေရင်း စိတ်ထဲကအတွေးကို ဟုတ်တိုင်းမှန်ရာ ပြောတတ်တဲ့ သူငယ်တစ်ယောက်က 'ဓာတ်ပုံက Focus မိလို့ ထင်ပါရဲ့၊ အဘွားကြီး ဖြစ်နေပါပြီကော' လို့ ပြောလိုက်ပါတယ်။

ဟုတ်တာဆိုတော့ နာလိုခံခက် အမျက်ထွက်သတဲ့ဘုရား။ သမီးက ဒါကို ပြောစရာလားလို့ ခပ်ဆတ်ဆတ်ပြောသလို တပည့်တော်ကလည်း အေးလေ ငါအိုပြီဆိုတာကို ဖုံးဖိမထားတတ်ပါဘူး။ ဒါပေမဲ့ နှင့်စိတ်ထဲရှိတာ ဒီလိုပြောရသလားလို့ လူကြီးရန်တွေ့ တွေ့လိုက်ပါသေးတယ်။ အခုရေးရင်းတောင် ပြုံးနေမိပါတယ်။ လူတွေများ ဟန်မဆောင်ဘူး၊ ဟန်မဆောင်ဘူးနဲ့ တကယ်တော့ အခုဟန်မဆောင်တဲ့ပုံ ဟန်ဆောင်နေတာပါပဲကလား။

နာတာကိုတော့ ဘယ်လိုမှ ဖုံးမရပါဘူးဘုရား။ မနှစ်က တရားဝင်တုန်းက တပည့်တော်နဲ့၊ ၉ လပိုင်းက တပည့်တော် မတူတော့ပါဘူး။ ၉ လပိုင်း တရားဝင်တုန်းကနဲ့ အခု ၂၀၀၀ ပြည့် ၂ လပိုင်း တပည့်တော် အကွာကြီး ကွာသွားပါပြီ။ အိုမှတော့ နာပြီပေါ့ဘုရား။

အဲသည်လို နာတော့ သံဝေဂ ဝင်လာပါတယ်။ နောက်တစ်ခါဆိုရင် ပိုဆိုးမယ်၊ အဲဒီတော့ တရားရအောင် ကြိုးစားမှပဲလို့ ဆုံးဖြတ်ပါတယ်။ ဒါတောင်မှ ငါ့အသက်အရွယ်နဲ့ ငါမို့လို့ ဒီလိုအတက်အဆင်း

www.dhammaransi.com



တွေမှာ နေ့စဉ် သွားလာပြီး တစ်ယောက်တည်း နေခဲ့တာလို့ ငါစွဲလေး က ပြတ်ချင်သေးတာ မဟုတ်ဘူး ဘုရား။

သေခါနီးလာပြီဆိုတာတော့ မငြင်းပါဘူးဘုရား။ ငြင်းလို့က လည်း မရပါဘူးလေ။ မျက်စိတစ်ဖက်က ကိုယ်ပိုင်မဟုတ်တော့ပါဘူး၊ ခွဲပြီး မျက်စိတွင်းမှာ မျက်ကပ်မှန် ထည့်ချုပ်ထားရပါပြီ။ သွားတွေ လည်း နုတ်ပစ်ပြီး အစားထိုးစိုက်ထားရပါပြီ။ တကယ်တော့ ဒါတွေ ဟာ တစ်ပိုင်းပြီးတစ်ပိုင်း သေနေတာပေါ့ဘုရား။ သေခြင်းအကြောင်း တရားကိုတော့ ဘယ်လိုမှ ရှောင်လွှဲလို့မရနိုင်သလို နည်းအမျိုးမျိုးနဲ့ နောက်ဆုတ်ထားလို့လည်း မသင့်တော်ပါဘူးဘုရား။ သေမှာ သေမှာပါ ပဲ။ မသေခင်မှာ တရားရဖို့တော့ သေခါမှ သေရော ကြိုးစားသင့်ကြ ပါတယ်။ အဲသည်လိုသာ ပြောတာဘုရား၊ ခြေထောက်က နာတော့ ကြာကြာအနာမခံပါဘူး၊ ပြောင်းထိုင်လိုက်တာပါပဲဘုရား။ အဲသည်လို ယောဂီမျိုးပါဘုရား။

ကိုယ်ချစ်တဲ့သူ၊ ချစ်တဲ့အရာတွေနဲ့ ကွဲရပေါင်းကလည်း များလှ ပါပြီ။ တချို့ဆိုရင် သိသိကြီးနဲ့ ကွဲတာ၊ တချို့ဆိုရင် မမျှော်လင့်ဘဲ ကွဲတာစသည်ဖြင့် နည်းကတော့ မျိုးစုံပါတယ်ဘုရား။ အပြင်က လူ သတ္တဝါ ရုပ်ပစ္စည်းကိုတော့ မပြောပါနဲ့တော့ဘုရား၊ မိမိပိုင်တယ်လို့ ထင်ခဲ့တဲ့ တက်ကြွခြင်း၊ ထက်မြက်ခြင်း၊ ဖျတ်လတ်ခြင်း၊ နုပျိုခြင်းတွေ ကိုရော တစ်စတစ်စနဲ့ ထာဝရခွဲလိုက်ရပြီဆိုတော့ သံဝေဂရမိတာက တော့ တကယ်ပါဘုရား။

တကယ့်တကယ်ဆိုတော့ တစ်ယောက်တည်း သွားမှာပါ ဘုရား။ ဘဝဆိုတာကလည်း ဘယ်လောက်ကောင်းပါတယ်ဆိုဆို ဘယ် လောက်မှ ကောင်းကြတာမဟုတ်ဘူးဆိုတာ ဆင်ခြင်ရင် သိသာပါ တယ်။ သံသရာက ရှည်လေတော့ ကောင်းပါတယ်ဆိုတဲ့ဘဝမှာ အတိတ်ကံဆိုးကျိုးများ ပေးလိုက်ရင် သန်းကြွယ်သူဌေးလည်း ပြာပုံ လူးလိုလူးရ၊ ပညာရှင်ဆိုတဲ့သူလည်း ရူးလို ရူးရနဲ့ပါဘုရား။ မက် လောက်စရာ မရှိပါဘူး။ အဲဒါကြောင့် အခုလို ရိပ်သာရောက်နေပြီး

www.dhammaransi.com



မှတော့ အကျိုးမနည်းစေရအောင် ဖွဲ့ခတ်ပြီး နေရပါမယ်ဘုရား။ ဖွဲ့ခတ်ပြီး မှတ်ရပါမယ်ဘုရား။ ငရဲသာရောက်ရင် ဒီအနာထက် ပိုနာမယ်ဆိုတဲ့ သတိပေးစကားနဲ့ ကိုယ့်ကိုယ်ကို တင်းရပါတယ်ဘုရား။

ကျေးဇူးတကာ့ ကျေးဇူးထဲမှာ ဝိပဿနာတရားကို ဟောပြောသွန်သင်တာ၊ အားထုတ်နိုင်အောင် စောင့်ရှောက်တာ အားအကြီးမားဆုံး ကျေးဇူးပါပဲဘုရား။

## ဘုရားရှင့်အကြိုက်

'ဘုရားရှင့်အကြိုက်' ဆိုတဲ့ခေါင်းစဉ်နဲ့ 'အာနန္ဒာ ရဟန်း၊ ရဟန်းမ၊ ဥပါသကာ၊ ဥပါသိကာတွေ လောကုတ္တရာတရားရဲ့ ရှေ့ပြေးဖြစ်တဲ့ သီလ၊ သမာဓိ၊ ပညာ အကျင့်ကို ကျင့်ပြီးနေတယ်၊ အဲဒီ ရဟန်း၊ ရဟန်းမ၊ ဥပါသကာ၊ ဥပါသိကာဟာ မြတ်စွာဘုရားကို မြတ်တဲ့ပူဇော်ခြင်းနဲ့ အရိုအသေပြုတယ်၊ အလေးပြုတယ်၊ မြတ်နိုးတယ်၊ ပူဇော်တယ်' ဆိုတဲ့ မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကိုယ်တိုင် မိန့်ကြားတော်မူတဲ့ စကားကို အရှင်ဘုရားက ဒီဃနိကာယ၊ မဟာဝဂ္ဂပါဠိ၊ မဟာပရိနိဗ္ဗာနသုတ္တ ဆိုတဲ့ ကျမ်းကိုးနဲ့ ရေးသားထားတာကို တပည့်တော် ဖတ်ရှုရတဲ့အခါ လျှောက်ထားစရာတွေ ရှိနေတာကြောင့် လွန်စွာဝမ်းမြောက်ရပါတယ်ဘုရား။

ဗုဒ္ဓသာသနာမှာ မြတ်စွာဘုရားရှင်ဟာ လေးအသင်္ချေနဲ့ ကမ္ဘာတစ်သိန်း ဖြည့်ဆည်းတော်မူခဲ့တဲ့ ပါရမီတော်တွေကြောင့် သဗ္ဗညုတဉာဏ်တော်ရှင် မြတ်စွာဘုရားအဖြစ် ပွင့်လင်းပေါ်ပေါက်ခဲ့တာ ကြည်ညိုစရာ ကောင်းတယ်ဆိုတာကိုတော့ တပည့်တော်တို့အားလုံးက လက်ခံထားကြပါတယ်ဘုရား။

အထူးသဖြင့် နောက်ဆုံးဘဝမှာတောင်မှ ဒုက္ကရစရိယာ ကျင့်တော်မူပြီးမှ ဆရာမကူ သယမ္ဘူဉာဏ်တော်ကို ရတော်မူခဲ့တာဆိုတဲ့ အကြောင်းကလည်း ပို၍ပို၍ ကြည်ညိုသဒ္ဓါပွားဖွယ်ရာ ဖြစ်နေပါတယ်ဘုရား။

www.dhammaransi.com



မြတ်စွာဘုရားဟာ သတ္တဝါများကို ချေချွတ်ဖို့ အဲသည်လောက် တောင် ကြိုးစားတော်မူခဲ့တာကို များသောအားဖြင့် ယုံကြည်ပုံ ကြည်ညို ပုံတွေ မှားနေပါတယ်ဘုရား။ မြတ်စွာဘုရားကို ဆုတောင်းရင် ဆုပေးတဲ့ နတ်မင်းကြီးလောက်သာ မှတ်ယူနေကြတဲ့သူတွေ ရှိပါတယ် ဘုရား။

မြတ်စွာဘုရားကို ရေချမ်း၊ ပန်း၊ ဆီမီး ပူဇော်ရိုး ပူဇော်စဉ် ပူဇော်ပြီး ဂုဏ်တော်ကိုးပါးမှာ သက်ဝင်ကြည်ညိုစွာ ရှိခိုးတယ်ဆိုရင် ချီးကျူးကြရဦးမှာပါဘုရား။ အခုတော့ အဲသည်လိုမဟုတ်တာ ကြာပါ ပြီ ဘုရား။

ဂုဏ်တော်ထုံမွမ်း ပုံတော်မှန်း၍ ချီးမွမ်းထောမနာ သဒ္ဒါရိုကျိုး လက်စုံမိုး၍ ရှိခိုးကန်တော့ပါ၏ဘုရားဆိုတဲ့ ကျီးသဲလေးထပ်ဆရာတော် ကြီးရဲ့ အစိန္တေယျကြီး ဘုရားရှိခိုးထဲကလို မဟုတ်တော့ပါဘူးဘုရား။

ဂုဏ်တော်ကို ပုံတော်တွေ ကွယ်နေပါတယ်ဘုရား။ ဘယ်လို ပုံတော် ထုလုပ်ကိုးကွယ်ရင် လာဘ်ရွှင်တယ်၊ ဘုန်းတက်တယ်စသည် ဖြင့် ပုံတော်တို့ပဲ ထုံနေ မွမ်းနေနေကြတော့တာပါပဲဘုရား။

မြတ်စွာဘုရားရှင်ဟာ ပါရမီတော်တွေကို ပင်ပန်းဆင်းရဲစွာ ကျင့်ကြံပြီး သတ္တဝါတွေကို ချေချွတ်တော်မူဖို့ ဟောတော်မူတဲ့ တရား တွေထဲက သီလ၊ သမာဓိ၊ ပညာကို မိမိရရ ဆုပ်ကိုင်နိုင်ဖို့ ကြိုးစား အားထုတ်နေတယ်ဆိုရင် သူ့သဘော သူဆောင်ပြီး အစစအရာရာ အောင်မြင် ပြေပြစ်သွားပါလိမ့်မယ်ဆိုတာကို သဘောမပေါက်ကြပါဘူး ဘုရား။

ရုပ်နာမ်ရှိနေသမျှ ဘဝဆက်ကာ ဖြစ်နေကြသမျှတော့ ဘယ်လိုပုံ ကိုပဲ ကိုးကွယ်ကိုးကွယ် အို နာ သေဘေးက ပြေးမလွတ်ပါဘူးဘုရား။ အခုခေတ်မယ် တွင်ကျယ်နေကြတာကတော့ ဆုတောင်းဖို့ ဘာကို လှူရမယ်၊ ဘယ်အချိန်မှာ တောင်းရမယ်နဲ့ မြတ်စွာဘုရားရဲ့ မိန့်တော် မူချက်တွေနဲ့ ကွာဟသည်ထက် ကွာဟလာနေကြပါပြီ ဘုရား။

တပည့်တော်ကတော့ တစ်နေ့ရာမှာ အရှင်ဝက္ကလိအကြောင်း

ဖတ်မိလိုက်တဲ့အတွက် အဆက်အစပ် အလွန်ရှိတာကြောင့် ရေးဖော်ရတဲ့ အရှင်ဘုရားကို များစွာကျေးဇူးတင်ကာ ဦးခိုက်ပါတယ်ဘုရား။ ဗုဒ္ဓ သာသနာကို တပည့်တော်တို့နိုင်ငံမှာတော့ လေ့သေချာချာ ပြုရဦးမှာပါ ဘုရား။

မသေတဲ့ဘဝ

'မသေတဲ့ဘဝ' ဆိုတဲ့ခေါင်းစဉ်နဲ့ 'ငှက်ပျောသီးက ငှက်ပျောပင် ကို သတ်တယ်။ ဝါးသီးက ဝါးပင်ကို သတ်တယ်။ ကျူသီးက ကျူပင် ကို သတ်တယ်။ လာဘ်၊ ပူဇော်သက္ကာရ၊ အကျော်အစောက ယုတ်ညံ့ သူကို သတ်တယ်' ဆိုတဲ့စာသားကို (အင်္ဂုတ္တရစတုက္က၊ ၂ ဒုပဏ်၊ ၂ ပတ္တကမ္မဝဂ္ဂ၊ ၈ ဒေဝဒတ္တဝတ္ထုစသည်) ဆိုတဲ့ ကျမ်းကိုးနဲ့ အရှင်ဘုရား ရှင်းလင်းပြထားတော်မူထားတာဟာ တပည့်တော်တို့လို လောကီနယ်ထဲက လူတွေကိုသာမက လောကုတ္တရာနယ်ထဲက အကျော်အစောရှိတဲ့ ရဟန်း ပုဂ္ဂိုလ်များအတွက်ပါ ကောင်းစွာသတိပေးနိုင်ပါတယ်ဘုရား။

အရှင်ဒေဝဒတ်ဟာ သာကီဝင်မင်းသားလည်းဖြစ်တယ်။ လောကီ ဈာန်ကိုလည်း ရထားပါတယ်။ ဒါပေမဲ့ လာဘ် ပူဇော်သက္ကာရနဲ့ အကျော်အစောကို လောဘအတက်လွန်လိုက်တာ မြတ်စွာဘုရားကို တောင် နေရာမထားနိုင်လောက်အောင် ဖြစ်သွားတာ ကြောက်စရာပါပဲ။

အရှင်ဘုရားရေးသားတဲ့အထဲမှာ 'သစ်ပင်ကလေးငယ်ငယ် အသီးကြွယ်ရင် ကိုင်းပဲ့တတ်တယ်၊ ကိုင်းမပဲ့အောင် ကိုင်းထောက်ပေး ရတယ်၊ သမာဓိဆိုတဲ့ ကိုင်းထောက်နဲ့ ထောက်ပေးရမယ်' ဆိုတဲ့ စကားကလည်း ရဟန်းသံဃာလောကမှာ အကျော်အစောများတဲ့၊ လာဘ် လာဘများတဲ့ ရဟန်းတော်ကြီးငယ်တို့အတွက်သာ လိုအပ်တဲ့ သတိပေး စကား မဟုတ်ပါဘူး၊ တပည့်တော်တို့ လောကီနယ်ထဲက လူတွေ အတွက်ပါ အထူးလိုအပ်ပါတယ်ဘုရား။

လူတွေရဲ့ သဘာဝဟာ ဆင်းရဲခြင်းရဲ့ဒဏ်ကို ခါးစီးခံတတ်ပေ မယ့် ခံနိုင်ပေမယ့် ချမ်းသာခြင်းဒဏ်ကို မခံနိုင်တတ်ကြပါဘူး။ ချမ်းသာ

www.dhammaransi.com



ခြင်းဟာ လူကို ပေါ့ပါးမြင့်တက်တဲ့ စိတ်အထာကို ဖြစ်စေပါတယ်။ ပေါ့ပါးရာက ပေါ့တန်လာတတ်ပါတယ်။ ပေါ့တန်ရာက ပေါ့ဆလာပြန်ပါတယ်ဘုရား။ လာဘ်လာဘဟာ ကိုယ်တိုင် ကြိုးစားရှာဖွေလို့ ရလာတာဆိုရင် သတိရှိတဲ့သူ၊ သမာဓိရှိတဲ့သူကတော့ 'ဒါဟာ စင်ကြယ်တဲ့ ပစ္စည်းတွေဖြစ်တယ်၊ မဖြုန်းတီးသင့်ဘူး၊ လှူဒါန်းရမယ်၊ ဝေမျှရမယ်' ဆိုတဲ့ စိတ်ကောင်းစေတနာကို ဖြစ်ပေါ်စေပါတယ်ဘုရား။ ဒါပေမဲ့ အဲသည်လို စိတ်စေတနာပေါ်တဲ့သူက နည်းပါတယ်။ 'ငါ့မျာႏ ဘာမှတ်လဲ ဟင်း' ဆိုတဲ့ ကြိမ်းမောင်းသံတွေ၊ ကြုံးဝါးသံတွေနဲ့ မာနတလူလူ တက်လာတတ်ကြပါတယ်ဘုရား။

အကျော်အစောကိုလိုက်ပြီး လုပ်ပိုင်ခွင့်ကိုလိုက်ပြီး ပူဇော်တဲ့သူ ပသတဲ့သူတွေက များတတ်ပါတယ်။ အဲသည်လို လာဘ်လာဘဟာ ဝန်နဲ့တကွပါတဲ့ လာဘ်လာဘဖြစ်တယ်ဆိုတာ သတိထားမိတဲ့သူတွေလည်း တပည့်တော်တို့ မသိလို့သာပါ၊ ရှိမှာပါဘုရား။ ရတိုင်း မယူတာ၊ ရရင် ထပ်ပြီးလှူတာ၊ ဝေမျှတာစတဲ့ ကောင်းတဲ့အလုပ်ကို လုပ်တဲ့သူတွေလည်း ရှိမှာပါပဲ။

သေချာတာကတော့ အဲသည်လိုလူမျိုး၊ အဲသည်လို သာသနာ့ဝန်ထမ်းမျိုးက အရေအတွက် နည်းမယ်ဆိုတဲ့အချက် ဖြစ်ပါတယ်။ လာဘ်လာဘရော၊ အကျော်အစောရော၊ ပူဇော်သက္ကာရရော များပြားစွာ ရနေသူများကို တပည့်တော် အားမကျပါဘူးဘုရား။ မရလို့ အဲသည်လို ပြောတာပါလို့ ဆိုရင်တော့လည်း တပည့်တော်က 'ဟုတ်ပါတယ်၊ မရလို့သာ အဲသည်လို ပြောနိုင်တဲ့ စိတ်နေသဘာဝ ရှိနေသေးတာပါ'လို့ ဝန်ခံရမှာပါပဲဘုရား။ ဒါပေမဲ့ လာဘ်မယူစကောင်းတဲ့ အလုပ်တွေမှာတောင် လာဘ်ယူကြတာ ရှိနေတော့ ကိုယ့်ဘာသာကိုယ်လည်း ကျေနပ်ပါတယ်ဘုရား။ တပည့်တော်တို့ တက္ကသိုလ်တွေမှာ အရင်က ဘွဲ့ယူကျမ်းတွေ တင်သွင်းရပါတယ်ဘုရား၊ အခု စနစ်သစ်မှာတော့ မရှိတော့ပါဘူး။ အဲသည်လို ကျမ်းတင်သွင်းရတုန်းက အခြေအနေကလေးကို လျှောက်ထားပါရစေဘုရား။

www.dhammaransi.com



ဘွဲ့ယူကျမ်းတင်တဲ့သူတွေက ကျမ်းကို ကြီးကြပ်ပေးတဲ့ဆရာတွေကို တတ်အားသမျှ ကန်တော့တတ်ကြပါတယ်။ တပည့်တော်ကတော့ 'ဒါဟာ ဆရာမတို့ တာဝန်ပဲ၊ ဘာမှ မကန်တော့ပါနဲ့၊ ကန်တော့ရင် လုပ်နေတဲ့အလုပ်တွေကို ရပ်ပစ်လိုက်မှာ' လို့တောင် ခပ်ပြတ်ပြတ်ပြောပါတယ်ဘုရား။ ကျမ်းတင်တဲ့ သူတွေက သူတို့ကျမ်းရဲ့မူကြမ်းကို လာတင်တာနဲ့ တပည့်တော် ချက်ချင်းဖတ်ပေးပါတယ်။ မှားတာမှန်တာ၊ လိုတာ ပိုတာကို စေတနာမှန်နဲ့ ထောက်ပြပါတယ်။ လာဘ်ပေးထားလို့ မျက်နှာပြန်လုပ်ရသလိုမျိုး ကိစ္စလည်း မရှိတော့ပါဘူးဘုရား။

'ဒါတွေဟာ ပြောပလောက်အောင် မများတဲ့ လာဘ်ဖြစ်နေလို့ပါ၊ နို့မဟုတ်လို့ကတော့ ဘယ်နေပါ့မလဲ' လို့ အချဉ်ပေါက်တဲ့အသံနဲ့ ပြောချင်တဲ့သူတွေလည်း ရှိမှာပါပဲ။ တပည့်တော်ကလည်း အဲဒီကိစ္စကိုပဲ ပြောချင်နေတာပါဘုရား။ လူတွေရဲ့စိတ်ဟာ အခြေအနေကိုလိုက်ပြီး ပြောင်းနေတတ်ပါတယ်ဘုရား။ ညာညာတာတာ ပြောမယ်ဆိုရင် ပုထုဇဉ်တွေကိုးဘုရား။ တကယ်လို့ ယူသင့်ယူထိုက်၊ ရသင့်ရထိုက်တယ်လို့ အများက ယူဆတဲ့ လာဘ်သပ္ပကာ၊ ပူဇော်သမှုများ၊ ကျော်စောသတင်းများ ရတဲ့အခါ စိတ်က ပြောင်းသွားနိုင်ပါတယ်ဘုရား။ ကိုယ့်ထက်နွမ်းပါးတဲ့သူ၊ မပြည့်စုံတဲ့သူများကို 'အဖြစ်မရှိပါဘူး၊ အရည်မပြည့်ဘူး' လို့ ထင်တတ်ကြပါတယ်ဘုရား။ ကြောက်စရာကောင်းပါဘိတော့တယ်ဘုရား။

တပည့်တော်တောင်မှ အတော်ကြီးတဲ့အထိ အလွန်မှားတဲ့စကားတစ်ခုကို ပြောလေ့ရှိခဲ့ပါတယ်ဘုရား။ 'ငါက မတော်တဲ့သူကို စကားတောင် မပြောချင်ဘူး' ဆိုတဲ့ စကားဖြစ်ပါတယ်။ အခုရေးလိုက်တာကအလွန်ရှက်ဖွယ်ကောင်းတဲ့ စကားကြီးကိုပြောပြီး တပည့်တော် မှားခဲ့တာကို ဝန်ခံလိုက်ခြင်းဖြင့် အပြစ်ကို ဆေးကြောလိုက်တဲ့သဘောပဲ ဖြစ်ပါတယ်ဘုရား။ နောက်ပိုင်းကျမှ 'ဩော် ငါကရော ဘယ်လောက်များတတ်လို့လဲ' လို့ တွေးမိပြီး အဲဒီလိုစကားကို မပြောဘဲ ရှောင်တော့တာပါဘုရား။

www.dhammaransi.com



တပည့်တော် ရိပ်သာကို ဒီတစ်ခေါက် ဝင်တော့မယ်လို့ ဆိုတဲ့အခါ တပည့်တော်ရဲ့သားသမီးများသဖွယ် ဖြစ်ကြတဲ့ ဆရာဝန်နဲ့ ဆရာဝန်မတို့ အိမ်ကိုလာပြီး ဆေးစစ်ပေးပါတယ်။ ဆရာဝန်က စာဖတ်လည်း နာပါတယ်။ အတွေးလည်း နက်ပါတယ်။ သူက ပြောပါတယ် ဘုရား၊ 'ကျွန်တော်တို့တော့ လူ့ဘဝကိုရတာ ဝမ်းသာပါတယ်၊ လူဖြစ်ပြီး အဘက်ဘက်က နိမ့်ပါးတဲ့ လူ့တိရစ္ဆာန်၊ လူပြိတ္တာလိုလည်း မဟုတ်ဘူး၊ စည်းစိမ်ချမ်းသာ အကျော်အစောတွေနဲ့ လူဖြစ်ပြီး နတ်တမျှ အာရုံခံစားနိုင်တဲ့ နတ်မင်း၊ ဗြဟ္မာမင်းများလို မြင့်မားတဲ့လူမျိုးလည်း မဟုတ်ဘူး၊ လူသာမန်လို့ ခေါ်နိုင်တဲ့ လူတွေဖြစ်ရတာ ကျေနပ်ပါတယ်' တဲ့ ဘုရား။

လူသာမန်ကနေ လူအစစ်ဖြစ်ဖို့ကတော့ သီလ၊ သမာဓိ၊ ပညာကို အခြေခိုင်ခိုင် ချရမှာပေါ့ ဘုရား။ မြတ်စွာဘုရားရဲ့ သာသနာတော်ကို မီလိုက်ပါလျက် ရိပ်သာကို ဝင်ပြီး တရားအားထုတ်နိုင်ပါလျက် မရှိမဲ့ ရှိမဲ့ ဂုဏ်အကျော်အစောများကို မက်မောတွယ်တာတဲ့ ဘဝဆိုးက မလွတ်မြောက်မှာ စိုးရိမ်ပါဘိတော့တယ်ဘုရား။ ၁၈၊ ၂၊ ၂၀၀၀ နေ့က ကံ့ကော်မြိုင်ဆရာတော်ရဲ့တရားခွေကို ဓမ္မသာလာမှာ နာကြားခွင့်ရပါတယ် ဘုရား။ အမှတ်ကို ဆက်အောင်မှတ်၊ အမှတ်မစိတ်ရင် ကိလေသာ ကြားခိုမယ်၊ တစ်ခါကြားခိုရင် တစ်ဘဝပဲလို့ မိန့်တော်မူတာနဲ့ တပည့်တော်တော့ ဘော်တော်ကြောက်နေမိပါတယ် ဘုရား။ ဘယ်လိုဘဝမျိုးရရ တယ်ပြီး မလွယ်ဘူးဆိုတာ ကြီးလေ သိလေ ဖြစ်လာလို့ပါပဲဘုရား။

ခြေတော်ဦးခိုက် ကန်တော့လျက်
တပည့်တော်
ဒေါက်တာမတင်ဝင်း (ပညာရေးတက္ကသိုလ်)
၂၁၊ ၂၊ ၂၀၀၀

www.dhammaransi.com

# ဖြေရခက်တဲ့ကြိုး

'သံခြေချင်း၊ သစ်သားခြေချင်း၊ ကြိုးအနှောင်အဖွဲ့တွေကိုဘုရားစတဲ့ ပညာရှိတွေက ခိုင်တဲ့ အနှောင်အဖွဲ့လို့ မဆိုကြပါ။ ပတ္တမြား၊ နားတောင်း စတဲ့ပစ္စည်းနဲ့ သားသမီး ဇနီးအပေါ် ပြင်းထန်တဲ့ တပ်မက်မှု နှောင်ကြိုးကိုသာ ခိုင်တဲ့ အနှောင်အဖွဲ့လို့ ဆိုကြပါတယ်။

(ဓမ္မပဒ၊ တဏှာဝဂ္ဂ၊ ၄ ဗန္ဓနာဂါရဝတ္ထု)

သံယောဇဉ်နှောင်ကြိုးရဲ့ ဖြတ်ရခက်ပုံကို ဘုရားအလောင်းတော်ဟာ ဘဝတစ်ခုတုန်းက ကြုံတွေ့ခဲ့ရပါတယ်။ ဗာရာဏသီပြည်မှာ ဘုရားအလောင်းတော်ဟာ ဆင်းရဲတဲ့အမျိုးမှာ ဖြစ်ခဲ့ပါတယ်။ ဘုရားအလောင်း အရွယ်ရောက်တဲ့အခါ သူ့ဖခင် ကွယ်လွန်သွားပါတယ်။ ဘုရားအလောင်းဟာ အခစားအလုပ်ကို လုပ်ပြီး မိခင်ကို ပြုစုလုပ်ကျွေးပါတယ်။ အိမ်ထောင်မပြုချင်ဘဲ သူ့မိခင်က သူ့ကို အိမ်ထောင်ချပေးပါတယ်။ မိခင်ဟာ အိမ်ထောင်ချပေးပြီးတဲ့နောက်ပိုင်းမှာ ကွယ်လွန်သွားပါတယ်။ ဇနီးသည်မှာ ကိုယ်ဝန်ရှိလာပါတယ်။ ကိုယ်ဝန်ရှိနေမှန်း မသိလို့ 'ရှင်မ သင်ဟာ အခစားအလုပ်ကို လုပ်ပြီး အသက်မွေးလော၊ ငါ ရဟန်းပြုမယ်' လို့ ပြောပါတယ်။ ဇနီးသည်က 'ကျွန်မမှာ ကိုယ်ဝန်ရှိနေပါပြီ၊ သားဖွားပြီးတဲ့အခါ ကလေးကိုကြည့်ပြီးမှ ရဟန်းဝတ်ပါ' လို့ ပြောပါတယ်။ ဘုရားလောင်းက 'ကောင်းပါပြီ' လို့ ဝန်ခံပြီး ကလေးမွေးပြီးတဲ့အခါ ရဟန်းပြုတော့မယ်လို့ ပြောပါတယ်။ အဲဒီအခါ ကလေး နို့ဖြတ်တဲ့အချိန်အထိ စောင့်ဆိုင်းဖို့ ပြောလာပြန်ပါတယ်။ နောက် ကိုယ်ဝန်တစ်ခု ရလာပြန်ပါတယ်။

www.dhammaransi.com



ဘုရားလောင်းက 'ဒီတစ်ခါ အသိမပေးဘဲ ထွက်ပြေးပြီး ရဟန်းပြုတော့မယ်' လို့ တွေးပြီး ညအခါ ဇနီးကို အသိမပေးဘဲ ထွက်ပြေးပါတယ်။ မြို့စောင့်တွေက သူ့ကိုဖမ်းကြပါတယ်။ သူက 'ကျွန်တော်ဟာ အမိကို ပြုစု လုပ်ကျွေးသူပါ၊ ကျွန်တော့ကို လွှတ်ကြပါ' လို့ပြောပြီး ဟိမဝန္တာကိုသွားကာ ရဟန်းပြုပြီး ဈာန်အဘိညာဉ်တွေရသွားလို့ ဈာန်နဲ့ ပျော်မွေ့ကာ နေပါတော့တယ်။ အထက်မှာ ဖော်ပြတဲ့စကားတွေကို ဥဒါန်းကျူးရင့်ခဲ့ပါတယ်။

ရဟန်း ရှင် လူတွေကို တွေ့လို့ တရားအားထုတ်ဖို့ တိုက်တွန်းလိုက်ရင် နှောင်ကြိုးလေးတွေကိုဖြတ်ဖို့ အခက်တွေ့နေကြတာကို တွေ့ရပါတယ်။ သားရှိတဲ့သူက သားအတွက် ပူရပါတယ်။ သမီးရှိသူက သမီးအတွက် ပူပါတယ်။ ဇနီးရှိသူက ဇနီးအတွက် ပူပါတယ်။ ခင်ပွန်းရှိသူက ခင်ပွန်းအတွက် ပူပါတယ်၊ မြေး မြစ်ရှိသူက မြေး မြစ်အတွက် ပူပါတယ်။ တိုက်ရှိသူက တိုက်တွက်၊ ကားရှိသူက ကားအတွက် ပူပါတယ်။ ကျောင်းရှိတဲ့သံဃာက ကျောင်းအတွက် ပူပါတယ်။ တပည့်သံဃာတွေ ရှိတဲ့ဆရာတော်က တပည့်သံဃာတွေအတွက် ပူပါတယ်။ တရားအားထုတ်ဖို့ တိုက်တွန်းရင် တချို့က လိမ်လိမ်မာမာ ငြင်းပယ်ကြပါတယ်။ တချို့က ခါးခါးသီးသီး ငြင်းပယ်ကြပါတယ်။ တချို့ မအားသေးလို့ပါလို့ ဆိုကြပါတယ်။

တရားအားထုတ်ပါမယ်လို့ ဝန်ခံချက် အခါခါ လှိုက်လှိုက်လှဲလှဲ ထက်ထက်သန်သန် ပေးကြတဲ့သူတွေတောင်မှ အိမ်ရောက်သွားတဲ့အခါ တရားအားထုတ်မယ်ဆိုတဲ့ သူတို့ရဲ့ဝန်ခံချက်ဟာ ပျောက်ကွယ်ငုပ်လျှိုးသွားပါတယ်။ သံယောဇဉ်ကြိုးတို့ရဲ့ ဖြတ်တောက်ဖို့ ခက်လှပုံကို ပိုမိုသဘောပေါက်ရပါတယ်။ ခိုင်လှတဲ့ကြိုးဖြစ်ကြောင်းကိုလည်း သိရှိရပါတယ်။ အဲဒီ သံယောဇဉ်ကြိုးတွေဟာ အပါယ်ကို ဆွဲချနိုင်ကြပါတယ်။ ဒီကြိုးတွေကို ချည်နှောင်တဲ့နေရာမှာ အရေတွေကိုလည်း မဖြတ်၊

www.dhammaransi.com



အသားတွေကိုလည်း မဖြတ်ပါဘူး။ သွေးလည်း မထွက်စေရပါဘူး။ ချည်နှောင်ထားမှန်းလည်း မသိစေရပါဘူး။ ဒါပေမဲ့ လိပ်ခဲတည်းလည်း ပမာ ဖြေရခက်လှပါတယ်။

ပညာရှိသူတော်ကောင်းတွေကတော့ သံယောဇဉ်နှောင်ကြိုးတွေကို ဉာဏ်ဓားနဲ့ ဖြတ်တောက်ကြပါတယ်။ မုန်ယစ်တဲ့ဆင်ပြောင်တွေဟာ သံကြိုးတွေကို ဖြတ်တောက်ကြပါတယ်။ ခြသေ့ၤငယ်တွေဟာ လှောင်အိမ်ကို ဖျက်ဆီးဖြတ်တောက်ကြပါတယ်။ ပညာရှိသူတော်ကောင်းတွေကလည်း ကာမဂုဏ်အာရုံတွေကို အမှိုက်ပုံပမာ စက်ဆုပ်ကာ စွန့်ခွာကြပါတယ်။

ရဟန်း၊ ရှင်၊ လူတွေဟာ သံယောဇဉ်နှောင်ကြိုးတွေကို ဉာဏ်ဓားနဲ့ မဖြတ်တောက်နိုင်သေးသမျှ သံယောဇဉ်ကြိုးတွေရဲ့ ချည်နှောင်မှုကို ခံနေကြရပါမယ်။ ကြိုးတန်းလန်းနဲ့ပုဂ္ဂိုလ်တွေဟာ အိမ်က မခွာနိုင်ကြပါဘူး။ သားနားက၊ သမီးနားက၊ ဇနီးနားက၊ ခင်ပွန်းနားက မခွာနိုင်ကြပါဘူး။ ရုန်းမထွက်နိုင်ကြပါဘူး။ ကြိုးချည်ခံထားရတဲ့သူတွေဟာ မလွတ်လပ်ပါဘူး၊ ကျဉ်းကျပ်ပါတယ်။ ဒုက္ခတွေလည်း ထူပြောလှပါတယ်။ ပူလောင်ကြပါတယ်၊ ပင်ပန်းကြပါတယ်။

တရားရိပ်သာရောက်လို့ တရားအားထုတ်နေရင်းတောင် တချို့ပုဂ္ဂိုလ်တွေမှာ ကြိုးကတန်းလန်းပါရှိနေကြပါသေးတယ်။ ကြိုးကို မဖြတ်တောက်ဘဲ ကြိုးတန်းလန်းနဲ့ အားထုတ်ရင် တရားခရီးမတွင်ပါဘူး။ သံယောဇဉ်နှောင်ကြိုးဟာ အိမ်က မထွက်နိုင်အောင်လည်း ချည်နှောင်တတ်ပါတယ်။ ရိပ်သာရောက်သွားသူတွေကို အိမ်ပြန်ရောက်လာအောင်လည်း ဆွဲငင်တတ်ပါတယ်။ သံယောဇဉ်ကြိုးတွေရဲ့ ချည်နှောင်အား၊ ဆွဲငင်အားက ကြီးမားလှပါတယ်။ ပြင်းထန်လှပါတယ်။ ခိုင်မြဲလှပါတယ်။

ဘုရားအလောင်းတော်ဟာ သံယောဇဉ်နှောင်ကြိုးတွေရဲ့ ချည်

www.dhammaransi.com



နှောင်မှုကို ခံတဲ့အခါ ခံရပေမယ့် ဉာဏ်ဓားနဲ့ ဖြတ်တောက်နိုင်ခဲ့ပါတယ်။ ဖြတ်တောက်ဖန်များတော့ သူ့ဉာဏ်ဓားက တုံးမသွားဘဲ ပို၍ပို၍ ထက်ထက်လာပါတယ်။ ဘုရားရှင်ရဲ့တပည့်တွေဟာလည်း သံယောဇဉ်ကြိုးတွေကို ကြိုးစားကြိုးစားပြီး ဉာဏ်ဓားနဲ့ ဖြတ်တောက်ဖြတ်တောက်ပေးကြရပါမယ်။ ဖြေရခက်တဲ့ကြိုးတွေဟာ ဉာဏ်နဲ့ဖြေရင် ပြေနိုင်ပါတယ်။

✤

www.dhammaransi.com

# ရှားပါးတဲ့ ဇာတ်လမ်းတစ်ပုဒ်

'ချစ်အပ်တဲ့ သက်ရှိ သက်မဲ့တွေနဲ့ တစ်ရံတစ်ဆစ်မျှ မပေါင်းဆုံရာ၊ မချစ်အပ်တဲ့ သက်ရှိ သက်မဲ့တွေနဲ့ တစ်ရံတစ်ဆစ်မျှ မပေါင်းဆုံရာ၊ ချစ်အပ်တဲ့ သက်ရှိ သက်မဲ့တွေကို မမြင်တွေ့ရတာဟာ ဒုက္ခ၊ မချစ်အပ်တဲ့သက်ရှိ သက်မဲ့တွေကို မြင်တွေ့ရတာဟာလည်း ဒုက္ခ၊ ဒါကြောင့် ချစ်ခြင်းကို မပြုလုပ်ရာ။ မှန်တယ်၊ အချစ်နဲ့ကွေကွင်းရတာဟာ မကောင်းဘူး။ အချစ် အမုန်းမရှိသူမှာ အထုံးအဖွဲ့တွေ မရှိတော့ဘူး'

(ဓမ္မပဒ၊ ပိယဝဂ္ဂ၊ ၁ တယောဇန ပဗ္ဗဇိတဝတ္ထု)

သာဝတ္ထိမြို့ အမျိုးတစ်မျိုးမှာ မိဘနှစ်ပါး ချစ်မြတ်နိုးအပ်တဲ့ သားလေးတစ်ယောက် ရှိခဲ့ပါတယ်။ သူတို့အိမ်မှာ ဆွမ်းခံကြွတဲ့ ရဟန်းတော်တွေရဲ့ ဟောတရားကို နာကြားရလို့ ရဟန်းဝတ်ချင်စိတ် ပေါက်ပြီး မိဘတွေကို ရဟန်းဝတ်ခွင့်ပြုဖို့ တောင်းပါတယ်။ မိဘတွေက ခွင့်မပြုပါဘူး။ 'ငါဟာ မိဘတွေအလစ်မှာ အိမ်ကထွက်ပြေးပြီး ရဟန်းဝတ်မယ်' လို့ ကျိတ်ကြံနေပါတယ်။ အဖေက အိမ်ပြင်ထွက်ရင် သားကို မျက်ခြည်ပြတ်မခံဖို့ အမေ့ကို မှာသွားပါတယ်။ အမေ အိမ်ပြင်ထွက်ရင်လည်း အဖေ့ကို မှာသွားပါတယ်။ အလစ်မပေးကြပါဘူး။ တစ်နေ့မှာ ဖခင်က အိမ်ပြင်ထွက်သွားတုန်း မိခင်က တံခါးပေါင်တစ်ခုကို မှီပြီး အခြားတံခါးပေါင်တစ်ခုကို ခြေထောက်နဲ့ ကန်ထားကာ မြေမှာထိုင်ပြီး ချည်ငင်နေပါတယ်။

သားက 'အမေ့ကို လှည့်စားပြီးသွားမယ်'လို့ တွေးကာ 'အမေ နည်းနည်းလောက် ဖယ်ပေးစမ်းပါ၊ အိမ်သာသွားချင်လို့ပါ' လို့ပြောပြီး

www.dhammaransi.com



ကျောင်းကို အပြေးသွားကာ ရဟန်းတွေထံ ရဟန်းဝတ်ဖို့ ခွင့်ပန်ပြီး ရဟန်းဝတ်လိုက်ပါတယ်။ ဖခင်ပြန်လာတဲ့အခါ သူ့သား ဘယ်သွားလဲ လို့ မိခင်ကို မေးပါတယ်။ 'ဒီနေရာမှာ ရှိပါတယ်' လို့ မိခင်ကပြောလို့ ဖခင်က သူ့သားကို ရှာကြည့်တဲ့အခါ မတွေ့လို့ ကျောင်းကိုသွားတာ ဖြစ်မယ်ဆိုပြီး ကျောင်းကိုလိုက်သွားပါတယ်။ သူ့သား ရဟန်းဝတ်ထား တာကို တွေ့ရလို့ ငိုကြွေးမြည်တမ်းကာ 'ဘာကြောင့် ငါ့ကိုဖျက်ဆီးရ သလဲ' လို့ ပြောပါတယ်။ 'ငါ့သား ရဟန်းဝတ်ရင် အခု ငါဟာ အိမ်မှာ ဘာလုပ်မှာလဲ' လို့ တွေးကာ ဖခင်ကိုယ်တိုင် ရဟန်းတွေထံ ရဟန်းဝတ်ဖို့ ခွင့်ပန်ပြီး ရဟန်းဝတ်ပါတယ်။

မိခင်ကလည်း 'သားအဖနှစ်ယောက် ဒီလောက်ကြာနေတာဟာ ကျောင်းသွားကာ ရဟန်းဝတ်ကြလို့ ဖြစ်လိမ့်မယ်' လို့ တွေးပြီး ရှာ ကြည့်တဲ့အခါ ကျောင်းမှာ ရဟန်းဝတ်နေကြတာကို တွေ့ရပါတယ်။ 'သူတို့သားအဖနှစ်ယောက် ရဟန်းဝတ်ကြရင် ငါဟာ အိမ်မှာနေလို့ ဘာအကျိုးရှိမှာလဲ' လို့ တွေးကာ မိခင်လည်း ဘိက္ခုနီတွေရဲ့ကျောင်းကို သွားပြီး ဘိက္ခုနီမ လုပ်လိုက်ပါတော့တယ်။ ရဟန်းသာ ဝတ်လိုက် ကြပေမယ့် တစ်ဦးနဲ့တစ်ဦး ခွဲခွာပြီး မနေနိုင်ကြပါဘူး။ ကျောင်းမှာရော ဘိက္ခုနီမကျောင်းမှာပါ စုပေါင်းထိုင်ကာ စကားပြောပြီး တစ်နေ့တာ အချိန်ကုန်လွန်စေကြပါတယ်။ ဒါကြောင့် ဘေးကရဟန်းတွေမှာရော ရဟန်းမတွေမှာပါ အနှောင့်အယှက်ဖြစ်ကြပါတယ်။ ရဟန်းတွေက ဘုရားရှင်အား သူတို့သားအဖသုံးယောက်အကြောင်းကို လျှောက်ထား ကြလို့ 'ဒီလိုလုပ်တာဟာ မသင့်တော်ဘူး' လို့ အမိန့်ရှိပြီး အထက်မှာ ဖော်ပြခဲ့တဲ့စကားတွေကို အမိန့်ရှိပါတယ်။

ဒီသားအဖသုံးယောက်ရဲ့ သံယောဇဉ်ကတော့ ကြီးလွန်းလှပါ တယ်။ ယခုခေတ်မှာလည်း သာသနာ့ဘောင်ရောက်ပြီး ဒီလောက် သံယောဇဉ်ကြီးကြသူတွေ ရှိနိုင်မယ် ထင်ပါတယ်။ ဒီလောက်နီးနီး

www.dhammaransi.com



သံယောဇဉ်ကြီးကြတဲ့ ပုဂ္ဂိုလ်တွေကတော့ ပိုပြီးရှိနိုင်ပါလိမ့်မယ်။ သံယောဇဉ်ကို ဖြတ်တဲ့နယ်ပယ်မှာ ဒီလိုသံယောဇဉ်ကြိုး တင်းလွန်းတာကတော့ အဖြူထဲမှာ အမည်းစက်ဟာ ထင်ရှားသလို ထင်ရှားလှပါတယ်။ ဘုရားနဲ့ မတွေ့လို့ရှိရင် ဒီသားအဖသုံးယောက်ဟာ ဘယ်လိုဆက်ပြီး စခန်းသွားကြမယ် မသိပါဘူး။ ဘုရားဟောတဲ့တရားကို နာကြားပြီး သားအဖသုံးယောက်ဟာ သတိ သံဝေဂရကာ တရားတွေအားထုတ်သွားကြမယ်လို့ စာရှုသူထင်မိပါသလား။ ထင်မိရင်တော့ မှားပါတယ်။ အဲဒီ သားအဖ သုံးယောက်ဟာ တစ်ဦးနဲ့တစ်ဦး မခွဲမခွာနိုင်ကြလို့ လူထွက်ကာ အိမ်ကို ပြန်သွားကြပါသတဲ့။

ဘုရားလက်ထက်တော်မှာ ဒီလိုဇာတ်လမ်းဟာ ရှားပါးတဲ့ ဇာတ်လမ်းတစ်ပုဒ် ဖြစ်ပါလိမ့်မယ်။ ယခုခေတ်မှာတော့ ဒီလို လူ့ဘဝပြန်လည်သွားကြတဲ့ ဇာတ်လမ်းတွေ ရှားချင်မှ ရှားပါလိမ့်မယ်။ သံယောဇဉ်အာရုံတွေရဲ့ သာယာဖွယ်ကိုသာ ကြည့်နေသူတွေအတွက် သံယောဇဉ်ကြိုးဟာ ပြေလျော့မသွားဘဲ တိုး၍တိုး၍သာ တင်းတင်းလာပါလိမ့်မယ်။ သံယောဇဉ်အာရုံတွေရဲ့ အပြစ်ကို မြင်လာရင်တော့ မတင်းတော့ဘဲ လျော့လျော့လာပါလိမ့်မယ်။ သံယောဇဉ်မီးထက် ပိုပူတဲ့မီးဟာ လောကမှာ မရှိပါဘူး။ သံယောဇဉ်မီးဟာ ပကတိမီးလို အခိုးလည်း မရှိ၊ မီးတောက်မီးလျှံလည်း မရှိ၊ မီးကျီးလည်း မရှိပါဘူး။ ဒါပေမဲ့ အတွင်းမှာသာ လောင်မြိုက်ပြီး ပြာလက်တစ်ဆုပ်စာသာကျန်အောင် လုပ်နိုင်ပါတယ်။

တဏှာသံယောဇဉ်မြစ်နဲ့တူတဲ့ မြစ်မရှိဘူး တဲ့။ ဂင်္ဂါ၊ ရောဝတီ စတဲ့မြစ်တွေမှာ ရေပြည့်တဲ့အခါလည်း ရှိတယ်၊ လျော့တဲ့အခါလည်း ရှိတယ်၊ ခြောက်ခန်းသွားတဲ့အခါလည်း ရှိတယ်၊ တဏှာဆိုတဲ့ သံယောဇဉ်မြစ်မှာတော့ ပြည့်တဲ့အခါလည်း မရှိ၊ ခြောက်ခန်းသွားတဲ့အခါလည်း မရှိ၊ အမြဲတမ်းလျော့လျက်သာ ရှိနေတာမို့ တဏှာသံယောဇဉ်မြစ်နဲ့

www.dhammaransi.com



တူတဲ့ မြစ်မရှိဘူးလို့ ဘုရားက ဟောကြားတော်မူခဲ့ပါတယ်။ သံယောဇဉ် အမျှင်မတန်းချင်လို့ ရှင်ရဟန်းလုပ်ခါမှ အမျှင်တန်းနေသေးရင် မြင်ကြားရသူအပေါင်း နှစ်ထောင်းအားရစရာ မရှိ ဖြစ်လှပါတယ်။ အမျှင်ကို ဖြတ်မှ ဘဝနဲ့ဟပ်ပါလိမ့်မယ်။

www.dhammaransi.com

# ချစ်တတ်သူ

'မိမိကိုယ်ကို အချစ်ခင်ဆုံးလို့ သိနားလည်ရင် ကောင်းကောင်းစောင့် ရှောက်တယ်လို့ ဆိုရလောက်အောင် စောင့်ရှောက်ပါ။ ပညာရှိဟာ အရွယ် ၃ ပါးမှာ တစ်ပါးပါး၌ ကိုယ့်ကိုယ်ကို အပြစ်ကင်းအောင် ဆေးကြောသုတ်သင်ပါ'

**(ဓမ္မပဒ၊ အတ္တဝဂ္ဂ၊ ၁ ဗောဓိရာဇကုမာရဝတ္ထု)**

လောကသတ္တဝါတွေဟာ ကိုယ့်ကိုယ်ကို အချစ်ဆုံးပဲဆိုတာကို တချို့က နားလည်သဘောမပေါက်ဘဲ ရှိနေတတ်ကြပါတယ်။ ကိုယ့်ရဲ့ အချစ်ဆုံးဟာ အခြားသူတစ်ယောက်ယောက်လို့ ထင်မြင်နေတတ်ကြ ပါတယ်။ 'အတ္တသမံ ပေမံ နတ္ထိ၊ မိမိအပေါ် ချစ်တဲ့အချစ်နဲ့တူတဲ့ အချစ် မရှိ' ဆိုတဲ့စကားကို သတိမမူမိဘဲ ရှိနေတတ်ကြပါတယ်။ ကိုယ့်ကိုယ်ကို တကယ်ချစ်တတ်သူဟာ ကိုယ့်ကိုယ်ကို ကောင်းကောင်း စောင့်ရှောက်ရပါမယ်။ ကိုယ့်ကိုယ်ကို စောင့်ရှောက်မယ်ဆိုပြီး တိုက် အထပ်ထပ်မှာ တံခါးအလုံပိတ်ကာ အစောင့်အရှောက်တွေ ချထားပေ မယ့်လည်း ကိုယ့်ကိုယ်ကို စောင့်ရှောက်သည် မမည်သေးပါ။

လူဆိုရင် စွမ်းနိုင်သမျှ လှူ၊ သီလစောင့်၊ ဘာဝနာပွားမှ ကိုယ့် ကိုယ်ကို စောင့်ရှောက်သည်မည်ပါတယ်။ ရှင် ရဟန်းဆိုရင် ပရိယတ်၊ ပဋိပတ်အလုပ်ကို အားထုတ်မှ ကိုယ့်ကိုယ်ကို စောင့်ရှောက်သည်မည်ပါ တယ်။ လူ့ဝတ်ကြောင်တွေဟာ ပထမအရွယ်မှာ အပျော်အပါးများလို့ ကုသိုလ်မလုပ်နိုင်ရင် မဇ္ဈိမအရွယ်မှာ မမေ့မလျော့ဘဲ ကုသိုလ်လုပ်ရပါ မယ်။ မဇ္ဈိမအရွယ်မှာ သား သမီး မယား မွေးမြူနေရလို့ . ကုသိုလ်

www.dhammaransi.com



မလုပ်နိုင်ရင် နောက်ဆုံးအရွယ်မှာ ကုသိုလ်လုပ်ကိုလုပ်ရပါမယ်။ ဒါမှ ကိုယ့်ကိုယ်ကို ချစ်တဲ့သူလို့ ဆိုနိုင်ပါတယ်။ အရွယ်သုံးပါးလုံးမှာ စောင့်ရှောက်နိုင်ရင်တော့ ပိုပြီး ကိုယ့်ကိုယ်ကို ချစ်တတ်သူဖြစ်ပါတယ်။

ရှင် ရဟန်းဟာ ပထမအရွယ်မှာ စာသင် စာချ ဝတ်ကြီးဝတ်ငယ် ဆောင်ရွက်နေရလို့ ရဟန်းတရား အားထုတ်ဖို့ မေ့လျော့နေခဲ့ရင် မဇ္ဈိမအရွယ်မှာ မမေ့မလျော့ဘဲ ရဟန်းတရားကို အားထုတ်ရပါမယ်။ ပထမအရွယ်မှာ သင်ယူပြီး စာပေရဲ့အဖွင့်တွေ၊ အဆုံးအဖြတ်တွေ အကြောင်းဟုတ်မဟုတ်တာတွေကို မေးနေရလို့ မဇ္ဈိမအရွယ်မှာ မေ့လျော့နေခဲ့ရင် နောက်ဆုံးအရွယ်မှာ မမေ့မလျော့ဘဲ ရဟန်းတရားကို အားကိုအားထုတ်ရပါမယ်။ အဲဒီလိုလုပ်မှ မိမိကိုယ်ကို စောင့်ရှောက်ရာရောက်ပါတယ်။ အဲဒီလိုလုပ်မှ ကိုယ့်ကိုယ်ကို ချစ်တတ်တဲ့ ရှင် ရဟန်းလို့ ဆိုနိုင်ပါတယ်။ အဲဒီလိုမလုပ်ရင် ကိုယ့်ကိုယ်ကို မချစ်တတ်သေးတဲ့သူဖြစ်ပါတယ်။ ကိုယ့်ကိုယ်ကို မချစ်တတ်သူဟာ နောင်တ ပူပန်မှုတွေနဲ့သာ လုံးချာလည်နေပါလိမ့်မယ်။

အပြစ်လုံးဝကင်းတဲ့လူ၊ အပြစ်လုံးဝကင်းတဲ့ရှင်၊ အပြစ်လုံးဝကင်းတဲ့ရဟန်းဆိုတာ ရှားပါလိမ့်မယ်။ ကိုယ်အပြစ်၊ နှုတ်အပြစ်တွေဟာ သီလဖြူစင်တဲ့ ရှင် လူ ရဟန်းတွေမှာ ကင်းကြပါတယ်။ စိတ်အပြစ်ကတော့ သမာဓိရှင်၊ ပညာရှင်တွေမှာသာ ကင်းစင်ကြပါတယ်။ ကိုယ်၊ နှုတ်၊ စိတ် သုံးပါးလုံးမှာ ကိုယ့်ကိုယ်ကို အပြစ်ကင်းအောင် နေတတ်ရင် ကိုယ့်ကိုယ်ကို ချစ်တတ်သူဖြစ်လာပါတယ်။ အပြစ်တွေ ဗရပွနဲ့နေနေရင် ကိုယ့်ကိုယ်ကို မချစ်တတ်သေးသူဖြစ်ပါတယ်။ ကိုယ့်ကိုယ်ကို ချစ်တတ်သူဟာ အပြစ်တွေကို ခဝါချပစ်ရပါမယ်။ ကိုယ့်ကိုယ်ကို အပြစ်မနော စင်းလုံးချောဖြစ်အောင် လုပ်တတ်သူဟာ ကိုယ့်ကိုယ်ကို အချစ်တတ်ဆုံးသူ ဖြစ်ပါတယ်။

ကိုယ့်ကိုယ်ကို ပထမရွယ် (၂၅ နှစ်ထိ) မချစ်တတ်သေးရင်

www.dhammaransi.com



မဇ္ဈိမအရွယ် (၅၀ ထိ) မှာ ချစ်တတ်အောင် လုပ်ရပါမယ်။ မဇ္ဈိမအရွယ်မှာလည်း မချစ်တတ်သေးရင် နောက်ဆုံးအရွယ်မှာတော့ ချစ်ကိုချစ်တတ်ရပါတော့မယ်။ အရွယ်သုံးပါးမှာ ကိုယ့်ကိုယ်ကိုချစ်တတ်အောင်ကြိုးစားကြရပါမယ်။ အရွယ်သုံးပါးလုံးမှာ ကိုယ့်ကိုယ်ကို ချစ်တတ်ရင်တော့ အကောင်းဆုံးပေါ့။ သစ်ပင်မှန်ရင် အမြစ်ရှိရမယ်၊ လူမှန်ရင် အချစ်ရှိရမယ်တဲ့။ ဆိုရိုးစကား ရှိပါတယ်။ လူတွေမှာ အချစ်ကိုယ်စီ ရှိကြပါတယ်။ သူတစ်ပါးကို ချစ်တတ်ဖို့ ကြိုးစားသူထက် ကိုယ့်ကိုယ်ကို ချစ်တတ်အောင် ကြိုးစားသူက ရှားပါးနေပါတယ်။

ကိုယ့်ကိုယ်ကို ဘယ်သူမဆို ချစ်ကြတာပါပဲ။ ဒါပေမဲ့ သတ္တဝါအများစုရဲ့ အချစ်တွေဟာ ပညာမပါတဲ့အချစ်တွေ ဖြစ်နေကြပါတယ်။ ကိုယ့်ကိုယ်ကို ဉာဏ်ပညာပါတဲ့ အချစ်နဲ့ ချစ်တတ်မှ ပစ္စုပ္ပန်မှာရော သံသရာမှာပါ နစ်နာမှု၊ နောင်တရမှုတွေ ကင်းဝေးရပါလိမ့်မယ်။ ကိုယ်ကိုယ်ကို ပညာမပါတဲ့အချစ်နဲ့ ချစ်နေသူဟာ ကိုယ့်ကိုယ်ကို ပညာသားပါပါ ချစ်တတ်သူမဟုတ်သေးပါဘူး။ သတ္တဝါတွေဟာ ကိုယ့်ကိုယ်ကို ပညာသားပါပါ ချစ်တတ်ဖို့ လိုအပ်လှပါတယ်။

အထက်မှာ ဖော်ပြခဲ့တဲ့ ဘုရားစကားတော်အရ 'ပညာရှိသူဟာ ကိုယ့်ရဲ့အပြစ်တွကို ခဝါချပေးခြင်းဖြင့် ကိုယ့်ကိုယ်ကို ပညာသားပါပါ ချစ်တတ်တယ်' ဆိုတာကို သိနားလည်ရပါတယ်။ ပညာရှင်ဟာ ပညာနဲ့ အပြစ်တွေကို ဆေးကြောရပါမယ်။ သတ္တဝါတွေဟာ အပြစ်ကင်းအောင် ပြောတတ်လေလေ၊ ပြုလုပ်တတ်လေလေ၊ စိတ်ထားတတ်လေလေ ကိုယ့်ကိုယ်ကို ချစ်တတ်လေလေပါပဲ။

✤

www.dhammaransi.com

# လက်နှိုးစုတ်လေး ဖြူချင်ရင်

'ပညာရှိဟာ အစဉ်အတိုင်း ခဏတိုင်း ခဏတိုင်း ကုသိုလ်ပြုလျက် မိမိသန္တာန်က အကုသိုလ်အညစ်အကြေးကို ဖယ်ထုတ်ရာ၏။ ပန်းထိမ်ဆရာဟာ ရွှေရဲ့အညစ်အကြေးကို ဖယ်ထုတ်ရသကဲ့သို့တည်း'

(ဓမ္မပဒ၊ မလဝဂ္ဂ၊ ၂ အညတရဗြာဟ္မဏဝတ္ထု)

ဘုရားရှင်က ပုဏ္ဏားတစ်ယောက်အား အထက်ပါစကားကို ဟောတော်မူခဲ့ပါတယ်။ အဲဒီပုဏ္ဏားဟာ တစ်နေ့မှာ နံနက်စောစော အိမ်ကထွက်သွားပြီး ရဟန်းတွေ သင်္ကန်းရုံတဲ့နေရာမှာ ရဟန်းတွေ သင်္ကန်းရုံနေတာကိုကြည့်ပြီး ရပ်နေပါတယ်။ အဲဒီနေရာလေးမှာ မြက်တွေရှုပ်နေပါတယ်။ သင်္ကန်းရုံနေတဲ့ ရဟန်းတစ်ပါးရဲ့ သင်္ကန်းကို နှင်းရည်တွေ စိုနေတာကို တွေ့သွားလို့ နောက်တစ်နေ့မှာ မြက်တွေကို ရှင်းလင်းပစ်လိုက်ပါတယ်။ တလင်းလိုပြောင်ရှင်းသွားပါတယ်။ နောက်တစ်နေ့မှာလည်း အဲဒီနေရာလာပြီး ရဟန်းတွေသင်္ကန်းရုံကြတဲ့အခါ ရဟန်းတစ်ပါးရဲ့ သင်္ကန်းအစွန်းဟာ မြေကြီးပေါ်ကျနေလို့ ဖုံတွေပေသွားတာကို မြင်ရတဲ့အတွက် သဲတွေယူကာ ဖြန့်ကြဲလိုက်ပါတယ်။

တစ်နေ့မှာ နံနက်ပိုင်းနေပူဟာ ပြင်းထန်နေပါတယ်။ အဲဒီအခါမှာလည်း သင်္ကန်းရုံနေကြတဲ့ ရဟန်းတွေရဲ့ကိုယ်မှ ချွေးတွေထွက်နေတာကို တွေ့ရလို့ မဏ္ဍပ်ဆောက်လုပ်လိုက်ပါတယ်။ နောက်တစ်နေ့ နံနက်စောစောမှာ မိုးရွာပါတယ်။ အဲဒီအခါမှာလည်း ရဟန်းတွေကိုကြည့်နေတဲ့ ပုဏ္ဏားဟာ ရဟန်းတွေရဲ့သင်္ကန်း မိုးရေစိုစွတ်နေတာကို တွေ့ရလို့ ဇရပ်ဆောက်လုပ်ပါတယ်။ ဇရပ်လှူဒါန်းပွဲလုပ်မယ်လို့ကြံကာ ဘုရား

www.dhammaransi.com



အမှုးရှိတဲ့ သံဃာတော်တွေကိုပင့်ပြီး ဆွမ်းကပ်ပါတယ်။ ဆွမ်းစားပြီးလို့ တရားဟောတဲ့အခါ ဘုရားက အထက်ပါတရားကို ဟောကြားတော်မူပါတယ်။

ရဟန်း၊ ရှင်၊ လူတွေဟာ မိမိတို့သန္တာန်က ကိလေသာအညစ်အကြေးတွေကို ကုသိုလ်တရားနဲ့ အဲဒီပုဏ္ဏားလို ဖယ်ရှားပစ်ကြရပါမယ်၊ အညစ်အကြေးမကင်းတဲ့ရွှေဟာ တန်ဖိုးနည်းပါတယ်။ အညစ်အကြေးကင်းတဲ့ရွှေကမှ တန်ဖိုးရှိပါတယ်။ အညစ်အကြေးဟာ ရွှေရဲ့တန်ဖိုးကို ချုပ်တတ်ပါတယ်။ လောဘ၊ ဒေါသ၊ မာန်မာန၊ ဣဿာ၊ မစ္ဆရိယ စတဲ့ စိတ်အညစ်အကြေး မကင်းတဲ့သူဟာလည်း တန်ဖိုးနည်းပါတယ်။ စိတ်အညစ်အကြေးကင်းတဲ့လူကမှ တန်ဖိုးရှိပါတယ်။ လောဘ၊ ဒေါသ စတဲ့ စိတ်အညစ်အကြေးတွေဟာ လူတစ်ယောက်ရဲ့တန်ဖိုးကို ချုပ်တတ်ပါတယ်။

ဒါနကုသိုလ်နဲ့ လောဘ၊ မစ္ဆရိယ စိတ်အညစ်အကြေးတွေကို သုတ်သင်ရပါတယ်။ တစ်ခါမက အခါခါသုတ်သင်ရပါတယ်။ လူဝတ်ကြောင်ဟာ လူဝတ်ကြောင်သီလဖြစ်တဲ့ ငါးပါး၊ ရှစ်ပါး၊ ဆယ်ပါး သီလတွေနဲ့ ကာယကံ အညစ်အကြေးတွေကို သုတ်သင်ရပါတယ်။ ဝစီကံ အညစ်အကြေးတွေကို သုတ်သင်ရပါတယ်။ ရှင်ဟာ ရှင့်သီလတွေနဲ့ ကာယကံ၊ ဝစီကံ အညစ်အကြေးတွေကို သုတ်သင်ရပါတယ်။ ရဟန်းဟာ ရဟန်းသီလနဲ့ ကာယကံ၊ ဝစီကံအညစ်အကြေးတွေကို သုတ်သင်ရပါတယ်။ သီလဟာ ကာယကံ၊ ဝစီကံအညစ်အကြေးတွေကို ဖယ်ရှားသုတ်သင်ပေးတဲ့ တရားဖြစ်ပါတယ်။

ဘာဝနာနဲ့ စိတ်အညစ်အကြေးတွေကို ဖယ်ရှားသုတ်သင်ရပါတယ်။ စိတ်တည်ငြိမ်အောင်လုပ်တဲ့ သမထ ဘာဝနာနဲ့ နီဝရဏအညစ်အကြေးတွေကို ဝေးကွာသွားအောင် သုတ်သင်ရပါတယ်။ ဝိပဿနာ ဘာဝနာနဲ့ အစွဲအညစ်အကြေးတွေ ကင်းစင်သွားအောင် သုတ်သင်ရပါ

www.dhammaransi.com



တယ်။ အညစ်အကြေးတွေကို အထပ်ထပ် သုတ်သင်သန့်စင်ပြီးတဲ့ ရွှေဟာ ကိုယ်အလိုရှိရာ လက်ဝတ်တန်ဆာ ရတနာတွေ ပြုလုပ်လို့ ရလာပါတယ်။ ဘာဝနာနဲ့ စိတ်အညစ်အကြေးတွေကို အထပ်ထပ် သုတ်သင်သန့်စင်ပြီးတဲ့ စိတ်ဟာလည်း ကိုယ်အလိုရှိရာ ဈာန်ရတနာ၊ မဂ်ရတနာ၊ ဖိုလ်ရတနာတွေ ပြုလုပ်လို့ ရလာပါတယ်။ ဘာဝနာနဲ့ စိတ်ကို အထပ်ထပ် သုတ်သင်ရင် အသန့်စင်ဆုံး ရဟန္တာအဖြစ်ကို ရောက်ရှိသွားပါမယ်။ အသန့်စင်ဆုံး ကိုယ်၊ နှုတ်၊ စိတ်ပိုင်ရှင်တွေ ရှေးက မရေမတွက်နိုင်အောင် ရှိခဲ့ပါတယ်။

ညစ်ပေတဲ့ ကိုယ်၊ နှုတ်၊ စိတ်တွေကို ဒါန၊ သီလ၊ ဘာဝနာ တရားတွေနဲ့ နေ့စဉ် နေ့စဉ် သန့်စင်ပေးကြရပါမယ်။ ဒါန၊ သီလ၊ ဘာဝနာတွေနဲ့ သန့်စင်မပေးရင် သတ္တဝါတွေရဲ့ ကိုယ်၊ နှုတ်၊ စိတ်ဟာ အညစ်အကြေးတွေနဲ့ ညစ်ပေနေပါတယ်။ လက်နှီးစုတ်သဖွယ် ဖြစ်နေပါလိမ့်မယ်။ အမှိုက်ပုံကြီးသဖွယ် ဖြစ်နေပါလိမ့်မယ်။ ညစ်ပေနေတဲ့ လက်နှီးစုတ်လေးကို ဖြူလာစေချင်ရင် အထပ်ထပ် ဆပ်ပြာနဲ့ ဖွတ်လျှော်ရင် ညစ်ပေနေတဲ့ လက်နှီးစုတ်လေးဟာ ဖြူစင်လာပါတယ်။ ကိုယ့်ရဲ့ ကိုယ်၊ ကိုယ့်ရဲ့နှုတ်၊ ကိုယ့်ရဲ့စိတ်ဟာ လက်နှီးစုတ်လို ဖြစ်မနေဖို့ လိုအပ်လှပါတယ်။

ညစ်ပေနေတဲ့ လက်နှီးစုတ်လေးဟာ အမြင်မှာ မလှသလို ညစ်ပေနေတဲ့ ကိုယ်၊ နှုတ်၊ စိတ်ဟာလည်း ပညာရှိသူတော်ကောင်းတွေရဲ့ အမြင်မှာ မလှပါဘူး။ အကျည်းတန်နေပါတယ်။ အကျည်းတန်တဲ့ ကိုယ်အမူအရာကို လှလာအောင် လုပ်ပေးကြရပါမယ်။ အကျည်းတန်နေတဲ့ နှုတ်အပြောအဆိုကို လှလာအောင် လုပ်ပေးကြရပါမယ်။ အကျည်းတန်နေတဲ့ စိတ်အနေအထားကို လှလာအောင် လုပ်ပေးကြရပါမယ်။

သစ်သားဆင်းတုတော်၊ ကျောက်ဆင်းတုတော်ကို ထုလုပ်တဲ့ အခါ မလိုတဲ့အရာတွေကို ထွင်းထုတ်ပစ်ရပါတယ်။ ဒါမှ အဲဒီသစ်သား

www.dhammaransi.com



ဆင်းတုတော်၊ ကျောက်ဆင်းတုတော်ဟာ ကြည်ညိုဖွယ်ရာ ဆင်းတုတော် ဖြစ်လာပါတယ်။ အဲဒီလိုပါပဲ လူသားတို့ရဲ့ဘဝမှာလည်း မလိုလားအပ်တဲ့ ကိုယ်အမူအရာ၊ နှုတ်အပြောအဆို၊ စိတ်နေစိတ်ထားတို့ကို တစ်စတစ်စ ဖယ်ထုတ် ဖယ်ထုတ်ပေးကြရမှာဖြစ်ပါတယ်။ ဒါမှသာ လူသားတို့ဘဝဟာ လှပတဲ့ဘဝ ဖြစ်လာပါလိမ့်မယ်။

✤

www.dhammaransi.com

# အေးချမ်းသာယာတဲ့ လူ့လောကကြီး

'သူတစ်ပါးကို မလှည့်စားရာ၊ ဘယ်နေရာရောက်ရောက် ဘယ်သူ့ကိုမှ အထင်မသေးရာ၊ အချင်းချင်းရဲ့ဆင်းရဲကို ကာယကံ၊ ဝစီကံဖြင့်ရော မနောကံဖြင့်ပါ အလိုမရှိရာ'

(မေတ္တသုတ္တ၊ ခုဒ္ဒကပါဠိ)

'သူတစ်ပါးကို မလှည့်စားရင် ကောင်းလေစွ၊ ဘယ်နေရာရောက်ရောက် ဘယ်သူ့ကိုမှ အထင်မသေးရင် ကောင်းလေစွ၊ အချင်းချင်းရဲ့ ဆင်းရဲကို ကာယကံ၊ ဝစီကံ၊ မနောကံတို့ဖြင့် အလိုမရှိရင် ကောင်းလေစွ' လို့ နှလုံးသွင်းပြီး မေတ္တာပွားဖို့လည်း ဘုရားရှင်က မေတ္တသုတ်မှာ ဟောတော်မူထားပါတယ်။ မေတ္တာအလွန်ကြီးမားတော်မူလှတဲ့ ဘုရားရှင်က ပေးသနားတော်မူထားတဲ့နည်းအတိုင်း မေတ္တာပွားနိုင်ကြရင် ဒီလောကကြီးဟာ အင်မတန် သာယာပြီး အင်မတန် ပျော်စရာကောင်းပါလိမ့်မယ်။ လှည့်စားမှုဟာ ရွံမုန်းစရာ ကောင်းပါတယ်။ အလှည့်စားခံရရင် မခံချိ မခံသာလည်းဖြစ်ရပါတယ်။ လှည့်စားမှုကို အရွံမုန်းဆုံးသူဟာ အလှည့်စားခံရသူပဲ ဖြစ်ပါလိမ့်မယ်။ လှည့်စားတတ်သူဟာ ပျော့ပျော့လေးနဲ့ နံတဲ့ကြောင်ချေးပမာ အလွန်စက်ဆုပ်စရာ ကောင်းပါတယ်။

အခုခေတ်မှာ ပြောနေကြတဲ့ 'ရိုက်စား' ဆိုတဲ့စကားဟာ ဒီလှည့်စားမှုကိုပဲ ဆိုလိုပါတယ်။ လူ့လောကကြီးထဲမှာ တစ်ဦးနဲ့တစ်ဦး၊ တစ်ရွာနဲ့တစ်ရွာ၊ တစ်မြို့နဲ့တစ်မြို့၊ တစ်နိုင်ငံနဲ့တစ်နိုင်ငံ၊ တစ်ဖွဲ့နဲ့တစ်ဖွဲ့ လှည့်စားနေကြတာကို မြင်တွေ့နိုင်ကြပါတယ်။ ဘုရားရှင်က

www.dhammaransi.com



တစ်ဦးနဲ့တစ်ဦး၊ တစ်ဖွဲ့နဲ့တစ်ဖွဲ့ ဆက်ဆံကြတဲ့အခါမှာ လှည့်စားမှု ကင်းပြီး ရိုးရိုးသားသား ရှိစေချင်ပါတယ်။ လှည့်စားမှုဟာ ရှုံ့စရာ ကောင်းသလောက် ရိုးသားဖြောင့်စင်းမှုက ချစ်စရာ၊ နှစ်သက်စရာ ကောင်းလှပါတယ်။ တစ်ဖက်သားရဲ့ ချမ်းသာမှုကို လိုလားတဲ့သူဟာ လှည့်စားမှုကို ရှောင်ရှားရပါမယ်။ ရိုးသားဖြောင့်မတ်မှု ရှိရပါမယ်။ ငြိမ်းချမ်းသာယာတဲ့ လူ့ဘောင်ကို တည်ထောင်ချင်ရင် လှည့်စားမှုနဲ့ တည်ထောင်လို့ မရပါဘူး။ မေတ္တာက ပေါက်ဖွားလာတဲ့ ရိုးသားဖြောင့် မတ်မှုနဲ့ပဲ တည်ထောင်လို့ ရပါတယ်။

'ကောက်သော် မစားလောက်၊ ဖြောင့်သော် စားမကုန်' တဲ့။ လှည့်စားကောက်ကျစ်မှုနဲ့ ရိုးသားဖြောင့်မတ်မှုတို့ရဲ့အကျိုးသွားကို ဖော် ပြထားတဲ့ စကားပုံလေးပါပဲ။ ရိုးသားဖြောင့်မတ်မှုရဲ့ နောက်ကွယ်မှာ ကောင်းကျိုးတွေဟာ မကုန်စင်နိုင်လောက်အောင်ပဲ တစ်ပုံတစ်ပင် ရှိနေပါတယ်။ ကောက်ကျစ်လှည့်စားမှုရဲ့ နောက်ကွယ်မှာတော့ ဆိုးကျိုး တွေဟာ ဒုနဲ့ဒေးပါပဲ။ ဖြောင့်မတ်မှုရဲ့ အကျိုးကို နားလည်ခံစားရသူတို့ က ဖြောင့်မတ်မှုကို မြတ်နိုးကြတယ်။ တန်ဖိုးထားကြတယ်။ ဖြောင့် မတ်ကြတယ်။ ကောက်ကျစ်လှည့်စားမှုရဲ့ ဆိုးကျိုးကို မသိရှိ၊ မခံစားရ သေးသူတွေက ကောက်ကျစ်လှည့်စားမှုကို ဖက်တွယ်ထားကြတယ်။ ကောက်ကျစ်စဉ်းလဲမှု၊ လှည့်စားမှုဟာ ပြာဖုံးတဲ့ မီးခဲပမာ ဖြစ်နေတာကို တော့ သတိမထားတတ်ကြပါဘူး။ ကောက်ကျစ်လှည့်စားမှုဟာ ဘူးပေါ် သလို ပေါ်လာရင် ဘဝရဲ့သာယာမှုတွေ နိဂုံးချုပ်သွားစေပါတယ်။

ဘယ်နေရာရောက်ရောက် ဘယ်သူ့ကိုမှ အထင်မသေးဖို့ မိန့် တော်မူထားတဲ့ ဘုရားရှင်ရဲ့ စကားတော်ဟာလည်း အလွန်အားရကျေနပ် စရာ ကောင်းလှပါတယ်။ ပစ္စည်းလေးရှိလာရင်၊ ပညာလေးတတ်လာ ရင်၊ ရာထူးလေးရှိလာရင်၊ အာဏာလေးရှိလာရင်၊ ရုပ်လေးချောနေရင်၊ နာမည်လေး ကျော်နေရင် ခြေဖျားထောက်နေတတ်ပါတယ်။ လက်မ

www.dhammaransi.com



ထောင်နေတတ်ပါတယ်။ ရင်ကော့နေတတ်ပါတယ်။ ကိုယ့်ကိုယ်ကို အထင်ကြီးပြီး သူတစ်ပါးကို အထင်သေးနေတတ်ပါတယ်။ ကိုယ့်ရဲ့ မကြီးကျယ်လှတဲ့ အခြေအနေလေးကို အကြီးအကျယ်လို့ ယူဆနေကြရင် 'မမြင်ဖူး မူး မြစ်ထင်' နေကြသူတွေသာ ဖြစ်ပါတယ်။ ကိုယ့်ကိုယ်ကို အထင်ကြီးရင် သူတစ်ပါးကို အထင်သေးမှုက ကပ်ပါလာတော့တာပဲ။ သူတစ်ပါးကို အထင်သေးသူတွေဟာ ကိုယ့်ကိုယ်ကို အထင်ကြီးနေကြသူတွေပါပဲ။ 'အထင်သေးက အမှားဆုံး၊ မယဉ်ကျေးက အများမုန်း' ဆိုတဲ့ မြန်မာစကားပုံလေးဟာလည်း မှတ်သားစရာ ကောင်းလှပါတယ်။ သူတစ်ပါးရဲ့ ချမ်းသာမှုကို လိုလားတဲ့စိတ်ထားရှိသူဟာ သူတစ်ပါးအပေါ် အထင်သေးမှုကို ဖယ်ရှားရပါမယ်။ အနှစ်မပြည့်တဲ့ စပါးနှံလို မထောင်ဘဲ အနှစ်ပြည့်တဲ့စပါးနှံလို ကိုင်းညွတ်နိမ့်ချတဲ့ စိတ်ထားရှိဖို့၊ ပြုမူဖို့၊ ပြောဆိုဖို့ ဘုရားရှင်က လိုလားတော်မူပါတယ်။ ဆုံးမတော်မူပါတယ်။

မိသားစုမှာပဲဖြစ်ဖြစ်၊ ဆွေမျိုးအသိုင်းအဝိုင်းမှာပဲဖြစ်ဖြစ်၊ မိတ်ဆွေအသိုင်းအဝိုင်းမှာပဲဖြစ်ဖြစ်၊ ကိုယ့်ပတ်ဝန်းကျင်၊ ကိုယ့်အသိုင်းအဝိုင်းက လူတွေရဲ့ ဆင်းရဲမှု၊ ကိုယ့်ရဲ့အပြုအမူ၊ ကိုယ့်ရဲ့ပြောအဆို၊ ကိုယ့်ရဲ့စိတ်နေစိတ်ထားကြောင့် ဖြစ်ပေါ်မလာရအောင် ပြုမူ၊ ပြောဆို စိတ်ထားထားတတ်ဖို့လည်း ဘုရားရှင်က ဆုံးမတော်မူထားပါသေးတယ်။ ကိုယ့်ရဲ့အပြုအမူကြောင့် တစ်ဖက်သား ဆင်းရဲမသွားရအောင် ပြုမူတတ်ရပါတယ်။ ကိုယ့်ရဲ့အပြောအဆိုကြောင့် တစ်ဖက်သား ဆင်းရဲမသွားရအောင် ပြောဆိုတတ်ရပါတယ်။ ကိုယ့်ရဲ့စိတ်နေစိတ်ထားကြောင့် တစ်ဖက်သား ဆင်းရဲမသွားရအောင် စိတ်ထားတတ်ရပါတယ်။ မေတ္တာရှိသူရဲ့ အပြုအမူ၊ အပြောအဆို၊ စိတ်နေစိတ်ထားတွေဟာ သူတစ်ပါးချမ်းသာရေးကို အမြဲရှေ့ရှုနေပါတယ်။ သူတစ်ပါးဆင်းရဲဖို့ လုံးဝမရည်ရွယ်ပါဘူး။

အချင်းချင်း ဆင်းရဲမှုကို မလိုလားတဲ့စိတ်ထား၊ အပြောအဆို၊

www.dhammaransi.com



အပြုအမူတွေရှိရင် ရှိတဲ့နေရာဟာ တကယ်အေးချမ်းသာယာတဲ့နေရာပါပဲ။ အချင်းချင်းရဲ့ဆင်းရဲကို လိုလားတဲ့စိတ်ထား၊ အပြောအဆို၊ အပြုအမူတွေ ရှိနေရင်တော့ ရှိတဲ့နေရာဟာ အေးချမ်းမှု၊ သာယာမှုတွေ ကင်းဝေးနေပါလိမ့်မယ်။ ဘုရားရှင်က အေးချမ်းသာယာတဲ့ လူ့လောကကြီး ဖြစ်စေချင်လို့ အချင်းချင်းရဲ့ဆင်းရဲကို မလိုလားဖို့ ဆုံးမတော်မူထားပါတယ်။

✣

www.dhammaransi.com

# ဗျိုင်းငှက်နဲ့ အလင်းရောင်

'သီဟ စဉ်းစားဆင်ခြင်ပြီး ပြုထိုက်တဲ့အမှုကို ပြုလော့။ သင့်လို လောက မှာထင်ရှားတဲ့လူတွေရဲ့ စဉ်းစားဆင်ခြင်ပြီး ပြုလုပ်တာဟာ ကောင်းတယ်'
(ဝိနယ၊ မဟာဝဂ္ဂ၊ ၆ ဘေသဇ္ဇက္ခန္ဓက၊ သီဟသေနာပတိဝတ္ထု)

သီဟဟာ စစ်သူကြီးဖြစ်ပါတယ်။ နိဂဏ္ဌာရဲ့တပည့် ဖြစ်ပါတယ်။ အလွန်ထင်ရှားတဲ့ လိစ္ဆဝီတွေ လွှတ်တော်မှာ စုဝေးကြတဲ့အခါ ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါးရဲ့ ဂုဏ်တွေကို နည်းမျိုးစုံပြောကြပါ တယ်။ အဲဒီလွှတ်တော်အစည်းဝေးထဲမှာ သီဟစစ်သူကြီး ပါဝင်ပါတယ်။ လိစ္ဆဝီတို့ရဲ့ပြောစကားတွေအရ ဘုရားထံသွားပြီး ဖူးချင်စိတ် သီဟ စစ်သူကြီးမှာ ဖြစ်နေပါတယ်။ အရှင်ဂေါတမဟာ တကယ့်ဘုရားအစစ် ဖြစ်လိမ့်မယ်လို့လည်း တွေးထင်နေပါတယ်။ ဒါကြောင့် ရဟန်းဂေါတမ ကို သွားဖူးလိုကြောင်း သူ့ဆရာနိဂဏ္ဌာအား ပြောပါတယ်။ 'ကိရိယဝါဒ ရှိတဲ့ သင်က အကိရိယဝါဒရှိတဲ့ ရဟန်းဂေါတမကို ဘာလို့သွားဖူးမြော် ရမှာလဲ' လို့ ပြောကာ မသွားဖို့ တားပါတယ်။ သီဟက ၂ ကြိမ် တိုင်တိုင် ပြောပါတယ်။ နိဂဏ္ဌာက တားပါတယ်။ ၃ ကြိမ်မြောက်မှာ နိဂဏ္ဌာကို အသိမပေးဘဲ ဘုရားထံကို သီဟ သွားပါတယ်။

'ရဟန်းဂေါတမဟာ အကိရိယဝါဒရှိတယ်၊ မပြုလုပ်ဖို့ တရား ဟောတယ်။ မပြုလုပ်ဖို့ဝါဒနဲ့ တပည့်တွေကို ဆုံးမတယ်'လို့ ကြားပါ တယ်။ အဲဒီလိုပြောသူတွေက မှန်မှန်ကန်ကန် ပြောရာရောက်ပါသလား လို့ ဘုရားကို သီဟက မေးပါတယ်။

'သီဟ ငါဘုရားက မကောင်းတဲ့ ကိုယ်အလုပ်၊ နှုတ်အပြော၊

www.dhammaransi.com



စိတ်အကြံနဲ့ အကုသိုလ်မှန်သမျှကို မလုပ်ဖို့ ဟောတယ်။ ကောင်းတဲ့ ကိုယ်အလုပ်၊ နှုတ်အပြော၊ စိတ်အကြံနဲ့ ကုသိုလ်မှန်သမျှကို လုပ်ဖို့ ဟောတယ်။ အဲဒီဝါဒတွေနဲ့ တပည့်တွေကို ဆုံးမတယ်' စသည်နဲ့ ဟောလိုက်ပါတယ်။ ဘုရားရဲ့ဟောတရားကို အလွန်ကျေနပ်ပြီး ရတနာ သုံးပါးကို ယနေ့မှစ၍ အသက်ထက်ဆုံး ကိုးကွယ်ဆည်းကပ်တဲ့ ဥပါ သကာအနေနဲ့ သူ့ကိုမှတ်ယူဖို့ ဘုရားကို လျှောက်ထားပါတယ်။ အဲဒီ အခါ အစမှာ ဖော်ပြခဲ့တဲ့အတိုင်း မိန့်ကြားလိုက်ပါတယ်။ ဘုရားရဲ့ အဲဒီစကားကို သီဟက အလွန့်အလွန်ပဲ ကျေနပ်လှပါတယ်။

'မြတ်စွာဘုရား၊ တိတ္ထိတွေက တပည့်တော်ကို သူတို့ရဲ့တပည့် အဖြစ် ရသွားလို့ ဝေသာလီတစ်မြို့လုံးမှာ တခွန်ထောင်ကာ 'သီဟစစ်သူ ကြီးဟာ ငါတို့ရဲ့တပည့်အဖြစ် ခံယူတယ်' လို့ လှည့်လည်ကြွေးကြော် ကြပါတယ်။ ဒါပေမဲ့ မြတ်စွာဘုရားကတော့ တပည့်တော်ကို 'သီဟ စဉ်းစားဆင်ခြင်ပြီး ပြုထိုက်တဲ့အမှုကို ပြုလော၊ သင့်လို လောကမှာ ထင်ရှားတဲ့ လူတွေရဲ့ စဉ်းစားဆင်ခြင်ပြီး ပြုလုပ်တာဟာ ကောင်းတယ်' လို့ မိန့်တော်မူပါပေတယ်။ တပည့်တော်ဟာ ရတနာသုံးပါးကို ၂ ကြိမ် မြောက်လည်း ကိုးကွယ်ဆည်းကပ်ပါတယ်။ ယနေ့မှစ၍ အသက်ထက် ဆုံး ကိုးကွယ်ဆည်းကပ်တဲ့ ဥပါသကာအနေနဲ့ တပည့်တော်ကို မှတ်ယူ ပါ'လို့ လျှောက်ထားပါတယ်။

'သီဟ သင့်ရဲ့အိမ်ဟာ ကာလကြာရှည်စွာ နိဂဏ္ဌာတွေရဲ့ ရေတွင်း သဖွယ်ဖြစ်ခဲ့တယ်၊ သင့်အိမ်လာတဲ့ နိဂဏ္ဌာတွေကို ဆွမ်းလှူထိုက်တယ်လို့ သိနားလည်ပါ' လို့ ဘုရားက မိန့်တော်မူပါတယ်။ ဒါကြောင့်လည်း တပည့်တော်ဟာ မြတ်စွာဘုရားအပေါ် အတိုင်းထက်အလွန် ဝမ်းသာ ကျေနပ်ပါတယ်။

'မြတ်စွာဘုရား၊ ရဟန်းဂေါတမဟာ ငါ့အားသာ လှူရမယ်၊ အခြားသူတွေအား မလှူရဘူး၊ ငါ့တပည့်တွေအားသာ လှူရမယ်၊ အခြားတပည့်တွေအား မလှူရဘူး။ ငါ့အားလှူတာသာ အကျိုးများ

www.dhammaransi.com



တယ်။ အခြားသူတွေအားလှူတာ အကျိုးမများဘူး။ ငါ့တပည့်တွေအား လှူတာသာ အကျိုးများတယ်။ အခြားတပည့်တွေအားလှူတာ အကျိုးမများဘူးလို့ ပြောတယ်' လို့ ကြားဖူးထားပါတယ်။ အဲဒီလို ကြားထားပါလျက် ဘုရားက တပည့်တော်ကို နိဂဏ္ဌတွေအားလည်း လှူဖို့ တိုက်တွန်းတော်မူပါတယ်။ ဒါပေမဲ့ ဒီနေရာမှာ အချိန်အခါကို သိပါမယ်ဘုရား။ တပည့်တော်ဟာ ၃ ကြိမ်မြောက်လည်း ရတနာ သုံးပါးကို ဆည်းကပ်ကိုးကွယ်ပါတယ်။ ယနေ့မှစ၍ အသက်ထက်ဆုံး ဆည်းကပ်ကိုးကွယ်သူလို့ တပည့်တော်ကို မှတ်ယူပါလို့ လျှောက်ထားပါ တယ်။

နာမည်ကြီးတဲ့ ပုဂ္ဂိုလ်တစ်ဦးဦး ကိုယ့်အသိုင်းအဝိုင်းထဲ ရောက် လာရင် လိုက်လှဲစွာ ကြိုဆိုပြီး ဝမ်းသာကျေနပ်နေကြတဲ့ လူ့လောက ကြီးထဲမှာ စဉ်းစဉ်းစားစားလုပ်ဖို့ သတိပေးမိန့်ကြားတဲ့ ဘုရားရှင်ရဲ့ စကားဟာ အမှောင်ထုထဲမှာ လင်းလာတဲ့အလင်းရောင်ပမာ သိသာ ပေါ်လွင်ထင်ရှားလှပါတယ်။ ညိုမှောင်နေတဲ့ တိမ်တိုက်တွေအကြားမှာ ဖြတ်သန်းသွားတဲ့ ဗျိုင်းငှက်ပမာလည်း သိသာပေါ်လွင်ထင်ရှားလှပါ တယ်။ သီဟာစစ်သူကြီး သူတို့ရဲ့တပည့်အဖြစ်ခံယူလို့ ဝမ်းသာလုံးဆို့ ပြီး ဝေသာလီတစ်မြို့လုံး အလံတွေထောင်ကာ လှည့်လည်ကြွေးကြော် ဂုဏ်ယူဝင့်ကြွားနေကြတဲ့ နိဂဏ္ဌတွေရဲ့ စိတ်ထားဟာ ရေမပြည့်တဲ့ အိုးပမာ ဘောင်ဘင်ခတ်နေပါတယ်။ 'သီဟ စဉ်းစဉ်းစားစားလုပ်ပါ၊ သင့်လို နာမည်ကြီးတဲ့ပုဂ္ဂိုလ်ဟာ စဉ်းစဉ်းစားစားလုပ်တာ ကောင်းတယ်' လို့ မိန့်တဲ့ ဘုရားရဲ့စကားဟာ ရေပြည့်တဲ့အိုးပမာ တည်ငြိမ်မှုရှိလှပါ တယ်။ တည်ငြိမ်မှု၊ အေးချမ်းမှု၊ မြော်မြင်မှုပါတဲ့စကားကို မိန့်ကြား တတ်တဲ့ ဘုရားရှင်ဟာ အလွန်ပဲအားရကြည်ညိုစရာ ကောင်းလှပါ တယ်။ 'စဉ်းစဉ်းစားစားလုပ်ပါ သီဟ' လို့ မိန့်ကြားလိုက်တဲ့ ဘုရားရှင်ရဲ့ စကားဟာ သီဟရဲ့စိတ်နှလုံးကိုသာမက ကြားရသူအပေါင်းတို့ရဲ့ စိတ်နှလုံးကိုပါ သိမ်းကျုံးဆွဲဆောင်နိုင်ပါပေတယ်။

www.dhammaransi.com

# ကိုယ့်အကျိုး သူ့အကျိုး

'အာနန္ဒာ၊ ရောဇကို သာသနာတော်မှာ ကြည်ညိုလာအောင် လုပ်ဖို့ ဘုရားရှင်မှာ မခဲယဉ်းပါဘူး'

(ဝိနယ မဟာဝဂ္ဂပါဠိ၊ ၆ ဘေသဇ္ဇက္ခန္ဓက၊ ရောမဇလ္လဝတ္ထု)

'မြတ်စွာဘုရား၊ ရောဇမလ္လဟာ လူသိအလွန်များပြီး ထင်ရှားတဲ့ လူတစ်ယောက်ဖြစ်ပါတယ်။ ရောဇလို ထင်ရှားတဲ့လူတွေ သာသနာတော်မှာ ကြည်ညိုတာဟာ အကျိုးများပါတယ်။ မြတ်စွာဘုရား၊ ရောဇ သာသနာတော်မှာ ကြည်ညိုလာအောင် မြတ်စွာဘုရားလုပ်ရင် ကောင်းပါတယ်ဘုရား။'

အရှင်အာနန္ဒာက ဘုရားရှင်အား ဒီလိုလျှောက်ထားလို့ အထက်ပါအတိုင်း မိန့်တော်မူခြင်း ဖြစ်ပါတယ်။ ရောဇဟာ ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါးအပေါ် ကြည်ညိုမြတ်နိုးမှု အားမကောင်းပါဘူး။ ဘုရားရှင် ကုသိနာရုံမြို့ကြွမလာခင် 'ဘုရားရှင်ကို ခရီးဦးမကြိုတဲ့သူအား ဒဏ်ငွေ ငါးရာ' လို့ ကတိကဝတ်ကို ကုသိနာရုံက မလ္လတွေက ပြုထားကြပါတယ်။ ရောဇဟာ အရှင်အာနန္ဒာရဲ့ သူငယ်ချင်း ဖြစ်ပါတယ်။ ဘုရားရှင် ကုသိနာရုံကို ရောက်တဲ့အခါ ကုသိနာရုံက မလ္လတွေက ဘုရားရှင်ကို ခရီးဦးကြိုဆိုကြပါတယ်။

ရောဇဟာ ဘုရားရှင်ကို ခရီးဦးကြိုဆိုပြီး အရှင်အာနန္ဒာရှိရာကို သွားပြီး အရှင်အာနန္ဒာကို ရှိခိုးကာ သင့်တော်တဲ့နေရာမှာ ထိုင်နေပါတယ်။ ထိုင်နေတဲ့ ရောဇကို အရှင်အာနန္ဒာက 'ရောဇ၊ သင် မြတ်စွာဘုရားကို ခရီးဦးကြိုဆိုတာ ကောင်းပါတယ်' လို့ ပြောတဲ့အခါ 'အရှင်

www.dhammaransi.com



ဘုရား အာနန္ဒာ၊ တပည့်တော်ဟာ ဘုရား တရား သံဃာ ရတနာသုံးပါး အပေါ် ကြည်ညိုမြတ်နိုးမှု မများပါ။ ဒါပေမဲ့ 'ဘုရားကို ခရီးဦးမကြို တဲ့သူမှာ ဒဏ်ငွေငါးရာ' လို့ ဆွေမျိုးတွေက ကတိကဝတ်ပြုထားတဲ့ အတွက် ဆွေမျိုးတွေရဲ့ ဒီဒဏ်ကို ကြောက်လို့သာ တပည့်တော် ဘုရားရှင်ကို ခရီးဦးကြိုဆိုခြင်းဖြစ်ပါတယ်' လို့ ရောဇက ပြောပါတယ်။ အဲဒီအခါ 'ရောဇနှယ်၊ ပြောမှပြောရက်ပလေ' လို့တွေးကာ အရှင်အာနန္ဒာ မှာ စိတ်မကောင်းဖြစ်နေရှာပါတယ်။ ဒါကြောင့် အရှင်အာနန္ဒာက ဘုရားရှင်အား အထက်ပါ ဖော်ပြခဲ့တဲ့အတိုင်း လျှောက်ထားပါတယ်။

မြတ်စွာဘုရားဟာ ရောဇကို မေတ္တာစိတ်နဲ့ ဖြန့်လိုက်ပါတယ်။ ပြီးတော့မှ နေရာမှ ထကာ ကျောင်းထဲကိုဝင်သွားပါတယ်။ ရောဇဟာ မြတ်စွာဘုရားရဲ့ မေတ္တာစိတ်နဲ့ တွေ့ထိခံရတဲ့အတွက် အမိနွားမကြီး ပျောက်လို့ ရှာတဲ့နွားသားငယ်လေးပမာ တစ်ကျောင်းမှ တစ်ကျောင်း၊ ပရိဝုဏ်တစ်ခုမှ တစ်ခုကိုသွားကာ 'မြတ်စွာဘုရား အခုဘယ်မှာ သီတင်းသုံးတော်မူပါသလဲ ဘုရား၊ မြတ်စွာဘုရားကို တပည့်တော်ဖူးလို ပါတယ်' လို့ ရဟန်းတွေကို မေးပါတယ်။

ဘုရားရှင်ရဲ့မေတ္တာဟာ အစွမ်းထက်လှပါတယ်။ နာဠာဂီရိဆင် ကြမ်းကြီးကိုလည်း ဒီမေတ္တာလက်နက်နဲ့ပဲ ယဉ်ကျေးသိမ်မွေ့လာအောင် ဘုရားရှင်က ဆုံးမတော်မူခဲ့ပါတယ်။ အဲဒီတုန်းကလည်း ဘုရားရှင်ရဲ့ မေတ္တာအစွမ်း ထက်မြက်မှုဟာ သိသာထင်ရှားလှပါတယ်။ ရောဇကို သာသနာတော်မှာ ကြည်ညိုလာအောင်လုပ်ဖို့ ဘုရားရှင်မှာ မခဲယဉ်းပါ ဘူးဆိုတဲ့ ဘုရားရှင်စကားဟာ လက်တွေ့နဲ့ကိုက်နေပါတယ်။ လက်တွေ့ ပါတဲ့ ဘုရားစကားဟာ စိတ်ဝင်စားမှုကို ဖြစ်စေပါတယ်။ ဘုရားရှင်ရဲ့ မေတ္တာဟာ သံလိုက်အား အလွန်ကောင်းတဲ့ သံလိုက်တုံးပမာ ဖြစ်ပါ တယ်။ ဘုရားရှင်ရဲ့ မေတ္တာဆွဲအားကြောင့် ရောဇဟာ ဘုရားရှင်ကို မဖူးတွေ့ရရင် မနေနိုင်အောင် ဖြစ်သွားပါတယ်။ ဘုရားရှင်ရဲ့ မေတ္တာ

www.dhammaransi.com



သံလိုက်ဆွဲအားက ကြီးမားပြင်းထန်လွန်းလှပါတယ်။ အရှင်အာနန္ဒာက တော့ အကျေနပ်ကြီး ကျေနပ်နေပါလိမ့်မယ်။

သာသနာ့ဝန်ထမ်း ရှင် ရဟန်းတွေမှာ မေတ္တာလက်နက်ကို အထူးပဲ ကိုင်ဆောင်ထားသင့်ကြပါတယ်။ သာသနာ ဖြန့်ဝေရာမှာ မေတ္တာဆွဲအားကောင်းရင် ကောင်းသလောက် ထိရောက်မှုရှိနိုင်ပါတယ်။ သာသနာဖြန့်ဝေလိုတဲ့ ရဟန်း၊ ရှင်၊ လူတွေမှာ မေတ္တာဆွဲအား ရှိကြရပါမယ်။ မေတ္တာပါတဲ့ အပြော၊ မေတ္တာပါတဲ့ အပြုအမူ၊ မေတ္တာပါတဲ့ စိတ်ထားတွေဟာ သတ္တဝါတိုင်းအဖို့ စိတ်ဝင်စားဖွယ်၊ မြတ်နိုးဖွယ် ဖြစ်ပါတယ်။ မေတ္တာဆိုတာ မေတ္တာရှင်ရဲ့စိတ်ကို ရှေးဦးစွာ ချမ်းသာစေပါတယ်။ ပြီးတော့ မေတ္တာထိတွေ့ခံရသူမှာလည်း စိတ်ချမ်းသာစေပါတယ်။

မေတ္တာဆိုတာ သူတစ်ပါးရဲ့အကျိုးစီးပွားကို လိုလားတဲ့သဘောတရား ဖြစ်ပါတယ်။ မေတ္တာဟာ စိတ်ထဲမှာ ဖြစ်ပေါ်လာရုံနဲ့ပဲ လောကကြီးအား ကျေးဇူးများလှပါပြီ။ စိတ်ထဲမှာ ဖြစ်ပေါ်ရုံတင်မက နှုတ်မှာရော ကိုယ်မှာပါ ပါလာပြီဆိုရင်တော့ လောကကြီးအား အလွန်ပဲ ကျေးဇူးများလှပါပြီ။ လောကကြီးတစ်ခုလုံးက မေတ္တာတရားကို ကြိုဆိုနေပါတယ်။ လူ့လောကကလည်း ကြိုဆိုပါတယ်။ နတ်လောကကလည်း ကြိုဆိုပါတယ်။ ဗြဟ္မာလောကကလည်း ကြိုဆိုပါတယ်။ အပါယ်လောကကလည်း ကြိုဆိုပါတယ်။ လူ့လောက၊ နတ်လောက၊ ဗြဟ္မာလောက၊ အပါယ်လောက ဘယ်လောကကမဆို ချမ်းသာကို လိုချင်ကြပါတယ်။ ချမ်းသာကို မလိုချင်တဲ့လောက မရှိပါဘူး။ မေတ္တာဟာ ချမ်းသာကို ပေးတတ်တာမို့ လောကကြီးက မေတ္တာကို ကြိုဆိုကြခြင်း လိုချင်ကြခြင်း ဖြစ်ပါတယ်။

မေတ္တာဆိတ်သုဉ်းတဲ့ လောကဟာ ဆင်းရဲတဲ့လောကပါပဲ။ မေတ္တာဆိတ်သုဉ်းမှုက လောကသားတွေကို ဆင်းရဲဆီ ပို့ပေးပါတယ်။

www.dhammaransi.com



မေတ္တာနဲ့ နေနိုင်ရင် နေနိုင်သူရဲ့ဘဝဟာ အေးမြပါတယ်။ အေးချမ်းပါတယ်။ မေတ္တာရှင်ရဲ့ဘဝဟာ အေးမြ အေးချမ်းသလောက် မေတ္တာမဲ့သူရဲ့ဘဝကတော့ ပူလောင် ပင်ပန်းလှပါတယ်။ မေတ္တာရှင်ရဲ့ဘဝဟာ ချမ်းသာသလောက် မေတ္တာမဲ့သူရဲ့ဘဝဟာ ဆင်းရဲပါတယ်။ မေတ္တာဟာ ကိုယ့်အကျိုး သူ့အကျိုး နှစ်မျိုးစလုံးကို ပြီးစေနိုင်တဲ့ စွမ်းအားရှိပါတယ်။ ကိုယ့်အကျိုး သူ့အကျိုးကို လိုလားသူတိုင်း မေတ္တာတရားကို လက်ကိုင်ထားကြရပါမယ်။

✤

www.dhammaransi.com

# သေစာ

'ညီငယ် စူဠလောဟိတ၊ ဒီမုနိကဟာ အစားကောင်းတွေကို စားနေရတယ်၊ ငါလည်း မုနိကလို ဘယ်တော့မှ ချမ်းသာရပါ့မလဲလို့ မုနိကရဲ့ ဘ၀ကို မတောင့်တနဲ့၊ မုနိကဟာ သေစာတွေကို စားနေတယ်၊ ညီငယ်ဟာ ဖွဲ၊ မြက်၊ ကောက်ရိုးကို ကြောင့်ကြမဲ့စွာ စားပါ။ အဲဒါဟာ အသက်ရှည်ခြင်းရဲ့အကြောင်းပဲ။'

(ဇာတက၊ ဧကက၊ ၃ ကုရုင်္ဂဝဂ္ဂ၊ ၁၀ မုနိကဇာတက)

မုနိကဆိုတဲ့နာမည်ဟာ ဝက်တစ်ကောင်ရဲ့နာမည်ဖြစ်ပါတယ်။ ရွာငယ်တစ်ရွာက သူကြွယ်တစ်ယောက်ရဲ့အိမ်တစ်အိမ်မှာ မုနိကဆိုတဲ့ ဝက်ရယ်၊ စူဠလောဟိတနဲ့ မဟာလောဟိတဆိုတဲ့ နွားညီနောင်နှစ်ကောင်ရယ် ရှိပါတယ်။ အဲဒီနွားညီနောင်နှစ်ကောင်ကို အမှီပြုပြီး အဲဒီအိမ်က လုပ်ငန်းတာဝန်တွေကို ဆောင်ရွက်ရပါတယ်။ အဲဒီအိမ်မှာ သမီးပျိုတစ်ယောက် ရှိပါတယ်။ အဲဒီသမီးပျိုကို မြို့သားတစ်ယောက်က သူ့သားနဲ့လက်ထပ်ဖို့ ကမ်းလှမ်းပါတယ်။ အဲဒီသမီးပျိုရဲ့မိဘတွေက 'သမီးပျိုရဲ့ မင်္ဂလာပွဲမှာ လာကြမယ့်ဧည့်သည်တွေအတွက် လက်သုပ်ဟင်းလျာဖြစ်လိမ့်မယ်' လို့ တွေးကာ ယာဂုထမင်းကို ကျွေးပြီး မုနိကဆိုတဲ့ဝက်ကို မွေးမြူထားကြပါတယ်။

မုနိကကို မြင်တဲ့အခါ ညီငယ်နွားဖြစ်တဲ့ စူဠလောဟိတက သူ့နောင်တော်တော်ကြီး မဟာလောဟိတကို 'ဒီအိမ်မှာ အလုပ်တာဝန်ပေါ်လာရင် ငါတို့ညီနောင်နှစ်ယောက်ကိုပဲ ခိုင်းတယ်၊ ဒီအိမ်သူအိမ်သားတွေက ငါတို့အား မြက်၊ ကောက်ရိုးစတာတွေကိုသာ ကျွေးကြတယ်၊

www.dhammaransi.com



ယာဂု၊ ထမင်းနဲ့ မုနိကကို ကျွေးမွေးကြတယ်။ ဘာကြောင့် မုနိကဟာ ဒီအစာကို ရပါလိမ့်' လို့ မေးပါတယ်။ အဲဒီအခါ အထက်ပါစကားကို နောင်တော်မဟာလောဟိတက ညီစူဠလောဟိတအား ပြောပါတယ်။ နောင်တော် မဟာလောဟိတဟာ ဘုရားအလောင်းတော်ဖြစ်ပါတယ်။

'ညီငယ်စူဠလောဟိတ၊ ဒီကနေ့က နောက်ရက်အနည်းငယ်ကြာတဲ့အခါ လူတွေလာကြလိမ့်မယ်၊ အဲဒီအခါ ဒီမုနိကကို ခြေထောက်က ကိုင်ဆွဲပြီး ညောင်စောင်းအောက်ကထုတ်၍ သတ်ကာ ညှော်သည်တွေရဲ့ ဟင်းလျာအလုပ်ခံရမှာကို သင်မြင်တွေ့ရလိမ့်မယ်' လို့ ပြောပါတယ်။ မဟာလောဟိတ ပြောတဲ့အတိုင်းပါပဲ။ မုနိကကို သတ်မယ့်လူတွေ လာကြပါတယ်။ မုနိကကိုသတ်ပြီး ချက်စားကြပါတယ်။

ဘုရားအလောင်းတော် မဟာလောဟိတက ညီငယ်စူဠလောဟိတကို 'သင်ဟာ မုနိကကို မြင်ပြီမဟုတ်လား၊ မုနိကရဲ့အစာထက် ငါတို့ရဲ့မြက်၊ ကောက်ရိုး၊ ဖွဲလောက်ကပဲ အဆတစ်ရာ၊ အဆတစ်ထောင် သာလွန်မြင့်မြတ်ပါတယ်။ အပြစ်ကင်းပါတယ်။ အသက် ရှည်ခြင်းရဲ့ အကြောင်းဖြစ်ပါတယ်' လို့ ပြောပါတယ်။

ဒီဇာတ်လမ်းကို အမရပူရမြို့ မဟာဂန္ဓာရုံဆရာတော်ကြီး အရှင်ဇနကာဘိဝံသက သူ့တပည့်သံဃာတွေကို နံနက်ခင်းဩဝါဒပေးတဲ့အခါ ပြောကြားတာကို နာယူခဲ့ရပါတယ်။ ဝိနည်းစည်းကမ်းနဲ့ မညီတဲ့အလုပ်တွေကို လုပ်ပြီး လာဘ်လာဘပေါများနေကြတဲ့ သံဃာတွေကို သွားပြီး အားမကျကြဖို့ ပြောပါတယ်။ အဲဒီလို လာဘ်ပေါတဲ့ သံဃာတွေရဲ့ အစားအစာတွေဟာ ကောင်းပေမယ့် သေစာတွေဖြစ်ကြောင်းလည်း မိန့်တော်မူပါတယ်။

လူပဲဖြစ်ဖြစ်၊ ဘုန်းကြီးပဲဖြစ်ဖြစ် တရားနည်းလမ်းနဲ့အညီ မဟုတ်ဘဲ ရရှိတဲ့ပစ္စည်းတွေကို စားသောက်သုံးစွဲနေကြရင် မုနိကလို သေစာတွေကို စားနေရတာ ဖြစ်ပါတယ်။ အပါယ်စာတွေ ဖြစ်နေပါတယ်။

www.dhammaransi.com



ရဟန်း၊ ရှင်၊ လူတွေဟာ သေစာတွေကို မစားမိအောင် သတိပြုရှောင်ကြဉ်ရပါမယ်။ ငရဲစာ၊ တိရစ္ဆာန်စာ၊ ပြိတ္တာစာ၊ အသူရကာယ်စာခေါ် အပါယ်စာတွေကို မစားမိအောင် သတိပြုရှောင်ကြဉ်ရပါမယ်။ မှုန်ကလို သူတွေ လူ့လောကကြီးမှာ ရှိနေပါတယ်။ နည်းမယ်မဟုတ်ပါဘူး။

တရားနည်းလမ်းနဲ့အညီ ရရှိလာတဲ့ပစ္စည်းဟာ မကောင်းမွန်ပေမယ့် အပြစ်ကင်းပါတယ်၊ သန့်ရှင်းပါတယ်၊ မြင့်မြတ်ပါတယ်၊ ဝိနည်းနဲ့အညီ နေထိုင်တဲ့ ရဟန်းရဲ့ ပဲပြုတ်၊ ချဉ်ပေါင်ဟင်းက ဝိနည်းနဲ့အညီ မနေထိုင်တဲ့ ရဟန်းရဲ့ ဝက်သားဟင်း၊ ကြက်သားဟင်းထက် ကောင်းပါတယ်။ မြင့်မြတ်ပါတယ်။ အပြစ်ကင်းပါတယ်။

မတရားတဲ့နည်းလမ်းနဲ့အညီ ရှာဖွေလို့ ရရှိလာတဲ့ ငွေတစ်သိန်းထက် တရားနည်းလမ်းနဲ့အညီ ရှာဖွေလို့ ရရှိလာတဲ့ ငွေတစ်ကျပ်က မြင့်မြတ်ပါတယ်။ အပြစ်ကင်းပါတယ်။ ကောင်းပါတယ်။ မတရားတဲ့နည်းနဲ့ စီးပွားရှာပြီး ကြီးပွားချမ်းသာနေကြတဲ့ သန်းကြွယ်သူဌေးရဲ့ အကောင်းစား အစားအစာတွေဟာ သေစာတွေ၊ အပါယ်စာတွေဖြစ်တာမို့ မကောင်းပါဘူး။ တရားသဖြင့် စီးပွားရှာတဲ့ ဆင်းရဲသားတစ်ယောက်ရဲ့ အချာစားဟင်းတစ်ခွက်လောက် မမြင့်မြတ်ပါဘူး။ အပြစ်မကင်းပါဘူး။

ကိုယ်စားမယ့်အစားအစာကို မစားခင် ဆင်ခြင်ကြည့်သင့်ပါတယ်။ သေစာဖြစ်နေခဲ့ရင် မစားမိအောင် ရှောင်ကြဉ်ကြရပါမယ်။ သေစာဟာ သံသရာတစ်ခွင်မှာ ဒုက္ခအထွေထွေကို ဖြစ်စေတတ်ပါတယ်။ ဒါကြောင့် သေစာဟာ ဒုက္ခစာဖြစ်နေပါတယ်။

✤

www.dhammaransi.com

# အကျိုးဆောင်

'ရဟန်းတို့၊ မိမိရဲ့အကျိုးစီးပွားကို ကောင်းကောင်းရှုမြင်သူဟာ သတိနဲ့ ကိစ္စအားလုံးကို ပြုလုပ်သင့်သည်သာ၊ သူတစ်ပါးရဲ့အကျိုးစီးပွားကို ကောင်းကောင်းရှုမြင်သူဟာ သတိနဲ့ ကိစ္စအားလုံးကို ပြုလုပ်သင့်သည်သာ၊ မိမိ သူတစ်ပါး နှစ်ဦးသားရဲ့ အကျိုးစီးပွားကို ကောင်းကောင်းရှုမြင်သူဟာ သတိနဲ့ ကိစ္စအားလုံးကို ပြုလုပ်သင့်သည်သာ။'

(နိဒါနဝဂ္ဂသံယုတ်၊ ၃ ဒသဗလဝဂ္ဂ၊ ၂ ဒုတိယ ဒသဗလသုတ္တ)

သတိဟာ ဘယ်ကိစ္စမှာမဆို လိုအပ်လျက်ရှိပါတယ်။ သွား သတိ၊ ရပ် သတိ၊ ထိုင် သတိ၊ လျောင်း သတိ၊ ကြည့် သတိ၊ ကြား သတိ၊ နံ့ သတိ၊ စား သတိ၊ ထိ သတိ၊ သိ သတိ၊ စကားပြော သတိ၊ တိတ်တိတ်နေ သတိ၊ အဝတ်ဝတ် သတိ၊ ရေချိုး သတိ၊ အိမ်သာဝင် သတိ၊ အိပ်ရာဝင် သတိ၊ အိပ်ရာထ သတိ၊ အရာရာမှာ သတိဟာ ရှိနိုင်လေ ကောင်းလေပါပဲ။

သွားရာမှာ သတိမပါရင် အသွားမှားတတ်ပါတယ်။ ရပ်ရာမှာ သတိမပါရင် အရပ်မှားတတ်ပါတယ်။ ထိုင်ရာမှာ သတိမပါရင် အထိုင်မှားတတ်ပါတယ်။ လျောင်းရာမှာ သတိပါရင် အလျောင်းမှားတတ်ပါတယ်။ ကြည့်ရာမှာ သတိမပါရင် အကြည့်မှားတတ်ပါတယ်။ ကြားရာမှာ သတိမပါရင် အကြားမှားတတ်ပါတယ်။ နံ့ရာ၊ စားရာ၊ ထိရာ၊ သိရာတွေမှာ သတိမပါရင် နံ့မှား၊ စားမှား၊ ထိမှား၊ သိမှားတတ်ပါတယ်။ ပြောရာမှာ သတိမပါရင် အပြောမှားတတ်ပါတယ်။ တိတ်တိတ်နေရာမှာ သတိမပါရင် တိတ်တိတ်နေရင်းလည်း မှားတတ်ပါတယ်။

www.dhammaransi.com



ဝတ်ရာမှာ သတိမပါရင် အဝတ်မှားတတ်ပါတယ်။ ရေချိုးရာမှာ သတိမပါရင် ရေချိုးမှားတတ်ပါတယ်။ အိမ်သာဝင်ရာ၊ အိပ်ရာဝင်ရာမှာ သတိမပါရင်လည်း မှားတတ်ပါတယ်။ သတိမဲ့မှုဟာ အမှားကို တံခါးဖွင့်ထားပါတယ်။ သတိက အမှားကို တံခါးပိတ်ထားပါတယ်။

သတိရှိသူရဲ့ ပြောစကား၊ လုပ်ဆောင်ချက်၊ တွေးခေါ်ကြံဆချက်၊ ဆုံးဖြတ်ချက်တွေမှာ သတိအားကောင်းရင် အားကောင်းသလောက် အပြစ်ကင်းပါတယ်။ အမှားကင်းပါတယ်။ အပြစ်ကင်း၊ အမှားကင်းအောင် ပြောဆိုသူ၊ လုပ်ဆောင်သူ၊ တွေးခေါ်ကြံဆသူ၊ ဆုံးဖြတ်သူတွေမှာ ရှေးဦးစွာ ကောင်းကျိုးရရှိပါတယ်။ အပြစ်ကင်းတဲ့စကားကို နားထောင်လိုက်နာသူ၊ အပြစ်ကင်းတဲ့ လုပ်ဆောင်မှုကို ခံယူရသူ၊ အပြစ်ကင်းတဲ့ အတွေးအခေါ်၊ အကြံအဆ၊ အဆုံးအဖြတ်တို့နဲ့ ထိတွေ့ရသူတွေမှာလည်း ကောင်းကျိုးတွေ ရရှိကြပါတယ်။ သတိပါတဲ့ အပြော၊ အပြု၊ အကြံတွေဟာ မိမိ သူတစ်ပါး နှစ်ဦးသားရဲ့ ပစ္စုပ္ပန်အကျိုး၊ သံသရာအကျိုးကို တိုးပွားစေနိုင်ပါတယ်။ မိမိအကျိုး၊ သူတစ်ပါးအကျိုး၊ မိမိ သူတစ်ပါး နှစ်ဦးသားရဲ့အကျိုးကို လိုလားသူတိုင်းကို သတိနဲ့ ပြောဖို့၊ ပြုဖို့၊ ကြံဖို့ ဆုံးမတော်မူခြင်း ဖြစ်ပါတယ်။

သတ္တဝါအားလုံးထဲမှာ ဘုရားရှင်ဟာ အမြတ်ဆုံးဖြစ်ပါတယ်။ ခြေထောက်ရှိကြတဲ့ ကုန်းနေသတ္တဝါတွေရဲ့ ခြေရာတွေမှာ ဆင်ရဲ့ခြေရာဟာ အကြီးဆုံးဖြစ်ပါတယ်။ အထွတ်ရှိတဲ့အိမ်ရဲ့ အခြင်ရနယ်တွေဟာ အထွတ်ဆီကို ဦးတိုက်ကြရတာမို့ အထွတ်ဟာ အမြတ်ဆုံးဖြစ်ပါတယ်။ အမြစ်ရဲ့ အနံ့တွေထဲမှာ အကျော်မြစ်ရဲ့အနံ့ဟာ အမွှေးဆုံးဖြစ်ပါတယ်။ အနှစ်ရဲ့အနံ့တွေထဲမှာ စန္ဒကူးအနီနံ့ဟာ အမွှေးဆုံးဖြစ်ပါတယ်။ ပန်းအနံ့တွေထဲမှာ မြတ်လေးပန်းအနံ့ဟာ အမွှေးဆုံးဖြစ်ပါတယ်။ မင်းငယ်တွေဟာ စကြဝတေးမင်းရဲ့ နောက်လိုက်တွေ ဖြစ်ကြပါတယ်။ စကြဝတေးမင်းဟာ အဲဒီမင်းတွေထဲမှာ အမြတ်ဆုံးဖြစ်ပါတယ်။ နက္ခတ်တာရာအရောင်တွေထဲမှာ လအရောင်ဟာ အသာဆုံးဖြစ်ပါတယ်။ သရဒဥတု

www.dhammaransi.com



အခါ တိမ်ကင်းစင်တဲ့ကောင်းကင်မှာ တက်လာတဲ့နေဟာ ကောင်းကင်မှာရှိတဲ့ အမိုက်တိုက်အားလုံးကို ဖယ်ရှားကာ ထွန်းလင်းတောက်ပပါတယ်။ ဂင်္ဂါ၊ ယမုနာ၊ အစိရဝတီ၊ သရဘူ၊ မဟီဆိုတဲ့ မြစ်ကြီးငါးသွယ်ဟာ မဟာသမုဒ္ဒရာမှာ သွားပေါင်းကြပါတယ်။ သမုဒ္ဒရာဟာ အဲဒီမြစ်ကြီးတွေထဲမှာ အကြီးမားဆုံးဖြစ်ပါတယ်။ အဲဒီလိုပါပဲ၊ ကုသိုလ်တရားအားလုံးထဲမှာ သတိဟာ အမြတ်ဆုံး ဖြစ်ပါတယ်။

ကုသိုလ်တရားအားလုံးဟာ သတိဆိုတဲ့ အရင်းခံရှိကြပါတယ်။ သတိမှာ ပေါင်းဆုံကြရပါတယ်။ ကုသိုလ်အားလုံးရဲ့အရင်းခံ ကုသိုလ်အားလုံးရဲ့ ပေါင်းဆုံရာဖြစ်တဲ့ သတိဟာ ကုသိုလ်အားလုံးထဲမှာ အမြတ်ဆုံး ဖြစ်ပါတယ်။ အကြောင်းကတော့ ဘယ်ကုသိုလ်ကို လိုချင်လိုချင် သတိရှိမှ ရယူနိုင်ကြပါတယ်။ ဒါကြောင့် သတိဟာ ကုသိုလ်အားလုံးမှာ အမြတ်ဆုံးဖြစ်ပါတယ်။ နိဗ္ဗာန်ကိုလိုချင်ရင် သတိရှိမှ ရနိုင်ပါတယ်။ မဂ် ဖိုလ်ကို လိုချင်ရင် သတိရှိမှ ရနိုင်ပါတယ်။

သတိတရားကို ဘုရားအစရှိတဲ့ သူတော်ကောင်းတွေက ချီးမွမ်းကြပါတယ်။ အကြောင်းကတော့ သတိဟာ လောကီ လောကုတ္တရာတရားထူးတွေကို ရဖို့ရန်အကြောင်း ဖြစ်လို့ပါပဲ။ သတိဟာ မြင့်မြတ်တဲ့ဘဝဆီကို ပို့ပေးပါတယ်။ သတိရှိသူတွေဟာ မြင့်မြတ်တဲ့သူတွေဖြစ်ပါတယ်။ မြင့်မြတ်တဲ့သူတွေမှာ သတိရှိကြပါတယ်။ သတိကင်းတာကို ဘုရားအစရှိတဲ့အရိယာတွေက ကဲ့ရဲ့ရှုတ်ချကြပါတယ်။ အကြောင်းကတော့ ပျက်စီးဆုံးရှုံးခြင်းရဲ့အကြောင်းရင်းဟာ သတိကင်းမှုဖြစ်လို့ပါပဲ။ နိမ့်ကျတဲ့ဘဝတွေမှာ ဖြစ်နေကြရတာဟာ သတိကင်းမဲ့ကြလို့ပါပဲ။

မိမိအကျိုး၊ သူတစ်ပါးအကျိုး၊ မိမိ သူတစ်ပါး နှစ်ဦးသားရဲ့အကျိုးကို သယ်ပိုးလိုသူတိုင်း၊ သယ်ပိုးနေသူတိုင်း သတိကို လက်ကိုင်ပြုကာ သယ်ပိုးကြရပါမယ်။ ဒါမှ အကျိုးပြီးမြောက်ပါလိမ့်မယ်။

www.dhammaransi.com

# ကံကောင်းသူ

'နက္ခတ်ကို မျှော်လင့်စောင့်ဆိုင်းနေတဲ့ လူမိုက်ကို ကောင်းကျိုးတွေက ကျော်လွန်သွားတယ်။ ကိုယ်ရှာဖွေနေတဲ့ ကောင်းကျိုးကသာ အကျိုးအတွက် နက္ခတ်မည်တယ်။ ကောင်းကင်က နက္ခတ် တာရာတွေက ဘာအကျိုးကို ပြီးစေနိုင်မှာလဲ။'

(ဇာတက၊ ဧကက၊ ၅ အတ္ထကာမဝဂ္ဂ၊ ၉ နက္ခတ္တဇာတက)

ဒီစကားကို မြတ်စွာဘုရားက အာဇီဝကတစ်ယောက်ကို အကြောင်းပြုပြီး ဟောတော်မူပါတယ်။ သာဝတ္ထိမြို့က အမျိုးသမီးတစ်ဦးကို ဇနပုဒ်က အမျိုးသားတစ်ဦးက သူ့သားအတွက် စကားကြောင်းလမ်းပြီး 'ဘယ်နေ့မှာ လာခေါ်ပါ့မယ်' လို့ နေ့ကို သတ်မှတ်ပေးလိုက်ပါတယ်။ အဲဒီနေ့ရောက်တော့ သူ့အိမ်မှာ ကြွလာလေ့ရှိတဲ့ အာဇီဝကတက္ကတွန်းကို 'အရှင်ဘုရား၊ ဒီနေ့ တပည့်တော်တို့ မင်္ဂလာတစ်ခု ပြုကြပါမယ်။ နက္ခတ်ကောင်းပါသလား' လို့ မေးပါတယ်။ အဲဒီတက္ကတွန်းက 'ဒီဒကာဟာ ငါ့ကိုအရင်မမေးဘဲနဲ့ နေ့သတ်မှတ်ပြီး အခုမှ ငါ့ကို လာမေးတယ်၊ ရှိပစေ၊ ငါပညာပြလိုက်မယ်' လို့ စိတ်ဆိုးကာ 'ယနေ့ နက္ခတ်မကောင်းဘူး၊ ဒီနေ့ မင်္ဂလာပွဲ မလုပ်နဲ့၊ လုပ်ရင် အကြီးအကျယ်ပျက်စီးလိမ့်မယ်' လို့ ပြောပါတယ်။

အဲဒီအိမ်ကလူတွေက အဲဒီတက္ကတွန်းကို ယုံကြည်ပြီး သတ်မှတ်ထားတဲ့နေ့မှာ မင်္ဂလာပွဲကို မသွားကြပါဘူး။ မြို့ကလူတွေက မင်္ဂလာကိစ္စအားလုံးကို ပြုလုပ်ပြီး သူတို့မလာတော့တာကို သိလို့ 'သူတို့ပဲ ဒီနေ့ကို မင်္ဂလာပွဲနေ့အဖြစ် သတ်မှတ်ထားတယ်၊ အခုတော့ သူတို့မလာ

www.dhammaransi.com



ကြဘူး၊ ငါတို့မှာလည်း ပျက်စီးမယ့်အလုပ်ကို အများကြီးလုပ်ထားတယ်၊ သူတို့နဲ့ ဘာအကျိုးရှိမှာလဲ၊ ငါတို့ရဲ့သမီးကို အခြားသူအား ပေးမယ်လို့ ဆုံးဖြတ်ကာ ပြင်ဆင်ထားတဲ့ မင်္ဂလာပွဲနဲ့ အခြားသတို့သားနဲ့ ပေးစား လိုက်ပါတယ်။'

နောက်တစ်နေ့ အမျိုးသားဘက်ကလူတွေက လာပြီး 'ငါတို့အား သတို့သမီးကို ပေးပါ' လို့ပြောကြတယ်။ အဲဒီအခါမှာ အမျိုးသမီးဘက် ကလူတွေက 'သင်တို့ဟာ ယုတ်မာတဲ့လူတွေဖြစ်လို့ နေ့ရက်သတ်မှတ် ပြီး အထင်သေးလို့ မလာကြဘူး။ လာလမ်းနဲ့ပဲ ပြန်ကြပေတော့၊ အခြား အမျိုးသားအား သမီးကိုပေးလိုက်ပြီ' လို့ပြောကာ ဆဲဆိုကြပါတယ်။ နှစ်ဦးနှစ်ဖက် စကားများ အငြင်းပွားကြပါတယ်။ အမျိုးသမီးကို မရဘဲ အမျိုးသားဘက်က ဇနပုဒ်သားတွေဟာ လာလမ်းနဲ့ပဲ ပြန်သွားကြရပါ တယ်။

အဲဒီ အာဇီဝကတက္ကတွန်းကြောင့် အဲဒီလူတွေရဲ့မင်္ဂလာကိစ္စ ပျက်သွားရတဲ့အကြောင်းဟာ ရဟန်းတွေရဲ့အလယ်မှာ ထင်ရှားပါတယ်။ ရဟန်းတွေက တရားသဘင်မှာ အဲဒီမင်္ဂလာကိစ္စအကြောင်း ပြောကာ ထိုင်နေကြပါတယ်။ ဘုရားက 'ဘာစကားတွေပြောပြီး ထိုင်နေကြသလဲ' လို့ မေးလို့ အဲဒီအကြောင်းကို လျှောက်ထားပြကြပါတယ်။ 'အခုမှသာ အာဇီဝက ကသာ မင်္ဂလာကိစ္စကို အန္တရာယ်ပြုခဲ့တာမဟုတ်ဘူး၊ ရှေးက လည်း လုပ်ခဲ့တယ်' လို့ မိန့်ကာ အလားတူအတိတ်ဇာတ်ကြောင်းကို ပြောပြပါတယ်။ အတိတ်ဇာတ်ကြောင်းမှာ ဘုရားအလောင်းတော်ဖြစ်တဲ့ ပညာရှိမြို့သားက အထက်မှာ ဖော်ပြခဲ့တဲ့စကားကို ပြောကြားပါတယ်။

နက္ခတ်ကောင်း၊ အခါကောင်း၊ အချိန်ကောင်း၊ နေ့ရက်ကောင်း တွေကို ရွေးကြတဲ့ပုဂ္ဂိုလ်တွေအတွက် မှတ်သားလိုက်နာစရာ ဖြစ်ပါ တယ်။ နက္ခတ်ကောင်း၊ အချိန်ကောင်း၊ နေ့ရက်ကောင်းက ကောင်းကျိုး ကို ပေးနိုင်တာမဟုတ်ပါဘူး၊ အလုပ်ကောင်း၊ အပြောကောင်း၊ အကြံ

www.dhammaransi.com



ကောင်း၊ စိတ်ထားကောင်းတွေရှိရင် နံနက်ရှိက အဲဒီနံနက်ဟာ ကောင်းတဲ့ နံနက်ခင်း၊ နေ့လယ်ရှိက အဲဒီနေ့လယ်ဟာ ကောင်းတဲ့နေ့လယ်၊ ညနေရှိက အဲဒီညနေက ကောင်းတဲ့ညနေပါပဲ။

ကောင်းကျိုးတွေကို ကောင်းကင်က နက္ခတ်တွေက မပေးနိုင်တာကို လူတွေဟာ မသိဘဲ နားမလည်ဘဲ ဖြစ်နေကြပါတယ်။ ကိုယ့်ရဲ့ အလုပ်ကောင်း၊ အပြောကောင်း၊ အကြံကောင်း၊ စိတ်ထားကောင်းတွေကပဲ ကောင်းကျိုးတွေကို ပေးနိုင်တယ်ဆိုတာကိုလည်း နားမလည်ဘဲ ရှိနေကြပါသေးတယ်။ ကောင်းကျိုးတွေရဲ့အကြောင်းမှန်ကို မရှာကြံနိုင်၊ မသိရှိနိုင် ဖြစ်နေကြပါတယ်။ မသိနားမလည်သူတွေက နက္ခတ်ကောင်း၊ အချိန်အခါကောင်း၊ နေ့ရက်ကောင်းကို မရွေးချယ်နိုင်ကြပါဘူး။ အချိန် အခါ၊ နေ့ရက်၊ နက္ခတ်ကောင်းဖို့ဆိုတာ အလုပ်၊ အပြော၊ အကြံ၊ စိတ်ထားတွေ ကောင်းရပါတယ်။ ကာယကံ၊ ဝစီကံ၊ မနောကံဆိုတဲ့ ကံသုံးပါးမကောင်းရင် နက္ခတ်လည်း မကောင်း၊ အချိန်အခါ နေ့ရက်လည်း မကောင်းပါဘူး။ ကောင်းကျိုးလည်း မရနိုင်ပါဘူး။ ကောင်းကျိုးကိုလိုချင်ရင် ကံကောင်းဖို့ပဲ လိုပါတယ်။ ကံအကြောင်းကောင်းရင် ကောင်းကျိုးတွေကိုရဖို့ တောင့်တနေစရာတောင် မလိုပါဘူး။ သူ့အလိုလို ရောက်လာပါလိမ့်မယ်။ ကံကောင်းသူတွေဖြစ်အောင် ကြိုးစားဖို့ပဲ လိုပါတယ်။

✤

www.dhammaransi.com

# ရှေ့တော်ပြေး

'မစူးစမ်း၊ မဆင်ခြင်ဘဲ အဆောတလျင် ပြုလုပ်တတ်သူကို သူ့ရဲ့လုပ်ရပ်တွေက သူ့ကို ပူလောင်စေကြ၊ ဝမ်းနည်းစေကြ၊ ပင်ပန်းစေကြတယ်။ အစာစားနေတဲ့လူဟာ 'ဒီအစာဟာ အေးသလား၊ ပူသလား' မစူးစမ်းဘဲ အပူကို မျိုလိုက်လို့ရှိရင် ပါးစပ်ထဲမှာ မျိုထားတဲ့ အဲဒီအပူက ပါးစပ်ကို ရော လည်ချောင်းကိုရော ဝမ်းဗိုက်ကိုပါ ပူလောင်စေသလိုပါပဲ။'

(ဇာတက၊ ဒုကနိပါတ၊ ၁ ဒဠှဝဂ္ဂ၊ ၂ သိင်္ဂါလဇာတက)

ဒီစကားကို မြတ်စွာဘုရားက ဝေသာလီမြို့သား ဆတ္တာသည်ရဲ့ သားတစ်ယောက်ကို အကြောင်းပြုပြီး ဟောတော်မူခဲ့ပါတယ်။ ဖခင် ဆတ္တာသည်က ရှင်ဘုရင်၊ ရှင်ဘုရင့်မောင်းမ၊ မင်းသား၊ မင်းသမီးရဲ့ ဆံပင်ပြုပြင်ပေးခြင်းစတဲ့ ကိစ္စအားလုံးကို ပြုလုပ်ပေးပါတယ်။ ရတနာသုံးပါးကို ကြည်ညိုတယ်၊ ကိုးကွယ်တယ်၊ ငါးပါးသီလ စောင့်ထိန်းတယ်၊ အကြားအကြားမှာ တရားနာပြီး အချိန်ကုန်တယ်။ သူဟာ တစ်နေ့မှာ မင်းနန်းတော်ကို အလုပ်လုပ်ဖို့သွားတဲ့အခါ သူ့သားကို ခေါ်ပြီး သွားတယ်။ သူ့သားက နတ်သမီးနဲ့တူတဲ့ အလှပြင်ထားတဲ့ လိစ္ဆဝီမင်းသမီးလေးတစ်ယောက်ကို မြင်လို့ ချစ်တဲ့စိတ်ပေါ်လာလို့ ဖခင်နဲ့အတူ မင်းနန်းတော်ကထွက်ပြီးတဲ့အခါ 'အဲဒီမင်းသမီးလေးကို ရရင် အသက်ရှင်မယ်၊ မရရင် ဒီနေရာမှာပဲ အသက်အသေခံမယ်'လို့ ပြောကာ အစာမစားဘဲ အိပ်ရာပေါ်လှဲကာ အိပ်နေပါတော့တယ်။

'ချစ်သား၊ သင်ဟာ မတပ်မက်သင့်တဲ့ ပုဂ္ဂိုလ်ကို မတပ်မက်ပါနဲ့၊ သင်ဟာ အမျိုးဇာတ်ညံ့တဲ့ ဆတ္တာသည်ရဲ့သား ဖြစ်တယ်။ လိစ္ဆဝီမင်းသမီးက အမျိုးမြတ်တယ်၊ သူမဟာ သင်နဲ့မသင့်တော်ပါဘူး။

www.dhammaransi.com



အခြားဇာတ်တူမလေးတစ်ယောက်ကို ငါဆောင်ပေးပါမယ်' လို့ ဖခင်က ပြောပြပေမယ့် ဖခင်ရဲ့စကားကို သားက မနာယူပါဘူး။ အမေ၊ အစ်ကို၊ အစ်မ၊ ဒွေးလေး၊ ဦးလေးတွေ၊ မိတ်ဆွေတွေ ဝိုင်းပြောကြပေမယ့် မတတ်နိုင်ကြပါဘူး။ သူဟာ အဲဒီနေရာမှာ အစာအငတ်ခံပြီး သေပွဲဝင်သွားပါတယ်။ ဖခင်ဟာ သားရဲ့အသုဘကိစ္စပြီးလို့ သောကနည်းသွားတဲ့အခါ ဘုရားကိုရှိခိုးဖို့ ပန်းနံ့သာတို့ကိုယူကာ ဘုရားထံသွားပြီး ဘုရားကို ရှိခိုးကာ ထိုင်နေပါတယ်။ ဘုရားက မလာတာ ရက်အတော်ကြာပြီမို့ မေးပါတယ်။ သူ့သားကိစ္စအကြောင်း လျှောက်ထားပြပါတယ်။ 'သင့်သားဟာ ခုမှသာ ဒီလိုသေခဲ့ရတာမဟုတ်ဘူး၊ ရှေးတုန်းကလည်း သေခဲ့ဖူးတယ်' လို့ မိန့်ကာ အတိတ်ဇာတ်ကြောင်းကို မိန့်တော်မူပါတယ်။

ဟိမဝန္တာအရပ်မှာ ဘုရားအလောင်းဟာ ခြင်္သေ့အမျိုးမှာ ဖြစ်နေပါတယ်။ ဘုရားလောင်းခြင်္သေ့ဟာ ခြင်္သေ့ညီ ၆ ယောက်နဲ့ ညီမခြင်္သေ့လေးနဲ့အတူ ရွှေဂူထဲမှာနေကြပါတယ်။ အဲဒီရွှေဂူရဲ့အနီးမှာရှိတဲ့ ငွေတောင်က ဖန်ဂူတစ်ဂူထဲမှာ မြေခွေးတစ်ကောင် နေပါတယ်။ နောင်သောအခါ ခြင်္သေ့တွေရဲ့မိဘတွေ သေကုန်ကြပါတယ်။

အစ်ကိုခြင်္သေ့တွေက ညီမခြင်္သေ့လေးကို ရွှေဂူထဲမှာထားပြီး အစာရှာထွက်ကာ အသားကို သယ်ယူပေးကြပါတယ်။ အဲဒီမြေခွေးက ခြင်္သေ့မလေးကို ချစ်ကြိုက်နေပါတယ်။ ရည်းစားစကား ပြောပါတယ်။ 'ဇာတ်ညံ့တဲ့သူဟာ ဇာတ်မြင့်တဲ့ငါ့ကို မသင့်တော်တဲ့စကား လာပြောတယ်၊ သေတာပဲကောင်းပါတယ်၊ နှာခေါင်းလေကို ချုပ်တည်းပြီး သေမယ်' လို့ ခြင်္သေ့မလေးက ကြံပါတယ်။

'အစ်ကိုတွေကို ပြောပြီးမှ သေတော့မယ်' လို့ အကြံထပ်ဖြစ်ပြန်ပါတယ်။ မြေခွေးက ခြင်္သေ့မလေးထံက စကားပြန်မရလို့ စိတ်ပျက်ကာ ဖန်ဂူထဲမှာ အိပ်နေပါတော့တယ်။

အစ်ကိုခြင်္သေ့တစ်ကောင် ပြန်လာတဲ့အခါ ညီမလေးက ပြောပြလို့ အစ်ကိုခြင်္သေ့ဟာ မြေခွေးရှိရာ ဖန်ဂူဆီကို သွားပါတယ်။ 'မြေခွေးဟာ ကောင်းကင်မှာ အိပ်နေတယ်ထင်ပြီး အဟုန်နဲ့ပြေးခုန်ပါတယ်။

www.dhammaransi.com



ဖန်ဂူကို တိုက်မိပြီး နှလုံးကွဲကာ ခြင်သေ့ဟာ သေပွဲဝင်သွားပါတယ်။ နောက် အစ်ကိုခြင်သေ့ ၅ ကောင်လည်း အဲဒီခြင်သေ့လိုပဲ သေပွဲဝင်သွားကြပါတယ်။ နောက်ဆုံးမှာ အစ်ကိုကြီးဖြစ်တဲ့ ဘုရားလောင်းခြင်သေ့ဟာ လာပါတယ်။ ညီခြင်သေ့ ၆ ကောင် သေနေတာကို တွေ့ပါတယ်။ ဘုရားလောင်းခြင်သေ့က 'မြေခွေးတွေမှာ ကောင်းကင်မှာ တည်ရာမရှိ၊ ဖန်ဂူထဲ အိပ်နေတာဖြစ်မယ်' လို့ တွေးပါတယ်။ မစူးစမ်း မဆင်ခြင်ဘဲ အဆောတလျင် ပြုလုပ်ကြလို့ သေပွဲဝင်သွားကြတဲ့ ညီခြင်သေ့ ၆ ကောင်ကို ကြည့်ပြီး အထက်မှာပါတဲ့စကားတွေကို ပြောပါတယ်။

ညီငယ်ခြင်သေ့ ၆ ကောင်လို မစူးစမ်း၊ မဆင်ခြင်ဘဲ အဆောတလျင် ပြောမိ၊ ပြုမိ၊ ကြံမိ၊ ဆုံးဖြတ်မိလို့ ဒုက္ခရောက်ကြရတဲ့လူတွေ လောကကြီးမှာ အများကြီးပဲ ရှိပါလိမ့်မယ်။ စာရှုသူရဲ့ဘဝတစ်လျှောက်မှာ မစူးစမ်း မဆင်ခြင်ဘဲ အဆောတလျင် ပြောမိ၊ ပြုမိ၊ ဆုံးဖြတ်မိလို့ ရေရွေးပူ မျိုမိသူလို စိတ်ဆင်းရဲ၊ ကိုယ်ဆင်းရဲရတဲ့အဖြစ်တွေ ရှိပါလိမ့်မယ်။ 'အစားမတော် တစ်လုတ်၊ အသွားမတော် တစ်လှမ်း' ဆိုတဲ့ စကားပုံတွေ ဖြစ်ပါတယ်။ နောင်မှ နောင်တရကြသူတွေဟာ မစူးစမ်း၊ မဆင်ခြင်ဘဲ အဆောတလျင် ပြောတတ်၊ ပြုတတ်၊ ဆုံးဖြတ်တတ်သူတွေပဲ ဖြစ်ပါတယ်။ စူးစူးစမ်းစမ်း၊ ဆင်ဆင်ခြင်ခြင်၊ နှိုင်းနှိုင်းချိန်ချိန် ပြုတတ်၊ ပြောတတ်၊ ဆုံးဖြတ်တတ်ဖို့ လိုအပ်ပါတယ်။ စူးစမ်းနိုင်မှု စွမ်းရည်၊ ဆင်ခြင်နိုင်မှုစွမ်းရည်၊ နှိုင်းချိန်နိုင်မှုစွမ်းရည်တွေဟာ ကြီးပွားအောင်မြင်လိုသူမှာ မရှိမဖြစ် ရှိရမယ့် စွမ်းရည်ကောင်းတွေ ဖြစ်ပါတယ်။

ပြောပြီး၊ ပြုပြီး၊ ဆုံးဖြတ်ပြီးနောက်မှာ စိတ်ဆင်းရဲမှု၊ ကိုယ်ဆင်းရဲတွေ လိုက်ပါမလာဖို့ရာ မပြောခင်၊ မပြုခင်၊ မဆုံးဖြတ်ခင်က စူးစမ်းဆင်ခြင်မှု၊ နှိုင်းချိန်မှု ရှေ့တော်ပြေးလေးတွေ ရှိကြရပါမယ်။ ရှေ့တော်ပြေး ပါရင် နိုပ်စက်မယ့်ဆင်းရဲတွေက အသင့်စောင့်နေကြပါလိမ့်မယ်။

✤

www.dhammaransi.com

# အချိန်နဲ့ အခါး

'မကောင်းမှုက အကျိုးမပေးသမျှ လူယုတ်မာတောင်မှ ကောင်းတာတွေကို မြင်တွေ့ရတယ်။ မကောင်းမှုက အကျိုးပေးလာတဲ့အခါမှာတော့ လူယုတ်မာဟာ မကောင်းတာတွေကို တွေ့ရတော့တယ်။

'ကောင်းမှုက အကျိုးမပေးသမျှ လူကောင်းတောင်မှ မကောင်းတာတွေကို မြင်တွေ့ရတယ်။ ကောင်းမှုက အကျိုးပေးတဲ့အခါမှာတော့ လူကောင်းဟာ ကောင်းတာတွေကို မြင်တွေ့ရတယ်။'

(ဓမ္မပဒ၊ ပါပဝဂ္ဂ၊ အနာထပိဏ္ဍိကဝတ္ထု)

ဒီစကားကို အနာထပိဏ်သူဌေးအား ဘုရားရှင် ဟောကြားတော်မူခဲ့ပါတယ်။ အနာထပိဏ်ဟာ ဇေတဝန်ကျောင်းအတွက် ၅၄ ကုဋေသော ဥစ္စာကို ဗုဒ္ဓသာသနာမှာ စွန့်လှူခဲ့တယ်။ ဘုရားရှင် ဇေတဝန်ကျောင်းမှာ သီတင်းသုံးတော်မူတဲ့အခါ နေ့တိုင်း သုံးကြိမ် ဇေတဝန်ကျောင်းကို သွားလေ့ရှိပါတယ်။ သွားတဲ့အခါမှာ ကိုရင်တွေနဲ့ ရဟန်းငယ်တွေက ဘာကိုယူလာသလဲလို့ ငါ့ရဲ့လက်ကိုလည်း ကြည့်နိုင်ကြတယ်လို့တွေးကာ လှူဖွယ်ပစ္စည်းမပါဘဲ လက်ချည်းသက်သက် မသွားခဲ့ပါဘူး။ နံနက်စောစောသွားရင် ယာဂုကို ယူစေပြီးကာသာ သွားပါတယ်။ နံနက်စာ စားပြီးတဲ့အခါ ထောပတ်၊ ဆီဦးစသည့် ဆေးတွေကို ယူစေပြီး သွားပါတယ်။ ညနေပိုင်းမှာ ပန်း၊ နံ့သာပျောင်း၊ အဝတ်စသည်ကို ယူစေပြီး သွားပါတယ်။ ဒီလို အမြဲပဲ နေ့တိုင်း နေ့တိုင်း ဒါနပြုပြီး သီလစောင့်ပါတယ်။ နောင်သောအခါ ဥစ္စာတွေ ကုန်ခန်းသွား

www.dhammaransi.com



ပါတယ်။ သူ့ရဲ့ကုန်သည်ဖက်တွေက သူ့ထံ ၁၈ ကုဋေ အကြွေးယူကြပါတယ်။ မြစ်ကမ်းနားမှာ မြှုပ်ထားတဲ့ ၁၈ ကုဋေကို ရေတိုက်စားလို့ မဟာသမုဒ္ဒရာထဲ မျောပါသွားပါတယ်။ ဒီလိုနည်းနဲ့ သူ့ဥစ္စာတွေ ကုန်ပါတယ်။

အနာထပိဏ်ဟာ ကောင်းမှုအဖုံဖုံ စုံနေအောင် လုပ်နေတဲ့ သောတာပန် ကျောင်းဒကာတစ်ဦးဖြစ်ပါတယ်။ နေ့စဉ် ဆွမ်းဒကာ၊ ဆေးဒကာ၊ အဝတ်သင်္ကန်းဒကာလည်း ဟုတ်ပါတယ်။ ကောင်းမှုတွေကို ဒီလောက်လုပ်နေတဲ့ အနာထပိဏ်မှာ စီးပွားဥစ္စာတွေ ပျက်ပြားဆုံးရှုံးမှုဆိုတဲ့ မကောင်းကျိုးတွေကို ခံစားနေရပါတယ်။ အနာထပိဏ်ဟာ အခုအချိန်မှာ ကောင်းတာတွေ လုပ်နေပေမယ့် ရှေးရှေးဘဝတွေက မကောင်းမှုတွေကိုလည်း ပြုမိခဲ့ပါတယ်။ အဲဒီမကောင်းမှုတွေက အကျိုးပေးခွင့်သာလို့ အကျိုးပေးလာတဲ့အတွက် အနာထပိဏ်မှာ မကောင်းကျိုးတွေကို ခံစားရတာ ဖြစ်ပါတယ်။ မကောင်းကျိုးဆိုတာကတော့ မကောင်းကံကြောင့်ပဲ ဖြစ်ပေါ်လာတာ ဖြစ်ပါတယ်။ အခါးစေ့စိုက်ရင် အခါးပင်ပဲ ပေါက်ပါတယ်။ အခါးပင်ဆိုရင် အချိုစေ့က ပေါက်လာတာ မဟုတ်ပါဘူး။

နွား၊ ကြက်၊ ဝက်၊ ငါးစတဲ့ သတ္တဝါတွေကိုသတ်ပြီး အသက်မွေးတဲ့သူ၊ သူတစ်ပါးဥစ္စာကို မတရားနည်းနဲ့ယူပြီး အသက်မွေးတဲ့သူ၊ သူတစ်ပါးအကျိုး ပျက်ပြားအောင် လိမ်နည်းအမျိုးမျိုးနဲ့ လိမ်ညာပြီး အသက်မွေးတဲ့သူ၊ မူးယစ်ဆေးဝါး အရောင်းအဝယ်၊ လက်နက်အရောင်းအဝယ်၊ လူအရောင်းအဝယ်၊ အဆိပ်အရောင်း အဝယ်၊ အသားအရောင်းအဝယ်လုပ်ပြီး အသက်မွေးသူတွေ ကြီးပွားချမ်းသာနေကြတာကို နေရာအနှံ့အပြား ကြားသိနေရပါတယ်။ မတရားတဲ့ အသက်မွေးနေကြတဲ့လူတိုင်း ချမ်းသာကြွယ်ဝကြတာတော့ မဟုတ်ပါဘူး။ အဲဒီလူတွေဟာ အခုအချိန်မှာ မကောင်းတာတွေကို လုပ်နေပေမယ့် ရှေးရှေးဘဝ

www.dhammaransi.com



တွေက ကောင်းမှုတွေကိုလည်း ပြုခဲ့ကြပါတယ်။ အဲဒီကောင်းမှုတွေက အကျိုးပေးခွင့်သာလို့ အကျိုးပေးနေတဲ့အတွက် အဲဒီမကောင်းတဲ့သူတွေမှာ ကောင်းကျိုးတွေကို ခံစားနေရတာ ဖြစ်ပါတယ်။ ကောင်းကျိုးဆိုတာဟာ ကောင်းကံကြောင့်ပဲ ဖြစ်ပါတယ်။ အချိုစေ့စိုက်မှ အချိုပင်ပေါက်ပါတယ်။ အခါးစေ့က အချိုပင် ပေါက်လာရိုးထုံးစံ မရှိပါဘူး။

နွားမရဲ့နို့က ထွက်လာတဲ့ နို့ရည်ဟာ လက်တလော ချက်ချင်း ပကတိသဘောကို မစွန့်သေးပါဘူး၊ မပြောင်းလဲသေးပါဘူး။ နို့ရည်ခံယူတဲ့ခွက်ထဲမှာ ရက်တက်ရည်စတဲ့ အချဉ်မထည့်သေးရင် နို့ဓမ်းခွက်စတဲ့ အချဉ်ခွက်ထဲ မရောက်သေးရင် ပကတိသဘောကို မစွန့်သေးဘဲ နောက်သောအခါရောက်မှ စွန့်ပါတယ်။ ချဉ်သွားပါတယ်။ အဲဒီလိုပါပဲ၊ မကောင်းမှုဟာလည်း ပြုဆဲအချိန်မှာပဲ အကျိုးမပေးသေးပါဘူး။ အကယ်၍ မကောင်းမှု ပြုဆဲအချိန်မှာပဲ မကောင်းကျိုးပေးခဲ့ရင် မကောင်းမှုကို တစ်ယောက်မှ မလုပ်ဝံ့ရာပါ။

ပြာဖုံးလွှမ်းထားတဲ့ မီးကျီးခဲကို တက်နင်းပေမယ့် ပြာကဖုံးထားတဲ့အတွက် ချက်ချင်းမပူသေးပါဘူး။ ပြာကို ပူလောင်စေပြီးတဲ့အခါ အရေစသည်ကို လောင်မြိုက်ပါတော့တယ်။ မကောင်းမှုကံကလည်း အဲဒီအတိုင်းပါပဲ။ ဒုတိယ၊ တတိယဘဝစသည်မှာ အပါယ်လေးပါး ရောက်စေပြီး လောင်မြိုက်စေပါတော့တယ်။ ကောင်းကောင်းကြီး ဒုက္ခပေးပါတော့တယ်။

အချိုသီးစားချင်တဲ့ပုဂ္ဂိုလ်မှာ အချိုမျိုးစေ့ စိုက်ရပါမယ်။ အချိုမျိုးစေ့စိုက်မှပဲ အချိုပင်ပေါက်ပြီး အချိုသီးစားရမှာ ဖြစ်ပါတယ်။ အချိုမျိုးစေ့ကို စိုက်ပျိုးနေတဲ့သူဟာ အခုချက်ချင်း အချိုသီးမစားရသေးလို့ အားမရမဖြစ်သင့်ပါဘူး။ စိတ်မပျက်သင့်ပါဘူး။ လက်မလျှော့သင့်ပါဘူး။ အချိန်တန်ရင် အချိုပင်ဟာ အချိုသီး သီးလာမှာမို့ အချိန်ကိုတော့ စောင့်ရပါမယ်။

www.dhammaransi.com



အခါးမျိုးစေ့ စိုက်နေသူမှာ အခါးပင်ပေါက်လာပြီး အခါးသီးသာ သီးလာပါလိမ့်မယ်။ အခါးပင်က အချိုသီး သီးလာရိုးထုံးစံ မရှိပါဘူး။ အခါးမျိုးစေ့နဲ့တူတဲ့ မကောင်းမှုကို ပြုနေသူဟာလည်း အခါးသီးနဲ့တူတဲ့ မကောင်းကျိုးကို မခံစားရသေးခင် ချိုချင်ချိုနေဦးမယ်၊ ကောင်းချင် ကောင်းနေပါဦးမယ်။ မကောင်းကျိုး ပေးလာပြီဆိုရင်တော့ ခါးပြီးရင်း ခါးနေပါလိမ့်မယ်။ ဒါကြောင့် ခါးတဲ့အသီးကို စားနေရပေမယ့် အချိုမျိုးစေ့ကိုပဲ စိုက်ပျိုးရပါမယ်။ အချိုသီးကို စားနေရသူကလည်း အချိုသီးကိုပဲ ဆက်ပြီးစားနိုင်အောင် အချိုမျိုးစေ့ကိုပဲ စိုက်ပျိုးရပါမယ်။ အခါးသီးကိုကြောက်တဲ့သူဟာ အချိုသီး စားနေရသူဖြစ်စေ၊ အခါးသီး စားနေရတဲ့သူဖြစ်စေ အခါးမျိုးစေ့ကိုတော့ မစိုက်မိဖို့ လိုအပ်လှပါတယ်။

✤

www.dhammaransi.com

# ဘုရားရဲ့ စကားပြောနည်း

'မင်းသား၊ ယခုပြောမယ့်စကားကို သင်ဘယ်လိုထင်သလဲ၊ သင့်ရဲ့ ရင်ခွင်ထဲက ကလေးဟာ သင်မေ့လို့ဖြစ်စေ၊ အထိန်းတော်က မေ့လို့ ဖြစ်စေ ထင်းစ သို့မဟုတ် အိုခြမ်းကွဲကို ပါးစပ်ထဲမှာ မျိုခဲ့မယ်ဆိုရင် သင် ဘယ်လိုလုပ်မလဲ။'

ဆွဲထုတ်ပါမယ်ဘုရား။ ဆွဲထုတ်ဖို့ ကြိုးစားလို့မရရင် လက်ဝဲလက်နဲ့ ဦးခေါင်းကိုဆွဲမပြီး လက်ယာလက်နဲ့ လက်ချောင်းကို ကောက်ကွေ့ကာ သွေးထွက်စေဦးတော့ ဆွဲထုတ်ရပါမယ်ဘုရား။ အကြောင်းကတော့ ကလေးကို သနားလို့ပါပဲဘုရား။

'မင်းသား အဲဒီလိုပါပဲ၊ မမှန် အကျိုးမရှိ၊ သူတစ်ပါးမကြိုက်တဲ့ စကား၊ မှန်ပေမယ့် အကျိုးမရှိ၊ သူတစ်ပါး မကြိုက်တဲ့စကား၊ မမှန် အကျိုးမရှိ၊ သူတစ်ပါး ကြိုက်တဲ့စကား၊ မှန်တယ် အကျိုးမရှိ ဒါပေမဲ့ သူတစ်ပါးကြိုက်တဲ့စကား၊ ဒီစကား ၄ ခွန်းကို ဘုရားရှင်ပြောတော် မမူဘူး။ မှန်တယ် အကျိုးရှိတယ်၊ ဒါပေမဲ့ သူတစ်ပါး မကြိုက်တဲ့စကားကို ပြောရမယ့်အချိန်အခါကို သိပြီး ပြောတော်မူတယ်။ မှန်လည်းမှန်၊ အကျိုးလည်းရှိ၊ သူတစ်ပါးလည်းကြိုက်တဲ့စကားကိုလည်း ပြောရမယ့်အချိန်အခါကို သိပြီး ပြောတော်မူတယ်။ အကြောင်းကတော့ ဘုရားရှင်ဟာ သတ္တဝါတွေကို သနားတော်မူလို့ပဲ မင်းသား။'

(မဇ္ဈိမပဏ္ဏာသ၊ ၁ ဂဟပတိဝဂ္ဂ၊ ၈ အဘယရာဇကုမာရသုတ္တ)

'သူတစ်ပါး မကြိုက်တဲ့စကားပြောရင်လည်း ဘုရားရှင်ဟာ ပုထုဇဉ်နဲ့ မထူး၊ မပြောဘူးဆိုရင်လည်း အရှင်ဒေဝဒတ်ကို ငရဲရောက်

www.dhammaransi.com



မယုံသူ စသည်နဲ့ အရှင်ဒေဝဒတ် မကြိုက်တဲ့စကားကို ပြောခဲ့တယ်' လို့ ဘုရားရှင်ကို အပြစ်တင်ဖို့ ကြိုတင်စီစဉ်ခဲ့တဲ့ အဘယမင်းသားအား ဘုရားရှင်က အထက်စကားတွေကို မိန့်ကြားတော်မူလိုက်ပါတယ်။

သူခိုးမဟုတ်သူကို သူခိုး၊ ကျွန် မဟုတ်သူကို ကျွန်၊ အသုံးကျသူကို အသုံးမကျသူလို့ပြောရင် မမှန်၊ အကျိုးမရှိ၊ သူတစ်ပါးမကြိုက်တဲ့ စကားဖြစ်ပါတယ်။ အဲဒီလို စကားကို ဘုရားရှင်ပြောတော်မမူပါဘူး။

သူခိုးကို သူခိုး၊ ကျွန်ကို ကျွန်၊ အသုံးမကျသူကို အသုံးမကျသူလို့ ပြောရင် မှန်ပေမယ့် အကျိုးလည်းမရှိ၊ သူတစ်ပါးလည်း မကြိုက်တဲ့ စကားဖြစ်ပါတယ်။ အဲဒီလို စကားကိုလည်း ဘုရားရှင် ပြောတော်မမူပါဘူး။

'အခုဘဝ ရုပ်ဆိုးနေတာ၊ ပစ္စည်းဆင်းရဲနေတာ၊ အရှိန်အဝါနည်းတာဟာ ရှေးကကောင်းမှုမလုပ်ခဲ့လို့ဘဲ၊ အခုဘဝရောက်တော့လည်း ကောင်းမှုမလုပ်ပြန်ဘူး၊ ဒီလိုဆိုရင် နောက်ဘဝတွေမှာ အပါယ်လေးပါးက ဘယ်လိုလုပ်ပြီး လွတ်နိုင်ပါ့မလဲ' လို့ လူအများရဲ့ အကြောင်းအကျိုးကို ရှေးရှု၊ ဆုံးမသွန်သင်မှုကို ရှေးရှုပြီး ပြောရမယ့်စကား ရှိပါတယ်။ မှန်ကန် အကျိုးရှိပြီး မကြိုက်ပေမယ့် အဲဒီလိုစကားမျိုးကို လူအများရဲ့ ခံယူနိုင်မယ့် အချိန်အခါကို သိတော်မူပြီးမှသာ ဘုရားရှင်က ပြောတော်မူပါတယ်။

ငရဲသွားမယ့် အရှင်ဒေဝဒတ်ကို ငရဲသွားမယ့်သူပဲလို့ ဘုရားရှင် မိန့်တော်မူပါတယ်။ မှန်ကန် အကျိုးရှိပေမယ့် အရှင်ဒေဝဒတ်ကတော့ မကြိုက်ပါဘူး၊ ကလေးငယ်ရဲ့လည်ချောင်းထဲက ထင်းစ၊ အိုးခြမ်းကို ဆွဲထုတ်တဲ့အခါ ကလေးငယ် နာတာကို ဂရုမစိုက်နိုင်တဲ့ မိဘပမာ အရှင်ဒေဝဒတ် မကြိုက်တာကို ဘုရားရှင်က ဂရုမစိုက်နိုင်ပါဘူး၊ အကြောင်းကတော့ ဘုရားရှင်ဟာ အရှင်ဒေဝဒတ်ကို သနားတော်မူလို့ပါပဲ။

www.dhammaransi.com



ဗေဒင်အစီအရင်နဲ့ သတ္တဝါတွေရဲ့ အသက်သတ်ပြီး ယဇ်ပူဇော်မှုပြုရင် ကောင်းရာဘဝ ရောက်လိမ့်မယ်လို့ လူသားတွေ တွေဝေသွားအောင် ပြောတဲ့စကားဟာ မမှန်၊ အကျိုးမရှိပေမယ့် သူတစ်ပါးကြိုက်တဲ့စကားဖြစ်ပါတယ်။ အဲဒီလိုစကားကို ဘုရားရှင်ဟာ ပြောတော်မမူပါဘူး။

မှန်ကန်တဲ့စကားနဲ့ ချစ်ခင်နေသူနှစ်ဦးကို တစ်ဦးနဲ့တစ်ဦး ချစ်ခင်မှု ပျက်ပြားသွားအောင် ပြောကြားတဲ့စကားဟာ မှန်ကန် အကျိုးမရှိပေမယ့် သူတစ်ပါး ကြိုက်တဲ့စကားဖြစ်ပါတယ်။ အဲဒီလို စကားကို ဘုရားရှင်ဟာ ပြောတော်မမူပါဘူး။

သင့်လျော်တဲ့နေရာ၊ အချိန်အခါမှာ ဟောကြားအပ်တဲ့ ဒါနစကား၊ သီလစကား၊ ဘာဝနာစကားစတဲ့ စကားတွေက မှန်ကန် အကျိုးရှိပြီး သူတစ်ပါးကြိုက်တဲ့စကား ဖြစ်ပါတယ်။ ဒီစကားမျိုးကိုလည်း ဘုရားရှင်ဟာ အချိန်အခါကိုသိပြီး ပြောတော်မူပါတယ်။

မှန်ကန် အကျိုးရှိတဲ့စကားဖြစ်ရင် သူတစ်ပါးမကြိုက်ပေမယ့် အချိန်အခါကိုကြည့်ပြီး ပြောတတ်တဲ့ ဘုရားရှင်ရဲ့ စကားပြောနည်းဟာ မှတ်သားလိုက်နာစရာ ကောင်းလှပါတယ်။ မှန်လည်းမှန်ကန်၊ အကျိုးလည်း ရှိ၊ သူတစ်ပါးလည်းကြိုက်တဲ့စကားဖြစ်ပေမယ့်လည်း အချိန်အခါသိပြီး ပြောတတ်တဲ့ ဘုရားရှင်ရဲ့ စကားပြောနည်းဟာလည်း မှတ်သားလိုက်နာစရာ ကောင်းလှပါတယ်။

သားသမီးရှိတဲ့မိဘ၊ တပည့်ရှိတဲ့ဆရာ၊ နောက်လိုက်ရှိတဲ့ ခေါင်းဆောင်၊ အပေါင်းအသင်းများတဲ့လူစတဲ့ ပုဂ္ဂိုလ်တွေဟာ ဘုရားရှင်ရဲ့ စကားပြောနည်းကို အတုယူ ကျင့်သုံးကြရပါမယ်။ ဘုရားရှင်ရဲ့ စကားပြောနည်းအတိုင်း စကားပြောနိုင်အောင် ကြိုးစားကြရင် ကိုယ့်စကားကြောင့် ကိုယ်ရော ကိုယ်နဲ့နီးနွယ်ရာပုဂ္ဂိုလ်တွေမှာ လောကကောင်းကျိုး၊ သံသရာကောင်းကျိုး အမျိုးမျိုးတို့ တိုးပွားစည်ပင်လာကြမှာ အမှန်ပင်

www.dhammaransi.com



ဖြစ်ပါတယ်။ စကားကောင်းပြောတတ်သူ ဖြစ်လိုသူတိုင်းဟာ ဘုရားရှင်ရဲ့စကားပြောနည်းကို အတုယူကြရမှာ ဖြစ်ပါတယ်။ စကားကောင်းပြောတတ်သူ၊ စကားပြောကောင်းသူတွေထဲမှာ ဘုရားရှင်ဟာ အသာဆုံးပုဂ္ဂိုလ်ဖြစ်ပါတယ်။

www.dhammaransi.com

# အရှင်မောဂ္ဂလာန်ရဲ့ စိတ်ထား

'သာရိပုတ္တရာ၊ သင်ဟာ ဆိုင်းငံ့ဦးလော၊ သာရိပုတ္တရာ၊ သင်ဟာ ဖလသမာပတ် ဝင်စားပြီး နေခြင်းကို ဆိုင်းငံ့ဦးလော့။

'မောဂ္ဂလာန်၊ ငါဘုရားက ရဟန်းအပေါင်းကို နှင်ထုတ်လိုက်တဲ့ အခါ သင့်စိတ်မှာ ဘယ်လိုဖြစ်သလဲ'

'မြတ်စွာဘုရားက ရဟန်းအပေါင်းကို နှင်ထုတ်လိုက်ပြီ၊ မြတ်စွာ ဘုရားဟာ ယခုအခါ အခြားကိစ္စတွေကို အားမထုတ်တော့ဘဲ အလိုရှိ တိုင်း ဖလသမာပတ် ဝင်စားပြီး နေတော်မူလိုပုံရတယ်၊ ယခုအခါ ငါနဲ့ အရှင်သာရိပုတ္တရာက ရဟန်းအပေါင်းကို တာဝန်ယူဆောင်ရွက်ရ တော့မယ်လို့ တပည့်တော်မှာ အကြံဖြစ်ပါတယ်'

'သာဓု သာဓု မောဂ္ဂလာန်၊ ရဟန်းအပေါင်းကို ငါဘုရားဖြစ်စေ သာရိပုတ္တရာနဲ့ မောဂ္ဂလာန်ဖြစ်စေ တာဝန်ယူဆောင်ရွက်ရာ၏။'

(မဇ္ဈိမပဏ္ဏာသ၊ ၂ ဘိက္ခုဝဂ္ဂ၊ ၇ စာတုမသုတ္တ)

စာတုမာရွာ သို့ကြွသွားတော်မှာ မြတ်စွာဘုရား သီတင်းသုံးတော်မူ ခိုက် အရှင်သာရိပုတ္တရာ၊ အရှင်မောဂ္ဂလာန် အမှူးရှိတဲ့ ရဟန်းငါးရာ ဟာ မြတ်စွာဘုရားကို ဖူးဖို့ စာတုမာရွာကို ရောက်လာကြပါတယ်။ ဧည့်သည်ရဟန်းတွေဟာ ကျောင်းနေရဟန်းတွေနဲ့ နှုတ်ဆက်စကား ပြောကာ အိပ်ရာနေရာ ခင်းကြပြီး သပိတ်၊ သင်္ကန်းသိမ်းဆည်းရင်း အသံကျယ်လောင်စွာ စကားပြောနေကြပါတယ်။ 'အာနန္ဒာ၊ ကျယ် လောင် ကျယ်လောင်နဲ့ စကားပြောနေကြတာ ဘယ်သူတွေလဲ၊ တံငါ

www.dhammaransi.com



သည်တွေ ငါးရောင်းတဲ့နေရာမှာ အသံကျယ်ကျယ် စကားပြောကြတဲ့ ငါးဝယ်သူတွေများလား' လို့ ဘုရားရှင်က အရှင်အာနန္ဒာကို မေးလို့ အရှင်အာနန္ဒာက အရှင်သာရိပုတ္တရာ၊ အရှင်မောဂ္ဂလာန်အမှူးရှိတဲ့ ရဟန်းငါးရာဖြစ်ကြောင်း လျှောက်ထားပါတယ်။ ဘုရားရှင်က အရှင်အာနန္ဒာကို အခေါ်ခိုင်းပြီး 'ရဟန်းတို့၊ သွားကြကုန်၊ သင်တို့ကို ငါဘုရား နှင်ထုတ်တယ်၊ ငါဘုရားထံမှာ သင်တို့မနေထိုက်ဘူး' လို့ မိန့်လိုက်ပါတယ်။

'မှန်ပါဘုရား' လို့ လျှောက်ထားပြီး မြတ်စွာဘုရားကိုရှိခိုးကာ ကျောင်းအိပ်ရာ နေရာကိုသိမ်းပြီး သပိတ် သင်္ကန်းကိုယူကာ ထွက်သွားကြပါတယ်။ စာတုမာရွာက သာကီဝင်တွေက ဘုရားထံသွားပြီး 'မြတ်စွာဘုရားဟာ ရဟန်းအပေါင်းကို ဆုံးမတော်မူပါ။ ရှေးက ချီးမြှောက်ခဲ့သလို ယခုလည်း ချီးမြှောက်တော်မူပါ။ အဂ္ဂသာဝကနှစ်ပါးရဲ့ တပည့် ရဟန်းလေးတွေဟာ မကြာခင်ကမှ ရဟန်းဝတ်ခဲ့ကြပါတယ်။ သာသနာ့ဘောင် ရောက်သစ်စ ရဟန်းငယ်လေးတွေ ဖြစ်ပါတယ်။ ရေမရတဲ့ ကောက်ပင်ငယ်လေးတွေလို မိခင်ကို မမြင်တွေ့ရတဲ့ နွားသူငယ်လေးလို တစ်မျိုးတစ်ဖုံ ပြောင်းလဲသွားနိုင်ပါတယ်။ ဘုရားရှင်ကို ဖူးချင်လို့ လာကြတာဖြစ်လို့ စိတ်တစ်မျိုးတစ်ဖုံ ဖြစ်သွားနိုင်ပါတယ်၊ အကြည်ညို ပျက်သွားနိုင်ပါတယ်' လို့ လျှောက်ကြပါတယ်။

သဟမ္ပတိ ဗြဟ္မာကလည်း အဲဒီလိုပဲ လျှောက်ထားပါတယ်။ အရှင်မောဂ္ဂလာန်က အခြေအနေကို သိလို့ ရဟန်းအပေါင်းကိုခေါ်ပြီး ဘုရားထံ ပြန်သွားကြပါတယ်။ ဘုရားက အရှင်သာရိပုတ္တရာကို 'သာရိပုတ္တရာ ငါဘုရားက ရဟန်းအပေါင်းကို နှင်ထုတ်လိုက်တဲ့အခါ သင့်စိတ်မှာ ဘယ်လိုဖြစ်သလဲ' လို့ မေးတဲ့အခါ အရှင်သာရိပုတ္တရာက 'မြတ်စွာဘုရားက ရဟန်းအပေါင်းကို နှင်ထုတ်လိုက်တယ်၊ ယခုအခါ မြတ်စွာဘုရားဟာ အခြားကိစ္စတွေကို အားမထုတ်တော့ဘဲ အလိုရှိတိုင်း ဖလ

www.dhammaransi.com



သမာပတ် ဝင်စားပြီး နေတော်မူလိုပုံရတယ်။ သူတစ်ပါးတွေကို ဆုံးမတဲ့ ငါတို့ကို ကျောင်းက နှင်ထုတ်တော်မူတယ်။ ငါတို့မှာ သူတစ်ပါးတွေကို ဆုံးမလို့ ဘာအကျိုးရှိမှာလဲ။ အခု ငါတို့လည်း ဖလသမာပတ် ဝင်စားကာသာ နေကြတော့အံ့' လို့ အကြံဖြစ်ကြောင်း လျှောက်ထားလို့ အစမှာ ဖော်ပြခဲ့တဲ့အတိုင်း ဘုရားရှင်က ဟန့်တားတော်မူပါတယ်။

ဒီနေရာမှာ အရှင်သာရိပုတ္တရာဟာ အတွေးလွဲသွားပါတယ်။ သူ့ရဲ့တာဝန်ဖြစ်တာကို မသိပါဘူး။ မှန်ပါတယ်။ ဒီရဟန်းအပေါင်းဟာ အရှင်သာရိပုတ္တရာနဲ့ အရှင်မောဂ္ဂလာန်တို့ရဲ့ တာဝန်ဖြစ်ပါတယ်။ အရှင်မောဂ္ဂလာန်ကတော့ သူ့တာဝန်ကိုသိပါတယ်။ ဒါကြောင့် ဘုရားက သာဓုခေါ်တော်မူပါတယ်။

ဒီအဖြစ်အပျက်မှာ ဘုရားရှင်ရဲ့ တိတ်ဆိတ်မှု အလိုရှိတော်မူပုံဟာ ထင်ရှားလှပါတယ်။ တိတ်ဆိတ်မှုဟာ ဗုဒ္ဓသာသနာရဲ့ အသရေတစ်ခု ဖြစ်ပါတယ်။ တိတ်ဆိတ်မှုရှိတဲ့နေရာဟာ အလွန်အေးချမ်းပါတယ်။ အလွန် အသရေရှိပါတယ်။ ဘုရားအလိုတော်ကျ ပရိယတ္တိစာသင်တိုက်၊ ကမ္မဋ္ဌာန်းရိပ်သာ တည်ထောင်ကြတဲ့ပုဂ္ဂိုလ်တွေဟာ သူတို့နေရာမှာ တိတ်ဆိတ်မှုရှိအောင် ဆောင်ရွက်ကြပါတယ်။ တိတ်ဆိတ်မှုရှိတဲ့ စာသင်တိုက်၊ ကမ္မဋ္ဌာန်းတိုက်တွေ မြန်မာနိုင်ငံမှာ များများရှိလေကောင်းလေပါပဲ။

အရှင်သာရိပုတ္တရာနဲ့ အရှင်မောဂ္ဂလာန်တို့ရဲ့ စိတ်ထားထဲမှာ အရှင်မောဂ္ဂလာန်ရဲ့ စိတ်ထားဟာ ဒီနေရာမှာ သတိပြုကာ အတုယူရမှာဖြစ်ပါတယ်။ အရှင်သာရိပုတ္တရာရဲ့ ရဟန်းသံဃာအပေါ် ကြောင့်ကြမဲ့နေလိုမိတဲ့စိတ်ထားကို ဘုရားရှင် အားပေးတော်မမူတာဟာလည်း မှတ်သားစရာ ကောင်းလှပါတယ်။ ဖလသမာပတ် ဝင်စားကာ ချမ်းသာစွာနေရေးထက် ရဟန်းသံဃာကို စောင့်ရှောက်ဆောင်ရွက်ဖို့အရေးကို ဘုရားရှင် ပိုပြီးအလေးပေးတော်မူတာဟာလည်း မှတ်သားစရာ ဖြစ်ပါ

www.dhammaransi.com



တယ်။ အနာဂတ်သာသနာ့တာဝန်ကို ဆက်လက်ထမ်းဆောင်ရစ်ကြမယ့် မျိုးဆက်သစ်လေးတွေအပေါ် အလေးထားဖို့ အရေးထားဖို့ လိုအပ်ကြောင်းကို သာသနာ့ခေါင်းဆောင် အရှင်မြတ်တွေအား အရှင်မောဂ္ဂလာန်က သင်ခန်းစာ ပေးသွားပါတယ်။ အရှင်မောဂ္ဂလာန်ရဲ့ညီတော်တွေ အနာဂတ်သာသနာမှာ များများရှိလာဖို့ လိုအပ်လှပါတယ်။

✤

www.dhammaransi.com

# အမှီကောင်း

'ရဟန်း ရပ်လော့ ရပ်လော့။'

အင်္ဂုလိမာလက ရပ်ပြီး ဘုရားကိုပြောပါတယ်။

'အင်္ဂုလိမာလ ငါက ရပ်တယ်၊ သင်လည်း ရပ်လော့။'

ဘုရားက သွားရင်း အင်္ဂုလိမာလကို ပြောနေပါတယ်။

(မဇ္ဈိမပဏ္ဏာ၊ ၄ ရာဇဝဂ္ဂ၊ ၆ အင်္ဂုလိမာလသုတ္တ)

ဘုရားရှင်ရဲ့ စကားက ပဟေဠိဆန်နေပါတယ်။ လူသတ်သမားကြီး အင်္ဂုလိမာလခမျာ ဘုရားရှင်ရဲ့ ပဟေဠိဆန်တဲ့ အဲဒီစကားကို သူ နားမလည်ရှာပါဘူး။ နားလည်ချင်နေပါတယ်။ သူဟာ ဆရာ့စကားကို နားထောင်လိုက်နာလိုလို့ လူတွေကို သတ်နေခဲ့ပေမယ့် ဉာဏ်ပညာတော်သူတစ်ဦး၊ ဆရာ့အပေါ် ဝတ်ကျေသူတစ်ဦး၊ အမျိုးဇာတ်ကောင်းသူတစ်ဦး ဖြစ်ခဲ့ပါတယ်။

သွားနေတဲ့ ဒီရဟန်းက သူ့ကိုယ်သူ ရပ်နေတယ်လို့ ဆိုတယ်၊ ရပ်နေတဲ့ငါ့ကိုတော့ ရပ်ဖို့ပြောတယ်၊ အင်္ဂုလိမာလ နားမလည်နိုင်အောင် ဖြစ်နေပါတယ်။ ဒါကြောင့် ဘုရားကို မေးခွန်းမေးပါတယ်။

'အိုရဟန်း၊ သင်က ဘယ်လိုရပ်တာလဲ၊ ငါက ဘယ်လိုမရပ်တာလဲ'

'အင်္ဂုလိမာလ၊ ငါဟာ အခါခပ်သိမ်း သတ္တဝါအားလုံးအပေါ်မှာ ညှဉ်းဆဲမယ့်တုတ်ကို ဘေးဖယ်ချထားပြီး ရပ်နေတယ်။ မေတ္တာ၊ ခန္တီ၊ ဆင်ခြင်ဉာဏ်၊ မညှဉ်းဆဲမှု၊ တစ်သက်မပြတ် အမှတ်ရထိုက်တဲ့ တရားတွေမှာ ငါဟာ ရပ်တည်နေတယ်'

www.dhammaransi.com



'အင်္ဂုလိမာလ၊ သင်ဟာ သတ္တဝါအပေါ်မှာ စောင့်စည်းမှု မရှိဘူး၊ လူတွေကို ဒီလောက်သတ်နေတဲ့ သင့်မှာ မေတ္တာလည်းမရှိဘူး၊ ခန္တီလည်း မရှိဘူး၊ ဆင်ခြင်ဉာဏ်လည်း မရှိဘူး၊ မညှဉ်းဆဲမှုလည်း မရှိဘူး၊ တစ်သက်မပြတ် အမှတ်ရထိုက်တဲ့ တရားလည်း မရှိဘူး။ ဒါကြောင့် သင်ဟာ မရပ်ဘဲ ဖြစ်နေပါတယ်။'

အင်္ဂုလိမာလဟာ ဣရိယာပုထ်အားဖြင့် ရပ်နေပေမယ့် ငရဲမှာ ပြေးရလိမ့်ဦးမယ်။ တိရစ္ဆာန်၊ ပြိတ္တာ၊ အသုရကာယ်ဘုံဘဝတွေမှာ ပြေးသွားရလိမ့်ဦးမယ်လို့ ဆိုလိုပါတယ်။

အင်္ဂုလိမာလဟာ ပင်ကိုကလည်း ပညာရှိသူဖြစ်ပါတယ်။ သူ တစ်ပါးအသက်ကို သတ်လို့ သူ့စိတ်ဟာ တည်ကြည်မှုမရှိတော့ပါဘူး။ သတ်တဲ့သူတွေ များနေပေမယ့် သတ်ပြီးတဲ့လူတွေရဲ့ အရေအတွက်ကို သူမမှတ်မိပါဘူး။ သူသတ်ပြီးတဲ့လူတွေရဲ့ လက်ချောင်းကို ထားရာနေရာမှာ လက်ချောင်းတွေဟာ ပျောက်သွားကြပါတယ်။ ဒါကြောင့် လက်ချောင်းတွေကို ဖောက်ပြီး ပန်းလိုသီကုံးကာ ဝတ်ဆင်ထားပါတယ်။ ဒါကြောင့် အင်္ဂုလိမာလလို့ သူ့ကိုခေါ်ကြပါတယ်။ လက်ချောင်းပန်းကုံး ရှိသူလို့ အဓိပ္ပာယ်ရပါတယ်။

ဒီလောက် လူသတ်ခဲ့တဲ့ အင်္ဂုလိမာလဟာ ဘုရားရှင်ကိုသာ တွေ့ပြီး ဘုရားရှင်ရဲ့တရားကို မနာကြားခဲ့ရရင် သူ့မိခင်ကိုပါ သတ်မိလို့ အဝီစိငရဲကို သေချာပေါက် သွားရပါလိမ့်မယ်။ ငရဲဘဝခရီးကို သေချာပေါက် ခရီးဆက်ရပါလိမ့်မယ်။ ဣရိယာပုထ်အားဖြင့် ရပ်နေပေမယ့် အပါယ်ခရီးသွားမယ့် ခရီးသွားအနေနဲ့ ခရီးဆက်နေရပါလိမ့်မယ်။

သတ္တဝါတွေအပေါ် စောင့်စည်းမှုမရှိဘဲ သတ္တဝါတွေရဲ့အသက်ကို သတ်နေသူတိုင်းမှာ ရပ်နေသည်ဖြစ်စေ၊ သွားနေသည်ဖြစ်စေ၊ လျောင်းနေသည်ဖြစ်စေ၊ ထိုင်နေသည်ဖြစ်စေ မေတ္တာ၊ ခန္တီ၊ ဆင်ခြင်ဉာဏ်၊ မညှဉ်းဆဲမှု၊ တစ်သက် အမှတ်ရထိုက်တဲ့ တရားမရှိလို့ အပါယ်

www.dhammaransi.com



လေးပါးခရီးကို သွားမယ့်သူ ဖြစ်နေပါတယ်။ အပါယ်လေးပါးခရီးကို သွားတဲ့သူမဖြစ်အောင် သတ္တဝါတွေပေါ် စောင့်စည်းမှု ရှိရပါမယ်။ မေတ္တာရှိရပါမယ်။ ခန္တီ၊ ဆင်ခြင်ဉာဏ်ရှိရပါမယ်။ မညှဉ်းဆဲမှု ရှိရပါ မယ်။ တစ်သက်မပြတ် အမှတ်ရထိုက်တဲ့တရား ရှိရပါ မယ်။

အင်္ဂုလိမာလဟာ မိတ်ကောင်းဆွေကောင်းကို မရခဲ့လို့ ဒီလောက်များတဲ့ လူသတ်မှုတွေကို လုပ်ခဲ့ရှာပါတယ်။ မြတ်စွာဘုရားဆိုတဲ့ မိတ်ကောင်းဆွေကောင်း အမိုကောင်းကို ရလိုက်တဲ့အတွက် မမေ့မလျော့ မပေါ့မဆ တရားအားထုတ်လို့ ရဟန္တာဖြစ်သွားပါတယ်။ ရှေးက မေ့လျော့ခဲ့ပေမယ့် နောက်တော့ မဂ်ဖိုလ်ချမ်းသာကို ခံစားကာ နေပါတော့တယ်။ ဆီးနှင်း၊ မြူ၊ တိမ်၊ အသူရိန်၊ မီးခိုးဆိုတဲ့ အညစ်အကြေးတွေက လွတ်နေတဲ့ လပမာ ကိလေသာအမှောင်ထုကို ဖြိုခွင်းကာ သူ့ရဲ့ ခန္ဓာ၊ အာယတန၊ ဓာတ်လောကကို အလင်းရောင်ပေးနေပါတယ်။ ရှေးက လုပ်ခဲ့တဲ့ မကောင်းမှုတွေကို အရဟတ္တမဂ်နဲ့ ပိတ်ဆို့လိုက်ပါတယ်။

မိမိတို့ဘဝကို ဆီးနှင်း၊ မြူ၊ တိမ်၊ အသူရိန်၊ မီးခိုးဆိုတဲ့ အညစ်အကြေးတွေ ဖုံးလွှမ်းနေတဲ့ လပမာ မဖြစ်ရအောင် မိတ်ကောင်းဆွေကောင်းဟာ အရေးကြီးလှပါတယ်။ သတ္တဝါတွေအပေါ် စောင့်စည်းမှု၊ မေတ္တာ၊ ခန္တီ၊ ဆင်ခြင်ဉာဏ်၊ မညှဉ်းဆဲမှု၊ တစ်သက်အမှတ်ရထိုက်တဲ့ တရားမရှိတဲ့ အင်္ဂုလိမာလဟာ မြတ်စွာဘုရားဆိုတဲ့ မိတ်ကောင်း အမိုကောင်းကို ရလို့ သတ္တဝါတွေအပေါ် စောင့်စည်းခဲ့ပါတယ်။ မေတ္တာ ရှိလာပါတယ်။ ခန္တီ၊ ဆင်ခြင်ဉာဏ်၊ မညှဉ်းဆဲမှု၊ တစ်သက်မပြတ် အမှတ်ရထိုက်တဲ့ တရားတွေ ရှိလာပါတယ်။ သူဆွမ်းခံသွားတဲ့အခါ ခဲ၊ တုတ်၊ ကျောက်စရစ်တွေနဲ့ အပစ်ခံရလို့ ကွဲနေတဲ့ ဦးခေါင်း၊ ယိုစီးနေတဲ့သွေးရှိတဲ့ ဦးခေါင်း၊ ကွဲနေတဲ့ သပိတ်၊ စုတ်ပြဲနေတဲ့ သင်္ကန်းနဲ့ ဘုရားထံသွားတဲ့အခါ ဘုရားက သည်းခံဖို့ မိန့်ကြားတော်မူပါတယ်။

✤

www.dhammaransi.com

# အရှုံးအနိုင်

'အခြားသူကို အောင်နိုင်ခြင်းဟာ မမြင့်မြတ်၊ မိမိကိုယ်ကို အောင်နိုင်ခြင်းဟာ မြင့်မြတ်တယ်၊ မိမိကိုယ်ကို ယဉ်ကျေးအောင် ပြုလုပ်ပြီး ကိုယ်၊ နှုတ်၊ စိတ်တွေကို အမြဲစောင့်စည်းနေတဲ့သူရဲ့ အောင်နိုင်မှုကို နတ်၊ မာရ်နတ်၊ ဂန္ဓဗ္ဗ၊ ဗြဟ္မာတွေဟာ ရှုံးသွားအောင် မပြုလုပ်နိုင်ကြပါ။'

(ဓမ္မပဒအဋ္ဌကထာ၊ သဟဿဝဂ်၊ ၄ အနတ္ထပုစ္ဆက ဗြာဟ္မဏဝတ္ထု)

ဒီစကားကို မြတ်စွာဘုရားက ကြွေအံကစားတဲ့ ပုဏ္ဏားတစ်ယောက်ကို ဟောတော်မူခဲ့ပါတယ်။ လောကကြီးမှာ အင်အားကြီးတဲ့သူတွေက အင်အားနည်းတဲ့သူတွေကို အနိုင်ယူနေကြပါတယ်။ လက်နက်အင်အားကြီးမားတဲ့နိုင်ငံတွေက လက်နက်အင်အား နည်းပါးတဲ့နိုင်ငံတွေကို အနိုင်ကျင့် ဗိုလ်လုပ်ကြတယ်။ ဓနအင်အား ကြီးမားတဲ့နိုင်ငံတွေက ဓနအင်အားနည်းပါးတဲ့ နိုင်ငံတွေကို အနိုင်ကျင့်ဗိုလ်လုပ်ကြတယ်။ ဖွံ့ဖြိုးပြီး အင်အားကြီးတဲ့ နိုင်ငံတွေက မဖွံ့ဖြိုးသေးလို့ အင်အားသေးနေတဲ့ နိုင်ငံတွေအပေါ် နည်းအမျိုးမျိုးနဲ့ အနိုင်ကျင့်ကြတယ်၊ ဗိုလ်လုပ်ကြတယ်၊ အမြတ်ထုတ်ကြတယ်၊ နိုင်ငံအချင်းချင်း အနိုင်ကျင့် ဗိုလ်လုပ်ကြသလို လူအချင်းချင်းလည်း အနိုင်ကျင့် ဗိုလ်လုပ်ကြပါတယ်။

ဒီလို သူတစ်ပါးအပေါ် အနိုင်ကျင့် ဗိုလ်လုပ်ပြီး အနိုင်ရတာမျိုးဟာ မမြတ်ပါဘူး။ 'မှန်ကင်း တစ်လှည့်၊ ထင်း တစ်လှည့်'၊ 'ပုံလုံ တစ်လှည့်၊ ငါးမြွေ တစ်လှည့်'၊ 'သစ်ငုပ်နိမ့်တုံ မြက် မြင့်တုံ' ဆိုတာတွေလို နိမ့်ချီမြင့်ချီနဲ့ ပြောင်းလဲသွားတတ်တဲ့ အနိုင်ရတာမျိုး ဖြစ်ပါတယ်။ ပြန်လည်ရှုံးနိုင်တဲ့ အောင်နိုင်မှုမျိုးဖြစ်ပါတယ်။ ထာဝရ အောင်နိုင်တဲ့

www.dhammaransi.com



အောင်နိုင်မှုမျိုး မဟုတ်သေးပါဘူး။ ပြန်လည်ရှုံးနိုင်တဲ့ အောင်နိုင်မှုမျိုးဟာ မကောင်းပါဘူး။ သူတစ်ပါးအပေါ် အနိုင်ယူရတာဟာ ရန်ပွားစေပါတယ်။ ရှုံးသွားသူမှာလည်း ဆင်းရဲဒုက္ခရောက်ရပါတယ်။ ဒါကြောင့် မြတ်စွာဘုရားက သူတစ်ပါးတွေအပေါ်မှာ အနိုင်ယူဖို့ထက် ကိုယ့်ကိုယ်ကို အနိုင်ယူဖို့ ဆုံးမတော်မူထားပါတယ်။

ရှေ့တန်းစစ်မျက်နှာမှာ ရန်သူစစ်သား တစ်သန်းကို အောင်နိုင်သူထက် မိမိကိုယ်တွင်းက ကိလေသာရန်သူတွေကို တရားရှုမှတ်မှုနဲ့ အောင်နိုင်သူက သာလွန်မြင့်မြတ်ကြောင်းကိုလည်း မြတ်စွာဘုရားက မိန့်ကြားထားတော်မူပါတယ်။ သတ္တဝါတွေက သူတစ်ပါးကို အောင်နိုင်ဖို့သာ လုံးပန်းနေကြပါတယ်။ ကိုယ့်ကိုယ်ကိုအောင်နိုင်အောင် ကြိုးစားဖို့တော့ မေ့နေကြပါတယ်။ မေ့ထားကြပါတယ်။ အရေးမထားကြပါဘူး။ အပြင်ရန်သူထက် အတွင်းက ကိလေသာရန်သူက ပိုပြီးကြောက်စရာကောင်းပါတယ်။ ပိုပြီး ဒုက္ခပေးပါတယ်။ အပြင်ရန်သူက ဒုက္ခပေးရင် တစ်ဘဝပဲ အစွမ်းကုန်ပေးနိုင်ပါတယ်။ အတွင်းရန်သူကတော့ ဘဝအဆက်ဆက် ဒုက္ခပေးခဲ့ပါတယ်။ ယခုဘဝမှာလည်း ပေးနေပါတယ်။ နောက်ဘဝတွေမှာလည်း ပေးပါလိမ့်မယ်။ ဒါကြောင့် မြတ်စွာဘုရားက ကိလေသာအတွင်းရန်သူတွေကို နှိမ်နင်းဖို့၊ အနိုင်ယူဖို့ မိန့်တော်မူထားပါတယ်။

သတ္တဝါတွေမှာ ဆင်းရဲဒုက္ခအမျိုးမျိုးတွေ ရောက်နေကြပါတယ်။ ဒုက္ခဖန်တီးရှင်ကို ရှာကြည့်တဲ့အခါ ကိလေသာတွေအပေါ်မှာသာ မဲကျပါတယ်။ ကိလေသာတွေကိုသာ လက်ညှိုးထိုးကြပါတယ်။ ဒုက္ခဖန်တီးရှင် ကိလေသာတွေကို မနှိမ်နင်းနိုင်သမျှ သုခနဲ့ အိုးစားကွဲနေရပါလိမ့်မယ်။ ဒုက္ခနဲ့သာ ညားနေရပါလိမ့်မယ်။ ဒုက္ခနဲ့ သေခန်းပြတ်ချင်ရင်တော့ ကိလေသာတွေကို အပြတ်နှိမ်နင်းရပါလိမ့်မယ်။ သုခနဲ့ မဟာမိတ် ဖြစ်နေချင်ရင်တော့ ကိလေသာတွေနဲ့ ကင်းကင်းရှင်းရှင်း နေရပါ

www.dhammaransi.com



လိမ့်မယ်။ ကိလေသာတွေနဲ့ ရှုပ်ရှုပ်ယှက်ယှက် နေနေရင်တော့ ဒုက္ခတွေ ဗရပွေ ဖြစ်နေပါလိမ့်မယ်။ ဒုက္ခတွေနဲ့ နပန်းလုံးနေကြပါလိမ့်မယ်။ အရှုးမီးဝိုင်းပမာ ဒုက္ခတွေဝိုင်းအုံနေပါလိမ့်မယ်။

သူခကို ချစ်ရင် ကိလေသာတွေကို ရက်စက်ရပါလိမ့်မယ်။ အနိုင်ယူရပါလိမ့်မယ်။ ကိလေသာတွေကို ရက်စက်ပြီး အနိုင်ယူလေလေ သုခတွေက ကိုယ့်ကိုချစ်လာလေလေ ဖြစ်ပါလိမ့်မယ်။ ကိလေသာတွေကို ရက်စက်ပြီး အနိုင်ယူသူကိုမှ သုခတွေက ချစ်ကြပါတယ်။ ကိလေသာတွေကို ရှုံးနိမ့်သူတွေကိုတော့ သုခတွေက မုန်းကြပါတယ်။ ကိုယ့်ကိုယ်ကို အောင်နိုင်သူကို သုခတွေက လက်ကမ်းကြိုဆိုကြပါတယ်။ ကိုယ့်ကိုယ်ကို အောင်နိုင်သူဟာ အရာရာမှာ အောင်နိုင်သူ ဖြစ်လာပါလိမ့်မယ်။ အရာရာမှာ အောင်မြင်သူ ဖြစ်လာပါလိမ့်မယ်။ လောကမှာ ကိုယ့်ကိုယ်ကို အရှုံးပေးသူဟာ ဒုက္ခအမျိုးမျိုးတွေကို တွေ့ကြုံခံစားနေရပါတယ်။ ဒုက္ခနဲ့ လက်တွဲဖြုတ်ချင်ရင်တော့ ကိုယ့်ကိုယ်ကို အရှုံးမပေးကြဖို့ လိုအပ်လှပါတယ်။ ကိုယ့်ကိုယ်ကို အောင်နိုင်အောင် ကြိုးစားကြရပါမယ်။

www.dhammaransi.com

# အရှက် အကြောက်

'ရဟန်းတို့၊ သင်တို့ဟာ ယောက္ခမအိမ်သို့ ရောက်သစ်စ ချွေးမလေးရဲ့ စိတ်ထားနဲ့တူတဲ့ စိတ်ထားနဲ့ နေကုန်အံ့ လို့ သဘောထားကာ ကျင့်ဆောင်ထိုက်တယ်'

(အင်္ဂုတ္တရနိကာယပါဠိ၊ စတုက္က၊ ၃ ပဏ္ဏာ၊ ၃ အပဏ္ဏကဝဂ်။ ၃ သပ္ပုရိသသုတ္တ)

မြတ်စွာဘုရားရဲ့ ဒီစကားလေးကို ရဟန်းတွေသာ လိုက်နာကျင့်သုံးသင့်တာ မဟုတ်ပါဘူး။ လူဝတ်ကြောင်တွေလည်း လိုက်နာကျင့်သုံးသင့်ပါတယ်။ ယောက္ခမအိမ်သို့ စတင်ရောက်တဲ့နေ့မှာ ချွေးမလေးရဲ့စိတ်ဟာ ယောက္ခမယောက်ျား၊ ယောက္ခမမိန်းမ၊ လင်ယောက်ျားအပေါ်မှာ အရှက် အကြောက်အားကြီးလျက် ရှိနေပါတယ်။ အောက်ထစ်ဆုံးအားဖြင့် ယောက္ခမအိမ်က အလုပ်သမားတွေအပေါ်မှာတောင် အရှက် အကြောက်အားကြီးလျက် တည်ရှိနေပါတယ်။ ယောက္ခမအိမ်မှာ အနေကြာလာတဲ့အခါ ယောက္ခမယောက်ျား၊ ယောက္ခမမိန်းမ၊ လင်ယောက်ျားကို 'ဖယ်ကြစမ်း၊ သင်တို့က ဘာသိလို့လဲ' လို့ မရိုမသေပြောဆိုဆက်ဆံလာပါတယ်။ သာသနာဘောင်ရောက်သစ်စ ပုဂ္ဂိုလ်ဟာလည်း သာသနာတော်ရောက်စမှာ သီတင်းသုံးဖော်တွေအပေါ် ဒကာဒကာမတွေအပေါ် အရှက် အကြောက်အားကြီးလျက် ရှိနေပါတယ်။ အောက်ထစ်ဆုံးအားဖြင့် ကျောင်းမှာရှိတဲ့ ကိုရင်၊ ကျောင်းသား ကပ္ပိယကာရကတွေအပေါ်မှာတောင် အရှက်၊ အကြောက်အားကြီးလျက် ရှိနေပါတယ်။ သာသနာတော်မှာ အနေကြာလာတဲ့အခါ ဆရာသမားတွေကိုတောင် 'ဖယ်ကြစမ်းပါ၊ သင်တို့က ဘာသိကြလို့လဲ' လို့ မရိုမသေ

www.dhammaransi.com



ပြောဆိုဆက်ဆံလာပါတယ်။ ဒါကြောင့် မြတ်စွာဘုရားက အထက်ပါ စကားလေးနဲ့ ရဟန်းတွေအား ဆုံးမထားပါတယ်။

မကောင်းတဲ့အလုပ်ကို လုပ်ရမှာ ရှက်ဖို့၊ မကောင်းတဲ့စကားကို ပြောရမှာ ရှက်ဖို့၊ မကောင်းတဲ့စိတ်ထား ထားရှိမှာ ရှက်ဖို့ မြတ်စွာဘုရားက ဆုံးမတော်မူထားပါတယ်။ မကောင်းတဲ့အလုပ် လုပ်လို့၊ မကောင်းတဲ့စကား ပြောလို့၊ မကောင်းတဲ့စိတ်ထား ထားရှိလို့ ရရှိလာမယ့် မကောင်းတဲ့အကျိုးတွေကို ကြောက်ဖို့လည်း ဆုံးမတော်မူထားပါတယ်။ ဒီအရှက်နဲ့ အကြောက်ဆိုတဲ့ တရားနှစ်ပါးက လူသားတွေကို တိရစ္ဆာန်တွေလို ဖြစ်မသွားအောင် ထိန်းထားပါတယ်။ ခွေး၊ နွား၊ ကြက်စတဲ့ တိရစ္ဆာန်တွေဟာ အမေ၊ အဒေါ်၊ အစ်မ၊ နှမစတာတွေ အပေါ်မှာလည်း အရှက် အကြောက်မရှိဘဲ ပြုမူဆက်ဆံကြပါတယ်။ မှောက်မှောက်မှားမှားတွေ ပြုလုပ်ကြပါတယ်။ လူသားတွေမှာလည်း အရှက် အကြောက်သာ မရှိရင် အမေ၊ အဒေါ်၊ အစ်မ၊ နှမစတဲ့သူတွေ အပေါ်မှာ တိရစ္ဆာန်တွေလိုပဲ ပြုမူဆက်ဆံကြပါလိမ့်မယ်။ မှောက်မှောက်မှားမှားတွေ ပြုလုပ်ကြပါလိမ့်မယ်။

အရှက် အကြောက် တရားနှစ်ပါးသာ မရှိခဲ့ရင် လူ့လောကကြီးဟာ တိရစ္ဆာန်လောကကြီးလို ဖြစ်သွားပါလိမ့်မယ်။ အရိုင်းလောကကြီးဆီကို ရောက်သွားပါလိမ့်မယ်။ အရှက် အကြောက်ဆိုတဲ့ အဖြူတရားနှစ်ပါး ကင်းသွားရင် လူ့လောကကြီးဟာ အမှောင်လောကကြီး ဖြစ်သွားပါလိမ့်မယ်။ မရှက်မှု၊ မကြောက်မှုဆိုတဲ့ အမှောင်တွေ ကိုယ့်မြန်မာနိုင်ငံမှာ မစိုးမိုး၊ မခြယ်လှယ်လာဖို့ အရေးကြီးပါတယ်။ ဗုဒ္ဓသာသနာဝင်တွေ အများစုနေထိုင်ရာဖြစ်တဲ့ မြန်မာနိုင်ငံမှာ အရှက်အကြောက်တွေ ကင်းမဲ့လာရင် ဗုဒ္ဓယဉ်ကျေးမှု၊ မြန်မာယဉ်ကျေးမှုတွေ ကင်းပျောက်ကုန်ပါလိမ့်မယ်။

အရှက် အကြောက်ဆိုတဲ့ အဖြူတရားနှစ်ပါးဟာ မြန်မာနိုင်ငံကို အလှပိုစေပါတယ်။ မြန်မာနိုင်ငံဟာ အရှက် အကြောက်ဆိုတဲ့ အဖြူ

www.dhammaransi.com



တရားနှစ်ပါး ကင်းမဲ့သွားရင် အကျည်းတန် အရုပ်ဆိုးသွားပါလိမ့်မယ်။ သဘာဝအားဖြင့် လှပနေတဲ့ မြန်မာနိုင်ငံကို အရှက် အကြောက်ဆိုတဲ့ အဖြူတရားနှစ်ပါးက အလှပေါ် အယဉ်ဆင့်ဆိုသလို တင့်သည်ထက် တင့်စေပါတယ်။ ဒီအဖြူတရားနှစ်ပါးကို မြန်မာနိုင်ငံက ရှင်ရဟန်းတွေလည်း ပိုင်ဆိုင်ထားရပါမယ်။ လူကြီးတွေလည်း ပိုင်ဆိုင်ထားရပါမယ်။ လူလတ်တွေလည်း ပိုင်ဆိုင်ထားရပါမယ်။ လူငယ်တွေလည်း ပိုင်ဆိုင်ထားရပါမယ်။ အမျိုးသားတွေရော အမျိုးသမီးတွေပါ ပိုင်ဆိုင်ထားကြရပါမယ်။

မြန်မာနိုင်ငံသူ၊ နိုင်ငံသားတိုင်း ယောက္ခမအိမ်ရောက်စ ချွေးမလေးလို စိတ်ထားနိုင်ကြရင် 'မြန်မာနိုင်ငံဟာ ကမ္ဘာမှာ အလှပဆုံးနိုင်ငံလေးပါ' လို့ ပြောဆိုလာကြပါလိမ့်မယ်။ မြန်မာနိုင်ငံသူ နိုင်ငံသားတွေဟာ ယောက္ခမအိမ်မှာ ရောက်တာကြာလာလို၊ ယောက္ခမတွေနဲ့ လင်အပေါ် မရိုမသေ ပြောဆိုလာတဲ့ ချွေးမလို ဖြစ်လာကြပြီဆိုရင်တော့ မြန်မာနိုင်ငံဟာ အကျည်းတန်နိုင်ငံတွေထဲမှာ ပါဝင်သွားပါလိမ့်မယ်။ အမှောင်လွှမ်းတဲ့နိုင်ငံ ဖြစ်သွားပါလိမ့်မယ်။ အကျည်းတန်တဲ့ နိုင်ငံတွေထဲမှာ မြန်မာနိုင်ငံ ပါမသွားဖို့ အရေးကြီးလှပါတယ်။ အမှောင်လွှမ်းတဲ့နိုင်ငံတွေထဲမှာ မြန်မာနိုင်ငံ ပါမသွားဖို့ အရေးကြီးလှပါတယ်။

အကျည်းတန်နိုင်ငံတွေထဲမှာ မြန်မာနိုင်ငံ ပါသွားအောင် ကယ်တင်နိုင်တာဟာ ဒီအရှက် အကြောက်တရားနှစ်ပါးပဲ ရှိပါတယ်။ အမှောင်လွှမ်းတဲ့နိုင်ငံတွေထဲမှာ မြန်မာနိုင်ငံ ပါမသွားအောင် ကယ်တင်နိုင်တာဟာလည်း ဒီအရှက် အကြောက်ဆိုတဲ့ အဖြူတရားနှစ်ပါးပဲ ရှိပါတယ်။ ဒီအဖြူတရားနှစ်ပါး မြန်မာနိုင်ငံမှာ တည်ရှိနေသမျှ မြန်မာနိုင်ငံဟာ လှပနေမှာပါပဲ။ အလှအပ ဆိတ်သုဉ်းသွားတဲ့ မြန်မာနိုင်ငံ ဖြစ်မသွားအောင် မြန်မာနိုင်ငံသူ နိုင်ငံသားတိုင်းမှာ တာဝန်ရှိပါတယ်။

www.dhammaransi.com

# လူတိုင်းဖြေရမယ့် စာမေးပွဲ

'စစ်မြေပြင်က ဆင်ပြောင်ကြီးဟာ အရပ်လေးမျက်နှာက ပစ်ခတ်လာတဲ့ လေး မြှားစတဲ့ လက်နက်တွေကို သည်းခံသလို ငါဘုရားဟာ လူတွေရဲ့ မဟုတ်မမှန် လုပ်ကြံစွပ်စွဲ ပြောဆိုလာတဲ့စကားတွေကို သည်းခံမယ်၊ ဟုတ်တယ်၊ လောကီလူသားအများဟာ သူတို့ကြိုက်သလို ထိခိုက်ပြော ဆိုတတ်ကြတယ်။ သူတစ်ပါးတို့ လွန်ကျူးပြောဆိုလာတဲ့ စကားတွေကို သည်းခံတဲ့သူဟာ လူတွေထဲမှာ ယဉ်ကျေးမြင့်မြတ်သူပဲ။'

(ဓမ္မပဒအဋ္ဌကထာ၊ နာဂဝဂ္ဂ၊ ၁ အတ္တဒန္တဝတ္ထု)

ဒီစကားကို မြတ်စွာဘုရားက အရှင်အာနန္ဒာအား မိန့်ကြားတော် မူခဲ့ပါတယ်။ မာဂဏ္ဍီက ဘုရားအား သူ့လူတွေကို ဆဲနည်း ၁၀ မျိုးနဲ့ အဆဲခိုင်းပါတယ်။ 'အရှင်ဂေါတမ သင်ဟာ သူခိုးပဲ၊ လူမိုက်ပဲ၊ လူနုံ လူအပဲ၊ ကုလားအုတ်ပဲ၊ နွားပဲ၊ မြည်းပဲ၊ ငရဲသွားမယ့်သူပဲ၊ တိရစ္ဆာန်ပဲ။ သင့်မှာကောင်းတဲ့ဘဝမရှိ၊ မကောင်းတဲ့ဘဝသာ ရှိတယ်' လို့ ဆဲရေး ကြပါတယ်။ အဲဒီအခါ အရှင်အာနန္ဒာက ဘုရားအား အခြားမြို့တွေကို သွားဖို့အကြောင်းလျှောက်ထားလို့ ဘုရားက အရှင်အာနန္ဒာအား အထက် ပါစကားကို မိန့်ကြားတော်မူပါတယ်။

လူ့လောကကြီးထဲမှာ နေရတော့ လူအမျိုးမျိုးကို တွေ့ကြရပါ တယ်။ ဘုရားရှင်တောင်မှ နှုတ်မစောင့်သူ၊ အပြောကြမ်းသူ၊ အပြော ရက်စက်သူ၊ အပြောရိုင်းသူတွေကို တွေ့ရသေးလေတော့ အခြားသူတွေ အဖို့ ပြောဖို့မလိုတော့ဘူးပေါ့။ သည်းမခံချင်စရာ စကား၊ သည်းမခံနိုင် စရာ စကားတွေကို ကြားလာရတဲ့အခါ ဘုရားရှင်ရဲ့ အထက်ပါစိတ်

www.dhammaransi.com



ထား၊ ဘုရားရှင်ရဲ့ အထက်ပါစကားတွေကို တွေးကြည့်လေ အားရ ကျေနပ်ဖွယ်ကောင်းလေ ဖြစ်နေတာကို တွေ့ရှိရပါတယ်။ ဘုရားရှင်ရဲ့ သည်းခံနိုင်မှုစွမ်းအားကတော့ အထွတ်အထိပ်ပါပဲ။ ဘယ်သူမှ လိုက် မမီနိုင်ပါဘူး။ ဘုရားအလောင်းတော် ဘဝတွေတုန်းက သည်းခံနိုင်မှု စွမ်းအားတွေ စုစည်းတော်မူခဲ့ပါတယ်။

ဘုရားအလောင်းဟာ သည်းမခံချင်စရာ သည်းမခံနိုင်စရာ စကား တွေကို ဘဝပေါင်းများစွာမှာ အခါပေါင်းများစွာ ကြားခဲ့ရပါတယ်။ သည်းမခံချင်စရာ၊ သည်းမခံနိုင်စရာ အပြုအမူတွေကိုလည်း ဘဝပေါင်း များစွာမှာ အခါပေါင်းများစွာ တွေ့ကြုံခဲ့ရပါတယ်။ ဘုရားအလောင်း တော်ဟာ သည်းမခံချင်စရာစကား၊ သည်းမခံချင်စရာ အတွေ့အကြုံတွေကို သည်းခံနိုင်အောင် လေ့ကျင့်ခဲ့ပါတယ်။ ခန္တီစာမေးပွဲတွေကို အကြိမ် ကြိမ် ဖြေခဲ့ရပါတယ်။ အောင်မြင်ခဲ့ပါတယ်။ အောင်မြင်ဖို့ အခက်ခဲဆုံး ဖြစ်တဲ့ ခန္တီစာမေးပွဲတွေကိုတောင် အောင်မြင်တော်မူခဲ့တဲ့ ဘုရားရှင် အတွက် မာဂဏ္ဍီ စမ်းသပ်တဲ့ ခန္တီစာမေးပွဲလောက်ကတော့ အသေး အမွှားလေး ဖြစ်နေပါတယ်။

စာရှုသူရော စာရေးသူပါ ခန္တီစာမေးပွဲလေးတွေ အခါခါ ဖြေဖူး ပါတယ်။ ကျရှုံးတဲ့အခါရှိသလို အောင်မြင်တဲ့အခါလည်း ရှိခဲ့ပါတယ်။ စာရှုသူရော စာရေးသူပါ ဆက်လက်ဖြေဆိုရဦးမယ့် ခန္တီစာမေးပွဲတွေ ရှိနေပါသေးတယ်။ စာရှုသူကိုရော စာရေးသူကိုပါ ကြိုဆိုနေတဲ့ ခန္တီ စာမေးပွဲတွေ ရှိနေပါတယ်။ အဲဒီစာမေးပွဲတွေမှာလည်း ကျတဲ့အခါ ကျ၊ အောင်တဲ့အခါ အောင်တာတွေ ရှိနေပါလိမ့်ဦးမယ်။ အကျနည်းပြီး အအောင် များလာအောင် ကြိုးစားကြရပါမယ်။ ခွဲနဲ့ကြိုးစားရင် အကျ မရှိ၊ အအောင်ချည်းပဲ ဖြစ်လာပါလိမ့်မယ်။ ဘုရားအလောင်းတော်ဟာ လည်း ဒီလိုပဲ ကြိုးစားလာခဲ့ရတာပါပဲ။ ဘုရားအလောင်းတော်လည်း ခန္တီအရည်အသွေး အားမကောင်းသေးခင်ကတော့ ကျရှုံးတာတွေ ရှိခဲ့ပါ

www.dhammaransi.com



လိမ့်မယ်။ ခန္တီအရည်အသွေး အားကောင်းလာတဲ့အခါ အနိုင်များလာရာက အနိုင်ချည်းဖြစ်လာခဲ့ရတာ ဖြစ်ပါတယ်။

စာရှုသူရော စာရေးသူပါ ခန္တီအရည်အသွေး အားကောင်းအောင် ကြိုးစားလေ့ကျင့်ရပါမယ်။ ခန္တီအရည်အသွေး အားကောင်းလာရင် အားကောင်းလာသလောက် အနိုင်များလာပါမယ်။ အအောင်များလာပါမယ်။ အနိုင်များ၊ အအောင်များလာရင် နောက်ဆုံးမှာ အနိုင်ချည်း အအောင်ချည်း ဖြစ်လာပါလိမ့်မယ်။ ဒေါသဖြစ်လာတဲ့အခါ သတိ၊ ပညာနဲ့ပယ်ရှားရပါတယ်။ ဒေါသကို သတိ၊ ပညာနဲ့ ဖယ်ရှားနိုင်ရင် ဖယ်ရှားနိုင်သလောက် ခန္တီအရည်အသွေးဟာ တက်လာပါတယ်။ ခန္တီအရည်အသွေးကို သတိ ပညာနဲ့ သွေးပေးရပါတယ်။ သတိ ပညာ အားကောင်းလာသည်နဲ့အမျှ ခန္တီအရည်အသွေးဟာ တက်လာစမြဲပါပဲ။

ဘုရားအလောင်းတော်ဟာလည်း ခန္တီအရည်အသွေးကို သတိ ပညာနဲ့ပဲ သွေးခဲ့ရတာပါပဲ။ သတိ ပညာနဲ့ တည်ဆောက်ထားတဲ့ ခန္တီအရည်အသွေးကမှ တာရှည်ခံပါတယ်။ သတိ ပညာတရား အားကောင်းလာရင် ခန္တီတရားလည်း အလိုလိုအားကောင်းလာပါတယ်။ ဘုရားရှင်ရဲ့ သတိ ပညာက အထွတ်အထိပ် သတိ ပညာမို့ ခန္တီကလည်း အထွတ်အထိပ်ဖြစ်လာတာပါပဲ။ စာရှုသူမှာရော စာရေးသူမှာပါ ရှိနေတဲ့ ခန္တီအရည်အသွေးလေးတွေကို သတိ ပညာနဲ့ မြှင့်တင်ပေးရပါမယ်။ ခန္တီအင်အားကောင်းသူတွေသာ အများအကျိုး သယ်ပိုးရာမှာ အောင်မြင်မှု ရနိုင်ကြပါတယ်။ ကိုယ့်အကျိုးလည်း အောင်မြင်နိုင်ကြပါတယ်။

www.dhammaransi.com

# ဘုရားနဲ့ တရား

'ပွင့်ပြီး ပွင့်ဆဲ ပွင့်လတ္တံ့တဲ့ ဘုရားရှင်တွေဟာ တရားကို အလေးပြုကြတယ်။ တရားကို အလေးပြုကြတာဟာ ဘုရားရှင်တွေရဲ့ ဓမ္မတာပဲ။ ဒါကြောင့် ကိုယ့်အကျိုးစီးပွားကို လိုလားပြီး တိုးတက်ကြီးပွားလိုသူဟာ ဘုရားရှင်တွေရဲ့ အဆုံးအမကို အောက်မေ့အမှတ်ရကာ သူတော်ကောင်းတရားကို အလေးပြုရတယ်။'

(အင်္ဂုတ္တရနိကာယ၊ စတုက္က၊ ၁ ပဏ္ဏာ၊ ၃ ဥရုဝေလဝဂ်၊
၁ ပဌမဥရုဝေလသုတ်)

ဘုရားရှင်ဟာ ဘုရားဖြစ်ပြီး ဥရုဝေလတော နေရဉ္ဇရာမြစ်ကမ်းဘေးရှိ အဇပါလ ပညောင်ပင်အောက်မှာ သီတင်းသုံးတော်မူခဲ့စဉ်က 'အလေးပြုစရာ၊ မှီခိုစရာ မရှိသူဟာ ဆင်းရဲစွာနေရတယ်။ ငါဟာ ဘယ်လိုသမဏ၊ ဗြာဟ္မဏကို အလေးပြုပြီး မှီခိုပြီး နေရပါ့မလဲ' လို့ ကြံတော်မူခဲ့ပါတယ်။ ဘုရားရှင်ဟာ သူ့ထက် သီလ၊ သမာဓိ၊ ပညာ၊ ဝိမုတ္တိ (အရဟတ္တဖိုလ်) အားဖြင့် သာလွန်တဲ့သူကို လောကကြီးထဲမှာ တွေ့တော်မမူလို့ သူအလေးပြု၊ မှီခိုရမယ့်သူတစ်ယောက်မှ မရှိတာကို တွေ့ရပါတယ်။ ဒါကြောင့် သူ ထိုးထွင်းသိမြင်ထားတဲ့ လောကုတ္တရာတရား ၉ ပါးကိုပဲ အလေးပြုပြီး၊ အမှီပြုပြီးနေမယ်လို့ အကြံဖြစ်တော်မူခဲ့ပါတယ်။

ဘုရားရှင်ဟာ တရားနာပရိသတ်တွေကို တရားဟောတော်မူလို့ တရားနာပရိသတ်က သာဓုခေါ်တဲ့အချိန်လေးအတွင်းမှာ ဖလသမာပတ်ဝင်စားကာ နိဗ္ဗာန်ကို အာရုံပြုတော်မူလိုက်ပါသေးတယ်။ တစ်နေ့မှာ

www.dhammaransi.com



ဖလသမာပတ်ဝင်စားတဲ့ အကြိမ်ပေါင်း (နိဗ္ဗာန်ကို အာရုံပြုနေတဲ့ အကြိမ်ပေါင်း) ကုဋေ ၁ သန်း၊ ၂ သိန်း အကြိမ်ရှိပါသတဲ့။ ဒါဟာ ဘုရားရှင်ရဲ့ တရားအလေးပြုပုံအတွက် ထင်ရှားတဲ့ သာဓကတစ်ခုပါပဲ။

ခြင်္သေ့ဟာ သားကောင်ကို ဖမ်းရင် မထိမဲ့မြင် မဖမ်းပါဘူး။ လွဲချော်သွားတာ လွတ်သွားတာရယ်လို့လည်း မရှိပါဘူး။ ဆင်၊ ကျွဲ၊ နွား၊ ကျားသစ်လို သားကောင်ကြီးတွေကို ဖမ်းတဲ့အခါ ပေါ့ပေါ့ဆဆ မဖမ်းသလို ယုန်၊ ကြောင်တို့လို သတ္တဝါလေးတွေကို ဖမ်းရာမှာလည်း ပေါ့ပေါ့ဆဆ မဖမ်းပါဘူး။ လွတ်သွားတဲ့ သားကောင်ရယ်လို့ မရှိပါဘူး။ တစ်ကောင်မှ မလွတ်ရအောင် ဂရုတစိုက် ဖမ်းပါတယ်။ ဘာကြောင့်လဲ ဆိုတော့ ခြင်္သေ့ဟာ သူ့ရဲ့ကြိုးစားမှုအားကို လျော့မသွားစေချင်ပါဘူး။ ဒါကြောင့်ပါပဲ။

ဘုရားရှင်ဟာလည်း ရဟန်း၊ ရဟန်းမ၊ ဒကာ၊ ဒကာမတွေကို တရားဟောရာမှာ လေးလေးစားစားပဲ ဟောတော်မူပါတယ်။ မလေးမစား ဟောတော်မမူပါဘူး။ သူတောင်းစား မုဆိုးတို့လို ပုထုဇဉ်တွေကို တောင်မှ လေးလေးစားစား ဟောတော်မူပါတယ်။ ဘာကြောင့်လဲ၊ ဘုရားရှင်ဟာ တရားကို အလေးပြုတော်မူလို့ပါပဲ။ လေးစားတော်မူလို့ပါပဲ။ ဒါဟာလည်း ဘုရားရှင်ရဲ့ တရားအလေးပြုပုံအတွက် ထင်ရှားတဲ့ သာဓကတစ်ခုပါပဲ။

လောကမှာ အသိဉာဏ်ကြီးလေလေ တရားကို အလေးပြုလေလေပါပဲ။ အကြီးကျယ်ဆုံး သဗ္ဗညုတဉာဏ်တော်ကို ပိုင်ဆိုင်ထားတဲ့ ဘုရားရှင်တွေဟာ တရားရဲ့တန်ဖိုးကို အသိဆုံးဖြစ်လို့ တရားကို အလေးပြုတော်မူကြတာပါပဲ။ လောကမှာ သတ္တဝါတွေဟာ မိမိရဲ့ဘဝကို ကြီးကျယ်မြင့်မြတ်တဲ့ အဆင့်မြင့်သို့ရောက်စေချင်ရင် တရားကို ချစ်ကြရပါမယ်။ တရားကို အလေးပြုကြရပါမယ်။ တရားကို မှီခိုကြရပါမယ်။ သီလ၊ သမာဓိ၊ ပညာအကျင့်တရားတွေဟာ လူသားတွေရဲ့ဘဝကို မြှင့်တင်ပေးတဲ့ တရားတွေ ဖြစ်ပါတယ်။

www.dhammaransi.com



သီလတရားကို ချစ်ပြီး အလေးပြု မှီခိုရင် အလေးပြု မှီခိုသူရဲ့ ဘဝမှာ ကိုယ်အမူအရာ နှုတ်အပြောအဆိုတွေ စင်ကြယ်မြင့်မြတ်လာပါတယ်။ ယဉ်ကျေးသိမ်မွေ့နူးညံ့လာပါတယ်။ နှစ်သက်ဖွယ်ရာ ဖြစ်လာပါတယ်။ သမာဓိတရားကိုချစ်ပြီး အလေးပြု မှီခိုရင် အလေးပြု မှီခိုသူရဲ့ဘဝမှာ စိတ်နေစိတ်ထားဟာ စင်ကြယ်မြင့်မြတ်လာပါတယ်။ ယဉ်ကျေးသိမ်မွေ့ နူးညံ့လာပါတယ်။ နှစ်သက်ဖွယ်ရာ ဖြစ်လာပါတယ်။ ပညာတရားကိုချစ်ပြီး အလေးပြု မှီခိုရင် အလေးပြု မှီခိုသူရဲ့ဘဝမှာ အစွဲအလမ်းတွေပါ ကျွတ်ပြီး စိတ်နေစိတ်ထားဟာ ရင့်ကျက်လာပါတယ်။ ပညာတရား မြင့်မားလာလေလေ စိတ်နေစိတ်ထားဟာလည်း ရင့်ကျက်လာလေလေပါပဲ။

စိတ်နေစိတ်ထား ရင့်ကျက်လာလေလေ လောကဓံတွေကို ခံနိုင်ရည်အား ရှိလာလေလေပါပဲ။ လောကကြီးအတွင်း မှီတင်းနေထိုင်သူမှန်သမျှ လောကဓံတွေနဲ့ မကင်းနိုင်ကြတာမို့ လောကဓံ ခံနိုင်ရည်အားတွေ မွေးမြူထားသင့်ကြပါတယ်။ လောကဓံ ခံနိုင်ရည်အားရှိပြီး လောကကြီးမှာ ကြီးပွားတိုးတက်လိုသူတိုင်းဟာ သီလတရားကို အခြေခံထားတဲ့ သမာဓိတရားနဲ့ ထုံမွမ်းထားတဲ့ ဝိပဿနာပညာတရားကို အလေးပြုကြရပါမယ်။ မှီခိုကြရပါမယ်။ အဲဒီလို အလေးပြု မှီခိုသူမှာ ကိုယ်၊ နှုတ်၊ စိတ်ထား သုံးပါးလုံး စင်ကြယ်မြင့်မြတ်လာပါတယ်။ ယဉ်ကျေးသိမ်မွေ့ နူးညံ့ပြီး နှစ်သက်ဖွယ်ရာ ဖြစ်လာပါတယ်။ ရင့်ကျက်လာပါတယ်။ လောကဓံ ခံနိုင်ရည်အားတွေ ရှိလာပါတယ်။ သူ့ဘဝဟာ တိုးတက်မြင့်မားတဲ့ဘဝ ဖြစ်လာပါတယ်။

✤

www.dhammaransi.com

# အချိန်ပညာ

'အမိ အဖတို့ရဲ့ အဆုံးအမကို မနာယူရဘဲ အသက်ကြီးလာတဲ့ ဆရာကို မှီပြီး မနေခဲ့ဖူးတဲ့ ကြက်ဟာ တွန်ရမယ့်အချိန်အခါ၊ မတွန်ရမယ့်အချိန်အခါကို မသိပေ။'

(ကေကနိပါတ၊ ၁၂ ဟံစိဝဂ္ဂ၊ ၉ အကာလရာဝိဇာတက)

ဒီဘုရားစကားတော်ကို စာရေးသူ အမရပူရမြို့ မဟာဂန္ဓာရုံ ကျောင်းတိုက်မှာ နေခဲ့စဉ်က မဟာဂန္ဓာရုံဆရာတော်ကြီး အမိန့်ရှိတာကို နာယူခဲ့ရပါတယ်။ အမရပူရမြို့ မဟာဂန္ဓာရုံကျောင်းတိုက်မှာ နံနက် အိပ်ရာမှထဖို့ အချက်ပေးတဲ့ တုံးကြီးခေါက်ပါတယ်။ အဲဒီတုံးကြီးကို ခေါက်ရတဲ့ ရဟန်းက တစ်ရက်မှာ အချိန်မှားပြီး ခေါက်ပါတယ်။ အဲဒီအခါ မဟာဂန္ဓာရုံဆရာတော်ကြီးက အထက်ပါစကားကို မိန့်ကြားတော်မူပါတယ်။

ဘုရားအလောင်းတော်ဟာ ဗာရာဏသီပြည်မှာ လုလင်ငါးရာကို ပညာသင်ပေးနေတဲ့ ဒိသာပါမောက္ခဆရာကြီး ဖြစ်နေပါတယ်။ လုလင်တွေမှာ အချိန်မှန်မှန်တွန်တဲ့ ကြက်တစ်ကောင် ရှိပါတယ်။ လုလင်တွေဟာ အဲဒီကြက်တွန်သံကို နားထောင်ပြီး အိပ်ရာမှထကာ ပညာသင်ယူကြပါတယ်။ အဲဒီကြက်ဟာ သေသွားပါတယ်။ လုလင်တွေမှာ အခြားကြက်တစ်ကောင်ကို အရှာထွက်ကြပါတယ်။ လုလင်တစ်ယောက်က သုသာန်တောမှာ ထင်းခွေရင်း ကြက်တစ်ကောင်တွေ့လို့ ယူလာပြီး မွေးထားပါတယ်။ အဲဒီကြက်က သုသာန်မှာ ကြီးပြင်းခဲ့တာမို့ ဘယ်အချိန်မှ တွန်ရမယ်ဆိုတာ မသိပါဘူး။ ဒါကြောင့် တစ်ခါတစ်ရဲ

www.dhammaransi.com



အလွန်ညဥ့်နက်မှ တွန်ပါတယ်။ တစ်ခါတစ်ရံ အရုဏ်တက်မှ တွန်ပါတယ်။

အလွန်ညဥ့်နက်မှ တွန်တဲ့အခါ အတတ်ပညာ သင်ယူနေတဲ့ လုလင်တွေဟာ အရုဏ်တက်တဲ့အချိန်တိုင်အောင် မသင်ယူနိုင်ကြပါ။ အိပ်ငိုက်နေလို့ သင်ယူပြီးတာတွေလည်း မသိမြင်ကြတော့ပါ။ အလွန်မိုးလင်းမှ တွန်တဲ့အခါ စာသင်ယူခွင့်ကိုတောင် မရလိုက်ကြပါ။ 'ဒီကြက်ဟာ ညဥ့်အလွန်နက်မှ တွန်တဲ့အခါ တွန်တယ်၊ မိုးအလွန်လင်းမှ တွန်တဲ့အခါ တွန်တယ်။ ဒီကြက်ကို မှီပြီး ငါတို့ရဲ့ အတတ်ပညာဟာ ပြီးဆုံးမှာ မဟုတ်တော့ပါဘူး' လို့ တွေးကြကာ ကြက်ကိုဖမ်းပြီး လည်ကို လိမ်သတ်လိုက်ကြပါတယ်။ သတ်လိုက်တဲ့အကြောင်းကို လုလင်တွေက ဒိသာပါမောက္ခဆရာကြီးအား ပြောကြားကြပါတယ်။ အဲဒီအခါ ဒိသာပါမောက္ခဆရာကြီးက 'အဆုံးအမကို မခံယူရဘဲ ကြီးပြင်းခဲ့တာမို့ ဒီကြက်ဟာ သေပွဲဝင်ရတယ်' လို့ ပြောကာ အထက်မှာ ဖော်ပြခဲ့တဲ့ စကားကို မိန့်ကြားခဲ့ပါတယ်။

ဒီကြက်လို တိရစ္ဆာန်တွေသာ အချိန်ကို မသိကြတာမဟုတ်ပါဘူး။ တချို့လူတွေလည်း မသိကြပါဘူး။ တချို့လူတွေသာ မသိကြတာ မဟုတ်ပါဘူး၊ တချို့သံဃာတွေလည်း မသိကြပါဘူး။ မင်္ဂလာဆောင်နေတဲ့အချိန်အခါမှာ အသုဘတရားဟောတယ်၊ အသုဘပွဲမှာ မင်္ဂလာတရား ဟောတယ်။ ဒီလို သံဃာတွေလည်း ရှိခဲ့ပါတယ်။ အချိန်အခါကို သိတတ်တဲ့ အသိဉာဏ်ရှိဖို့ သတ္တဝါတွေမှာ လိုအပ်ပါတယ်။ အချိန်အခါကို တိရစ္ဆာန်ကမသိရင် တိရစ္ဆာန်မှာ ဒုက္ခတွေ့ရတတ်ပါတယ်။ လူ မသိရင် လူမှာ၊ ဘုန်းကြီးမသိရင် ဘုန်းကြီးမှာ ဒုက္ခတွေ့ရတတ်ပါတယ်။

အကျိုးရှိတဲ့စကားဖြစ်စေဦးတော့ မပြောသင့်တဲ့အချိန်မှာ သွားပြောရင် အကျိုးမပြီး အချည်းနှီးဖြစ်တတ်ပါတယ်။ တန်ဖိုးရှိတဲ့စကား

www.dhammaransi.com



ဖြစ်စေဦးတော့ မပြောသင့်တဲ့အချိန်မှာ သွားပြောရင် တန်ဖိုးမဲ့သွားတတ်ပါတယ်။ 'ထောင်တန်တဲ့စကား ရယ်ရင်ပေါ့' ဆိုတာလို ထောင်တန်တဲ့စကားဖြစ်စေဦးတော့ မပြောသင့်တဲ့အချိန်မှာ ပြောရင် ပေါ့သွားတတ်ပါတယ်။ လူတစ်ယောက် ထိပ်တန်းရောက်ဖို့ရာအတွက် 'အကြောင်းဟုတ်၏၊ မဟုတ်၏' ဆိုတာ သိဖို့လိုအပ်သလို 'အချိန်အခါ ဟုတ်၏၊ မဟုတ်၏' ဆိုတာကိုလည်း သိဖို့လိုအပ်ပါတယ်။ ဌာနာဌာန ကောသလ္လဉာဏ် (အကြောင်းဟုတ် မဟုတ်၊ အရာဌာန ဟုတ်မဟုတ်မှာ ကျွမ်းကျင်တဲ့ဉာဏ်ရှိဖို့ လိုအပ်သလို ကာလာကာလကောသလ္လဉာဏ် ရှိဖို့လည်း လိုအပ်ပါတယ်) အချိန်ဟုတ်မဟုတ်မှာ ကျွမ်းကျင်တဲ့ဉာဏ်ကို ပါဠိဝေါဟာရနဲ့ 'ကာလာကာလကောသလ္လဉာဏ' လို့ ခေါ်နိုင်ပါတယ်။

အချိန်မှာ ကျွမ်းကျင်တဲ့ပညာမရှိလို့ ကောင်းကျိုးတွေကို လက်လွတ်ဆုံးရှုံးသွားတဲ့ သာဓကတွေ ကမ္ဘာနဲ့အဝှန်း ရှိနေပါတယ်။ အချိန်မှာ ကျွမ်းကျင်တဲ့ ပညာရှိလို့ ကောင်းကျိုးအထွေထွေကို ရရှိပိုင်ဆိုင်သွားကြသူတွေလည်း ကမ္ဘာမှာ ဒုနဲ့ဒေး ရှိနေပါတယ်။ အချိန်မှာ ကျွမ်းကျင်တဲ့ ပညာဟာ ကြီးပွားအောင်မြင်လိုသူတို့ တတ်ထားရမယ့်ပညာရပ် ဖြစ်ပါတယ်။ ဒီပညာရပ် တတ်မထားရင် ကြီးပွားအောင်မြင်တဲ့သူတွေတောင် ဆုတ်ယုတ်ကျဆုံးသွားတတ်ပါတယ်။

မိုးရွာတုန်းမှာ ထွန်ချရပါတယ်။ နေပူတုန်းမှာ စပါးလှန်းရပါတယ်။ လသာတုန်းမှာ ဗိုင်းငင်ရပါတယ်။ မိုးရွာတုန်းမှာ ရေခံရပါတယ်။ မိုးလွန်ရင် ထွန်ချရမယ့်အခါမဟုတ်တော့ပါ။ မိုးရပ်သွားရင် ရေခံရမယ့်အခါ မဟုတ်တော့ပါ။ နေဝင်ရင် စပါးလှန်းရမယ့်အခါ မဟုတ်တော့ပါ။ လမိုက်ရင် ဗိုင်းငင်ရမယ့်အခါ မဟုတ်တော့ပါ။ အချိန်မှာ ကျွမ်းကျင်တဲ့ ပညာဟာ နေရာတကာမှာ လိုအပ်လှပါတယ်။

✤

www.dhammaransi.com

# အလှရဲ့ ကျေးကျွန်

'မာရ်နတ်ရဲ့သမီးများဖြစ်တဲ့ တဏှာ၊ အရတိ၊ ရဂါ ဆိုတဲ့ နတ်သမီး ၃ ယောက်ကို ငါဘုရားမြင်ရလို့ ကာမဆန္ဒလေးတောင်မှ မဖြစ်ခဲ့ဘူး၊ ကျင်ကြီး ကျင်ငယ်တွေနဲ့ပြည့်နေတဲ့ မာဂဏ္ဍီကို ငါဘုရားက ခြေထောက်တွေနဲ့တောင် မတို့ထိချင်။'

(ဓမ္မပဒအဋ္ဌကထာ၊ သာမာဝတီဝတ္ထု)

မာဂဏ္ဍီဆိုတဲ့အမျိုးသမီးဟာ နတ်သမီးလိုပဲ လှပါတယ်လို့ ဆိုပါတယ်။ လူပျိုတိုင်းကြိုက်တဲ့ နှင်းဆီခိုင်လေး ဖြစ်ခဲ့ပါတယ်။ အထက်တန်းလွှာတွေရဲ့ ကမ်းလှမ်းခြင်းကို အခါခါငြင်းပယ်ခဲ့တဲ့ ဖခင်မာဂဏ္ဍီပုဏ္ဏားကြီးဟာ ဘုရားရှင်ကို တွေ့ရတဲ့အခါ ဘုရားရှင်ရဲ့ ရုပ်အသရေတော်ကို သဘောကျကာ သူ့သမီးကို ဘုရားရှင်အား မယားအဖြစ် သိမ်းပိုက်ဖို့ အပ်နှင်းခဲ့ပါတယ်။ အဲဒီအခါ ဘုရားရှင်က အထက်ပါစကားတော်ကို မိန့်ကြားတော်မူလိုက်ပါတယ်။

မာဂဏ္ဍီထက် အဆပေါင်းများစွာ ချောမောလှပတဲ့ မာရ်နတ်သမီးတွေကတောင်မှ ဘုရားရှင်ကို ရာဂကျော့ကွင်းနဲ့ နည်းမျိုးစုံ ထောင်ပေမယ့် မာရ်နတ်သမီးတွေက အောင်ပွဲမရဘဲ ဘုရားရှင်ကသာ အောင်ပွဲခံလိုက်ပါတယ်။ မာရ်နတ်သမီးတွေဟာ ရှုံးပွဲနဲ့သာ လာလမ်းကို ပြန်သွားကြရရှာပါတယ်။ ဘုရားရှင်ရဲ့ အရဟံဂုဏ်တော်ကို အာရုံပြု ကြည်ညိုတဲ့အခါ လောဘကို အောင်မြင်ခဲ့ပုံကို အာရုံပြု ကြည်ညိုရင် ဒီမာဂဏ္ဍီနဲ့ မာရ်နတ်သမီးတို့ရဲ့ ဇာတ်လမ်းဟာ ထင်ရှားစွာ ပေါ်လာကြပါတယ်။ အချောအလှဆိုရင် သဘောကျကြတဲ့ ကာမဘုံသားတွေရဲ့

www.dhammaransi.com



သဘောထားနဲ့ ဘုရားရှင်ရဲ့သဘောထားဟာ ကွာခြားချင်တိုင်း ကွာခြားနေပါတယ်။ နုနုရွရွ ချောချောလှလှလေးတွေကို ကာမဘုံသားတွေက တွေ့ချင်ကြတယ်၊ မြင်ချင်ကြတယ်၊ ရင်းနှီးခင်မင်ချင်ကြတယ်၊ စကားပြောချင်ကြတယ်၊ တွေ့ထိချင်ကြတယ်၊ ဘုရားရှင်ကတော့ အဲဒီသဘောတွေ လုံးဝ လုံးဝ ရှိတော်မမူပါဘူး။

ဘုရားရှင်ရဲ့ အခြားဂုဏ်တော်တွေကို ထားလိုက်ပါဦး၊ ဒီဂုဏ်တော်တစ်ခုနဲ့ပဲ ဘုရားရှင်ရဲ့စိတ်ထားကို ကြည်ညိုလို့ အားမရနိုင်အောင် ဖြစ်ရပါတယ်။ ကာမဘုံသားတွေက ကာမဂုဏ်အာရုံတွေနောက် အချိန်ရှိသမျှ တကောက်ကောက်လိုက်ကာ ပင်ပန်းဆင်းရဲနေကြတယ်၊ ကာမတဏှာရဲ့ ကျေးကျွန်ဘဝရောက်နေကြတယ်။ ကာမတဏှာပြုသမျှ နနေကြရတယ်။ ကာမတဏှာ ခိုင်းသမျှ လုပ်နေကြတယ်၊ ပြောနေကြတယ်၊ တွေးနေကြတယ်၊ ဆားငန်ရေနောက် ငတ်တိုင်း သောက်သူလို ကာမဂုဏ်အာရုံ ဆားငန်ရေတွေကို သောက်လေ သောက်လေ ငတ်မပြေ ဖြစ်နေကြတယ်။ ကာမတဏှာဝဲဂယက်ထဲမှာ နစ်မြုပ်နေကြတယ်။ ကာမဂုဏ်အာရုံတွေရဲ့ သာယာဖွယ်တွေကိုသာမြင်ပြီး အပြစ်ကို မမြင်နိုင်ကြလို့ အစာကိုသာမြင်ပြီး ငါးမျှားချိတ်ကိုမမြင်တဲ့ ငါးပမာလည်း ဖြစ်နေကြပါတယ်။ ချမ်းသာနည်းပြီး ဆင်းရဲများလှတဲ့ ကာမချမ်းသာကို လက်မလွှတ်နိုင် ဖြစ်နေကြပါတယ်။ အသာတငမ်းငမ်းဖြစ်နေကြပါတယ်။ အမဲရိုး၌ ခွေးငတ်ကြိုက်သလိုလည်း ဖြစ်နေကြပါတယ်။ ကာမချမ်းသာထက် ကောင်းတဲ့ချမ်းသာတွေကို မသိနိုင် မမြင်နိုင် မခံစားနိုင် ဖြစ်နေကြပါတယ်။ အစစအရာရာ ပြည့်စုံကြွယ်ဝတဲ့ မြို့ကြီးတွေမှာ မပျော်နိုင်ဘဲ အစစအရာရာ မပြည့်စုံ မကြွယ်ဝလို့ ဆင်းရဲနွံချာကျတဲ့ တောရွာမှာ ပျော်နေတဲ့ တောသားလိုလည်း ဖြစ်နေကြပါတယ်။

ဘုရားရှင်ကတော့ ကာမချမ်းသာထက်သာလွန်တဲ့ ဈာန်ချမ်းသာ၊

www.dhammaransi.com



မဂ်ချမ်းသာ၊ ဖိုလ်ချမ်းသာ၊ နိဗ္ဗာန်ချမ်းသာတွေကို သိတော်မူထားပါတယ်။ ရရှိတော်မူထားပါတယ်။ အလိုရှိတိုင်း အလိုရှိတဲ့အခါမှာ ခံစားတော်မူပါတယ်။ အဆင့်မြင့်ချမ်းသာတွေကို ခံစားတော်မူနေတဲ့ ဘုရားရှင်ဟာ အောက်တန်းစား ကာမချမ်းသာရဲ့အပြစ်၊ ယုတ်နိမ့်မှု၊ ညစ်ညမ်းမှုတွေကို အပြည့်အဝမြင်တော်မူပါတယ်။ အောက်တန်းစား ကာမဘုံသားတွေက ကာမချမ်းသာကို အထင်ကြီးပေမယ့် ဘုရားရှင်ကတော့ အထင်သေးတော်မူပါတယ်။ ကာမသားတွေက ကာမချမ်းသာကို ချီးမွမ်းကြပေမယ့် ဘုရားရှင်ကတော့ ရှုတ်ချတော်မူပါတယ်။

ကာမသားတွေရဲ့ အမြင်မှာတော့ မာဂဏ္ဍီဟာ အလှဘုရင်မလေးဖြစ်ချင်ဖြစ်နေမှာပါပဲ။ မာရ်နတ်သမီးတွေဆိုရင်တော့ အလှဘုရင်မ ထိပ်ခေါင်တင်လေးတွေ ဖြစ်ချင်ဖြစ်နေမှာပါပဲ။ ဘုရားရှင်ရဲ့အမြင်မှာတော့ မာရ်နတ်သမီးတွေရဲ့အလှမှာလည်း အကျည်းတန်မှုတွေ လွှမ်းမိုးနေပါတယ်။ မာဂဏ္ဍီရဲ့အလှမှာတော့ အထူးပြောစရာ မလိုတော့ပါဘူး။ ဒါကြောင့် မာဂဏ္ဍီအလှရဲ့ အကျည်းတန်မှုတွေကို ဖော်ထုတ် မိန့်ကြားတော်မူတာပါပဲ။ အလှရဲ့အကျည်းတန်မှုတွေကို မြင်နိုင်စွမ်းအား မရှိရင် မရှိတဲ့သူဟာ အလှမှာ ယစ်မူးပြီး အလှရဲ့ကျေးကျွန်ဖြစ်သွားပါလိမ့်မယ်။ ဘုရားတပည့်တွေက အလှရဲ့ကျေးကျွန်ဘဝကို တော်လှန်နိုင်သူတွေ ဖြစ်အောင် ကြိုးစားကြရပါမယ်။

✤

www.dhammaransi.com

# အဆင်ပြေချင်ရင်

'ငါ့ရဲ့လက်နှစ်ဖက်၊ ခြေနှစ်ဖက်၊ နားရွက်၊ နှာခေါင်းတွေကို ဖြတ်ခိုင်းတဲ့ ကလာဗုမင်းဟာ အသက်ရှည်ပါစေ၊ မုန်၏၊ ငါလို ခန္တီနဲ့ပြည့်စုံတဲ့ ပညာရှိတွေဟာ အမျက်ထွက်လေ့မရှိကြဘူး။'

(ဇာတက၊ စတုက္ကနိပါတ၊ ၂ ပုစိမန္ဒဝဂ္ဂ၊ ၃ ခန္တိဝါဒီဇာတက)

ဘုရားအလောင်း ခန္တိဝါဒီရသေ့ရဲ့ ခန္ဓာကိုယ်ရှေ့ဘက်၊ နောက်ဘက်၊ ဘေးနံပါးနှစ်ဖက်တွေမှာ ဆူးပါတဲ့ကြိမ်နဲ့ အချက်ပေါင်း ၂ ထောင် ကလာဗုမင်းက ခိုးသူသတ်သမားကို အရိုက်ခိုင်းပါတယ်။ အရေ အသားတွေ စုတ်ပြတ်ကုန်ပါတယ်။ သွေးတွေရဲနေပါတယ်။ ပြီးတော့ လက်နှစ်ဖက်နဲ့ ခြေနှစ်ဖက်ကို ပုဆိန်နဲ့ ဖြတ်တောက်ခိုင်းပါတယ်။ သွေးတွေဟာ ဒလဟော ယိုစီးထွက်နေပါတယ်။ ပြီးတော့ နားရွက်၊ နှာခေါင်းတွေကိုပါ ဖြတ်တောက်ခိုင်းပြန်ပါတယ်။ နောက်ဆုံးမှာ ဘုရားလောင်းရဲ့ရင်ဘတ်ကို ခြေထောက်နဲ့ ကန်ပြီးထွက်သွားပါတယ်။

ကလာဗုမင်း ထွက်သွားတဲ့အခါ စစ်သူကြီးများက ဘုရားလောင်းရဲ့ ခန္ဓာကိုယ်က သွေးတွေကို သုတ်သင်ပေးပါတယ်။ ပြတ်သွားတဲ့ လက်နှစ်ဖက်၊ ခြေနှစ်ဖက်၊ နားရွက်၊ နှာခေါင်းတွေကို အဝတ်အစွန်းမှာ ထားပါတယ်။ ဘုရားလောင်းကို ဖြည်းဖြည်းလေး ထိုင်နိုင်အောင် လုပ်ပေးပါတယ်။ ထိုင်နေတဲ့ ဘုရားလောင်းကို စစ်သူကြီးက ရှိခိုးပါတယ်။ သင့်တင့်တဲ့တစ်နေရာမှာထိုင်ပြီး 'အရှင်ရသေ့ သင်ဟာ အကယ်၍ စိတ်ဆိုးလိုရင် အရှင်ရသေ့အပေါ်မှာ ကျူးလွန်ပြစ်မှားသွားတဲ့ ကလာဗု

www.dhammaransi.com



မင်းအပေါ်မှာသာ စိတ်ဆိုးတော်မူပါ။ အခြားသူတွေအပေါ်မှာ စိတ်ဆိုးတော်မမူပါနဲ့၊ အမျက်ထွက်တော်မမူပါနဲ့' လို့ လျှောက်ထားတောင်းပန်ပါတယ်။

စစ်သူကြီးရဲ့ လျှောက်ထားတောင်းပန်တဲ့စကားကို ကြားရတဲ့အခါ ဘုရားလောင်းက အထက်မှာ ဖော်ပြခဲ့တဲ့စကားတွေကို မိန့်ကြားတော်မူပါတယ်။ ၇ လသားအရွယ်ရှိ ဓမ္မပါလမင်းသားဘဝမှာ ဖခင်ပတာပမင်းက ဓမ္မပါလရဲ့ လက်၊ ခြေ၊ ဦးခေါင်းကို ဖြတ်ကာ သတ်ခဲ့ပါတယ်။ အဲဒီတုန်းကလည်း ဘုရားအလောင်းက သည်းခံတော်မူခဲ့ပါတယ်။

လောက လူသားတိုင်း သည်းမခံချင်စရာစကားတွေကို ကြားဖူးကြပါတယ်။ သည်းမခံချင်စရာ အပြုအမူတွေကို ကြုံဖူးကြပါတယ်။ ယုတ်မာတဲ့စိတ်ထားရှိသူတွေနဲ့ ဆက်ဆံဖူးကြပါတယ်။ သူက တစ်ခွန်းပြောရင် ကိုယ်က နှစ်ခွန်း သုံးခွန်းပြောချင်ကြပါတယ်။ သူက တစ်ချက်ရိုက်ရင် ကိုယ်က သူ့ထက်ပိုပြီး ရိုက်ချင်ကြပါတယ်။ ဆတ်ဆတ်ထိမခံ ဖြစ်ကြပါတယ်။ အင်အားချင်း မမျှလို့ ငုံ့ခံလိုက်ရတောင်မှ နောင်အခါ အခွင့်သာရင် ကလဲ့စားချေချင်ကြပါတယ်။ ကိုယ့်စော်ကားလာရင် စော်ကားလာသူကို တတ်နိုင်က အမှုန့်ကြိတ်ပစ်ချင်တဲ့စိတ်တွေတောင် ဖြစ်တတ်ကြပါတယ်။

သည်းခံမှုအား ပါးရှားလှတဲ့ ဒီလောကကြီးထဲမှာ ခန္တီဝါဒီရသေ့နဲ့ ခန္တီစိတ်ထားဟာ အလွန်ပဲ ထူးခြားလှပါတယ်။ အလွန်လည်း အားကျအတုယူစရာကောင်းလှပါတယ်။ လောကကြီးမှာ သည်းခံမှုမရှိရင် အဆင်မပြေပါဘူး။ ပညာရှိ သူတော်ကောင်းတွေမှာ သည်းခံမှုအင်အားတွေ ရှိနေကြပါတယ်။ ခန္တီဝါဒီရသေ့လောက် သည်းခံနိုင်မှုမရှိတောင် သူ့လောက်နီးပါး ရှိနိုင်ရင်လည်း တော်လှပါတယ်။ သူ့ရဲ့တစ်ဝက်လောက် လေးပုံတစ်ပုံလောက် ရှိရင်လည်း တော်တာပါပဲ။ သူ့ကို

www.dhammaransi.com



အားကျပြီး သည်းခံစိတ်ကို မွေးမြူသင့်ပါတယ်။ သည်းမခံချင်စရာတွေနဲ့ တွေ့ကြုံရတဲ့အခါ ခန္တီဝါဒီရသေ့ရဲ့ အထက်ပါစကားလေးတွေဟာ သည်းခံဖို့ရာ အများကြီးတွန်းအားပေးပါတယ်။ ခန္တီဝါဒီရသေ့၊ ဓမ္မပါလ မင်းသားလေးတို့ရဲ့ ခန္တီစိတ်ထားဟာ တွေးကြည့်လေလေ ကြက်သီး မွေးညင်း ထချင်စရာ ကောင်းလေလေဖြစ်ပါတယ်။

အသက်ကြီးပြီး အသိဉာဏ်ကြီးလာလေလေ သည်းခံမှုရဲ့တန်ဖိုး တွေကို နားလည်လာလေလေ ဖြစ်ပါတယ်။ သည်းခံရတာဟာ သည်းခံ ရတဲ့အခါ အောင့်သက်သက်နဲ့ အခံရခက်ပေမယ့် သည်းခံပြီးနောက် ကောင်းကျိုးတွေ အများကြီးပေါ်ထွက် ပေါ်ထွက်လာတာကို ကိုယ်တွေ့ သိရှိလာကြသူတွေဟာ သည်းခံမှုရဲ့တန်ဖိုးကို နားလည်လာကြပါတယ်။ သည်းခံမှုကို မြတ်နိုးလာကြပါတယ်။ တန်ဖိုးထားလာကြပါတယ်။ တန်ဖိုးမဖြတ်နိုင်တဲ့ ရတနာတစ်ပါးအဖြစ် လက်ခံလာကြပါတယ်။ မြင့်မြတ်တဲ့ အဆင့်အတန်းမြင့်မှုမျိုးကို ခန္တီတရား အားကောင်းသူတွေ ဟာ ရရှိနိုင်ကြပါတယ်။ 'သည်းခံမှု နိဗ္ဗာန်ရောက်တယ်' တဲ့။ နိဗ္ဗာန် ဆိုတဲ့ အမြင့်မြတ်ဆုံးအရာကို သည်းမခံနိုင်သူတွေ မရရှိနိုင်ကြပါဘူး။

'အမျက်ထွက်သူကို အမျက်မထွက်မှု၊ သည်းခံမှုနဲ့ အနိုင်ယူရာ၏။ မသူတော်ကို သူတော်ကောင်းအဖြစ်နဲ့ အနိုင်ယူရာ၏' လို့ ဘုရားရှင် ဟောတော်မူထားတဲ့ စကားတွေဟာလည်း အလွန်ပဲ မှတ်သားစရာ ကောင်းသလို လိုက်နာစရာလည်း ကောင်းလှပါတယ်။ တကယ့်ပညာရှိ သူတော်ကောင်းကြီးတွေဟာ ဒီဘုရားစကားတော်ကို တကယ်ပဲ လိုက် နာကျင့်သုံးတော်မူကြပါတယ်။ ခန္တီဝါဒီပုဂ္ဂိုလ်တွေဖြစ်အောင် ကျင့်ဆောင် တော်မူကြပါတယ်။ ခန္တီဝါဒီရသေ့ကို အားကျပြီး ခန္တီဝါဒီပုဂ္ဂိုလ်တွေ ဖြစ်အောင် ကြိုးစားနိုင်ကြရင် လောကကြီးမှာနေရတာ အလွန်အဆင်ပြေ ပါလိမ့်မယ်။ ခန္တီဝါဒီမဟုတ်သူတွေ များလေလေ လောကကြီးမှာနေရ တာ အဆင်မပြေလေလေပါပဲ။

www.dhammaransi.com



ကိုယ့်မိသားစုမှာ အဆင်ပြေချင်ရင် မိသားစုဝင်တွေဟာ ခန္တီဝါဒီပုဂ္ဂိုလ်တွေဖြစ်အောင် ကြိုးစားကြရပါမယ်။ ကိုယ့်ရွာ၊ ကိုယ့်မြို့၊ ကိုယ့်နိုင်ငံမှာ အဆင်ပြေချင်ရင် ရွာသူရွာသား၊ မြို့သူမြို့သား၊ နိုင်ငံသူနိုင်ငံသားတွေဟာ ခန္တီဝါဒီပုဂ္ဂိုလ်တွေဖြစ်အောင် ကြိုးစားကြရပါမယ်။ ကြိုးစားနိုင်ကြရင် ကိုယ့်မိသားစု၊ ကိုယ့်ရွာ၊ ကိုယ့်မြို့၊ ကိုယ့်နိုင်ငံဟာ အရာရာ အဆင်ပြေလာပါလိမ့်မယ်။

www.dhammaransi.com

# လှိုင်းကြီးလှေအောက်

‘ပညာရှိသူဆိုတာ ကြိုးစားသာ ကြိုးစားရာ၏။ မပျင်းရိ မငြီးငွေ့ရာ။ ငါဘုရား ကြိုးစားခဲ့လို့ ငါဘုရားဖြစ်ချင်သလို ဖြစ်ခဲ့တာကို ငါဘုရား မြင်တော်မူ၏။’

**(ဇာတက၊ ဧကကနိပါတ၊ ၆ အာသီသဝဂ္ဂ၊ ၂ စူဠဇနကဇာတက)**

ဘုရားအလောင်းတော် မဟာဇနကမင်းသား အကြောင်းကို ဟောပြပြီးတဲ့အခါ အထက်ပါစကားတွေကို ဘုရားရှင် မိန့်ကြားတော်မူခဲ့ပါတယ်။ ကမ်းမမြင်ရတဲ့ သမုဒ္ဒရာကြီးကို ဖြတ်ကူးတဲ့ မဟာဇနကရဲ့ သတ္တိ၊ ဝီရိယဟာ တကယ့်ရဲရဲတောက် သတ္တိ၊ ဝီရိယပဲ ဖြစ်ပါတယ်။ ကမ်းမမြင်ရတဲ့ သမုဒ္ဒရာကြီးကို ဖြတ်ကူးဖို့ သတ္တိ ဝီရိယ မရှိခဲ့ရင်၊ ရှိပေမယ့် လျှော့ခဲ့ရင်၊ သတ္တိကြောင်ခဲ့ရင်၊ ဝီရိယ ပျော့ခဲ့ရင် မဟာဇနကဟာ ရှင်ဘုရင်ဖြစ်လာနိုင်မှာ မဟုတ်ပါဘူး။ မဟာဇနကရဲ့သတ္တိနဲ့ ဝီရိယက မဟာဇနက လိုချင်တဲ့ အောင်ပန်းကို ဆွတ်ချူပေးခဲ့ပါတယ်။ ‘ကြောက်ရင် လွဲ၊ ရဲ မင်းဖြစ်လတ္တံ့’ ဆိုတာလိုပါပဲ။ ရဲစွမ်းသတ္တိ၊ ဝီရိယ အပြည့်ရှိလို့ မဟာဇနကဟာ ရှင်ဘုရင်ဖြစ်လာခဲ့ပါတယ်။ ရဲစွမ်းသတ္တိ ဝီရိယဟာ နိမ့်သူရဲ့ဘဝကို မြှင့်တင်ပေးနိုင်ပါတယ်။ မြင့်သူရဲ့ ဘဝကိုလည်း ပိုပြီးမြင့်တက်လာစေနိုင်ပါတယ်။ ပိုမြင့်သူရဲ့ဘဝကိုလည်း ပိုပိုပြီးမြင့်တက်လာစေနိုင်ပါတယ်။ ခေါင်ထိပ်ရောက်အောင်လည်း မြှင့်တင်ပေးနိုင်ပါတယ်။ ဘဝအဆင့်မြင့်လိုသူတွေအတွက် ဝီရိယဟာ တကယ့်အားကိုးစရာ ဖြစ်ပါတယ်။

www.dhammaransi.com



ဘုရားရှင်ဟာ မဟာဇနကလိုစတဲ့ ဘဝမျိုးတွေမှာ ဝီရိယအားတွေကို များသည်ထက်များအောင်၊ ကြီးသည်ထက်ကြီးအောင် စုဆောင်းတော်မူခဲ့ပါတယ်။ သိဒ္ဓတ္ထဘဝရောက်သည်အထိလည်း ဝီရိယအားတွေကို ဆည်းပူးတော်မူခဲ့ပြန်ပါတယ်။ ဝီရိယအားအပါအဝင် တခြားအားတွေလည်း ပြည့်စုံလာခဲ့တဲ့အခါ ဘုရားဖြစ်တော်မူခဲ့ပါတယ်။ ဘုရားဖြစ်တော်မူပြီးတဲ့နောက်ပိုင်းမှာလည်း ဝီရိယအားဟာ လျော့မသွားသလို ရပ်တဲ့လည်း နေတော်မမူပါဘူး။ သတ္တဝါတွေကို ချေချွတ်ရေးအတွက် ပရိနိဗ္ဗာန် စံတော်မူခါနီးအထိ အစွမ်းကုန်ကြိုးစားသွားတော်မူပါတယ်။ အိပ်ချိန် ၂ နာရီလောက်မှတစ်ပါး ကျန်အချိန်တွေမှာ သတ္တဝါတွေ တရားရရေးအတွက် မနေမနား ကြိုးစားတော်မူခဲ့ပါတယ်။ ဒါကြောင့် ဘုရားရှင်ရဲ့ သာသနာတော်အရောင်ဟာ နေလို လလို ထွန်းပြောင်ခဲ့ပါတယ်။

ကိုယ်လုပ်ရမယ့်အလုပ်ကို လုပ်ဖို့ပျင်းရိတဲ့အခါ ငြီးငွေ့တဲ့အခါမျိုး လောကလူသားတွေမှာ အနည်းနဲ့အများ ရှိတတ်ကြပါတယ်။ စာရှုသူမှာ ရှိခဲ့ဖူးပါလိမ့်မယ်။ စာရေးသူမှာလည်း ရှိခဲ့ဖူးပါတယ်။ အဲဒီအခါ ပျင်းရိငြီးငွေ့မှုမထားဘဲ တကြိုးစားထဲ ကြိုးစားသူတွေအကြောင်းကို-ဆင်ခြင်အောက်မေ့ရပါတယ်။ သူတို့ရဲ့ ကြိုးစားပုံတွေကို အာရုံယူရပါတယ်။ သူတို့ရဲ့ ရဲရဲတောက် ဝီရိယအားမြှင့်ပေးတဲ့ စကားတွေကို စဉ်းစားရပါတယ်။ အမှတ်ရ ရပါတယ်။ ရဲရဲတောက် ဝီရိယပိုင်ရှင်တွေ လောကကြီးထဲမှာ ရှိကြပါတယ်။ ကိုယ့်မြန်မာနိုင်ငံမှာလည်း ရှိခဲ့ပါတယ်။ ပြည်ပနိုင်ငံတွေမှာလည်း ရှိခဲ့ကြပါတယ်။ အဲဒီရဲရဲတောက် ဝီရိယပိုင်ရှင်တွေထဲမှာ ဘုရားရှင်ကတော့ ထိပ်ဆုံးကပဲ ဖြစ်ပါတယ်။ ကမ္ဘာလောကကြီးထဲမှာ ရှိရှိသမျှ ရဲရဲတောက် ဝီရိယပိုင်ရှင်တွေရဲ့ ဝီရိယတွေကို ဘုရားရှင်ရဲ့ ဝီရိယနဲ့ နှိုင်းယှဉ်ရင် မြင်းမိုရ်တောင်နဲ့ ဆီးစေ့ပမာကွာခြားပါလိမ့်မယ်။ အနန္တဝီရိယရှင် မြတ်စွာဘုရားရဲ့ ဝီရိယ အပြုအမူ၊

www.dhammaransi.com



ဝီရိယစကား၊ ဝီရိယစိတ်ထားတွေကို အာရုံပြု ကြည်ညိုနိုင်ရင် အကောင်းဆုံး ဝီရိယအားပေးတဲ့ ဆေးတစ်လက်ပါပဲ။

အခက်အခဲနဲ့ လူသား၊ လူသားနဲ့ အခက်အခဲဆိုတာ ဒွန်တွဲနေတတ်စမြဲပါပဲ။ အခက်အခဲကို မကြုံဖူးတဲ့လူသားဆိုတာ ကမ္ဘာလောကကြီးမှာ တစ်ယောက်မှ မရှိပါဘူး။ မြန်မာနိုင်ငံမှာလည်း အခက်အခဲရှိတယ်၊ အမေရိကန်၊ အင်္ဂလန်၊ ဂျပန်၊ တရုတ်စတဲ့ လူတွေမှာလည်း အခက်အခဲ ရှိကြပါတယ်။ ဝီရိယကောင်းသူတွေ အခက်အခဲအဖုံဖုံကြုံကြရပေမယ့် ဝီရိယရဲ့တန်ခိုးကြောင့် အခက်အခဲတွေကို ကျော်လွှားနိုင်ကြပါတယ်။ ရဲရဲတောက် ဝီရိယပိုင်ရှင်တွေဟာ အခက်အခဲတွေ့လေလေ သူတို့ရဲ့ ဝီရိယဟာ ရဲရဲတောက်လာလေလေပါပဲ။ ရှုံ့မသွားဘူး၊ တွန့်မသွားဘူး၊ အရောင်မှိန်မသွားဘူး၊ တိုးတိုးလာတယ်။ ရဲရဲတောက်ဝီရိယပိုင်ရှင်ကို အခက်အခဲတွေက ကြောက်ကြပါတယ်၊ လန့်ကြပါတယ်၊ အရှုံးပေးကြပါတယ်။ ဝီရိယမရှိသူတွေကိုသာ အခက်အခဲတွေက အနိုင်ယူနိုင်ကြပါတယ်။

အခက်အခဲပေါင်းများစွာကို ရင်ဆိုင်ကျော်လွှားဖူးမှ လူဟာ အသိဉာဏ် ရင့်ကျက်လာပါတယ်။ အတွေးအခေါ်တွေ မြင့်မားလာပါတယ်။ ဆုံးဖြတ်ချက်တွေ မှန်ကန်လာပါတယ်။ သုံးသပ်ချက်တွေ ထက်မြက်လာပါတယ်။ အခက်အခဲကိုကြောက်ပြီး အခက်အခဲကို ရှောင်လွှဲသူဟာ ဘဝအောင်ပွဲအလီလီတွေနဲ့ လွဲသွားပါတယ်။ ဘဝမှာ အောင်ပွဲအလီလီ ဆင်နွှဲလိုသူတိုင်း ရဲစွမ်းသတ္တိ ဝီရိယ ရှိရပါမယ်။ ရဲစွမ်းသတ္တိ ဝီရိယသာ တကယ်ရှိရင် ဘဝမှာ အောင်ပွဲတွေဟာ ရဲစွမ်းသတ္တိ ဝီရိယရှင်ထံမှာ အလျှိုအလျှိုရောက်လာကြပါလိမ့်မယ်။ မလိုချင်တော့လောက်အောင်ပဲ ရောက်လာကြပါလိမ့်မယ်။ ဝီရိယရဲ့ တန်ခိုးဟာ တကယ်ကြီးပါတယ်။ ဝီရိယရဲ့ အစွမ်းဟာ တကယ်ထက်လှပါတယ်။

သမုဒ္ဒရာထဲမှာ ဒုက္ခရောက်နေတဲ့ မဟာဇနကဘဝကနေ ရှင်ဘုရင်

www.dhammaransi.com



မဟာဇနကဘဝသို့ ရောက်ခဲ့တဲ့အဖြစ်အပျက်က အလွန်ပဲ ထင်ရှားလှတဲ့ အဖြစ်အပျက် ဖြစ်ပါတယ်။ အားလျော့နေသူတွေကို အားတက်စေနိုင်တဲ့ အဖြစ်အပျက် ဖြစ်ပါတယ်။ စာရှုသူ တွေ့ခဲ့ဖူးတဲ့ အခက်အခဲ၊ တွေ့နေရတဲ့ အခက်အခဲတွေဟာ မဟာဇနကရဲ့အခက်အခဲလောက်တော့ မကြီးနိုင်ပါ။ ဘယ်လောက်ပဲ အခက်အခဲတွေကြီးကြီး ဝီရိယကြီးရင်တော့ 'လှိုင်းကြီး လှေအောက်' ပမာ ဖြစ်သွားရတာပါပဲ။

www.dhammaransi.com

# ဘဝရဲ့ အလှ

'မိခင်ဟာ ရင်မှဖြစ်တဲ့ တစ်ယောက်တည်းသောသားကို စောင့်ရှောက်သည့် ပမာ မေတ္တာရှင်ဟာ သတ္တဝါအားလုံးအပေါ်မှာ အတိုင်းအတာမရှိတဲ့ မေတ္တာစိတ်ကို ပွားများရာ၏။'

(မေတ္တသုတ္တ၊ ခုဒ္ဒကပါဠ်)

မေတ္တသုတ်မှာ ဘုရားရှင်ဟောတော်မူထားတဲ့ စကားတစ်ခွန်းဖြစ်ပါတယ်။ မေတ္တာတရား ပွားများလိုသူတို့အား မိခင်ကို စံနမူနာထားပြီး မေတ္တာပွားဖို့ ညွှန်ကြားထားပါတယ်။ မိခင်ရဲ့ တစ်ယောက်တည်းသော သားအပေါ်မှာထားတဲ့ မေတ္တာထုထည်ဟာ ကြီးမားလှပါတယ်။ မွေးစားသားရှိတဲ့ မိခင်နဲ့ သားများစွာရှိတဲ့ မိခင်တို့ရဲ့ မေတ္တာတွေဟာ သူတို့သားတွေအပေါ်မှာ ကြီးမားကြပေမယ့် တစ်ယောက်တည်းသော သားအရင်းရှိတဲ့ မိခင်ရဲ့မေတ္တာလောက်တော့ ကြီးမားနိုင်ကြမယ်မဟုတ်ပါဘူး။ ဒါကြောင့်လည်း ဘုရားရှင်က ရင်မှဖြစ်တဲ့ တစ်ယောက်တည်းသော သားရှိတဲ့ မိခင်ကို ဥပမာပေးထားတာ ဖြစ်ပါလိမ့်မယ်။

တစ်ယောက်တည်းသောသားရှိတဲ့ မိခင်ဟာ သူ့ရဲ့သားလေးကို သူ့အသက်တမျှ ချစ်မြတ်နိုးပါတယ်။ မျက်စိတစ်ဖက်သာရှိတဲ့သူဟာ သူ့မျက်စိတစ်ဖက်ကို ချစ်မြတ်နိုးသလိုလည်း ချစ်မြတ်နိုးပါတယ်။ နေ့ရော ညရော မျက်စိအောက်က အပျောက်မခံချင်လောက်အောင်ပင် ချစ်မြတ်နိုးပါတယ်။ သားအပေါ်မှာထားရှိတဲ့ မိခင်မေတ္တာဟာ အင်မတန်မှ အေးချမ်းလှပါတယ်။ အင်မတန် ဖြူစင်လှပါတယ်။ အင်မတန်မှ မွန်မြတ်လှပါတယ်။ မိခင်ရဲ့မေတ္တာဟာ သားအပေါ်မှာ ရေအလျဉ်ပမာ

www.dhammaransi.com



တသွင်သွင်စီးဆင်းနေပါတယ်။ စမ်းရေပမာ အေးမြလှပါတယ်။ မိခင်ရဲ့ မေတ္တာအရိပ်ဟာ သစ်ပင်အရိပ် ထောင်ပေါင်းများစွာထက်လည်း အေးမြပါတယ်။

သတ္တဝါတွေအပေါ်မှာ မေတ္တာရေလျှဉ် တသွင်သွင် စီးဆင်းနေအောင် ကြိုးစားဖို့ ဘုရားရှင်က မိန့်ကြားထားပါတယ်။ မေတ္တာအင်အားနည်းပါးသူရဲ့မေတ္တာဟာ မေတ္တာထားရာ ပုဂ္ဂိုလ်နယ်ပယ် ကျဉ်းမြောင်းပါတယ်။ အစိမ်း၊ အကျက် ရွေးနေပါသေးတယ်။ ကျော်သား ရင်သား ခွဲခြားနေပါသေးတယ်။ မေတ္တာအင်အား ကြီးမားအားကောင်းတဲ့ သူရဲ့မေတ္တာကတော့ မေတ္တာထားရာ ပုဂ္ဂိုလ်နယ်ပယ် အကန့်အသတ်မရှိအောင်ဘဲ ကျယ်ပြန့်ပါတယ်။ အစိမ်း အကျက် မရွေးပါဘူး။ သွေးနီးသွေးဝေး မရွေးပါဘူး။ ကျော်သား ရင်သား မခွဲခြားပါဘူး။ ရန်သူမိတ်ဆွေ မခွဲခြားပါဘူး။ အားလုံးပေါ်မှာ တစ်သားတည်းပါပဲ။

အနန္တမေတ္တာရှင်ဖြစ်တဲ့ ဘုရားရှင်ရဲ့ မေတ္တာတော်ကတော့ အတုမရှိတဲ့ အထွတ်အထိပ်မေတ္တာတော်ပါပဲ။ ဘုရားရှင်ဟာ သူ့ကို သေကြောင်းကြံတဲ့ ဒေဝဒတ်၊ အင်္ဂုလိမာလ၊ နာဠာဂီရိဆင်တွေအပေါ်မှာ သားတော် ရာဟုလာပေါ်မှာ မေတ္တာထားရှိသလို ထားရှိပါတယ်တဲ့။ တန်းတူညီမျှတဲ့ မေတ္တာတရား ထားရှိတော်မူပါတယ်တဲ့။ လောဘ၊ ဒေါသ၊ မောဟတရား မကင်းကြသေးသူတို့ရဲ့ မေတ္တာတွေဟာ မညီမျှနိုင်ကြသေးပါ။ တန်းမတူနိုင်ကြသေးပါ။ ဘေးပတ်ဝန်းကျင် ဧရာမမေတ္တာရှင်လို့ အထင်ခံရ၊ အခေါ်ဝေါ်ခံရ၊ အသမုတ်ခံရပေမယ့် လောဘ၊ ဒေါသ၊ မောဟ မကင်းသေးရင် လောဘ၊ ဒေါသ၊ မောဟတို့ရဲ့ ခြယ်လှယ်မှုကြောင့် ဧရာမမေတ္တာရှင်လို့ အထင်ခံရသူတွေမှာတောင် မညီမျှတဲ့မေတ္တာ တန်းမတူတဲ့မေတ္တာတွေ ရှိကြတာကို သတိထားသူတိုင်း မြင် တွေ့နိုင်ကြပါတယ်။

ရွှေသူဌေးဖြစ်ချင်သူဟာ ရွှေတွေကို စုဆောင်းရပါမယ်။ ငွေ

www.dhammaransi.com



သူဌေးဖြစ်ချင်သူဟာ ငွေတွေကို စုဆောင်းရပါမယ်။ စိန်သူဌေး ဖြစ်ချင်သူဟာ စိန်တွေကို စုဆောင်းရပါတယ်။ ရွှေ ငွေ စိန်တွေရဲ့ တန်ဖိုးနဲ့ အကျိုးကို သိနားလည်သူတွေကတော့ ရွှေ ငွေ စိန်တွေကို လိုချင်ကြပါတယ်။ မေတ္တာရဲ့တန်ဖိုး မေတ္တာရဲ့အကျိုးကို နားလည်သူတွေကတော့ မေတ္တာသူဌေးဖြစ်အောင် စုဆောင်းကြပါတယ်။ ဘုရားရှင်က မေတ္တာသူဌေးဖြစ်အောင် လုပ်နည်းကို မေတ္တသုတ်မှာ ပေးတော်မူခဲ့ပါ တယ်။

သွား၊ ရပ်၊ ထိုင်၊ လျောင်း ဆိုတဲ့ ဣရိယာပုထ် ၄ ခုမှာ မေတ္တာတရား ပွားများဖို့ ဟောတော်မူခဲ့ပါတယ်။ သွားရင်းလည်း မေတ္တာပွားပါ။ ရပ်ရင်း၊ ထိုင်ရင်း၊ လျောင်းရင်းလည်း မေတ္တာပွားပါ။ အိပ်ပျော်နေချိန် မှတစ်ပါး ကျန်အချိန်တွေမှာ မေတ္တာပွားပါတဲ့။ အဲဒီလို နေ့မနား ညမအား မေတ္တာပွားနေရင် အဲဒီမေတ္တာရှင်ရဲ့ရင်မှာ မေတ္တာရေအလျဉ်တွေ တသွင်သွင်စီးဆင်းနေပါလိမ့်မယ်။ တသွင်သွင်စီးဆင်းနေတဲ့ မေတ္တာရေအလျဉ်ရှိသူဟာ အတိုင်းအတာမရှိတဲ့ မေတ္တာပိုင်ရှင် ဖြစ်လာပါလိမ့်မယ်။ မေတ္တာနဲ့နေခြင်းကို 'မြင့်မြတ်တဲ့ နေခြင်း' လို့ ဘုရားရှင်က မိန့်ဆိုထားပါတယ်။ ဒါကြောင့် မေတ္တာရှင်ရဲ့ဘဝဟာ မြင့်မြတ်တဲ့ဘဝ ဖြစ်ပါတယ်။ သတ္တဝါတွေရဲ့အကျိုးစီးပွားကို လိုလားတဲ့ မေတ္တာတရားဟာ မေတ္တာရှင်လူသားတွေရဲ့ ဘဝကို မြှင့်တင်ပေးတဲ့တရား ဖြစ်ပါတယ်။ ဒါကြောင့် ဘဝမြင့်မြတ်လိုသူတိုင်း မေတ္တာတရားကို လက်ကိုင်ထားကာ ပွားများကြရပါမယ်။ မေတ္တာဟာ ဘဝရဲ့အလှရတနာတစ်ခုပါပဲ။

✥

www.dhammaransi.com

# သူမပါ ဘယ်ဟာမပြီး

'ရဟန်းတို့၊ ရှုမှတ်ကြလော့၊ မမေ့ကြလင့်၊ နောင်အခါမှ နောင်တမရ ကြစေလင့်၊ ရှုမှတ်ကြ၊ မမေ့ကြနဲ့' လို့ ဆုံးမတဲ့ အဆုံးအမဟာ သင်တို့ အတွက် ငါဘုရားတို့ရဲ့ အဆုံးအမပဲ။'

(အင်္ဂုတ္တရနိကာယ၊ ပဉ္စကနိပါတ၊ ဓမ္မဝိဟာရီသုတ္တ စသည်)

ဘုရားရှင်က အထက်ပါစကားတော်ကို မိန့်ကြားတော်မူခဲ့ပါတယ်။ လူတွေဟာ ငယ်ရွယ်စဉ်အခါ ကျန်းမာစဉ်အခါ အစစအရာရာ အဆင်ပြေနေတဲ့အခါတွေမှာ တရားရှုမှတ်ဖို့အရေး မတွေးမိတတ်ကြပါဘူး။ သမထဘာဝနာ၊ ဝိပဿနာဘာဝနာ အားထုတ်ဖို့ စိတ်မဝင်စားတတ်ကြပါဘူး။ လူတွေဟာ ငယ်ရွယ်စဉ်အခါ ကျန်းမာစဉ်အခါ အစစအရာရာ အဆင်ပြေနေတဲ့အခါတွေမှာ သမထ၊ ဝိပဿနာ ဘာဝနာ တရားတွေကို အားထုတ်မထားရင် အသက်ကြီးလာတဲ့အခါ၊ မကျန်းမမာတဲ့အခါ၊ သေခါနီးအခါတွေမှာ နောင်တရတတ်ကြပါတယ်။ နောင်အခါမှ နောင်တမရကြလေအောင် ဘုရားရှင်က ရဟန်းတွေအပါအဝင် သူ့တပည့်တွေအားလုံးအား သတိပေး ဆုံးမစကား မိန့်ကြားတော်မူခဲ့ပါတယ်။

ငယ်ရွယ်သူနဲ့ အသက်ကြီးသူ၊ ကျန်းမာသူနဲ့ မကျန်းမာသူ၊ သေခါနီးသူတွေ တရားရှုမှတ်ရာမှာ တရားအသိဉာဏ် တိုးတက်ရေး၌ သိသိသာသာ ကွာခြားလှပါတယ်။ ငယ်ရွယ်သူ ကျန်းမာသူတွေဟာ ထက်မြက်တဲ့ဓားနဲ့ တူပါတယ်။ ထက်မြက်တဲ့ဓားနဲ့ အရာတစ်ခုကို ဖြတ်ရာမှာ လွယ်လွယ်ကူကူနဲ့ ပြတ်ပါတယ်။ ကိုယ်အင်အား၊ ဉာဏ်

www.dhammaransi.com



အင်အား ထက်မြက်နေတဲ့ ငယ်ရွယ်ကျန်းမာသူတွေဟာ တရားရှုမှတ်ရာမှာ တရားအသိဉာဏ် တိုးတက်လွယ်ပါတယ်။ အသက်အရွယ်ကြီးသူ၊ မကျန်းမမာသူတွေကတော့ အသွားတုံးတဲ့ဓားနဲ့ တူပါတယ်။ တုံးနေတဲ့ ဓားနဲ့ဖြတ်ရာမှာ လွယ်လွယ်ကူကူနဲ့ မပြတ်ပါဘူး။ ကိုယ်အင်အား၊ စိတ်အင်အား၊ အသိဉာဏ်အင်အား ဆုတ်ယုတ်လာတဲ့ အသက်အရွယ်ကြီးသူ မကျန်းမာသူတွေဟာ တရားရှုမှတ်ရာမှာ တရားအသိဉာဏ် တိုးတက်ရေး နှေးကွေးနေကြပါတယ်။

ဘုရားရှင်က ဆွမ်းကိစ္စပြီးလို့ ဂန္ဓကုဋီကျောင်းတော်အတွင်း မဝင်ခင် ဂန္ဓကုဋီကျောင်းတော်အနီးမှာ ရပ်လျက် ခြေထောက်တို့ကို ခြေဆေးရင်း နေ့တိုင်း ရဟန်းတို့အား မိန့်ကြားတော်မူတဲ့စကား ရှိပါတယ်။

'ရဟန်းတို့၊ သတိနဲ့ သီလ၊ သမာဓိ၊ ပညာကိစ္စတွေကို ပြီးစီးပြည့်စုံအောင် အားထုတ်ကြ၊ လောကမှာ ဘုရားပွင့်ဖို့ ခဲယဉ်းတယ်။ လူ့ဘဝရဖို့ ခဲယဉ်းတယ်။ သင့်တော်တဲ့နေရာ ကိုယ်လက်အင်္ဂါ ပြည့်စုံမှု၊ သဒ္ဓါရှိမှုစတာတွေကိုရဖို့ ခဲယဉ်းတယ်။ ရဟန်းဘဝရဖို့ ခဲယဉ်းတယ်။ သူတော်ကောင်းတရား နာကြားရဖို့ ခဲယဉ်းတယ်။'

နေ့စဉ် ပေးတော်မူတဲ့ ဘုရားရှင်ရဲ့ ဒီဩဝါဒစကားလေးတွေကို ဗုဒ္ဓသာသနာဝင် ရဟန်းတိုင်း၊ ရှင်တိုင်း၊ လူတိုင်း သိထားသင့်ကြပါတယ်။ မှတ်သားထားသင့်ကြပါတယ်။ လိုက်နာကြရပါမယ်။ ဗုဒ္ဓသာသနာဝင်တွေဟာ ကံကောင်းကြပါတယ်။ ဘုရားပွင့်ရာ အခါကောင်းနဲ့ ကြုံနေကြပါတယ်။ ရခဲတဲ့ လူ့ဘဝကိုလည်း ရနေကြပါတယ်။ သင့်တော်တဲ့နေရာ၊ ကိုယ်လက်အင်္ဂါ ပြည့်စုံမှု၊ သဒ္ဓါရှိမှု စတာတွေကိုလည်း ရနေကြပါတယ်။ သူတော်ကောင်းတရားတွေကိုလည်း နာကြားခွင့် ရနေကြပါတယ်။ ဘချို့ဆို ရှင် ရဟန်းအဖြစ်ကို ရနေကြပါတယ်။ ဒီလို ရခဲတဲ့ အခွင့်မကောင်းတွေကို ရနေကြတာ ကံကောင်းကြလို့ပဲ ဖြစ်ပါတယ်။

www.dhammaransi.com



ကံကောင်းလို့ ရောက်ရှိနေတဲ့ ဒီလိုဘဝကောင်းမျိုးမှာ သီလ၊ သမာဓိ၊ ပညာဆိုတဲ့ အခွင့်အရေးကောင်းတွေကို လက်လွှတ်ဆုံးရှုံးမသွားမိကြဖို့ အရေးကြီးလှပါတယ်။ လူရယ်လို့ဖြစ်လာရင် ကိုယ်မှု၊ နှုတ်မှုစင်ကြယ်ပြီး ကိုယ်ယဉ်ကျေးမှု၊ နှုတ်ယဉ်ကျေးမှုရှိတဲ့လူ ဖြစ်ရပါမယ်။ ဒီမှတစ်ဆင့် စိတ်ယဉ်ကျေးမှု ရှိတဲ့လူလည်း ဖြစ်ရပါမယ်။ ဒီမှတစ်ဆင့် စိတ်ဓာတ်ဖွံ့ဖြိုး အသိဉာဏ်တိုးတက်တဲ့လူလည်း ဖြစ်ရပါမယ်။ ကိုယ်ယဉ်ကျေးမှု၊ နှုတ်ယဉ်ကျေးမှုရှိတဲ့ လူဖြစ်ချင်ရင် သီလရှိရပါမယ်။ စိတ်ယဉ်ကျေးမှုရှိတဲ့ လူဖြစ်ချင်ရင် သမာဓိ ရှိရပါမယ်။ စိတ်ဓာတ်ဖွံ့ဖြိုး အသိဉာဏ်တိုးတဲ့လူ ဖြစ်ချင်ရင်တော့ ပညာရှိရပါမယ်။ ဝိပဿနာပညာ၊ မဂ်ပညာ ရှိရပါမယ်။ သီလ၊ သမာဓိ၊ ပညာတွေ ရှိလာအောင် သတိနဲ့ ပြည့်စုံကြရပါမယ်။ သတိရှင်ဟာ သီလရှင်၊ သမာဓိရှင်၊ ပညာရှင်လည်း ဖြစ်လာပါမယ်။

သတိဆိုတာ ပိုတယ်လို့ ဘယ်တော့မှမရှိဘဲ အမြဲတမ်း လိုလျက်သာ ရှိနေပါတယ်။ ကိစ္စတိုင်းမှာ သတိလိုပါတယ်။ သီလကိစ္စမှာလည်း သတိလိုပါတယ်။ သမာဓိကိစ္စမှာလည်း သတိလိုပါတယ်။ ပညာကိစ္စမှာလည်း သတိလိုပါတယ်။ သတိဟာ ရှိနိုင်လေ ကောင်းလေဖြစ်ပါတယ်။ သတိလွန်လို့ အကျိုးမဲ့ဖြစ်တယ်ဆိုတာ မရှိပါဘူး။ သတိလိုလို့သာ အကျိုးမဲ့တွေ ဖြစ်ရပါတယ်။ ဓမ္မရေးရာကိစ္စမှာသာ သတိဟာ လိုအပ်တာမဟုတ်ပါဘူး၊ လောကရေးရာကိစ္စတွေမှာ လည်း သတိဟာ လိုအပ်လျက် ရှိနေပါတယ်။

သတိမပါရင် ဘုရားလောင်းလည်း ဘုရားမဖြစ်နိုင်ပါဘူး။ ရဟန္တာလည်း မဖြစ်နိုင်ပါဘူး။ အနာဂါမ်၊ သကဒါဂါမ်၊ သောတာပန်လည်း မဖြစ်နိုင်ပါဘူး။ စိတ်စင်ကြယ်သူ မဖြစ်နိုင်ပါဘူး။ သတိဟာ ဓမ္မရေးရာ၊ လောကရေးရာတွေမှာ သူမပါရင် မပြီး အရေးကြီးလှတဲ့ တရားဖြစ်ပါတယ်။ ဒါကြောင့် ဘုရားရှင်က သတိရှိကြဖို့ မမေ့ကြဖို့ မိန့်တော်မူခဲ့ခြင်းဖြစ်ပါတယ်။

✤

www.dhammaransi.com

# ရှာမှ ရှားသူ

'လောကီလူအများဟာ ပညာမျက်စိကန်းနေတယ်။ အဲဒီလောကီလူအများ ထဲက လူအနည်းစုသာ ဝိပဿနာမျက်စိ ရှိကြတယ်။ ပိုက်ထဲမှာမိနေတဲ့ ငုံးငှက်တွေထဲက တစ်ကောင်တလေသာ ပိုက်ထဲက လွတ်ထွက်နိုင် သလို သတ္တဝါတစ်ယောက်တလေသာ လူ့ပြည်၊ နတ်ပြည်၊ ဗြဟ္မာပြည်၊ နိဗ္ဗာန်ကိုရောက်တယ်။ အများစုဟာ အပါယ်သို့ သွားကြတယ်။'

**(ဓမ္မပဒ၊ လောကဝဂ္ဂ၊ ၇ ပေသကာရဓီတာဝတ္ထု)**

မြန်မာနိုင်ငံဟာ ထေရဝါဒဗုဒ္ဓသာသနာ အထွန်းကားဆုံးနိုင်ငံ ဖြစ်ပါတယ်။ ဝိပဿနာ လိုက်စားသူဦးရေဟာ အခြားနိုင်ငံတွေမှာထက် ပိုမိုများပါလိမ့်မယ်။ ၄၆ သန်းကျော်ရှိတဲ့ မြန်မာနိုင်ငံ လူဦးရေထဲမှာ ဝိပဿနာတရားအားထုတ်သူဟာ တစ်သန်း၊ နှစ်သန်းလောက်ပဲ ရှိမယ် ထင်ပါတယ်။ ထေရဝါဒဗုဒ္ဓသာသနာဟာ သီရိလင်္ကာ၊ ထိုင်းနိုင်ငံတွေမှာ လည်း ထွန်းကားနေပါတယ်။ သူတို့နိုင်ငံတွေမှာ ဝိပဿနာမျက်စိရှိသူ က အလွန်ပဲနည်းပါလိမ့်မယ်။ ကိုယ့်မြန်မာနိုင်ငံအောက် ပိုနည်းပါလိမ့် မယ်။ တစ်ကမ္ဘာလုံးမှာ ကြည့်လိုက်ရင် ဝိပဿနာမျက်စိရှိသူဟာ အလွန်နည်းနေပါတယ်။ မြန်မာနိုင်ငံမှာရော အခြားနိုင်ငံတွေမှာပါ တစ်ကမ္ဘာလုံး ဝိပဿနာမျက်စိ ကန်းနေကြပါတယ်။

ဘုရားရှင်နဲ့ ဘုရားရှင်ရဲ့တပည့်တွေက ဝိပဿနာမျက်စိကို ဖွင့်ပေးခဲ့ကြပါတယ်။ ဝိပဿနာပညာမျက်စိဖွင့်လို့ မဂ်ပညာမျက်စိ၊ ဖိုလ်ပညာမျက်စိ ပွင့်ခဲ့သူလည်း ရှိခဲ့ပါတယ်။ ကမ္ဘာ့ရှိ လူဦးရေနဲ့စာရင် ဝိပဿနာမျက်စိပွင့်သူဦးရေဟာ အလွန်ပဲနည်းနေပါသေးတယ်။ ဗုဒ္ဓ

www.dhammaransi.com



သာသနာတော်ကြီးနဲ့ ကြုံကြိုက်ရပါလျက် ဝိပဿနာမျက်စိအကန်းဘဝနဲ့ ဘဝနိဂုံးချုပ်ရမယ်ဆိုရင် လူဖြစ်ရကျိုးလည်း မနပ်နိုင်သေးပါ။ ဗုဒ္ဓသာသနာတော်နဲ့လည်း တွေ့ရကျိုးမနပ်နိုင်သေးပါ။ ကန်းနေတဲ့ ဝိပဿနာမျက်စိကို မြင်လာအောင် ကုသပေးနေတဲ့ ဆေးရုံတွေ၊ ဆရာဝန်တွေ၊ မြန်မာနိုင်ငံမှာ ရှိနေပါတယ်။ ဘုရားရှင် ပေးတော်မူထားတဲ့ ကုသနည်းတွေနဲ့ ကုသပေးနေပါတယ်။ ဝိပဿနာပညာမျက်စိ အလင်းရလိုတဲ့ ပြည်ပသူ ပြည်ပသားတွေကလည်း မြန်မာနိုင်ငံက ဝိပဿနာဆရာဝန်တွေထံ လာရောက်ပြီး ဆေးကုသမှု ခံယူနေကြပါတယ်။

မြန်မာနိုင်ငံက ဝိပဿနာဆရာဝန် (ကမ္မဋ္ဌာန်းဆရာ) တွေကို သူတို့နိုင်ငံအသီးသီးကို ပင့်ဆောင်ပြီးတော့လည်း ဆေးကုသမှု ခံယူနေကြပါတယ်။ ကမ္ဘာအနှံ့အပြားမှာ ဝိပဿနာမျက်စိအလင်းဆေး (သတိပဋ္ဌာန်ဆေး) ဟာ ယခုအခါ ပျံ့နှံ့နေပါတယ်။ ဝိပဿနာမျက်စိကန်းသူရဲ့ဘဝမှာ ဒုက္ခအဖုံဖုံနဲ့ ကြုံရတဲ့အခါ ခံနိုင်ရည်အင်အား နည်းကြပါတယ်။ ဒုက္ခတွေနဲ့ ကြုံရပေမယ့် မဖြုံတဲ့ဆေးကို သူတို့လိုလားကြပါတယ်။ ဒုက္ခပြီးဆေးကို လိုလားနေကြပါတယ်။ ရှာဖွေနေကြပါတယ်။ ရှာဖွေကြတဲ့အခါ ဒီဝိပဿနာမျက်စိအလင်းဆေးကို တွေ့သွားကြပါတယ်။ ဒီဝိပဿနာမျက်စိအလင်းဆေးကို စားသုံးကြည့်ကြတဲ့အခါ ဆေးရဲ့အာနိသင်၊ ဆေးရဲ့စွမ်းအားကို မြင်သိလာကြပါတယ်။ ဝိပဿနာမျက်စိ အပြည့်အဝ လင်းသွားတဲ့အခါ အငြိမ်းအေးဆုံးအရာ (နိဗ္ဗာန်) ကို တွေ့သွားပါတယ်။ ဘုရားရှင်ကလည်း ကမ္ဘာ့လူသားတိုင်းကို အဲဒီအငြိမ်းအေးဆုံးအရာကို ရစေချင်ပါတယ်။ အဲဒီအငြိမ်းအေးဆုံးအရာကို ပေးချင်လို့လည်း ဘုရားရှင် ပေါ်ထွန်းလာရတာပါပဲ။ အငြိမ်းအေးဆုံးအရာကို ရရှိပြီးသူဟာ ဘဝမကုန်ဆုံးသေးရင် (ရဟန္တာမဖြစ်သေးရင်) လူ့ပြည်၊ နတ်ပြည်၊ ဗြဟ္မာ့ပြည်တွေကို ရောက်ရတာပါပဲ။ အငြိမ်းဓာတ်နိဗ္ဗာန်ကို တစ်ခါတွေ့ပြီးရင် အပါယ်လေးပါးမှ ထာဝရလွတ်သွားပါပြီ။

www.dhammaransi.com



အဖိုးတန် လက်ဝတ်တန်ဆာ ရတနာတွေကို လူတိုင်းမဝတ်ဆင်နိုင်ကြပါဘူး။ ချမ်းသာကြွယ်ဝတဲ့ လူအနည်းစုသာ ဝတ်ဆင်နိုင်ကြပါတယ်။ ဝိပဿနာမျက်စိအလင်းဆေးကိုလည်း လူတိုင်း မစားသုံးနိုင်ကြပါဘူး။ ဘုန်းကံပါရမီရှိသူတွေသာ စားသုံးနိုင်ကြပါတယ်။ ဗုဒ္ဓသာသနာတော်ကြီးနဲ့ ကြုံကြိုက်ခိုက် လူဖြစ်လာကြတုန်း အပါယ်နဲ့ အိုးစားကွဲအောင် ကြိုးစားသင့်ကြပါတယ်။ လူ့ဘဝရောက်ပြီး အပါယ်လေးပါး သွားရရင် အရင်းရှုံးတဲ့ဈေးသည်လို ဖြစ်နေပါလိမ့်မယ်။ အရင်းအဝိုင်း လူ့ဘဝပြန်ရကြရင် တော်သေးတာပေါ့။ နတ်ပြည်၊ ဗြဟ္မာပြည်ဆိုတဲ့ အမြတ်ကို ရရင်တော့ ပိုကောင်းတာပေါ့။ နိဗ္ဗာန်ဆိုတဲ့ အမြတ်ရရင်တော့ အကောင်း ဆုံးပေါ့။ နိဗ္ဗာန်ဆိုတဲ့ ဘဝအာမခံချက်ရှိတဲ့ အမြတ်ကိုရဖို့ လိုပါတယ်။ ဝိပဿနာမျက်စိ အပြည့်အဝ လင်းသွားရင် ဘဝအာမခံချက်ရှိတဲ့ အမြတ်ကို ရရှိသွားတော့တယ်။

ဘုရားရှင်ဟာ ဒုက္ခခံစားနေရတဲ့ ဒုက္ခိတသတ္တဝါတွေရဲ့ ဒုက္ခအဖုံဖုံကို ရှုစိမ့်တော်မမူပါဘူး။ ဖယ်ရှားလိုတဲ့ဆန္ဒ ပြင်းပြတော်မူပါတယ်။ ငရဲမှာ ခံစားရတဲ့ဆင်းရဲဟာ ကြီးကျယ်လွန်းတာမို့ အဲဒီငရဲဆင်းရဲမှ လွတ်စေလိုတော်မူပါတယ်။ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ်တို့ရဲ့ဘဝမှာ ကြုံတွေ့ရတဲ့ ဒုက္ခတွေဟာများ လှပါတယ်။ အဲဒီဆင်းရဲတွေမှလည်း သတ္တဝါတွေကို လွတ်စေတော်မူလိုပါတယ်။ ဒီဘဝဆိုးတွေမှ ထာဝရလွတ်ဖို့ဆိုတာလည်း ဝိပဿနာမျက်စိအလင်းဆေးကို မစားရင် လုံးဝမဖြစ်နိုင်ပါဘူး။ အထက်ပါ ဘုရားစကားတော်အတိုင်းပါပဲ၊ ဝိပဿနာမျက်စိ ရှိသူတွေဟာ လောကကြီးမှာ နည်းလှပါတယ်။ ဘဝကောင်းနဲ့ နိဗ္ဗာန်ရောက်သူတွေဟာလည်း နည်းလှပါတယ်။ ဝိပဿနာမျက်စိ ရှိသူတွေဟာ လောကကြီးမှာ ရှာမှရှားပါလိမ့်မယ်။ အဲဒီရှာမှရှားတဲ့ ပုဂ္ဂိုလ်စာရင်းမှာ စာရှုသူမပါဝင်သေးရင် ပါဝင်အောင် ကြိုးစားသင့်ပါတယ်။

www.dhammaransi.com

# သူ့သုခ ကိုယ့်သုခ

'မကောင်းမှုပြုသူဟာ ဒီဘဝမှာလည်း ပူပန်ရတယ်၊ နောင်ဘဝမှာလည်း ပူပန်ရတယ်၊ ပစ္စုပ္ပန်၊ တမလွန် နှစ်တန်သောဘဝမှာ ပူပန်ရတယ်။ 'ငါဟာ မကောင်းမှုကိုလုပ်မိပြီ' လို့ လုပ်ခဲ့တာကို တွေးကာ ပူပန်ရတယ်။ နောက် မကောင်းတဲ့ဘဝရောက်တဲ့အခါ မကောင်းကျိုးတွေကို ခံစားပြီး တော့လည်း ပူပန်ရတယ်။'

(ဓမ္မပဒ၊ ယမကဝဂ္ဂ၊ ၁၂ ဒေဝဒတ္တဝတ္ထု)

ဒီစကားတော်ကို ဘုရားရှင်က အရှင်ဒေဝဒတ်ကို အကြောင်းပြုပြီး ဟောတော်မူထားပါတယ်။ အရှင်ဒေဝဒတ်ဟာ ဘုရားရှင်ကိုသတ်ဖို့ ကျောက်မောင်းဆင်ကာ တွန်းချခဲ့တယ်။ လေးသမားတွေကို လွှတ်စေခဲ့တယ်။ နာဠာဂီရိဆင်ကြီးကို လွှတ်စေခဲ့တယ်။ သံဃာသင်းခွဲခဲ့တယ်။ အဲဒီမကောင်းတဲ့ကံတွေကို လုပ်ခဲ့လို့ အရှင်ဒေဝဒတ်ဟာ မသေခင်မှာလည်း စိတ်ပူပန်မှုတွေ ခံစားခဲ့ရတယ်။ သေပြီးနောက် အဝီစိရောက်တော့လည်း စိတ်ပူပန် ဆင်းရဲမှုတွေ ခံစားနေရတယ်။

သူတစ်ပါးအသက်သတ်မှု၊ သူတစ်ပါးဥစ္စာကို ခိုးယူမှု၊ သူတစ်ပါးသားမယားကို ဖျက်ဆီးမှုလို့ခေါ်တဲ့ မကောင်းတဲ့အလုပ်တွေကို လုပ်မိရင် လုပ်မိတဲ့သူမှာ အဲဒီအလုပ်တွေကို ပြန်တွေးလိုက်တိုင်း ပြန်တွေးလိုက်တိုင်း 'ငါဟာ မကောင်းတာတွေကို လုပ်မိပြီ' လို့တွေးကာ စိတ်ပူပန်နေရပါတယ်။ ကြိမ်မီးအုံးပမာ တအုံ့နွေးနွေးဖြစ်နေရပါတယ်။ အဲဒီအလုပ်တွေဟာ နောင်တပူပန်မှုကို ပေးတဲ့အပြင် နောက်ဘဝမှာလည်း ဆင်းရဲ

www.dhammaransi.com



မျိုးစုံကို ပေးကြပါသေးတယ်။ ဒါကြောင့် အဲဒီအလုပ်တွေဟာ ကောင်းတဲ့အလုပ်တွေ မဟုတ်ပါဘူး။ မကောင်းတဲ့အလုပ်တွေ ဖြစ်ပါတယ်။ မကောင်းတဲ့အလုပ်တွေကို လူ ကောင်းတွေက မလုပ်မိအောင် ရှောင်ရှားကြရပါမယ်။ အသက်ရှင်လိုသူဟာ အဆိပ်ပြင်းတဲ့မြွေကို ရှောင်ရှားသလို ရှောင်ရှားကြရပါမယ်။

သူတစ်ပါးအကျိုး ပျက်ပြားအောင် လိမ်ညာမှု၊ ချစ်ခင်ရင်းနှီးနေကြသူတွေကို ကွဲပြားအောင် သွေးခွဲစကားပြောမှု၊ ကြမ်းကြမ်းတမ်းတမ်း စကားကို ပြောဆိုမှု၊ အနှစ်သာရမရှိတဲ့စကားကို ပြောဆိုမှုလို့ခေါ်တဲ့ မကောင်းတဲ့စကားတွေကို ပြောမိရင် ပြောမိတဲ့သူမှာ အဲဒီစကားတွေကို ပြန်တွေးလိုက်တိုင်း ပြန်တွေးလိုက်တိုင်း 'ငါဟာ မကောင်းတဲ့စကားတွေကို ပြောမိပြီ' လို့ တွေးကာ စိတ်ပူပန်ရပါတယ်။ စိတ်မကောင်းဖြစ်ရပါတယ်။ စိတ်ထဲမှာတနုံ့နုံ့ခံစားနေရပါတယ်။ ဒီစကားတွေဟာ နောင်တပူပန်မှုတွေကို ဖြစ်စေနိုင်တဲ့ အစွမ်းသတ္တိ ရှိကြပါတယ်။ ဒါကြောင့် ဒီစကားတွေဟာ ကောင်းတဲ့စကားတွေ မဟုတ်ပါဘူး။ မကောင်းတဲ့ စကားတွေ ဖြစ်ကြပါတယ်။ မကောင်းတဲ့စကားတွေကို လူကောင်းတွေက မပြောမိအောင် ရှောင်ကြရပါမယ်။ အသန့်အရှင်းကြိုက်တဲ့လူဟာ မစင်အညစ်အကြေးကို ရှောင်ရှားသလို ရှောင်ရှားကြရပါမယ်။

လွဲမှားတဲ့အယူအဆ၊ သူတစ်ပါးပစ္စည်း အပိုင်စီးလိုမှု၊ သူတစ်ပါး ပျက်စီးရာ ပျက်စီးကြောင်း ကြံစည်မှုလို့ခေါ်တဲ့ မကောင်းတဲ့စိတ်ထားတွေ ထားမိရင် ထားမိတဲ့သူမှာ အဲဒီစိတ်ထားတွေကို ပြန်တွေးလိုက်တိုင်း ပြန်တွေးလိုက်တိုင်း 'ငါဟာ မကောင်းတဲ့စိတ်ထားတွေ ထားမိပြီ'လို့ တွေးကာ စိတ်ပူပန်ရပါတယ်။ ဒီစိတ်ထားတွေဟာ နောင်တပူပန်မှုကို ဖြစ်စေနိုင်တဲ့ အစွမ်းသတ္တိရှိကြပါတယ်။ ဒါကြောင့် ဒီစိတ်ထားတွေဟာ ကောင်းတဲ့စိတ်ထားတွေ မဟုတ်ပါဘူး။ မကောင်းတဲ့စိတ်ထားတွေ ဖြစ်ပါတယ်။ မကောင်းတဲ့စိတ်ထားတွေကို လူကောင်းတွေက မထားမိ

www.dhammaransi.com



အောင် ရှောင်ကြရပါမယ်။ အလုအယက်ကြိုက်တဲ့မိန်းကလေးဟာ အကျည်းတန်စေမယ့်အရာတွေကို ရှောင်သလို ရှောင်ကြရပါမယ်။

'ဒု၊ သ၊ န၊ သော' လို့ ဟစ်ဆိုခဲ့တဲ့ သူဌေးသား ၄ ယောက်ဟာ သူတစ်ပါးသမီး မယားတွေကို ဖျက်ဆီးတဲ့အမှုကို ပြုခဲ့လို့ လောဟကုမ္ဘီငရဲမှာ ဒုက္ခတွေ ခံနေရတဲ့အတွက် မကောင်းတာတွေ လုပ်ခဲ့တာ မှားလေခြင်း၊ ကောင်းတာတွေ မလုပ်ခဲ့ရတာ မှားလေခြင်းဆိုပြီး နောင်တပူပန်မှုတွေ ဖြစ်နေကြပါတယ်။ မတရားသဖြင့် စီးပွားရှာခဲ့တဲ့ ဈေးသည်မတွေဟာလည်း ပြိတ္တာတွေဖြစ်ကာ ဒုက္ခခံနေရလို့ နောင်တတွေ ရနေကြပါတယ်။ မကောင်းတဲ့အလုပ်၊ မကောင်းတဲ့စကား၊ မကောင်းတဲ့စိတ်ထားတွေဟာ ဒီဘဝမှာ ပြန်တွေးလိုက်တိုင်း တွေးသူရဲ့စိတ်ကို ပူပန်စေပါတယ်။ နောင်ဘဝမှာ မကောင်းကျိုးတွေကို ခံစားရတော့လည်း စိတ်ပူပန်မှုကို ဖြစ်စေပါတယ်။ ဒီဘဝမှာရော နောက်ဘဝတွေမှာပါ စိတ်ပူပန်ဆင်းရဲမှုကို ကြောက်လန့်ကြသူတိုင်းဟာ စိတ်ပူပန်မှုကို ဖြစ်စေတတ်တဲ့ နောင်တရစေတတ်တဲ့ မကောင်းတဲ့အလုပ်၊ မကောင်းတဲ့စကား၊ မကောင်းတဲ့စိတ်ထားတွေကို ရှောင်ရှားကြရပါမယ်။

မကောင်းတဲ့အလုပ်တွေကို မလုပ်ရင်၊ မကောင်းတဲ့စကားတွေကို မပြောရင်၊ မကောင်းတဲ့စိတ်ထားတွေကို မထားရင် အဲဒီသူမှာ နောင်တပူပန်မှုတွေ ကင်းနေပါတယ်။ ပျော်ပျော်ရွှင်ရွှင် ဝမ်းပန်းတသာ ရှိပါတယ်။ နောင်တပူပန်မှုနဲ့ နေရတဲ့ဘဝဟာ ပင်ပန်းပါတယ်၊ ညှိုးနွမ်းပါတယ်၊ လေးလံပါတယ်၊ တင်းကျပ်ပါတယ်၊ ဆင်းရဲပါတယ်။ နောင်တပူပန်မှုကင်းနေတဲ့ ဘဝဟာ ရွှင်လန်းပါတယ်၊ ပေါ့ပါးပါတယ်၊ ပြေလျော့နေပါတယ်၊ ချမ်းမြေ့ပါတယ်။

သူတစ်ပါးကို ဒုက္ခပေးတဲ့အလုပ်၊ အပြော၊ အကြံအစည်တွေဟာ ကိုယ့်ကိုလည်း ဒုက္ခပေးတတ်ပါတယ်။ သူတစ်ပါးကို သုခပေးတဲ့ အလုပ်၊ အပြော၊ အကြံအစည်တွေဟာ ကိုယ့်ကိုလည်း သုခပေးတတ်

www.dhammaransi.com



ပါတယ်၊ ဒုက္ခကို မလိုလားသူဟာ သူတစ်ပါးကို ဒုက္ခမပေးဖို့ လိုပါတယ်။ သုခကို လိုလားသူဟာ သူတစ်ပါးကို သုခပေးဖို့ လိုပါတယ်။ မိမိဟာ သုခကို လိုလားသလို အခြားသူတွေလည်း သုခကို လိုလားကြပါတယ်။ မိမိဟာ ဒုက္ခကိုကြောက်သလို အခြားသူတွေလည်း ဒုက္ခကို မပေးဘဲ သူတို့ကြိုက်တဲ့သုခကို ပေးမှသာ မိမိဟာလည်း ဒုက္ခတွေနဲ့ ဝေးပြီး သုခတွေနဲ့ နီးရပါလိမ့်မယ်။

သူတစ်ပါးကို သုခပေးတဲ့အလုပ်တွေကို လုပ်နိုင်လေလေ၊ သုခပေးတဲ့စကားတွေကို ပြောနိုင်လေလေ၊ သုခပေးတဲ့ စိတ်ထားတွေကို ထားနိုင်လေလေ ကိုယ့်မှာ သုခတွေ တိုးလာလေလေ ဖြစ်ပါလိမ့်မယ်။

✤

www.dhammaransi.com

# အနာနဲ့ ဆေး

'ရာဂကို ပယ်ဖို့ရာ အသုဘဘာဝနာကို ပွားထိုက်၏။ ဒေါသကိုပယ်ဖို့ရာ မေတ္တာဘာဝနာကို ပွားထိုက်၏။ ဝိတက်ကို ဖြတ်တောက်ဖို့ရာ အာနာပါနဿတိကို ပွားထိုက်၏။ မာနကို ပယ်သတ်ဖို့ရာ အနိစ္စသညာကို ပွားထိုက်၏။'

(အင်္ဂုတ္တရနိကာယ၊ နဝက၊ ပ ပဏ်၊ ၁ သမ္ဗောဓိဝဂ်၊ ၃ မေဃိယသုတ်)

အရှင်မေဃိယအား ဘုရားရှင် ဟောကြားတော်မူခဲ့တဲ့ စကားတော် ဖြစ်ပါတယ်။ 'အနာနဲ့ ဆေး၊ တည့်အောင်ပေး၊ ပျောက်ရေးမခက်ပါ' ဆိုတဲ့ မြန်မာစကားပုံလိုပါပဲ။ ရာဂအနာ၊ ဒေါသအနာ၊ ဝိတက်အနာ၊ မာနအနာတွေနဲ့ သင့်တော်တဲ့ အသုဘဘာဝနာဆေး၊ မေတ္တာဘာဝနာဆေး၊ အာနာပါနဿတိဘာဝနာဆေး၊ အနိစ္စသညာဘာဝနာဆေးတွေကို ပေးတော်မူခဲ့ပါတယ်။ ဘုရားရှင်ရဲ့ ဒီဆေးကုသချက်ကိုကြည့်လိုက်ရင် ဘုရားရှင်ဟာ အင်မတန်ကျွမ်းကျင်တဲ့ တရားသမားတော်ကြီးဖြစ်ကြောင်း သိသာလှပါတယ်။ တရားသမားတော်ကြီးရဲ့ ဆေးကုသမှုကို ခံယူပြီး ဆေးစားသူတို့က သူတို့ရောဂါတွေ ပျောက်ကင်းသွားတာကို ကိုယ်တွေ့ကြုံခဲ့ရတဲ့အတွက် တရားသမားတော်ကြီးရဲ့ ဆေးစွမ်းထက်ပုံကို ရာနှုန်းပြည့် ယုံကြည်ကြပါတယ်။ အားကိုးကြပါတယ်။ တရားသမားတော်ကြီးရဲ့ ဆေးစွမ်းထက်ပုံကို ကိုယ်တွေ့ကြုံဖူးသူတို့က 'သူ့ဆေးမှ သူ့ဆေး' ဆိုပြီး တန်းတန်းစွဲဖြစ်နေကြပါတယ်။ အပြည့်အဝ ထောက်ခံချက်ပေးကြပါတယ်။

ရာဂမကင်းကြသေးသူတိုင်း ရာဂရောဂါကို ခံစားနေကြရပါ

www.dhammaransi.com



တယ်။ ရာဂရောဂါကုသနည်းကို ဘုရားရှင်သာ ပေးတော်မမူခဲ့ရင် အဲဒီနည်းကို မသိနိုင်ကြပါ။ ရာဂရောဂါ ကုသနည်းကို မသိကြရရင် ရာဂရောဂါရဲ့ ဖိစီးနှိပ်စက်မှုကို အလူးအလဲခံနေကြရပါလိမ့်မယ်။ ဘုရားရှင်ရဲ့ ကျေးဇူးတော်ကြောင့် ရာဂရောဂါအတွက် ဆေးနည်းကို သိကြရပါပြီ။ ရာဂရောဂါ ဝေဒနာရှင်တွေ ဘုရားပေးထားတဲ့ အသုဘ ဘာဝနာဆေးကို စားကြည့်သင့်ကြပါတယ်။ ရာဂရောဂါ အမြစ်ပြတ် မပျောက်သေးသမျှ ဒီဆေးကို စွဲစွဲမြဲမြဲ မှီဝဲသင့်ကြပါတယ်။ ရာဂရောဂါ အတွက် အသုဘဘာဝနာဆေးဟာ အသင့်တော်ဆုံးဆေး ဖြစ်ပါတယ်။ တစ်ခါစားကြည့်ရင် တစ်ခါ သိသိသာသာ သက်သာပါတယ်။ အခါခါ စားကြည့်ရင် အခါခါ သက်သာတာကို အခါခါကိုယ်တွေ့ သိရပါလိမ့်မယ်။

ခန္ဓာကိုယ်ရဲ့ မတင့်တယ်၊ ရွံစဖွယ်ဖြစ်ပုံကို အာရုံပြုလိုက်ရင် ရာဂရောဂါဟာ ဆားနဲ့ထိတဲ့ တီပမာ တွန့်ဆုတ်သွားပါလိမ့်မယ်။ ရာဂဟာ အသုဘဘာဝနာကို ကြောက်လန့်ရပါတယ်။ အသုဘဘာဝနာ စိတ်ကို ရာဂက အရှုံးပေးရပါတယ်။ ရာဂရန်သူကို တွန်းလှန်တိုက်ခိုက်လိုသူတိုင်းဟာ အသုဘဘာဝနာလက်နက်ကို ကိုင်စွဲပြီး ဖြိုခွင်းကြရပါမယ်။ သာယာဖွယ်လို့ထင်ကာ သာယာတပ်မက်တဲ့ ရာဂကို မသာယာ၊ မတင့်တယ်၊ ရွံစဖွယ်လို့ နှလုံးသွင်းဆင်ခြင်မှု အသုဘဘာဝနာက ချေဖျက်ပါတယ်။ ရာဂနဲ့ အသုဘဘာဝနာဟာ ဖြောင့်ဖြောင့်ဆန့်ကျင်ဘက် ဖြစ်ပါတယ်။ ဒါကြောင့် အသုဘဘာဝနာက ချေဖျက်နိုင်တဲ့ စွမ်းအားရှိနေပါတယ်။

လူတွေမှာ ရာဂရောဂါရှိသလို ဒေါသရောဂါလည်း ရှိနေကြတယ်။ ရာဂရောဂါဟာ လူတွေကို ဒုက္ခပေးနေသလို ဒေါသရောဂါက လည်း လူတွေကို ဒုက္ခပေးနေပါတယ်။ လောကကြီးအတွင်းမှာ စိတ်ဒုက္ခ ရောက်နေကြသူတွေဟာ များသောအားဖြင့် ရာဂရောဂါ၊ ဒေါသရောဂါ

www.dhammaransi.com



တွေကြောင့်ပဲ ဖြစ်ပါတယ်။ ရာဂရောဂါ၊ ဒေါသရောဂါတွေ ကင်းနေပြီ ဆိုရင် ဒီလောကကြီးမှာ စိတ်ချမ်းသာခြင်းဟာ အလွန်ပဲများပြားလာပါ လိမ့်မယ်။ တစ်ဦးနဲ့တစ်ဦး၊ တစ်မိသားစုနဲ့ တစ်မိသားစု၊ တစ်အိမ်နဲ့ တစ်အိမ်၊ တစ်ရွာနဲ့တစ်ရွာ၊ တစ်မြို့နဲ့တစ်မြို့၊ တစ်နိုင်ငံနဲ့ တစ်နိုင်ငံ မသင့်မမြတ် ဖြစ်နေကြတာဟာ အဲဒီလူတွေမှာ ဒေါသရောဂါ စွဲကပ်နေ လို့ပါပဲ။ ဒေါသရောဂါ ဖိစီးနှိပ်စက်နေလို့ပါပဲ။ ဒေါသရောဂါ ကြိုဟ်မွှေ နေလို့ပါပဲ။ ဒေါသရန်သူကို မေတ္တာဘာဝနာလက်နက်နဲ့ နှိမ်နင်းနိုင် ကြရင် စစ်ဆိုတာ မရှိနိုင်တော့ပါဘူး။ ရန်ပွဲဆိုတာလည်း မရှိနိုင်တော့ ပါဘူး။ မသင့်မြတ်မှုဆိုတာလည်း မရှိနိုင်တော့ပါဘူး။ ဒေါသနဲ့ မေတ္တာ ဟာ မီးနဲ့ရေပမာ ဖြောင့်ဖြောင့်ဆန့်ကျင်ဘက်တွေ ဖြစ်ပါတယ်။

ဒါကြောင့် မေတ္တာဘာဝနာက ဒေါသကို နှိမ်နင်းနိုင်တဲ့စွမ်းအား ရှိခြင်း ဖြစ်ပါတယ်။ ဒေါသက ကြမ်းတမ်းသလောက် သူတစ်ပါး ချမ်းသာ ရေးကို ရှေးရှုတဲ့ မေတ္တာတရားက နူးညံ့လှပါတယ်။ 'အကြမ်းမှု အနုနဲ့ အောင်စရာ' ဆိုတဲ့ မြန်မာစကားဟာ 'အက္ကောဓေန ဇိနေ ကောဓံ' ဆိုတဲ့ ဘုရားစကားတော်ကို မြန်မာပြန်ထားတဲ့ စကားဖြစ်ပါတယ်။

အတွေးများပြီး အိပ်မရကြသူတွေ လောကကြီးထဲမှာ ရှိနေပါ တယ်။ လောဘအတွေး၊ ဒေါသအတွေးဟာ တွေးသူရဲ့ရင်ကို မအေးစေ ပါဘူး။ ပူလောင်စေပါတယ်။ လောဘအတွေး၊ ဒေါသအတွေးတွေနဲ့ ပူလောင်နေကြသူတွေမှာ မအိပ်နိုင်၊ မစားနိုင်တဲ့အထိ ဖြစ်ကြပါတယ်။ လောဘအတွေးအမျှင်၊ ဒေါသအတွေးအမျှင်တွေကို ဖြတ်တောက်ဖို့ရာ အာနာပါနဿတိ ဘာဝနာဓား (ဝင်လေထွက်လေကို ရှုမှတ်မှုဓား) ဟာ ထက်မြက်လှပါတယ်။ ဖြတ်နိုင်ရင် ဖြတ်နိုင်သလောက် ပြတ်ပါတယ်။ လူတွေမှာ မနက်အိပ်ရာနိုးသည်ကစပြီး အိပ်ရာဝင်ပြီး အိပ်မပျော်မီအထိ လောဘအတွေးအမျှင်၊ ဒေါသအတွေးအမျှင် အစဉ်တစ်တန်းကြီး ဖြစ်နေ ပါတယ်။ လောဘအတွေး၊ ဒေါသအတွေးနဲ့ ပူလောင်ရှုပ်ထွေးနေတဲ့

www.dhammaransi.com



အခါမျိုးမှာ အာနာပါနဿတိဘာဝနာကို ပွားကြည့်ရင် အတွေးတွေကင်းပြီး ငြိမ်းချမ်းအေးမြမှုကို ရရှိခံစားရပါလိမ့်မယ်။ လောဘအတွေးသမား၊ ဒေါသအတွေးသမားတွေဟာ ဘုရားပေးထားတဲ့ အာနာပါနဿတိ ဘာဝနာတရားကို ကြိုးစားပွားကြည့်သင့်ကြပါတယ်။

ပစ္စည်း၊ ပညာ၊ ရုပ်ရည်၊ ရာထူး ကျော်ကြားမှုရှိသူတွေမှာ အထင်ကြီးမှုတွေ ဝင်ရောက်လာတတ်ပါတယ်။ အဲဒီလို အထင်ကြီးတာကလည်း အဲဒီပစ္စည်း၊ ပညာ၊ ရုပ်ရည်၊ ရာထူး ကျော်ကြားမှုတွေရဲ့ ထာဝရ မတည်မြဲနိုင်ပုံကို မသိမမြင်ကြလို့ပါပဲ။ အဲဒီအထင်ကြီးမှု မာနတရားကို ပယ်ရှားနိုင်ဖို့ရာ မိမိခန္ဓာနဲ့တကွ သင်္ခါရ သင်္ခါရ အားလုံး မမြဲကြောင်းကို သိမြင်တဲ့ အနိစ္စသညာဘာဝနာတရားကို ပွားများဖို့ ညွှန်ကြားတော်မူခဲ့ပါတယ်။ အနာနဲ့ဆေး တည့်အောင်ပေးတော်မူတတ်တဲ့ ဘုရားရှင်ကို အလွန်ပဲ ကြည်ညိုအားကိုးထိုက်လှပါတယ်။

✤

www.dhammaransi.com

# အချစ်ဆုံး

'အရပ် ၁၀ မျက်နှာကို စိတ်နဲ့သွားပြီး အစွမ်းကုန်ရှာကြည့်ပါ၊ ဘယ်နေရာမှာမှ ကိုယ့်ထက်ပိုပြီးချစ်တဲ့သူကို မတွေ့နိုင်ပါ။ သတ္တဝါတိုင်းဟာ ကိုယ့်ကိုယ်ကိုသာ အချစ်ဆုံးဖြစ်ပါတယ်။ ဒါကြောင့် ကိုယ့်အကျိုးစီးပွားကို လိုလားသူဟာ သူတစ်ပါးကို မညှဉ်းဆဲရာ။'

(ဥဒါနပါဠိ၊ ၅ သောဏဝဂ်၊ ၁ ပိယတရသုတ္တ)

မလ္လိကာဟာ သာဝတ္ထိမြို့က ဆင်းရဲတဲ့ပန်းသည်ရဲ့သမီး ဖြစ်ပါတယ်။ တစ်နေ့မှာ ဈေးကမုန့်ကိုယူကာ ပန်းခြံကိုသွားပြီး စားမယ်လို့ ရည်ရွယ်ကာ ထွက်လာခဲ့ပါတယ်။ လမ်းခုလတ်မှာ ရဟန်းအပေါင်း ခြံရံလာတဲ့ ဘုရားရှင် ဆွမ်းခံဝင်လာတာကို တွေ့ရလို့ ကြည်ညိုစိတ်ပေါက်ကာ မုန့်ကို ဘုရားရှင်အား လှူလိုက်ပါတယ်။ ဘုရားရှင်က မုန့်လှူတဲ့နေရာမှာ ထိုင်ဖို့ အရိပ်အယောင်ပြတယ်။ အရှင်အာနန္ဒာက သင်္ကန်းခင်းပေးတယ်။ ဘုရားရှင်က အဲဒီနေရာမှာထိုင်ပြီး အဲဒီမုန့်ကို ဘုဉ်းပေးကာ ပါးစပ်ဆေးပြီး ပြုံးတော်မူတယ်။ အရှင်အာနန္ဒာက 'မြတ်စွာဘုရား ဒီဒါနရဲ့ ဘယ်လိုအကျိုး ဖြစ်လာပါမလဲဘုရား' လို့ လျှောက်ထားတယ်။ 'အာနန္ဒာ ဒီဒကာမလေးဟာ ဒီနေ့ ငါဘုရားအား ပထမဆုံး မုန့်စားဖွယ် လှူတယ်၊ ဒီနေ့ပဲ ကောသလမင်းရဲ့ ချစ်ခင်မြတ်နိုးရတဲ့ မိဖုရားခေါင်ကြီး ဖြစ်လိမ့်မယ်' လို့ ဘုရားရှင်က မိန့်တော်မူပါတယ်။

အဲဒီနေ့မှာပဲ ကောသလမင်းဟာ ကာသိရွာမှာ တူတော် အဇာ

www.dhammaransi.com



တသတ်မင်းနဲ့ စစ်တိုက်ရာမှာ ရှုံးလို့ ထွက်ပြေးလာပြီး မြို့ကိုဝင်တဲ့အခါ စစ်တပ်တွေရဲ့အလာကို စောင့်မယ်လို့ တွေးကာ အဲဒီပန်းခြံထဲ ဝင်သွားပါတယ်။ မလ္လိကာက ကောသလဘုရင် ဝင်လာတာကို မြင်လို့ ကောသလဘုရင်အား ပြုစုပေးတယ်၊ မလ္လိကာရဲ့ ပြုစုပုံကို သဘောကျလို့ မလ္လိကာဖခင်ကိုခေါ်ကာ ရာထူးပေးပြီး မလ္လိကာကို နန်းတော်တွင်း ခေါ်ကာ မိဖုရားခေါင်ကြီးအရာမှာ ထားပါတယ်။ တစ်နေ့မှာ ကောသလမင်းက 'ငါဟာ မလ္လိကာကို မိဖုရားခေါင်ကြီးရာထူးကို ပေးထားတယ်၊ မလ္လိကာ သင်ဟာ ဘယ်သူ့ကိုချစ်သလဲလို့ မေးရရင် ကောင်းမယ်၊ မလ္လိကာက အရှင်မင်းကြီးကို ချစ်ပါတယ်လို့ပြောပြီး ငါ့ကို ပြန်မေးလိမ့်မယ်၊ အဲဒီအခါ ငါက မလ္လိကာကို ချစ်တယ်လို့ ပြောမယ်လို့ ကြံစည်ထားပါတယ်။ ကောသလဘုရင်က မလ္လိကာနဲ့ ချစ်တင်းနှောချင်လို' လို့ မေးပါတယ်။

'မလ္လိကာ၊ သင့်ကိုယ်ထက်ပိုပြီး ဘယ်သူ့ကို ချစ်ပါသလဲ'တဲ့။

မလ္လိကာဟာ ဘုရားရှင်နဲ့ သံဃာတော်တွေကို ဆည်းကပ်ပြုစုနေတဲ့ ပညာရှိဖြစ်တာမို့ ရှင်ဘုရင်ရဲ့ မျက်နှာကိုထောက်ထားပြီး မဖြေထိုက်ဘူးလို့ တွေးကာ အမှန်အတိုင်းပဲ ဖြေလိုက်ပါတယ်။

'အရှင်မင်းကြီး၊ ကိုယ့်ကိုယ်ထက်ပိုပြီး ဘယ်သူ့ကိုမှ မချစ်ပါ'တဲ့။

ကောသလမင်းကိုလည်း မလ္လိကာက ကောသလ မေးသလို မေးပါတယ်။ မလ္လိကာ ဖြေသလိုပဲ ဖြေလိုက်ပါတယ်။ ဖြေပြီးတဲ့အခါ ကောသလမင်းဟာ အသိဉာဏ်အားနည်းတာကြောင့် ဒီလိုတွေးပါတယ်။

'ငါဟာ ရှင်ဘုရင်၊ နိုင်ငံကြီးတစ်နိုင်ငံကို အုပ်ချုပ်နေတယ်၊ ငါ့လိုရှင်ဘုရင်က 'ငါ့ကိုယ်ထက်ပိုပြီး ချစ်တဲ့သူကို ငါမမြင်ဘူး'လို့ ပြောတာဟာ တော်သေးတာပေါ့။ ဒီမလ္လိကာဟာ ယုတ်ညံ့သူ ဇာတ်ညံ့သူ ဖြစ်ပါလျက် မိဖုရားခေါင်ကြီး ရာထူးမှာ တင်ပေးထားတဲ့ ငါရှင်ဘုရင်ကို သူ့ကိုယ်ထက် ပိုမချစ်ဘူး၊ သူ့ကိုယ်ကိုသာ အချစ်ဆုံးလို့

www.dhammaransi.com



ငါ့ရဲ့ရှေ့မှောက်မှာ ပြောတယ်၊ ဒီမလ္လိကာ သိပ်ရက်စက်ကြမ်းတမ်းတယ်' လို့ တွေးပါတယ်။ အဲဒီလိုတွေးပြီး စိတ်မကောင်းဖြစ်ကာ 'မလ္လိကာ၊ သင်ဟာ ရတနာသုံးပါးကို အချစ်ဆုံးမဟုတ်လား' လို့ မေးခွန်းထုတ်ပြန်ပါတယ်။

မလ္လိကာက ဒီလိုဖြေပါတယ်။

'အရှင်မင်းကြီး၊ ကျွန်မဟာ ရတနာသုံးပါးကိုလည်း ကျွန်မရဲ့ နတ်ပြည်ချမ်းသာ၊ နိဗ္ဗာန်ချမ်းသာကို လိုချင်လို့ ချစ်ပါတယ်။ ဒါကြောင့် ကျွန်မကိုယ်ကိုသာ ကျွန်မအချစ်ဆုံးဖြစ်ပါတယ်' တဲ့။

မလ္လိကာရဲ့အယူအဆက ဒီလိုဖြစ်ပါတယ်။

'ဒီလောက သတ္တဝါအားလုံးဟာ ကိုယ့်အကျိုးအတွက်သာ သူတစ်ပါးကို ချစ်ပါတယ်၊ သားကိုချစ်တဲ့သူဟာလည်း 'ဒီသားဟာ ငါအိုမင်းတဲ့အခါ ငါ့ကိုပြုစုစောင့်ရှောက်လိမ့်မယ်' လို့ မျှော်လင့်တယ်၊ သမီးကို ချစ်တဲ့သူဟာလည်း 'ဒီသမီးဟာ ငါ့မျိုးရိုးစဉ်ဆက်ကို တိုးပွားစေလိမ့်မယ်' လို့ မျှော်လင့်တယ်။ မယားကိုချစ်တဲ့သူကလည်း 'ဒီမယားဟာ ငါ့ကိုပြုစုလုပ်ကျွေးလိမ့်မယ်' လို့ မျှော်လင့်တယ်။ အခြားဆွေမျိုး၊ မိတ်ဆွေတွေကို အဲဒီလို မျှော်လင့်ချက်ကိုယ်စီနဲ့ ချစ်ခြင်းဖြစ်ပါတယ်။ ဒီလို ကိုယ့်အကျိုးကိုသာ ကြည့်ပြီး လောကသတ္တဝါတွေဟာ သူတစ်ပါးကို ချစ်ပါတယ်'တဲ့။

ကောသလမင်းက 'ဒီမလ္လိကာဟာ ကျွမ်းကျင်လိမ္မာတယ်၊ ပညာရှိတယ်၊ နူးညံ့သိမ်မွေ့တယ်၊ သူ့ကိုယ်သူ အချစ်ဆုံးလို့ မလ္လိကာက ပြောတယ်၊ ငါဟာလည်း ငါ့ကိုယ်ငါ အချစ်ဆုံးထင်ပြီး သူ့လိုပဲ ပြောလိုက်တယ်။ ယခုသွားပြီး ဒီအကြောင်းကို ဘုရားရှင်အား လျှောက်ထားမယ်၊ ဘုရားရှင်ဖြေတဲ့အတိုင်း မှတ်သားမယ်'လို့ တွေးပါတယ်။ တွေးပြီး ဘုရားရှင်အား လျှောက်ထားလို့ ဘုရားရှင်က အထက်ပါစကားကို ဥဒါန်းကျူးရင့်တော်မူပါတယ်။

✤

www.dhammaransi.com

# အမြဲ ဆင်ခြင်

'အို နာ သေ ကွဲ၊ ကံနှင့် တွဲ၊ အမြဲဆင်ခြင်လေ။'

(အင်္ဂုတ္တရနိကာယ၊ ပဉ္စကနိပါတ၊ အဘိဏှပစ္စဝေက္ခိတဗ္ဗဌာနသုတ္တ)

မြတ်စွာဘုရား ဟောတော်မူထားတဲ့ စကားလေးကို အကျဉ်းချုပ်ပြီး လင်္ကာလုပ်ထားတဲ့ စကားလေးဖြစ်တယ်။ အိုတာကို ရဟန်း၊ ရှင်၊ လူတွေ မပြတ်ဆင်ခြင်ကြဖို့ မိန့်တော်မူပါတယ်။ အိုနေပြီဖြစ်တဲ့ ပုဂ္ဂိုလ်တွေကတောင် ကိုယ့်ကိုယ်ကို အိုနေတယ်လို့ မထင်ချင်ကြပါဘူး၊ မထင်ကြပါဘူး။ 'အိုနေပြီ' လို့ ဘေးလူက ပြောလာရင်လည်း မကြိုက်တတ်ကြပါဘူး။ 'အိုလာပြီ၊ အရွယ်ကျလာပြီ၊ အဘိုးကြီး၊ အမယ်ကြီးဖြစ်လာပြီ' လို့ ပြောရင် အဲဒီစကားဟာ နားထဲမှာ ခါးနေတတ်ပါတယ်။ တတ်နိုင်ရင် မကြားချင်ပါဘူး။ ကိုယ့်ကို သူများက အိုနေပြီလို့ အထင်မခံချင်ကြပါဘူး။ အိုခြင်းရဲ့သင်္ကေတဖြစ်တဲ့ ဆံပင်ဖြူလာတာကို မလိုလားကြပါဘူး။ ဆေးဆိုးခြင်း၊ နုတ်ပစ်ခြင်းစသည်ကို ပြုလုပ်တတ်ကြပါတယ်။ အို အိုလာနေတဲ့ ခန္ဓာကိုယ်ကို နုပျိုနေပါသေးတယ်လို့ အပြောခံချင်လို့ ပြောချင်လို့ ဖုံးကွယ်နေတတ်ကြပါတယ်။ ငယ်ရွယ်နုပျိုနေသေးသူတွေမှာလည်း ရင့်ရော်မှု မထင်ရှားပေမယ့် တဖြည်းဖြည်း ရင့်ရော်အိုမင်းနေပါတယ်။ အိုမင်းရင့်ရော်ပြနေတဲ့ ဒီခန္ဓာကိုယ်ကြီးကို သူပြတဲ့အတိုင်း မြင်ပြီး ကျေကျေနပ်နပ် လိုက်လိုက်လှဲလှဲ နက်နက်နဲနဲ လက်ခံနိုင်သင့်ကြပါတယ်။ သဘောပေါက်ကာ ကျေနပ်သင့်ကြပါတယ်။ အို အိုလာနေတဲ့ ခန္ဓာကိုယ်ကို 'မအိုသေးပါဘူး၊ နုပျိုလာနေပါသေးတယ်' လို့ မအိုတဲ့ဘက်ကို အတင်းဆွဲမတွေးသင့်ပါဘူး။ အိုလာ

www.dhammaransi.com



နေပါလျက် မအိုသေးယောင်ဟန်ဆောင်ကာ ကိုယ့်ကိုယ်ကိုလည်း လှည့်စားမနေသင့်ပါ။ သူတစ်ပါးတွေကိုလည်း လှည့်စားဖို့ မကြိုးစားသင့်ပါ။

ဘုရားရှင်ကတော့ 'ငါဟာ အိုခြင်းကို မလွန်ဆန်နိုင်ဘူး၊ အိုခြင်းသဘော ရှိတယ်' လို့ အမြဲဆင်ခြင်ဖို့ မိန့်တော်မူပါတယ်။ အိုခြင်းတရားကို ဖုံးကွယ်လိုသူတွေကတော့ ဘုရားရှင်ရဲ့ ဒီစကားတော်ကို ဘေးမှာ ဖယ်ထားချင်ကြပါတယ်။ ဘုရားရှင်ကတော့ ငယ်ရွယ်နုပျိုတဲ့ မာန်တက်ပြီး မလုပ်သင့်တာတွေ လုပ်၊ မပြောသင့်တာတွေ ပြော၊ မတွေးကြံသင့်တာတွေ တွေးကြံပြီး ဘဝဆိုးတွေသို့ ရောက်ကာ ဒုက္ခရောက်မှာကို လိုလားတော်မမူပါဘူး။ ဒါကြောင့် အိုခြင်းသဘောကို ဆင်ခြင်ဖို့ မိန့်တော်မူခြင်းဖြစ်ပါတယ်။

နာခြင်းသဘောကိုလည်း အမြဲဆင်ခြင်ဖို့ ဘုရားရှင်က မိန့်တော်မူပါတယ်။ သတ္တဝါတွေမှာ အနာရောဂါတွေ မျိုးစုံပေါ်များလှပါတယ်။ သတ္တဝါတွေမှာ လောဘ၊ ဒေါသစတဲ့ ကိလေသာတွေက ပိုမိုအားကောင်းလာလေလေ ရောဂါတွေ ပိုမိုများပြားလာလေလေ ဖြစ်နေပါတယ်။ အနာရောဂါကင်းလှပါတယ်ဆိုတဲ့ သူတွေတောင်မှ အဆိုးဆုံး အနာရောဂါလို့ ဘုရားရှင်မိန့်တော်မူထားတဲ့ ဆာလောင်မှု အနာရောဂါကတော့ နေ့စဉ်နေ့တိုင်းပဲ ရှိနေပါတယ်။ နာခြင်းသဘောကိုလည်း သတ္တဝါတွေဟာ မတွေးချင်ကြပါဘူး၊ မဆင်ခြင်ကြပါဘူး၊ သတ္တဝါတွေဟာ နာတာကို ကြိုက်မှမကြိုက်တာ၊ အနာရောဂါကင်းပြီး ကျန်းမာတာကိုသာ ကြိုက်ကြပါတယ်။ နာတာကို သတ္တဝါတွေ မကြိုက်ကြပေမယ့် ရှောင်ကွင်းလို့တော့ မရကြပါဘူး။ ကျန်းမာရေး ဆေးပညာရှင်တွေဟာ ကျန်းမာစေနိုင်တဲ့ ဆေးမျိုးစုံကို ဖော်စပ်ထုတ်လုပ်နေကြပေမယ့် အဲဒီဆေးပညာရှင်တွေကိုယ်တိုင်တောင်မှ အနာရောဂါတွေ မကင်းနိုင်အောင် ဖြစ်နေကြရပါတယ်။ နာခြင်းတရားကို ဆင်ခြင်ထားရင် ငါကျန်းမာတယ်လို့ မာန်တက်စရာမရှိတော့ပါဘူး။ ကျန်းမာရေးမာန်တွေ တက်နေ

www.dhammaransi.com



ရင် မလုပ်သင့်၊ မပြောသင့်၊ မကြံစည်သင့်တာတွေ လုပ်၊ ပြော၊ ကြံစည်ရင် ဘဝဆိုးတွေကို ရောက်ကာ ဒုက္ခတွေများကုန်ပါလိမ့်မယ်။ အဲဒီဒုက္ခတွေ မရောက်စေလိုလို့ ဘုရားရှင်က အမြဲဆင်ခြင်ဖို့ရာ မိန့်တော်မူခြင်း ဖြစ်ပါတယ်။

သေခြင်းကိုလည်း ဆင်ခြင်ဖို့ ဘုရားက မိန့်တော်မူထားပါတယ်။ ဘယ်နေရာ၊ ဘယ်အချိန်အခါ၊ ဘယ်အသက်အရွယ်မှာ ဘာရောဂါနဲ့ သေမယ်ဆိုတာ မသိနိုင်ပါ။ အရွယ်မရွေး သေနေကြတာကို တွေ့ရပါတယ်။ တချို့ အမိဝမ်းထဲမှာ သေကြပါတယ်။ တချို့ မွေးပြီး မိနစ်ပိုင်းမှာ သေကြပါတယ်။ တချို့ နာရီပိုင်း၊ တချို့ လပိုင်း၊ တချို့ နှစ်ပိုင်းအတွင်း သေကြပါတယ်။ တချို့ အသက်ရာကျော်မှ သေကြပါတယ်။ အရွယ်ငယ်၊ အရွယ်လတ်၊ အရွယ်ကြီး အသီးသီးသေနေကြပါတယ်။ မသေတဲ့သူရယ်လို့ လောကကြီးမှာ တစ်ယောက်မှ မရှိပါဘူး။ သေရမှာကတော့ အလွန်သေချာပါတယ်။ သေသာ သေသွားကြပေမယ့် မသေချင်ကြပါဘူး။ သေမယ်လို့လည်း မထင်မိတတ်ကြပါဘူး။ သေရမှာကို မတွေး မဆင်ခြင်ရင် အသက်ရှင်နေဖာယ်လို့ မာန်တက်တတ်ကြပါတယ်။ မာန်တက်ရင် အမှားတွေလုပ်တတ်၊ ပြောတတ်၊ ကြံစည်တတ်ကြပါတယ်။ အပါယ်လေးပါးရောက်ရပါလိမ့်မယ်။ ဒါကြောင့် သေခြင်းကို အမြဲဆင်ခြင်ဖို့ ဘုရားရှင်က မိန့်တော်မူခြင်း ဖြစ်ပါတယ်။

သတ္တဝါတွေဟာ ကိုယ်ချစ်တဲ့သူတွေနဲ့ ရှင်ကွဲ သေကွဲ ကွဲကြရပါတယ်။ ရှင်ကွဲ သေကွဲ ကွဲတတ်တဲ့ သဘာဝကို သတ္တဝါတိုင်းရင်ဆိုင်ကြရပါတယ်။ ကွဲတတ်တဲ့သဘောကို ဆင်ခြင်မထားရင် ကိုယ်ချစ်သူတွေအပေါ်မှာ အစွဲအလမ်း အားကြီးနေတတ်ပါတယ်။ စွဲလမ်းနေတတ်ပါတယ်။ မခွဲရခင်က ကြိုတင်ပြီး ခွဲခွဲကြည့်ထားရင် အစွဲအလမ်းလျော့ အားပျော့လာပါတယ်။ ခွဲရမယ့်သဘောကို မဆင်ခြင်လို့ အစွဲအလမ်း အားကြီးနေသူဟာ အလုပ်မှားတွေလုပ်၊ စကားမှားတွေ ပြော၊

www.dhammaransi.com



အတွေးမှားတွေ တွေးမိပါတယ်။ လုပ်မိ၊ ပြောမိ၊ တွေးမိရင် အပါယ်ကို သွားရပါလိမ့်မယ်။ ဒါကြောင့် ရှေ့ကို ကြိုပြီးသိမြင်ထားတဲ့ ဘုရားရှင်က ကွဲရမယ့်သဘောကို အမြဲဆင်ခြင်ဖို့ မိန့်တော်မူထားခြင်း ဖြစ်ပါတယ်။

'ဘဝသံသရာမှာ ငါ့ရဲ့ကိုယ်ပိုင်ဥစ္စာဟာ ငါ့ရဲ့ကုသိုလ်ကံ၊ အကုသိုလ်ကံပဲ၊ ငါ့ကံနဲ့ငါ အမြဲတွဲနေရမယ်' လို့လည်း အမြဲဆင်ခြင်ရပါတယ်။ ဒါမှ မကောင်းကံကို ရှောင်ရှားပါလိမ့်မယ်။ ကောင်းကံတွေကို ဆောင်ပွားပါလိမ့်မယ်။ ကောင်းတဲ့ဘဝတွေကို ရောက်ရပါလိမ့်မယ်။ မကောင်းတဲ့ဘဝကို ရောက်ပြီး ဒုက္ခမခံစားစေချင်လို့ ကံသာလျှင် ကိုယ်ပိုင်ဥစ္စာဖြစ်ကြောင်းကိုလည်း အမြဲဆင်ခြင်ဖို့ မိန့်တော်မူခြင်း ဖြစ်ပါတယ်။ ဒီဆင်ခြင်မှု ငါးပါးက လူသားတွေအား ကောင်းကျိုးအထွေထွေကို တိုးပွားစေနိုင်ပါတယ်။ ဒါကြောင့် အမြဲဆင်ခြင်သင့်ကြပါတယ်။

✤

www.dhammaransi.com

# အကောင်းဆုံး ဆေးတစ်ခွက်

'ရာဂ၊ ဒေါသ၊ မောဟတွေကြောင့် ကိုယ်ရော စိတ်ပါ ပူလောင်နေကြသူတွေမှာ ချမ်းချမ်းသာသာ မအိပ်ရ၊ ငါဘုရားက ရာဂ၊ ဒေါသ၊ မောဟတွေကို အမြစ်ပြတ်ပယ်ဖြတ်ထားလို့ ချမ်းချမ်းသာသာ အိပ်ရတယ်။'

(အင်္ဂုတ္တရ နိကာယ၊ တိက၊ ၃ တတိယ ပဏ်၊ ၃ ကုသိနာရဝဂ်၊ ၅ ဟတ္ထကသုတ်)

ဘုရားရှင်က ဒီစကားတော်ကို အာဠဝီပြည်သား ဟတ္ထကမင်းသားအား ဟောတော်မူခဲ့ပါတယ်။ ဟတ္ထကမင်းသားဟာ အညောင်းပြေလမ်းလျှောက်သွားတဲ့အခါ ယင်းတိုက်တော်ထဲမှာ နွားတွေသွားထားတဲ့လမ်းရဲ့ဘေး၌ ကြွေကျနေတဲ့ သစ်ရွက်တွေကိုစုပြီး ခင်းထားတဲ့ အခင်းပေါ်မှာ ဖြန့်ထားတဲ့သင်္ကန်းကြီးပေါ်မှာ ဘုရားရှင် တင်ပျဉ်ခွေ ထိုင်နေတော်မူတာကို တွေ့သွားပါတယ်။ ဟတ္ထကမင်းသားဟာ နံနက်စောစောထကာ မင်းသားပေါင်းငါးရာ ခြံရံပြီး ဘုရားရှင်အား ဆည်းကပ်ရာအရပ်ကို သွားတဲ့အခါ လမ်းမကြီးက ဘေးဖဲ့ပြီး နွားသွားလမ်းကိုယူကာ 'ဘုရားရှင်ကို ပူဇော်ဖို့ ပန်းမျိုးစုံကို ဆွတ်ခူးမယ်' လို့ တွေး၍ သွားနေပါတယ်။ အဲဒီအခါ ဘုရားရှင်ကိုမြင်လို့ ဘုရားရှင်ထံ ချဉ်းကပ်ကာ သင့်တင့်တဲ့အရပ်မှာ ထိုင်နေတဲ့ ဟတ္ထကက 'မြတ်စွာဘုရား ချမ်းချမ်းသာသာ အိပ်ရပါရဲ့လား' လို့ မေးလျှောက်ထားလိုက်ပါတယ်။

'မင်းသား ငါဟာ ချမ်းချမ်းသာသာ အိပ်ရတယ်၊ လောကမှာ ချမ်းချမ်းသာသာ အိပ်ရသူတွေ ရှိတယ်၊ အဲဒီသူတွေထဲမှာ ငါဟာ တစ်ယောက်အပါအဝင်ပဲ'

www.dhammaransi.com



ဘုရားရှင်က အထက်ပါစကားနဲ့ ပြောကြားလိုက်တယ်။ အဲဒီအခါ ဟတ္ထကမင်းသားက အောက်ပါအတိုင်း လျှောက်ထားပြန်ပါတယ်။

'မြတ်စွာဘုရား၊ ဆောင်းညဟာ အေးလှပါတယ်။ တပို့တွဲလ နောက်ဆုံးလေးရက်နဲ့ တပေါင်းလ အစဆုံးလေးရက်တွေမှာ ဆီးနှင်းကျလှပါတယ်။ နွားခြေတွေ နင်းထားရာ မြေနေရာဟာလည်း လွှအသွားပမာ ကြမ်းတမ်းလှပါတယ်။ သစ်ရွက်အခင်းက ပါးလျားလှပါတယ်။ သစ်ပင်က သစ်ရွက်တွေက ကျဲနေပါတယ်။ မြတ်စွာဘုရားရဲ့သင်္ကန်းတော်တွေက အေးစက်နေပါတယ်။ အရပ်လေးမျက်နှာက လေပြင်းတွေက တဟူးဟူးတိုက်ခတ်နေကြပါတယ်။ အဲဒီလို အခြေအနေတွေ ရှိနေပါလျက် ဘာကြောင့် ချမ်းချမ်းသာသာအိပ်ရတယ်လို့ မိန့်တော်မူပါသလဲ'

'မင်းသား သင့်ကိုပဲ ပြန်မေးမယ်၊ သင်ကြိုက်သလို ဖြေပါ၊ သူကြွယ် သို့မဟုတ် သူကြွယ်သားဟာ အကောင်းစားအိမ်ကြီးမှာ နေတယ်၊ အိပ်ရာ နေရာတွေကိုလည်း အပျံစားပြင်ဆင်ခင်းကျင်းထားတယ်၊ ညအခါမို့ ဆီမီးထွန်းထားတယ်၊ မယားလေးယောက်ကလည်း အစွမ်းကုန် ပြုစုကြတယ်။ မင်းသား သင် ဘယ်လိုထင်သလဲ၊ အဲဒီသူကြွယ်၊ သူကြွယ်သားဟာ ချမ်းချမ်းသာသာ အိပ်ရမယ် ထင်သလား'

'မြတ်စွာဘုရား၊ အဲဒီသူကြွယ်၊ သူကြွယ်သားဟာ ချမ်းချမ်းသာသာ အိပ်ရပါမယ်ဘုရား။ သူဟာ ချမ်းချမ်းသာသာ အိပ်ရသူတွေထဲမှာ တစ်ယောက်အပါအဝင်ပါပဲ ဘုရား'

အဲဒီအခါ ဘုရားရှင်က ဟတ္ထကမင်းသားအား အစမှာ ဖော်ပြခဲ့တဲ့စကားကို မိန့်ကြားတော်မူပါတယ်။

ဘုရားရှင် မိန့်တော်မူတဲ့စကားတွေကို စဉ်းစားလိုက်ရင် အကောင်းစားတိုက်ကြီးထဲမှာ နေပြီး အကောင်းစား အိပ်ရာနေရာတွေမှာ အိပ်ကာ အပျံစား ပြုစုတဲ့မယားချောလေးတွေနဲ့ နေရပေမယ့် ရင်တွင်းက ရာဂ

www.dhammaransi.com



အပူ၊ ဒေါသ အပူ၊ မောဟ အပူ မငြိမ်းသတ်နိုင်သေးက 'ရွှေပုံမှာ နေရလည်း တရားမသိရင် ရင်လေးတယ်' လို့ ဆိုတဲ့အတိုင်း ရင်ပူနေရပါတယ်။ တိုက်အာရုံ၊ အိမ်အာရုံ၊ ဇနီးအာရုံ၊ သမီးအာရုံ၊ သားအာရုံစတဲ့ ကာမဂုဏ်အာရုံတွေက သတိကင်းမဲ့သူရဲ့ရင်မှာ လောဘမီး၊ ဒေါသမီး၊ မောဟမီးတွေကို မွှေးပေးပါတယ်။ သတိကင်းမဲ့လို့ လောဘမီး၊ ဒေါသမီး၊ မောဟမီး အလောင်မြိုက်ခံရတဲ့သူရဲ့ရင်ဟာ ဘယ်မှာအေးနိုင်ပါ့မလဲ။

မြန်မာနိုင်ငံမှာရော ပြည်ပနိုင်ငံတွေမှာပါ ကျိကျိတက်အောင် ချမ်းသာတဲ့သူတွေ ရှိကြပါတယ်။ ကျိကျိတက်အောင် ပစ္စည်းချမ်းသာသူတွေထဲမှာ ငြိမ်းအေးတဲ့ စိတ်ချမ်းသာမှုရှိသူတွေဟာ နည်းပါးပါလိမ့်မယ်။ ပစ္စည်းချမ်းသာပေမယ့် သတိမချမ်းသာသူ၊ သတိဆင်းရဲသူ၊ သတိမဲ့တေသူတွေဟာ စိတ်ဆင်းရဲမှုတွေကို ခံစားကြပါတယ်။ ကျိကျိတက်ချမ်းသာနေပေမယ့် 'ရလေ လိုအေ အိုတစ္ဆေ' ဖြစ်နေကြပါတယ်။ အားမရ မတင်းတိမ်နိုင် ဖြစ်နေကြပါတယ်။ တိုး၍ တိုး၍ ပစ္စည်းတွေကြွယ်ဝချင်လေလေ လောဘမီး၊ ဒေါသမီး၊ မောဟမီးတွေက တိုး၍ တိုး၍ လောင်မြိုက်လာလေလေ ဖြစ်ပါတယ်။ လောဘမီး၊ ဒေါသမီး၊ မောဟမီးတွေ တိုး၍ တိုး၍ လောင်မြိုက်ခံရလေလေ စိတ်ဆင်းရဲမှုက တိုး၍တိုး၍လာလေဖြစ်ပါတယ်။

ဘုရားရှင်လို သတိကြွယ်ဝတဲ့ ပုဂ္ဂိုလ်ကတော့ လောကကြီးမှာ တစ်ယောက်မှ မရှိပါဘူး။ သတိကြွယ်ဝလေလေ စိတ်ချမ်းသာရလေလေပါပဲ။ သတိအကြွယ်ဝဆုံး ဘုရားရှင်က အငြိမ်းဓာတ်နိဗ္ဗာန်ကို အလိုရှိတိုင်း အာရုံပြုနိုင်လို့ ပြုနေတဲ့အတွက် စိတ်ငြိမ်းချမ်းမှုကို ရချင်တိုင်း ရနေပါတယ်။ သတိရှိရင် မည်သူမဆို စိတ်ငြိမ်းချမ်းမှုကို ရယူနိုင်ပါတယ်။ သတိရှိရင် ရှိသလောက် စိတ်ငြိမ်းချမ်းမှုရကြပါတယ်။ 'ဆင်လည်း ဆင့်အထွာနဲ့ ကြွက်လည်း ကြွက်အထွာနဲ့' ဆိုတာလို ဘုရားစတဲ့ အရိယာပုဂ္ဂိုလ်တွေက သူတို့အတိုင်းအတာနဲ့သူတို့ စိတ်ငြိမ်းချမ်းမှုကို

www.dhammaransi.com



ရယူနေကြပါတယ်။ ပုထုဇဉ်တွေကလည်း ပုထုဇဉ်တွေရဲ့ အတိုင်းအတာနဲ့ စိတ်ငြိမ်းချမ်းမှုကို ရယူနိုင်ကြပါတယ်။ သတိရှိမှု၊ မရှိမှုအပေါ် မူတည်ပြီး စိတ်ငြိမ်းချမ်းမှု ရှိမရှိ ကွာခြားသွားပါတယ်။

ချမ်းချမ်းသာသာ အိပ်ချင်ရင် သတိနဲ့အိပ်ပါ။ ချမ်းချမ်းသာသာ သွားချင်ရင် သတိနဲ့သွားပါ။ ချမ်းချမ်းသာသာ ထိုင်ချင်ရင် သတိနဲ့ ထိုင်ပါ။ ချမ်းချမ်းသာသာ ရပ်ချင်ရင် သတိနဲ့ရပ်ပါ။ နေရာမရွေး၊ အချိန်မရွေး ချမ်းသာချင်ရင် နေရာမရွေး အချိန်မရွေး သတိရှိပါ။ သတိဟာ စိတ်ချမ်းသာဖို့အတွက် အကောင်းဆုံး ဆေးတစ်ခွက်ဖြစ်ပါတယ်။

www.dhammaransi.com

# ကဲ့ရဲ့ ချီးမွမ်း

'လောကကြီးမှာ အကဲ့ရဲ့ချည်းခံရသူ၊ အချီးမွမ်းချည်းခံရသူ ရှေးကလည်း မရှိ၊ ယခုလည်း မရှိ၊ နောင်လည်း ရှိလိမ့်မည်မဟုတ်။'

(ဓမ္မပဒ၊ ကောဓဝဂ္ဂ၊ ၇ အတုလဉပါသကဝတ္ထု)

အတုလဆိုတဲ့ ဒကာတစ်ယောက်ဟာ သမာပတ်ဝင်စားနေလို့ စကားမပြောလိုက်တဲ့ အရှင်ရေဝတကိုလည်း ကဲ့ရဲ့တယ်၊ အဘိဓမ္မာတရား အများကြီးဟောလိုက်တဲ့ အရှင်သာရိပုတ္တရာကိုလည်း ကဲ့ရဲ့တယ်၊ အလွန်နားလည်လွယ်အောင် တရားအတို ဟောလိုက်တဲ့ အရှင်အာနန္ဒာကိုလည်း ကဲ့ရဲ့တယ်၊ အတုလဟာ မြတ်စွာဘုရားထံ ရောက်တဲ့ အခါ မြတ်စွာဘုရားကို လျှောက်ထားပြလို့ ဘုရားက ဒီလိုမိန့်တော်မူပါတယ်။

'အတုလ၊ ကဲ့ရဲ့တာ ချီးမွမ်းတာဟာယခုမှ ပေါ်လာတာမဟုတ်ဘူး၊ ရှေးခေတ်ကာလထဲက ပေါ်လာတယ်၊ ဆိတ်ဆိတ်နေသူကိုလည်း ကဲ့ရဲ့တယ်၊ စကားများသူကိုလည်း ကဲ့ရဲ့တယ်၊ စကားနည်းသူကိုလည်း ကဲ့ရဲ့တယ်။ အချီးမွမ်းချည်း ခံရသူ၊ အကဲ့ရဲ့ချည်းခံရသူဆိုတာ မရှိဘူး။ ရှင်ဘုရင်တွေကိုလည်း တချို့က ကဲ့ရဲ့တယ်၊ တချို့က ချီးမွမ်းတယ်၊ မြေကြီးကိုလည်း တချို့က ကဲ့ရဲ့တယ်၊ တချို့က ချီးမွမ်းတယ်၊ နေ လ ကောင်းကင်စသည်တွေကိုလည်း တချို့က ကဲ့ရဲ့တယ်၊ တချို့က ချီးမွမ်းတယ်၊ ပရိသတ်လေးပါးအလယ်မှာ ထိုင်ပြီး တရားဟောနေတဲ့ ဘုရားရှင်ကိုလည်း တချို့က ကဲ့ရဲ့တယ်၊ တချို့က ချီးမွမ်းတယ်။ လူမိုက်တွေရဲ့

www.dhammaransi.com



ချီးမွမ်းမှု၊ ကဲ့ရဲ့မှုကို ဂရုစိုက်စရာ မလိုပါ။ ပညာရှိ သူတော်ကောင်းတို့ရဲ့ ချီးမွမ်းမှုဟာ တကယ်မှန်ကန်တဲ့ ချီးမွမ်းမှု၊ ကဲ့ရဲ့မှုဟာလည်း တကယ်မှန်ကန်တဲ့ ကဲ့ရဲ့မှုဖြစ်တယ်' တဲ့။

လောကကြီးမှာ လူမိုက်တွေက သူတို့ကြိုက်ရင် ကြိုက်သလို မကြိုက်ရင် မကြိုက်သလို ချီးမွမ်းကြ၊ ကဲ့ရဲ့တတ်ကြပါတယ်။ မလို တစ်မျိုး၊ လိုတစ်မျိုး ပြောဆိုတတ်ကြပါတယ်။ လူမိုက်တွေရဲ့ ကဲ့ရဲ့မှု ချီးမွမ်းမှုတွေမှာ အမှန်ကို တိုင်းတာနိုင်တဲ့ ပညာမပါပါဘူး။ အမှန်ကို တိုင်းတာနိုင်တဲ့ ပညာပေတံမပါတဲ့ လူမိုက်တွေဟာ မကဲ့ရဲ့သင့်တာကို ကဲ့ရဲ့တတ်ကြပါတယ်။ မချီးမွမ်းသင့်တာကို ချီးမွမ်းကြပါတယ်။ ချီးမွမ်းသင့်တာကို မချီးမွမ်းကြပါဘူး။ ကဲ့ရဲ့သင့်တာကို မကဲ့ရဲ့ကြပါဘူး။ အသိ အလိမ္မာ ဉာဏ်ပညာမရှိသူ လူမိုက်တွေရဲ့ ကဲ့ရဲ့မှု ချီးမွမ်းမှုတွေကို အလေးပြုဂရုစိုက်နေရင် အလုပ်တွင်ကျယ်မှာ မဟုတ်ပါဘူး။ အတုလလို လူတွေက လောကကြီးမှာ အမိုက်ထက် ပိုပြီးပေါပါတယ်။ ကဲ့ရဲ့သင့်၊ မကဲ့ရဲ့သင့်ကို မနှိုင်းချင့်ကြတဲ့ အတုလလိုလူတွေကပဲ များပါတယ်။

စာရှုသူဟာ လူအမျိုးမျိုးကို တွေ့ကြုံဆက်ဆံခဲ့ရပါတယ်။ အခု လည်း တွေ့ကြုံဆက်ဆံနေရပါတယ်။ နောင်လည်း တွေ့ကြုံဆက်ဆံရ ပါလိမ့်မယ်။ အဲဒီတွေ့ကြုံဆက်ဆံခဲ့ရတဲ့လူတွေထဲမှာ အတုလလိုလူတွေ ကို အများကြီးပဲ တွေ့ခဲ့ရပါလိမ့်မယ်။ အတုလလိုလူတွေကြောင့် စာရှုသူ ရဲ့အလုပ်တွေ နှောင့်နှေးချင် နှောင့်နှေးခဲ့ပါလိမ့်မယ်။ ယခုလည်း အတုလ လိုလူတွေကို တွေ့ကြုံနေရပါလိမ့်မယ်။ နောင်လည်း တွေ့ကြုံနေရမှာ မလွဲပါပဲ။ ဘယ်နေရာရောက်ရောက် အတုလလိုလူတွေကို ရှောင်လို့ မရနိုင်ပါဘူး။ အတုလလိုလူတွေက နေရာတကာမှာ ရှိနေတာကိုး။ အတုလလိုလူတွေရဲ့ ကဲ့ရဲ့မှု၊ ချီးမွမ်းမှုတွေကြောင့် ကိုယ့်အလုပ် တုံ့ဆိုင်း မသွားဖို့ လိုပါတယ်။ နှောင့်နှေးမသွားဖို့ လိုပါတယ်။ ဘေးဖယ်ထားပြီး ကိုယ့်ခရီးကိုယ်ဆက်ဖို့ လိုပါတယ်။ အတုလလိုလူတွေရဲ့ ကဲ့ရဲ့မှု

www.dhammaransi.com



ချီးမွမ်းမှုတွေကို ဂရုစိုက်နေရင် ကောင်းကျိုးတွေ ဘေးဖယ်သွားပြီး မကောင်းကျိုးတွေ ဝင်လာပါလိမ့်မယ်။ ကောင်းကျိုးတွေ ဝင်လာစေလိုသူဟာ အတုလလိုလူတွေရဲ့ ကဲ့ရဲ့၊ ချီးမွမ်းမှုတွေကို ဘေးဖယ်ထားကြရပါမယ်။

ပညာရှိသူတော်ကောင်းတွေရဲ့ ချီးမွမ်းမှုကိုလည်း ဂရုပြုရပါမယ်။ ကဲ့ရဲ့မှုကိုလည်း ဂရုပြုရပါမယ်။ ပညာရှိသူတော်ကောင်းတွေ ချီးမွမ်းရင် တကယ်ချီးမွမ်းသင့်လို့ ချီးမွမ်းတာပါပဲ။ ကဲ့ရဲ့ရင်လည်း တကယ်ကဲ့ရဲ့သင့်လို့ ကဲ့ရဲ့တာပါပဲ။ ပညာရှိသူတော်ကောင်းတွေရဲ့ ချီးမွမ်းမှု၊ ကဲ့ရဲ့မှုတွေကို လေးဂရုမပြုဘဲ ဘေးဖယ်ထားရင် ဘဝမှာ ကျရှုံးမှုပေါင်းများစွာနဲ့ ရင်ဆိုင်ရပါလိမ့်မယ်။ မကောင်းကျိုးတွေဟာ တောင်ကျရေပမာ ဒလဟော လိမ့်ဝင်လာပါလိမ့်မယ်။

အပြစ်ကင်းတဲ့ ရွှေကို လူတွေက ချီးမွမ်းကြသလို ကိုယ်အပြစ်၊ နှုတ်အပြစ်၊ စိတ်အပြစ်ကင်းတဲ့လူကိုလည်း ပညာရှိလူတွေက ချီးမွမ်းကြပါတယ်။ ပညာရှိလူတွေမက နတ်တွေ၊ ဗြဟ္မာတွေလည်း ချီးမွမ်းကြပါတယ်။ လူတွေမှာ ကိုယ်အပြစ်၊ နှုတ်အပြစ်၊ စိတ်အပြစ်တွေကို ကင်းအောင်လုပ်ဖို့ လိုအပ်ပါတယ်။ ကိုယ်အပြစ်၊ နှုတ်အပြစ်၊ စိတ်အပြစ်တွေ ကင်းစေနိုင်တာတွေကတော့ သီလအကျင့်၊ သမာဓိအကျင့်၊ ပညာအကျင့်တွေပါပဲ။ သီလအကျင့် ကျင့်ရင် ကိုယ် နှုတ်အပြစ်တွေ ကင်းပါတယ်။ သမာဓိ၊ ပညာအကျင့် ကျင့်ရင် စိတ်အပြစ်တွေ ကင်းပါတယ်။ ကိုယ်၊ နှုတ်၊ စိတ်မှာ အပြစ်ကင်းရင် ကင်းသလောက် ချီးမွမ်းစရာ ဖြစ်ပါတယ်။ နည်းနည်းကင်းရင် နည်းနည်းချီးမွမ်းစရာ ဖြစ်ပါတယ်။ များများကင်းရင် များများချီးမွမ်းစရာ ဖြစ်ပါတယ်။ အပြည့်အဝကင်းရင် အပြည့်အဝ ချီးမွမ်းစရာ ဖြစ်ပါတယ်။

အတုလလို လူတန်းစားတွေရဲ့ ကဲ့ရဲ့မှုကြောင့် တုန်လှုပ်မသွားဖို့ အရေးကြီးပါတယ်။ အသိပညာမဲ့လူတန်းစားတွေရဲ့ ချီးမွမ်းမှုကိုလည်း

www.dhammaransi.com



အရသာခံမနေဖို့ လိုပါတယ်။ ပညာရှိသူတော်ကောင်းတွေရဲ့ ကဲ့ရဲ့မှုကြောင့် တုန်လှုပ်ကြရပါမယ်။ ပြုပြင်ကြရပါမယ်။ ပညာရှိသူတော်ကောင်းတွေရဲ့ အကဲ့ရဲ့ကို တစ်ခါမှ မခံရအောင် ကြိုးစားဖို့လိုသလို အချီးမွမ်းကိုတော့ အခါခါ ခံရအောင် ကြိုးစားဖို့ လိုအပ်ပါတယ်။

www.dhammaransi.com

# တစိမ်းလို သဘောထားရင်

'ဝက္ကလိ၊ ငါဘုရားရဲ့ ဒီအပုပ်ကောင် ခန္ဓာကိုယ်ကြီးကို ဖူးမြော်နေလို့ ဘာအကျိုးရှိမှာလဲ၊ တရားကိုမြင်သူဟာ ငါဘုရားကို မြင်တယ်။ ငါဘုရားကို မြင်သူဟာ တရားကိုမြင်တယ်။'

(ဓမ္မပဒအဋ္ဌကထာ၊ ဘိက္ခုဝဂ်၊ ဝက္ကလိတ္ထေရဝတ္ထု)

ဘုရားရှင်ရဲ့ တင့်တယ်သပ္ပာယ်လှတဲ့ ရုပ်ခန္ဓာကိုသာကြည့်ပြီး ပရိယတ်၊ ပဋိပတ်အလုပ် အားမထုတ်ဘဲ အချိန်ကုန်စေတဲ့ ဝက္ကလိကို ဘုရားရှင်က အထက်ပါစကား မိန့်ကြားတော်မူပါတယ်။ ယခုအခါ မြန်မာနိုင်ငံကို သက်တော်ထင်ရှား ဂေါတမဘုရားသာ ကြွရောက်တော်မူလာခဲ့ရင် ဘုရားရှိရာနေရာမှာ လူတွေဟာ ကြိတ်ကြိတ်တိုး စည်ကားနေမှာပါပဲ။ မြန်မာနိုင်ငံမှာ ဘုရားကို ကြည်ညိုတဲ့သူတွေက များတယ်မဟုတ်လား။ သင့်တော်ထင်ရှား ဘုရားရဲ့ ရုပ်ပွားတော်၊ ဆင်းတုတော်၊ စေတီတော်တွေမှာတောင် သွားရောက်ဖူးမြော်သူတွေ များနေကြတာပဲ၊ သက်တော်ထင်ရှား ဘုရားကို နေ့တိုင်း ဖူးမြော်ခွင့်ရရင် မြန်မာနိုင်ငံက ဗုဒ္ဓသာသနာဝင်တွေဟာ နေ့တိုင်း ဖူးမြော်နေကြမှာပါပဲ။ ဝက္ကလိလို အချိန်ရှိသမျှ ဘုရားဖူးမြော်တာနဲ့သာ မြန်မာဗုဒ္ဓသာသနာဝင်တွေ အချိန်ကုန်နေခဲ့ရင် ဘုရားရှင် ဘယ်လိုမိန့်တော်မူလေမလဲလို့ စဉ်းစားမိပါတယ်။ ဝက္ကလိကို မိန့်တော်မူသလိုပဲ မိန့်တော်မူလိမ့်မယ်လို့ ထင်မိပါတယ်။

ဘုရားရှင် ဟောတော်မူထားတဲ့ တရားကို သိမြင်မှ ဘုရားရှင်ကို မြင်ပါတယ်တဲ့။ အငြိမ်းဓာတ် နိဗ္ဗာန်ကို သောတာပတ္တိမဂ်နဲ့ မြင်လိုက်

www.dhammaransi.com



ရင် ဘုရားရှင်ကို မြင်ပါပြီ။ အထက်မဂ်တွေနဲ့ မြင်လာရင်တော့ ပိုပြီး မြင်လာပါပြီ။ နိဗ္ဗာန်ရအောင် တရားရှုမှတ်နေကြသူတွေဟာ ရှုမှတ်ခိုက်၊ ရှုမှတ်ခိုက်မှာ တစ်ပွဲတိုး ကိလေသာတွေ ငြိမ်းနေပါတယ်။ တစ်ခါ ရှုမှတ်ရင် တစ်ခါ ငြိမ်းချမ်းမှုရပါတယ်။ နှစ်ခါရှုမှတ်ရင် နှစ်ခါငြိမ်းချမ်းမှု ရပါတယ်။ အခါခါ ရှုမှတ်ရင် အခါခါ ရပါတယ်။ ရှုမှတ်နိုင်လေ ငြိမ်းချမ်းမှုရလေလေပါပဲ။ 'ငါ့မှာ ငြိမ်းချမ်းမှု ခံစားရသလို ဘုရားရှင်မှာလည်း ခံစားသွားရတယ်၊ ဘုရားရှင်မှာတော့ ငါရတဲ့ ငြိမ်းချမ်းမှုထက် အဆပေါင်းများစွာ သာလွန်တဲ့ ငြိမ်းချမ်းမှု ရပေတယ်' လို့ ဘုရားရှင်ကို မှန်းဆကြည်ညိုနိုင်ပါတယ်။

ရုပ်နာမ် သိ၊ ကြောင်းကျိုး သိ၊ မမြဲ ဆင်းရဲသဘောပဲဆိုတဲ့ အသိတွေ ပွင့်လင်းလာရင် ပွင့်လာသလောက်၊ ရင့်ကျက်လာရင် ရင့်ကျက်လာသလောက် စိတ်ငြိမ်းချမ်းမှုတွေက ပိုပိုမြင့်လာပါတယ်။ စိတ်ငြိမ်းချမ်းမှုတွေ ပို၍ပို၍ ရှိလာလေလေ ဘုရားရှင်ကို ပို၍ပို၍ မြင်လာလေလေပါပဲ။ အသိဉာဏ်က မြင့်လာလေလေ သဒ္ဓါက မြင့်လာလေလေပါပဲ။ ဝိပဿနာဉာဏ် ရင့်ကျက်ပြည့်စုံလို့ အငြိမ်းဓာတ် နိဗ္ဗာန်ကို မြင်သွားရင် ဘုရားရှင်ကို ကောင်းကောင်းမြင်သွားပါပြီ။ ဘုရားရှင်ရဲ့ အစွမ်းအစကို ကောင်းကောင်းသိသွားပါပြီ။ ပုထုဇဉ်ထက် သောတာပန်က ဘုရားရှင်ကို ပိုမြင်ပါတယ်။ သောတာပန်ထက် သကဒါဂမ်က ပိုမြင်ပါတယ်။ သကဒါဂမ်ထက် အနာဂါမ်က ပိုမြင်ပါတယ်။ အနာဂါမ်ထက် ရဟန္တာက ပိုမြင်ပါတယ်။ ပကတိသာဝကထက် မဟာသာဝကက ပိုမြင်ပါတယ်။ မဟာသာဝကထက် အဂ္ဂသာဝကက ပိုမြင်ပါတယ်။ အဂ္ဂသာဝကထက် ပစ္စေကဗုဒ္ဓါက ပိုမြင်ပါတယ်။ ပစ္စေကဗုဒ္ဓါထက် အခြားဘုရားတစ်ဆူဆူက ပိုမြင်ပါတယ်။ အသိဉာဏ် ပို၍ကြီးလာလေလေ ဘုရားရှင်ကို ပို၍ မြင်လာရလေလေပါပဲ။ ဘုရားရှင်ရဲ့ အစွမ်းအစကို ပို၍ သိလာရလေလေပါပဲ။

www.dhammaransi.com



ဘုရားရှင် မိန့်တော်မူတဲ့နည်းနဲ့ ဘုရားရှင်ကို မြင်တဲ့သူတွေ များပြားလာပါမှ မြန်မာနိုင်ငံသာသနာဟာ တိုးတက်မှာ ဖြစ်ပါတယ်။ တရားကို မြင်တဲ့နည်းနဲ့ ဘုရားကို မြင်တွေ့သူတွေဖြစ်အောင် ကြိုးစား ကြပါမယ်။ တရားကိုမမြင်ရင် ဘုရားကို မမြင်တော့ပါဘူး။ ဝက္ကလိဟာ ဘုရားရှင်ကို မျက်စိနဲ့ မြင်တွေ့နေရပေမယ့် ဘုရားရှင်ကို မြင်သည် မမည်ခဲ့ပါဘူး။ တရားကို မြင်သိသွားမှ ဘုရားရှင်ကို မြင်သည် မည်သွား ပါတယ်။ မြန်မာဗုဒ္ဓသာသနာဝင်တွေ ဝက္ကလိလို မျက်စိနဲ့ မြင်တွေ့ရ မှုကိုသာ အားရတင်းတိမ်နေကြရင် ဘုရားရှင်ဟာ မြန်မာဗုဒ္ဓသာသနာ ဝင်တွေကို အားရတော်မူမှာ မဟုတ်ပါဘူး။ သူ့တရားတွေကို ဉာဏ် နဲ့မြင်တွေ့ကြမှသာ အားရတော်မူပါလိမ့်မယ်။

ဒါနလောက်နဲ့ အားရတင်းတိမ်နေကြရင်လည်း ဘုရားရှင် အား ရဖွယ် မဖြစ်သေးပါဘူး။ သီလလောက်၊ သမာဓိလောက်နဲ့ အားရ တင်းတိမ်နေကြရင်လည်း ဘုရားရှင် အားရဖွယ်မဖြစ်သေးပါဘူး။ မြန်မာ နိုင်ငံမှာ တရားကို သိမြင်ကာ ဘုရားရှင်ကို မြင်တွေ့နိုင်ကြသူတွေ များလာရင် အားရကျေနပ်ဖွယ်ကောင်းလာပါမယ်။ တရားကို သိမြင်တဲ့ နည်းနဲ့ ဘုရားကိုမြင်သူတွေ မြန်မာနိုင်ငံမှာနည်းလာရင် မြန်မာနိုင်ငံက ဗုဒ္ဓသာသနာဟာ အသက်ထွက်ဖို့ နီးလာနေပါတယ်။ တရားကို သိမြင် တဲ့နည်းနဲ့ ဘုရားကိုမြင်သူတွေ လုံးဝမရှိတော့ရင်တော့ ဗုဒ္ဓသာသနာဟာ မြန်မာနိုင်ငံက ဝမ်းနည်းစွာ ထွက်ခွာသွားရပြီ ဖြစ်ပါတယ်။

ဗုဒ္ဓသာသနာတော်ကြီး မြန်မာနိုင်ငံက ဝမ်းနည်းစွာ ထွက်ခွာ သွားခဲ့ရင် မြန်မာနိုင်ငံရဲ့အလှဟာ ဒီလိုလှချင်မှ လှလာပါတော့မယ်။ မြန်မာနိုင်ငံရဲ့ တစ်မူထူးခြားတဲ့အလှဟာ ပျောက်ကွယ်သွားမှာ သေချာပါ တယ်။ အလှထူးဆိတ်သုဉ်းတဲ့ မြန်မာနိုင်ငံ ဖြစ်လာပါလိမ့်မယ်။ မြန်မာ ဗုဒ္ဓသာသနာဝင်တွေကသာ တရားကိုမြင်အောင် မကြိုးစားရင်တော့ အလှထူး ဆိတ်သုဉ်းတဲ့ မြန်မာနိုင်ငံဆီသို့ မဝေးတော့တဲ့ကာလမှာ

www.dhammaransi.com



ရောက်သွားပါလိမ့်မယ်။ ရောက်သွားခဲ့ရင် အလွန်ဝမ်းနည်းစရာကောင်းတဲ့ မြန်မာနိုင်ငံ ဖြစ်သွားပါလိမ့်မယ်။ အဲဒီလို ဝမ်းနည်းစရာ မြန်မာနိုင်ငံ ဖြစ်မသွားရအောင် ဗုဒ္ဓသာသနာဝင်တွေဟာ ယခုနှယ်က တရားကို သိမြင်အောင် ကြိုးစားထားကြရပါမယ်။

တရားကို သိမြင်အောင် မကြိုးစားကြလို့ ဗုဒ္ဓသာသနာအလှ ဆိတ်သုဉ်းသွားရတဲ့ နိုင်ငံတွေကို ဝေးဝေးမှာ ရှာကြည့်စရာ မလိုပါဘူး။ အနီးအနားမှာရှိနေတာပါပဲ။ အဲဒီနိုင်ငံတွေလို ဖြစ်မသွားဖို့ရာ မြန်မာ ဗုဒ္ဓသာသနာဝင်တိုင်း တရားကို သိမြင်တဲ့နည်းနဲ့ ဘုရားကို သိမြင်အောင် ကြိုးစားကြရပါမယ်။ ဗုဒ္ဓသာသနာတော်ကို တစိမ်းလို သဘောမထားကြရပါဘူး။ တစိမ်းလို သဘောထားပြီး ကိုယ်နဲ့မဆိုင်သလို နေကြရင်တော့ တကယ့်ဝမ်းနည်းစရာ အခြေအနေကို မလွဲမသွေ ဆိုက်ရောက်ရမှာပါပဲ။

✤

www.dhammaransi.com

# အနှစ်

'အာနန္ဒာ၊ အိုးလုပ်သမားဟာ အိုးစိမ်း အလွန်မခြောက်သေးတဲ့ အိုးကို မကွဲစေဖို့ရာ လက်နှစ်ဖက်နဲ့ ဖြည်းဖြည်းကိုင်တွယ်ပြုမူသလို ငါဘုရားဟာ သင်တို့အပေါ် ပြုမူကျင့်ဆောင်လိမ့်မည် မဟုတ်၊ တစ်ကြိမ်ဆုံးမပြီး ဆိတ်ဆိတ်နေလိမ့်မည်မဟုတ်။ နှိပ်ကွပ်၍ နှိပ်ကွပ်၍ အထပ်ထပ်ဆုံးမသွန်သင်မည်။ အိုးလုပ်သမားဟာ ကျက်ပြီးအိုးတွေထဲက ကွဲတာ၊ ပျက်တာ၊ အိုတာတွေကို ဘေးဖယ်ကာ စုပုံထားပြီး ကောင်းကောင်းကျက်တဲ့ အိုးတွေကိုသာ ခေါက်ကာခေါက်ကာ ယူသလို ငါဘုရားဟာလည်း သင်တို့ရဲ့အပြစ်တွေကို ဖျောပစ်ကာ အထပ်ထပ် ဆုံးမသွန်သင်မည်။ ငါဆုံးမသွန်သင်ရင် သင်တို့မှာ မဂ်အနှစ်၊ ဖိုလ်အနှစ် တစ်နည်းအားဖြင့် လောကီဂုဏ်အနှစ်တွေ တည်ရစ်လိမ့်မည်။'

(ဥပရိပဏ်ပါဠိ၊ ၃ သုညတဝဂ္ဂ၊ ၂ မဟာသုညတသုတ်)

အရှင်အာနန္ဒာအား မိန့်ကြားတော်မူတဲ့ ဒီစကားကို သိရတော့ ဘုရားရှင်ရဲ့ မေတ္တာ ကရုဏာတော်ကို ပိုပြီးကြည်ညိုရပါတယ်။ ဘုရားရှင်ဟာ သူ့တပည့်တွေကို မဂ်အနှစ်၊ ဖိုလ်အနှစ် တစ်နည်းအားဖြင့် လောကီအနှစ်တွေနဲ့ ပြည့်စုံနေစေလိုပါတယ်။ တစ်ကြိမ် ဆုံးမသွန်သင်လို့ မရသေးရင် အထပ်ထပ် ဆုံးမသွန်သင်မယ်တဲ့။ ဩော် အတုယူစရာ ကောင်းလှပါပေတယ်။ တစ်ကြိမ်ဆုံးမပြီး ဆိတ်ဆိတ်နေလိမ့်မည်မဟုတ်တဲ့။ တပည့်ကောင်းတွေ ပေါ်ထွန်းအောင် ကြိုးစားနေကြတဲ့ ဆရာသခင်တွေအတွက် အလွန်ပဲ မှတ်သားစရာကောင်းလှပါတယ်။

ကျောက်ဆင်းတုတော်ပဲဖြစ်ဖြစ်၊ သစ်သားဆင်းတုတော်ပဲဖြစ်ဖြစ် ထုလုပ်တဲ့အခါမှာ ပန်းပုဆရာဟာ မလိုအပ်တဲ့အသား၊ မလိုအပ်တဲ့

www.dhammaransi.com



ကျောက်လေးတွေကို ထွင်းထုပစ်ရပါတယ်။ မလိုအပ်တာတွေကို ထွင်းထုပစ်မှသာ ကြည်ညိုဖွယ်ရာ ဆင်းတုတော် ဖြစ်လာပါမယ်။ ဘုရားဟာ သူ့တပည့်တွေအပေါ်မှာ အပြစ်အနာအဆာတွေ ကင်းပြီး ကြည်ညိုဖွယ်ရာဂုဏ်တွေနဲ့ ပြည့်စုံတဲ့ ပုဂ္ဂိုလ်တွေဖြစ်စေလိုပါတယ်။ ဘုရားဟာ သိမ်သိမ်မွေ့မွေ့နဲ့ ဆုံးမလို့ရမယ့်ပုဂ္ဂိုလ်ကို သိမ်သိမ်မွေ့မွေ့နဲ့ ဆုံးမတော်မူပါတယ်။ ကြမ်းကြမ်းနဲ့ ဆုံးမလို့ရမယ့်ပုဂ္ဂိုလ်ကို ကြမ်းကြမ်းနဲ့ ဆုံးမတော်မူပါတယ်။ အနု၊ အကြမ်းနှစ်မျိုး ရောပြွမ်းပြီး ဆုံးမမှ ရမယ့်ပုဂ္ဂိုလ်ကို နှစ်မျိုးစလုံးရောပြီး ဆုံးမတော်မူပါတယ်။ အဲဒီနည်းသုံးနည်းနဲ့ ဆုံးမ မရတဲ့ပုဂ္ဂိုလ်ကို မဆုံးမတော့ဘဲ ထားလိုက်ပါတယ်။ မဆုံးမဘဲ ထားတာကို သတ်ပစ်လိုက်တယ်လို့ သုံးထားပါတယ်။

သိမ်သိမ်မွေ့မွေ့ အနုနည်းနဲ့ ဆုံးမပုံက 'ဒါက ကောင်းတဲ့အလုပ်၊ ဒါက ကောင်းတဲ့အလုပ်ရဲ့ အကျိုး။ ဒါက ကောင်းတဲ့စကား၊ ဒါက ကောင်းတဲ့စကားရဲ့အကျိုး။ ဒါက ကောင်းတဲ့အကြံ၊ ဒါက ကောင်းတဲ့ အကြံရဲ့အကျိုး။ ဒါက လူတွေ၊ ဒါက နတ်တွေ' လို့ပဲ ဖြစ်ပါတယ်။

အကြမ်းနည်းနဲ့ ဆုံးမပုံကတော့ 'ဒါက မကောင်းတဲ့အလုပ်၊ ဒါက မကောင်းတဲ့အလုပ်ရဲ့အကျိုး။ ဒါက မကောင်းတဲ့စကား၊ ဒါက မကောင်းတဲ့စကားရဲ့အကျိုး။ ဒါက မကောင်းတဲ့အကြံ၊ ဒါက မကောင်းတဲ့အကြံရဲ့အကျိုး။ ဒါက ငရဲ၊ ဒါက တိရစ္ဆာန်၊ ဒါက ပြိတ္တာ'လို့ပဲ ဖြစ်ပါတယ်။

ဘုရားရဲ့ ကြမ်းတဲ့ ဆုံးမနည်းကလည်း သိမ်မွေ့လှပါတယ်။ အကြောင်းအကျိုးပြပြီး ဆုံးမတော်မူတာသာ ဖြစ်ပါတယ်။ အရှင်ဒေဝဒတ် ဘုန်းကြီးချင်လွန်းပြီး ဘုရားရှင်အား ရဟန်းအပေါင်းကို သူ့ကိုလွှဲအပ်ဖို့ သုံးကြိမ်လောက် လျှောက်ထားပါတယ်။ ဘုရားရှင်က နှစ်ကြိမ်တားမြစ်ပါတယ်။ သုံးကြိမ်မြောက်မှာ 'ငါဘုရားဟာ သာရိပုတ္တရာ၊ မောဂ္ဂလာန်တို့ကိုတောင် ရဟန်းအပေါင်းကို မအပ်နှင်းဘူး။ သင့်မှာ ယုတ်ညံ့တဲ့တံတွေးကို မျိုလို့ ဘာအကျိုးရှိမှာလဲလို့ မိန့်လိုက်ပါတယ်။ အဲဒီမှာ ဘုရားရှင်က အရှင်ဒေဝဒတ်အား သူတစ်ပါးတံတွေးကို

www.dhammaransi.com



မျိုးသူလို့ မိန့်တော်မူပါတယ်။ ဘုရားရှင်ရဲ့ အကြမ်းဆုံး ဆုံးမနည်း ဖြစ်ပါလိမ့် မယ်။ တစ်ခါတစ်ရံတော့ 'မင်္ဂဖိုလ်မမှီး' အချည်းနှီးသူ' လို့ မိန့်တော်မူ တတ်ပါသေးတယ်။ ဘုရားရှင်ရဲ့ မေတ္တာ၊ ကရုဏာ တော်ဟာ အံ့ဩစရာကောင်းလှပါတယ်။ ဘုရားရှင်ကိုသတ်ဖို့ ကြိုးစား တဲ့ အရှင်ဒေဝဒတ်၊ နာဠာဂိရိဆင်၊ အင်္ဂုလိမာလတို့ကို ဘုရားရှင်ဟာ သားတော်ရာဟုလာ အပေါ်မှာ မေတ္တာ၊ ကရုဏာထားတော်မူသလိုပဲ ထားတော်မူပါသတဲ့။ သူတစ်ပါးတံတွေး မျိုးသူ၊ မင်္ဂဖိုလ် မမှီး အချည်းနှီး လူ၊ အလကားလူဆိုတဲ့စကားလုံးဟာ ကြမ်းပေမယ့် ဘုရားရှင်ရဲ့ အတွင်း စိတ်ထားကတော့ မေတ္တာ ကရုဏာ အပြည့်ရှိတာမို့ နူးညံ့လှပါတယ်။

ဘုရားရှင်က အပြစ်ထောက်ပြပြီး နှိပ်ကွပ်၍ ပြောတတ်တဲ့ ပညာရှိကို ရွှေအိုးကို ညွှန်ပြသူပမာ မှတ်ယူဖို့ရန် ဆုံးမတော်မူထားပါ တယ်။ ဆည်းကပ်ဖို့လည်း ညွှန်ကြားတော်မူခဲ့ပါတယ်။ အကျိုးအမြတ် ထွက်မယ်၊ အရှုံးမရှိဘူးလို့လည်း မိန့်တော်မူထားပါသေးတယ်။ ဘုရား ရှင်လို ပုဂ္ဂိုလ်မျိုးကို ဆည်းကပ်ပြီး ဘုရားရှင်လိုပုဂ္ဂိုလ်ရဲ့ အဆုံးအမကို ခံယူလိုက်နာကျင့်သုံးရင် ခံယူလိုက်နာကျင့်သုံးသူမှာ အနှစ်တွေ ပြည့် သည်ထက် ပြည့်ပြည့်လာပါလိမ့်မယ်။ အကျိုးအမြတ်တွေ ရသည်ထက် ပို၍ပို၍ ရလာပါလိမ့်မယ်။ အကျည်းတန်တာတွေကင်းပြီး အလှတွေနဲ့ ဝေဆာနေပါလိမ့်မယ်။

တပည့်အခြွေအရံ၊ သားသမီး မြေးမြစ် အခြွေအရံတွေ ရှိကြ သူတိုင်းဟာ ဘုရားရှင်ရဲ့ သတ္တဝါတွေကို ဆုံးမနည်းနဲ့အညီ ဆုံးမ သွန်သင်ပေးကြမယ်ဆိုရင် အနှစ်ရှိတဲ့တပည့်၊ သား၊ သမီး၊ မြေး၊ မြစ် တွေ ဖြစ်လာကြပါလိမ့်မယ်။ ဆရာဟာ တပည့်ကိုချစ်ရင် အနှစ်ရှိတဲ့ တပည့်ဖြစ်အောင် ကြိုးစားပေးကြရပါမယ်။ မိဘဟာ သားသမီးကို ချစ်ရင် အနှစ်ရှိတဲ့ သားသမီးဖြစ်အောင် ကြိုးစားပေးရပါမယ်။ အဘိုး၊ အဘွားဟာ ' မြေး မြစ်ကို ချစ်ရင် အနှစ်ရှိတဲ့ မြေး မြစ် ဖြစ်အောင် ကြိုးစားပေးရပါမယ်။

✤

www.dhammaransi.com

# အမျိုးဖျက် သား

'ပညာရှိမိဘတွေဟာ ဂုဏ်အားဖြင့် မိဘတွေထက် သာလွန်တဲ့ သားသမီးနဲ့ ဂုဏ်အားဖြင့် မိဘတွေနဲ့ တန်းတူဖြစ်တဲ့သား၊ သမီးကို လိုလားကြတယ်။ အမျိုးဖျက်ဖြစ်တဲ့ ဂုဏ်အားဖြင့် မိဘတွေအောက် ညံ့တဲ့သားသမီးကို မလိုလားကြဘူး'

(ခုဒ္ဒကနိကာယ၊ ဣတိဝုတ္တက၊ တိကနိပါတ၊ ၃ တတိယဝဂ္ဂ၊ ၅ ပုတ္တသုတ္တ)

မိဘနှစ်ပါးက ဘုရား တရား သံဃာကို မကိုးကွယ်ဘူး။ သူများအသက် သတ်တယ်၊ သူများဥစ္စာ ခိုးတယ်၊ ကာမဖောက်ပြန်တယ်၊ လိမ်ညာတယ်၊ မူးယစ်ဆေး သုံးတယ်၊ အကျင့်ယုတ်တယ်။ အဲဒီမိဘရဲ့ သားသမီးကတော့ ဘုရား တရား သံဃာကို ကိုးကွယ်တယ်၊ သူများအသက်ကို မသတ်ဘူး၊ သူများဥစ္စာ မခိုးဘူး၊ ကာမမဖောက်ပြန်ဘူး၊ မလိမ်ဘူး၊ မူးယစ်ဆေး မသုံးဘူး၊ အကျင့်ကောင်းတယ်။ အဲဒီသားသမီးဟာ မိဘထက် ဂုဏ်အားဖြင့် သာလွန်တဲ့ သားသမီး ဖြစ်တယ်။ ဒီလိုသားသမီးကို ပညာရှိတဲ့ မိဘတွေက လိုလားကြပါတယ်။ ပညာမရှိတဲ့ မိဘတွေကတော့ လိုလားကြမှာမဟုတ်ပါဘူး။ မြန်မာနိုင်ငံမှာ ဒီလိုသား သမီးတွေ များများကြီး ရှိဖို့ လိုအပ်ပါတယ်။

မိဘနှစ်ပါးက ရတနာသုံးပါးကို ကိုးကွယ်သလို သားသမီးတွေကလည်း ကိုးကွယ်တယ်။ မိဘနှစ်ပါးက ငါးပါးသီလ လုံခြုံပြီး အကျင့်ကောင်းသလို သားသမီးတွေကလည်း ငါးပါးသီလ လုံခြုံကြတယ်၊ အကျင့်ကောင်းကြတယ်။ အဲဒီသားသမီးဟာ မိဘနဲ့ဂုဏ်အားဖြင့်

www.dhammaransi.com



တန်းတူဖြစ်တဲ့ သား သမီးဖြစ်တယ်။ ဒီလိုသားသမီးကို ပညာရှိတဲ့မိဘတွေက လိုလားကြတယ်။ မြန်မာနိုင်ငံမှာ အဲဒီလို မိဘတွေ၊ အဲဒီလိုသားသမီးတွေ များများကြီးရှိဖို့ လိုအပ်လှပါတယ်။

မိဘနှစ်ပါးက ရတနာသုံးပါးကို ကိုးကွယ်ပြီး ငါးပါးသီလ လုံခြုံကာ အကျင့်ကောင်းပေမယ့်၊ သား သမီးကတော့ ရတနာသုံးပါးကို မကိုးကွယ်၊ ငါးပါးသီလ မလုံခြုံ၊ အကျင့်မကောင်း၊ အဲဒီလိုသားသမီးဟာ မိဘအောက် ဂုဏ်အားဖြင့်ညံ့တဲ့ သားသမီး ဖြစ်ပါတယ်။ အဲဒီလိုသားသမီးဟာ အမျိုးဖျက်တဲ့ သားသမီး ဖြစ်ပါတယ်။ ပညာရှိမိဘတွေက အမျိုးဖျက်တဲ့ သားသမီးကို မလိုချင်ကြပါဘူး။

မြန်မာနိုင်ငံက ဗုဒ္ဓသာသနာဝင်မိဘတွေဟာ ကိုယ်တိုင် ရှေးဦးစွာ သရဏဂုံ ၃ ပါးကို ပါဠိလိုရော မြန်မာလိုပါ နှုတ်တက်ရရပါမယ်။ ဘုရားဂုဏ်တော်၊ တရားဂုဏ်တော်၊ သံဃာဂုဏ်တော်တွေကို သိရှိနားလည်ထားမှ ဘုရား၊ တရား၊ သံဃာကို ကြည်ညိုရတာ လေးနက်ပါတယ်။ အသိဉာဏ်ပါတဲ့ ယုံကြည်မှုကမှ အကျိုးပေးသန်ပါတယ်။ အသိဉာဏ်ပါပြီး ကြည်ညိုကိုးကွယ် ဆည်းကပ်တတ်ကြဖို့ လိုပါတယ်။ သရဏဂုံသုံးပါးကို ပါဠိလို နှုတ်တက်နေကြပေမယ့် တချို့က မြန်မာလို အဓိပ္ပာယ်မသိကြပါဘူး။ မြန်မာလို အဓိပ္ပာယ်သိကြပေမယ့်လည်း တချို့က ရွတ်ဆိုတဲ့အခါ ရတနာသုံးပါးဂုဏ်တော်တွေကို သိနားလည် ယုံကြည်ပြီး မရွတ်ဆိုကြပါဘူး။ သူများဆိုလို့ လိုက်ဆိုကြပေမယ့် အဓိပ္ပာယ်မသိရင် မကောင်းပါဘူး။ အဓိပ္ပာယ်သိပေမယ့်လည်း ပညာ၊ သဒ္ဓါမပါရင် မကောင်းပြန်ပါဘူး။ မြန်မာဗုဒ္ဓသာသနာဝင်မိဘတွေဟာ သရဏဂုံ ၃ ပါးနဲ့ပတ်သက်လို့ သိသင့်ဖွယ်ရာတွေကို သိထားကြရပါမယ်။ မိဘတွေက သိနားလည်ရုံနဲ့ မပြီးသေးပါဘူး။ သားသမီးတွေကိုလည်း သိနားလည်အောင် လုပ်ပေးကြရပါမယ်။ သရဏဂုံနဲ့စပ်တဲ့ သာသနာ့အမွေကို သားသမီးတွေအား ပေးကြရပါမယ်။

www.dhammaransi.com



မိဘက နွားသတ်သမား ဖြစ်နေရင် သားသမီးတွေလည်း မိဘတွေလိုပဲ လိုက်လုပ်တတ်ကြပါတယ်။ မိဘက ခိုးတတ်ရင် သားသမီးတွေလည်း အဲဒီအကျင့်ပါနေတတ်ပါတယ်။ မိဘတွေက အိမ်ထောင်ရေး ဖောက်ပြားရင် သား သမီးတွေကလည်း အတုမြင် အတတ်သင်တတ်ကြပါတယ်။ မိဘတွေက မူးယစ်ဆေးစွဲနေရင် သားသမီးကလည်း မူးယစ်ဆေးသမားတွေ ဖြစ်ကုန်တတ်ကြပါတယ်။ မိဘတွေက အကျင့်ယုတ်ရင် သားသမီးတွေကလည်း အကျင့်ယုတ်တတ်ကြပါတယ်။ ဒါကြောင့် မိဘတွေကိုယ်တိုင်က သားသမီးတွေရဲ့ စံနမူနာကောင်း ဖြစ်ကြရပါမယ်။ ဒါမှ သားသမီးတွေကို ဆုံးမလို့ လွယ်ပါလိမ့်မယ်။

ငါးပါးသီလကို ပါဠိလိုရော မြန်မာလိုပါ သိပြီး လိုက်နာနေကြသူတွေ မြန်မာနိုင်ငံမှာ များဖို့ လိုအပ်လှပါတယ်။ ငါးပါးသီလကို ပါဠိလိုရတဲ့ လူဦးရေ မြန်မာနိုင်ငံမှာ များမှ များပါလေစ။ ငါးပါးသီလကို ပါဠိလိုရော မြန်မာလိုပါ သိနားလည်သူတွေကတော့ ပို၍နည်းနေပြီထင်ပါတယ်။ လိုက်နာသူတွေကတော့ ပို၍ ပို၍နည်းနေပြီ ထင်ပါတယ်။ ပိုက်ဆံချမ်းသာဖို့၊ အရှိန်အဝါ အာဏာရှိဖို့သာ ရှေ့တန်းတင်ပြီး ငါးပါးသီလကို နောက်တန်းပို့ကာ ခေါက်ထားကြရင် မြန်မာလူမျိုးရော၊ မြန်မာနိုင်ငံရော၊ သာသနာပါ နစ်နာလှပါတယ်။ ငါးပါးသီလထက် ငွေ၊ ရာထူး၊ အာဏာ၊ ကျော်ကြားမှုတွေကို ပို၍အလေးမူနေကြရင် သူတော်ကောင်းတွေ အသက်တမျှ မြတ်နိုးခဲ့ရတဲ့ ငါးပါးသီလဟာ မျက်နှာငယ်ရမလို ဖြစ်သွားပါလိမ့်မယ်။

သရဏဂုံသုံးပါးနဲ့ ငါးပါးသီလကို မြန်မာဗုဒ္ဓသာသနာဝင်တိုင်း နှုတ်တက်ရထားရပါမယ်။ ပါဠိလိုရော မြန်မာလိုပါ ရထားရပါမယ်။ လိုက်နာနိုင်အောင်လည်း ကြိုးစားကြရပါမယ်။ အဲဒီလို ကြိုးစားကြရင်

www.dhammaransi.com



အမျိုးဂုဏ်ကိုတက်စေတဲ့ မိဘတွေ ပေါ်ထွန်းလာပါလိမ့်မယ်။ အမျိုးဂုဏ်တက်စေမယ့် သား သမီးတွေလည်း ပေါ်ထွက်လာပါလိမ့်မယ်။ မြန်မာအမျိုး၊ ဗုဒ္ဓသာသနာအမျိုးဂုဏ်ဖျက်မယ့် သားသမီးတွေ ပေါ်ထွန်းတာများလာရင်တော့ မြန်မာအမျိုး၊ ဗုဒ္ဓသာသနာအမျိုးဟာ ပျက်စီးဖို့ရာ အလွန်ပဲနီးကပ်လာပါတယ်။ စာရှုသူဟာ မိဘဖြစ်နေခဲ့ရင် အမျိုးဖျက်မိဘမဖြစ်ဖို့ ရှေးဦးစွာ လိုအပ်ပါတယ်။ ပြီးရင် ကိုယ့်သားသမီးတွေကိုလည်း အမျိုးဖျက်သားသမီး မဖြစ်အောင် ဆောင်ရွက်ပေးဖို့ လိုအပ်လှပါတယ်။ စာရှုသူဟာ သားသမီးပဲဖြစ်နေသေးရင် အမျိုးဖျက် သားသမီး မဖြစ်အောင် ကြိုးစားရပါမယ်။

www.dhammaransi.com

# ဥာဏ်နဲ့ဆင်ခြင် ဆင်ခြင်ပြီး

'ရာဟုလာ၊ ဆင်ခြင်၍ ဆင်ခြင်၍ ကိုယ်အလုပ်၊ နှုတ်အပြော၊ စိတ်အကြံတို့ကို သုတ်သင်အံ့ဟု နှလုံးသွင်းကာ ကျင့်ရမည်'
(မဇ္ဈိမပဏ်၊ ၂ ဘိက္ခုဝဂ္ဂ၊ ၁ အမ္ဗလဋ္ဌိကာရာဟုလောဝါဒသုတ္တ)

၇ နှစ်အရွယ်ရှိ သားတော်လေး ရှင်ရာဟုလာအား ဘုရားရှင် ဆုံးမတော်မူထားတဲ့ စကားဖြစ်ပါတယ်။ ကိုယ်အလုပ်၊ နှုတ်အပြော၊ စိတ်အကြံတွေကို မလုပ်၊ မပြော၊ မကြံမီမှာရော၊ ပြုဆဲ၊ ပြောဆဲ၊ ကြံဆဲမှာရော ပြုပြီး၊ ပြောပြီး၊ ကြံပြီးမှာရော မိမိမှာဖြစ်စေ သူတစ်ပါးမှာဖြစ်စေ မိမိ သူတစ်ပါး နှစ်ဦးသားလုံးမှာဖြစ်စေ ထိခိုက်မှု ရှိမရှိ၊ ဒုက္ခပေးမပေးကို စဉ်းစားဆင်ခြင်ရပါမယ်။ စဉ်းစားဆင်ခြင်ကြည့်လို့ ထိခိုက်မှုရှိရင်၊ ဒုက္ခပေးရင် ရှောင်ကြဉ်ပါ။ ထိခိုက်မှု မရှိရင် သုခပေးရင် ပြုလုပ်ပါ၊ ပြောဆိုပါ၊ ကြံတွေးပါလို့လည်း ဘုရားရှင်က သားတော် ရာဟုလာအား ဆုံးမထားပါသေးတယ်။

ရှေးတုန်းက ကိုယ်အလုပ်၊ နှုတ်အပြော၊ စိတ်အကြံတွေကို စင်ကြယ်အောင် လုပ်ခဲ့တဲ့သူတွေရော ယခု စင်ကြယ်အောင် လုပ်နေတဲ့ သူတွေရော နောင်အခါမှာ စင်ကြယ်အောင် လုပ်မယ့်သူတွေပါ ဒီလို ဆင်ခြင်၊ ဆင်ခြင်ပြီး စင်ကြယ်အောင် လုပ်ခဲ့ကြပါတယ်။ လုပ်နေကြပါတယ်။ လုပ်ကြပါလိမ့်မယ်လို့လည်း ဘုရားရှင်က မိန့်တော်မူထားပါသေးတယ်။

'ရာဟုလာ၊ မှန်ဟာ ဘာအကျိုးရှိလဲ' လို့ ဘုရားရှင်က မေးတော်မူတဲ့အခါ ရာဟုလာက ကြည့်ရှုဆင်ခြင်ရခြင်းအကျိုးရှိပါတယ် ဘုရား'

www.dhammaransi.com



လို့ ဖြေခဲ့ပါတယ်။ အလှပြင်လိုသူတွေဟာ မှန်ကိုကြည့်ကာ ကြည့်ကာ အလှပြင်ရပါတယ်။ ကိုယ်အလုပ်၊ နှုတ်အပြော၊ စိတ်အကြံတွေကို အလှပြင်လိုသူတွေဟာလည်း အသိဉာဏ်မှန်အပြင်ကို ကြည့်ကာကြည့်ကာ အလှပြင်ရပါတယ်။ အလှပြင်လေ့မရှိရင်တော့ ကိုယ်အလုပ်၊ နှုတ်အပြော၊ စိတ်အကြံတွေဟာ အကျည်းတန်လျက် ရှိနေပါတယ်။ ကိုယ်အလုပ်၊ နှုတ်အပြော၊ စိတ်အကြံတွေကို တစ်ခါမက အခါခါ အလှပြင်ရပါတယ်။ များသောအားဖြင့် လုပ်ပြီး၊ ပြောပြီး၊ ကြံပြီးမှ အလှပြင်ဖို့ သတိရတတ်ကြပါတယ်။ မလုပ်ခင်၊ မပြောခင်၊ မကြံခင်နဲ့ လုပ်ဆဲ၊ ပြောဆဲ၊ ကြံဆဲမှာ အလှပြင်ဖို့ မေ့နေတတ်ကြပါတယ်။ တချို့က ပြုဆဲ၊ ပြောဆဲ၊ ကြံဆဲမှာလည်း အလှပြင်ဖို့ သတိဝင်လာတတ်ကြပါတယ်။ တချို့ကတော့ မပြုခင်၊ မပြောခင်၊ မကြံခင်မှာပါ အလှပြင်ဖို့ သတိဝင်တတ်ကြပါတယ်။

ကိုယ်အလုပ်၊ နှုတ်အပြော၊ စိတ်အကြံတွေမှာ ဉာဏ်ဦးစီးနိုင်ရင် ဦးစီးနိုင်သလောက် အပြစ်ကင်းပါတယ်။ မိမိမှာရော၊ သူတစ်ပါးမှာရော၊ မိမိ သူတစ်ပါး နှစ်ဦးလုံးမှာပါ ထိခိုက်မှုကင်းပါတယ်။ ကောင်းကျိုးတွေကို ပွားစေပါတယ်။ ဉာဏ်မဦးစီးနိုင်လို့ လောဘဦးစီးသွားရင်၊ ဒေါသဦးစီးသွားရင်၊ မောဟဦးစီးသွားရင်၊ မာနဦးစီးသွားရင်၊ ဣဿာဦးစီးသွားရင် အကြောင်းအကျိုး၊ အကောင်းအဆိုးကို မဝေခွဲနိုင်တော့ပါဘူး။ အမှောင်ကျသွားပါတယ်။ မိမိမှာရော သူတစ်ပါးမှာရော မိမိ သူတစ်ပါး နှစ်ဦးလုံးမှာပါ ထိခိုက်မှုတွေ ဖြစ်စေတတ်ပါတယ်။ ပစ္စုပ္ပန်၊ တမလွန်မှာ ဆိုးကျိုးတွေကို ဖြစ်စေတတ်ပါတယ်။ ကိုယ်ဆင်းရဲ စိတ်ဆင်းရဲတွေကို ခံစားရတတ်ပါတယ်။

စာရှုသူရဲ့ ဘဝတစ်လျှောက်မှာရော စာရေးသူရဲ့ဘဝတစ်လျှောက်မှာပါ ဉာဏ်ကြီးစိုးနိုင်တဲ့ အပြု၊ အပြော၊ အကြံတွေ ရှိခဲ့သလို ဉာဏ်မဦးစီးနိုင်တဲ့ လောဘအပြု၊ လောဘအပြော၊ လောဘအကြံ၊ ဒေါသ

www.dhammaransi.com



အပြု၊ ဒေါသအပြော၊ ဒေါသအကြံ၊ မောဟအပြု၊ မောဟအပြော၊ မောဟအကြံ၊ မာနအပြု၊ မာနအပြော၊ မာနအကြံ၊ ဣဿာအပြု၊ ဣဿာအပြော၊ ဣဿာအကြံ၊ မစ္ဆရိယအပြု၊ မစ္ဆရိယအပြော၊ မစ္ဆရိယအကြံတွေလည်း ရှိခဲ့ပါတယ်။ ဉာဏ်ဦးစီးနိုင်တဲ့ အပြု၊ အပြော၊ အကြံတွေကြောင့် မိမိမှာလည်း ကောင်းကျိုးတွေ ရခဲ့ဖူးကြပါတယ်။ သူတစ်ပါးတွေမှာလည်း ရခဲ့ဖူးကြပါတယ်။ မိမိ သူတစ်ပါး နှစ်ဦးသားလုံးမှာလည်း ရခဲ့ဖူးကြပါတယ်။ ဉာဏ်မဦးစီးနိုင်တဲ့ အပြု၊ အပြော၊ အကြံတွေကြောင့် မိမိမှာရော၊ သူတစ်ပါးမှာရော၊ မိမိ သူတစ်ပါး နှစ်ဦးလုံးမှာပါ ဆိုးကျိုးတွေကို ရစေခဲ့ဖူးကြပါတယ်။ ထိခိုက်နစ်နာမှုတွေ ဖြစ်စေခဲ့ဖူးပါတယ်။

မိမိရဲ့ကိုယ်အပြု၊ နှုတ်ပြော၊ စိတ်အကြံတွေမှာ ဉာဏ်ဦးစီးနိုင်သည်ထက် ပိုပြီးဦးစီးနိုင်လာအောင် ကြိုးစားလေ့ကျင့်ကြရပါမယ်။ မိမိကောင်းကျိုး၊ သူတစ်ပါးကောင်းကျိုး၊ ပစ္စုပ္ပန်ကောင်းကျိုး၊ သံသရာကောင်းကျိုးကို လိုလားသူတိုင်းဟာ အပြု၊ အပြော၊ အကြံတွေမှာ ဉာဏ်ဦးစီးဖို့ လိုအပ်လှပါတယ်။ ကောင်းကျိုးအထွေထွေကို ရစေဖို့ရာအတွက် အသိဉာဏ်ဟာ အရေးပါလှပါတယ်။ အဓိက အခရာဖြစ်ပါတယ်။ အလွန်ပဲ အားကိုးရာဖြစ်ပါတယ်။ အသိဉာဏ်ကြီးသူတွေမှာ ကောင်းကျိုးတွေ အများကြီးရနေကြပါတယ်။ အသိဉာဏ်နည်းပါးသူမှာ ကောင်းကျိုးအနည်းငယ်ကိုသာ ရပါတယ်။

သားတော်ရာဟုလာ ကိုရင်လေးအား ဘုရားရှင် ဆုံးမတော်မူခဲ့တဲ့ အဆုံးအမကို ကိုရင်ရာဟုလာလေးအရွယ်၊ လူငယ်တွေရော၊ လူကြီး၊ လူလတ်တွေပါ မှတ်သားပြီး လိုက်နာကျင့်သုံးကြရပါမယ်။ ရာဟုလာအားပေးတဲ့ အဲဒီအဆုံးအမဟာ အလွန့်အလွန်ပဲ ကောင်းမွန်လှပါတယ်။ ဗုဒ္ဓသာသနာဝင်တိုင်း လိုက်နာနိုင်ကြရင် သိပ်ပြီး အကျိုးများမှာပဲ။ ကိုရင်ရာဟုလာလေးအား ဘုရားပေးတဲ့ အဲဒီအဆုံးအမကို မြန်မာ

www.dhammaransi.com



တွေ လိုက်နာနိုင်ရင် မြန်မာတွေရဲ့ဘဝ ပိုမိုဖြူစင်မြင့်မြတ်လာပါလိမ့်မယ်။ ပိုမိုဖွံ့ဖြိုးတိုးတက်လာပါလိမ့်မယ်။ ပြည်ပသားတွေ လိုက်နာနိုင်ရင် ပြည်ပသားတွေရဲ့ဘဝ ပိုမိုဖြူစင်မြင့်မြတ်လာပါလိမ့်မယ်။ ပိုမိုဖွံ့ဖြိုးတိုးတက်လာပါလိမ့်မယ်။ ပိုမိုဖြူစင်မြင့်မြတ်နေသူတွေရဲ့ဘဝ ပိုမိုဖွံ့ဖြိုးတိုးတက်နေသူတွေရဲ့ဘဝကို လေ့လာကြည့်ရင်လည်း အဲဒီဘုရားအဆုံးအမကို လိုက်နာကျင့်သုံးနေတာကို တွေ့နိုင်ပါတယ်။ ဖြူစင်မြင့်မြတ်ဖွံ့ဖြိုး တိုးတက်နေသူတိုင်းဟာ ဒီဘုရားအဆုံးအမနဲ့ မကင်းနိုင်ကြပါဘူး။ ဖြူစင်၊ မြင့်မြတ်၊ ဖွံ့ဖြိုး၊ တိုးတက်လိုသူတိုင်း ဒီဘုရားအဆုံးအမကို လက်စွဲထားပြီး ကျင့်သုံးကြရပါမယ်။

အသိဉာဏ်နဲ့ ဆင်ခြင် ဆင်ခြင်ပြီး ကိုယ်အလုပ်၊ နှုတ်အပြော၊ စိတ်အကြံတွေကို ပြုနိုင် ပြောနိုင် ကြံနိုင်တဲ့သူတွေ မြန်မာနိုင်ငံမှာ ပိုမိုများပြားလာရင် မြန်မာနိုင်ငံဟာ ပိုမိုဖွံ့ဖြိုးတိုးတက် သာယာအေးချမ်းလာမှာ ဖြစ်ပါတယ်။ ဒါကြောင့် မြန်မာနိုင်ငံကို ပိုမိုအေးချမ်း သာယာဖွံ့ဖြိုးတိုးတက်စေလိုသူတိုင်းဟာ ဆင်ခြင် ဆင်ခြင်ပြီး ပြုနိုင် ပြောနိုင် ကြံနိုင်အောင် ကြိုးစားကြရပါမယ်။

www.dhammaransi.com

# တိုက်တွန်းပေးကြပါ

'ဘိက္ခုတို့၊ သင်တို့ဟာ မိတ်ဆွေ၊ သူငယ်ချင်း၊ ဆွေမျိုး၊ သွေးသား တော်စပ်သူတွေကို သနားခဲ့ရင် သူတို့ကလည်း နားထောင်လိုက်နာမယ်လို့ ထင်မှတ်ခဲ့ရင် သတိပဋ္ဌာန်တရား ၄ ပါး ပွားများဖို့ တိုက်တွန်းထိုက်တယ်'

(မဟာဝဂ္ဂသံယုတ်၊ ၃ သတိပဋ္ဌာနသံယုတ်၊ ၅ အမတဝဂ်၊ ၈ မိတ္တသုတ္တ)

သတိပဋ္ဌာန်တရားကို ကိုယ်တိုင် ကျကျနန အားထုတ်ထားသူတို့က သတိပဋ္ဌာန်တရားအကျိုးတို့ကို ကောင်းကောင်း သိရှိထားကြပါတယ်။ ကောင်းတဲ့အစားအစာကို စားရရင် ကိုယ်ချစ်သူ၊ ခင်သူ၊ ရင်းနှီးသူတွေကိုလည်း သတိရပြီး စားစေချင်ပါတယ်။ သတိပဋ္ဌာန်ကြောင့် ရရှိတဲ့ ချမ်းသာကို ကိုယ်တွေ့ခံစားရသူတွေကလည်း ကိုယ်နဲ့နီးစပ်ရာပုဂ္ဂိုလ်တွေကို ခံစားခွင့် ရစေချင်ကြပါတယ်။ ရစေချင်တော့ရအောင် ကြိုးစားကြပါတယ်။ လူတွေမှာ ဒုက္ခတွေက ဝိုင်းဝိုင်းလည်နေကြပါတယ်။ နံနက်အိပ်ရာထကစပြီး ည အိပ်ပျော်ခါနီးအထိ စိတ်အပူတွေနဲ့ နပန်းလုံးနေကြပါတယ်။ ဒုက္ခကင်းပြီး ချမ်းသာခြင်းနဲ့ပြည့်စုံနေသူက ဒုက္ခတွေ ပင်လယ်ဝေနေတဲ့သူတွေကိုတွေ့ရင် သနားတတ်ကြပါတယ်။ သတိပဋ္ဌာန်ကို ရင်ဝယ်ပိုက်ထားသူတွေက ချမ်းမြေ့မှုကို ခံစားနေရလို့ သတိပဋ္ဌာန်လက်မဲ့ဖြစ်လို့ ပူပန်ဆင်းရဲနေကြသူတွေကို ကယ်တင်ချင်ကြပါတယ်။ စိတ်ပူပန် ဆင်းရဲနေကြသူတွေကို ကယ်တင်ချင်ရင် ဒီသတိပဋ္ဌာန်နည်းဟာ အကောင်းဆုံးနည်းပါပဲ။

www.dhammaransi.com



ဆင်းရဲဒုက္ခအဖုံဖုံနဲ့ တွေ့ကြုံရတဲ့အခါ သတိပဋ္ဌာန်ကို အားကိုးသမှု မပြုကြသူတွေမှာ မခံချိ မခံသာ၊ နေမထိ ထိုင်မသာ၊ ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်ကြရပါတယ်။ ယောက်ယက်ခတ် ဗျာများနေကြရပါတယ်။ ပူလောင်ပင်ပန်းကြပါတယ်။ ဒုက္ခအဖုံဖုံနဲ့ ကြုံရပေမယ့် သတိပဋ္ဌာန်ကို အားကိုးသူတွေမှာတော့ နေသာထိုင်သာ ရှိကြပါတယ်။ ယောက်ယက်မခတ်ပါဘူး။ ဗျာမများပါဘူး။ တည်တည်ငြိမ်ငြိမ် အေးအေးချမ်းချမ်း ရှိကြပါတယ်။

သတိပဋ္ဌာန်ကို အားကိုးလို့ အကောင်းဆုံး နိဗ္ဗာန်ချမ်းသာကို ရရှိခံစားသွားရသူတွေဟာ မရေမတွက်နိုင်လောက်အောင်ပဲ များလှပါတယ်။ နိဗ္ဗာန်ချမ်းသာကို ရချင်သူတိုင်းဟာ ဒီသတိပဋ္ဌာန်ကိုပဲ အားကိုးကြရပါတယ်။ သတိပဋ္ဌာန်ကို ဖယ်ထားရင် လုံးဝနိဗ္ဗာန်ချမ်းသာကို မခံစားနိုင်ပါဘူး။ နိဗ္ဗာန်ချမ်းသာကို အလိုရှိတိုင်း ခံစားတော်မူနေတဲ့ မြတ်စွာဘုရားဟာ သတိပဋ္ဌာန် လက်လွတ်ဖြစ်နေလို့ ဆင်းရဲနေကြသူတွေကို အလွန်ပဲ သနားတော်မူလှပါတယ်။ ဒါကြောင့် သတိပဋ္ဌာန်တရား အားထုတ်ကြဖို့ ဘုရားရှင်ကိုယ်တော်တိုင် အခါခါတိုက်တွန်းတော်မူခဲ့ပါတယ်။ သူ့ရဲ့တပည့်တွေကိုလည်း သူ့လိုပဲ တိုက်တွန်းပေးကြဖို့ မိန့်တော်မူပါတယ်။

ကျေးဇူးရှင်တကာ့ ကျေးဇူးရှင်တွေထဲမှာ မိဘနှစ်ပါးဆိုတဲ့ ကျေးဇူးရှင်တွေရဲ့ ကျေးဇူးကြေးတွေဟာ သားသမီးတွေအပေါ်မှာ အများဆုံးပါပဲ။ ကြွေးအများဆုံး ကျေးဇူးရှင်နှစ်ပါးရဲ့ ကျေးဇူးကြွေးတွေကို ကျေအောင်ဆပ်လိုတဲ့ သားသမီးဟာ သဒ္ဓါ၊ သီလ၊ စာဂ၊ ပညာ မရှိသေးတဲ့ မိဘနှစ်ပါး ဖြစ်ခဲ့ရင် သဒ္ဓါ၊ သီလ၊ စာဂ၊ ပညာနဲ့ ပြည့်စုံလာအောင် တိုက်တွန်းရမယ်လို့ မြတ်စွာဘုရား မိန့်တော်မူထားပါတယ်၊ ဒီစကားတော်ရ မိဘရဲ့ကျေးဇူးကြွေးကျေအောင် ဆပ်လိုသူဟာ မိဘနှစ်ပါး သတိပဋ္ဌာန်တရား အားထုတ်ဖြစ်အောင် တိုက်တွန်းပေးရမှာ

www.dhammaransi.com



ဖြစ်ပါတယ်။ သတိပဋ္ဌာန်တရားကို ထိထိရောက်ရောက် အားထုတ်လိုက်ရင် သဒ္ဓါနဲ့လည်း ပြည့်စုံလာပါတယ်။ သီလနဲ့လည်း ပြည့်စုံလာပါတယ်။ စာဂနဲ့လည်း ပြည့်စုံလာပါတယ်။ ပညာနဲ့လည်း ပြည့်စုံလာပါတယ်။ ဒါကြောင့် သတိပဋ္ဌာန်နည်းနဲ့ မိဘကို ကျေးဇူးဆပ်တာဟာ အကောင်းဆုံးပါပဲ။

အခြားဆွေမျိုးတွေ၊ မိတ်ဆွေအပေါင်းအသင်းတွေဟာလည်း မိမိအပေါ်မှာ အနည်းနဲ့အများ ကျေးဇူးရှိခဲ့ကြတာပါပဲ။ အဲဒီကျေးဇူးရှင်တွေရဲ့ ကျေးဇူးကြွေးကို ဆပ်ချင်ရင်လည်း သတိပဋ္ဌာန်နဲ့ ကျေးဇူးဆပ်တာဟာ အကောင်းဆုံး ကျေးဇူးဆပ်နည်းပါပဲ။ မြန်မာနိုင်ငံမှာလည်း ဒီအကောင်းဆုံး ကျေးဇူးဆပ်နည်းနဲ့ ကျေးဇူးကြွေး ပေးဆပ်နေသူတွေကို တွေ့ရပါတယ်။ ကြွေးရှင်တွေကလည်း အဲဒီကျေးဇူးကြွေးရဲ့ အကျိုးတွေကို ရရှိခံစားရတဲ့အခါ အကြွေးပေးလာသူကို အလွန်ပင် ကျေးဇူးတင်ကြပါတယ်။ ကျေနပ်ကြပါတယ်။ စာရှုသူဟာ မိဘနှစ်ပါးကို အကောင်းဆုံး ကျေးဇူးဆပ်နည်းနဲ့ မဆပ်ရသေးရင် ဆပ်ဖြစ်အောင် ကြိုးစားသင့်ပါတယ်။

စာရှုသူရဲ့ ဆွေမျိုး၊ မိတ်ဆွေတို့ကိုလည်း အကောင်းဆုံး ကျေးဇူးဆပ်နည်းနဲ့ ဆပ်နိုင်အောင် ကြိုးစားသင့်ပါတယ်။ ဒီနည်းနဲ့ ပေးဆပ်တဲ့အခါမှာ အခက်အခဲ တွေ့ချင်တွေ့ပါလိမ့်မယ်။ ကျေးဇူးရှင်တွေက ခါးခါးသီးသီး ငြင်းပယ်ချင်လည်း ငြင်းပယ်ပါလိမ့်မယ်။ လိမ်လိမ်မာမာ ငြင်းပယ်ချင်လည်း ငြင်းပယ်ပါလိမ့်မယ်။ ဘယ်လိုပင် ငြင်းပယ်သည် ဖြစ်စေကိုယ်က တကယ်ပဲ သူ့အကျိုးကို လိုလားတယ်ဆိုရင် အခါအခွင့်ကြည့်ပြီး အခါခါတိုက်တွန်းသင့်ပါတယ်။ မလျှော့တမ်း တိုက်တွန်းသင့်ပါတယ်။ အခါအခွင့်ကြည့်ပြီး အခါခါ မလျှော့တမ်း တိုက်တွန်းရင် မိမိရဲ့တိုက်တွန်းမှုဟာ အောင်မြင်လာပါလိမ့်မယ်။ အောင်မြင်သွားရင်

www.dhammaransi.com



တိုက်တွန်းသူရော အတိုက်တွန်းခံရသူရော အလွန်ပဲရွှင်လန်းဝမ်းမြောက်ရပါတယ်။

မိမိရဲ့ပတ်ဝန်းကျင် အသိုင်းအဝိုင်းမှာ သတိပဋ္ဌာန်အရသာကို မခံစားဖူးတဲ့လူ မရှိအောင် ကြိုးစားသင့်ပါတယ်။ လူတိုင်းလူတိုင်းဟာ သတိပဋ္ဌာန်အရသာကို ခံစားခွင့်ရခဲ့ကြရင် သူတို့စိတ်အစဉ်ဟာ ဖြူစင်နေပါလိမ့်မယ်။ ကြည်လင်အေးမြချမ်းသာနေပါလိမ့်မယ်။ လူ့လောကကြီးဟာ အင်မတန် အေးချမ်းသာယာတဲ့ လူ့လောကကြီး ဖြစ်လာပါလိမ့်မယ်။ အေးချမ်းသာယာတဲ့ လူ့လောကဖြစ်စေလိုတော်မူတဲ့ ဘုရားရှင်က ရဟန်းတွေကို သတိပဋ္ဌာန်တရား အားထုတ်ခိုင်းပေးကြဖို့ မိန့်တော်မူထားခြင်း ဖြစ်ပါတယ်။

✤

www.dhammaransi.com

# မြတ်တဲ့ အသက်ရှင်ခြင်း

'ဖြစ်ပျက်နှစ်ဖြာ၊ မမြင်ပါဘဲ၊ တစ်ရာအသက်၊ ရှင်သည်ထက်လည်း၊ ဖြစ်ပျက်နေဟန်၊ ရုပ်နှင့် နာမ်ကို၊ အမှန် မြင်လျက်၊ ဉာဏ်စဉ် တက်၍၊ တစ်ရက်တာမျှ၊ သက်ရှည်ရသော်၊ လောကလူ့ရွာ၊ ကောင်းမြတ်ပါသည်၊ မြတ်စွာဗုဒ္ဓ မိန့်ခွန်းတည်း'

(ဓမ္မပဒ၊ ၈ သဟဿဝဂ္ဂ၊ ၁၂ ပဋာစာရာထေရီဝတ္ထု)

ဒီဘုရားစကားတော်အရ မြတ်တဲ့အသက်ရှင်ခြင်းနဲ့ မမြတ်တဲ့ အသက်ရှင်ခြင်းလို့ အသက်ရှင်ခြင်းနှစ်မျိုးရှိကြောင်း သိရှိရပါတယ်။ မိမိရဲ့တစ်သက်တာမှာ မြတ်တဲ့အသက်ရှင်ခြင်းနဲ့ ဘယ်နှရက် အသက် ရှင်ခဲ့ဖူးပါသလဲလို့ စဉ်းစားသင့်ပါတယ်။ မြတ်တဲ့အသက်ရှင်ခြင်းနဲ့ တစ်ရက်လေးတောင် အသက်မရှင်ဖူးသေးရင် အသက်ရှင်ဖူးအောင် ကြိုးစားသင့်ပါတယ်။ လူ့လောကကြီးမှာ အသက်ရှင်နေကြတဲ့ လူ အားလုံးရဲ့ အသက်ရှင်ခြင်းကို သုံးသပ်လိုက်ရင် မမြတ်တဲ့အသက်ရှင် ခြင်းနဲ့ ရှင်နေကြသူတွေပဲ များပါလိမ့်မယ်။ ရခဲလှတဲ့လူ့ဘဝကို ရနေလို့ အရတော်ပါပေတယ်လို့ ချီးမွမ်းချင်ရင် ချီးမွမ်းလို့ရနိုင်ပါတယ်။ ရုပ် နာမ်နှစ်ပါးရဲ့ အဖြစ်အပျက်ကို မမြင်သေးရင် မြင့်မြတ်တဲ့ အရတော်ခြင်း လို့ မဆိုနိုင်သေးပါဘူး။

မြစ်ထဲမှာ စီးဆင်းနေတဲ့ ရေတွေဟာ အမြဲစီးဆင်းကာ အဟောင်း အသစ် အမြဲပြောင်းလဲနေပါတယ်။ ဆီမီးတောက်မှာ ရှေ့မီးတောက်က ငြိမ်းပျောက်သွားပြီး နောက်မီးတောက်က ဆက်လက်တောက်ပနေပါ တယ်။ မျက်စိအမြင်ကောင်းသူ ကြည့်ရင် အသစ်အဟောင်း ပြောင်းလဲ

www.dhammaransi.com



နေတာကို မြင်နိုင်ပါတယ်။ ရုပ်နာမ်တွေဟာလည်း မြစ်ရေအလျဉ်ပမာ မီးတောက်ပမာ အသစ်အဟောင်း အမြဲပြောင်းလဲနေပါတယ်။ သတိကပ်ပြီး ရှုမှတ်နေတဲ့သူမှာ သတိ သမာဓိ အားကောင်းလာရင် ရုပ်နာမ်တွေရဲ့ အသစ်အဟောင်း ပြောင်းလဲနေပုံကို မြင်သိလာပါတယ်။

ရုပ်နာမ်တရားတွေ ခပ်သွက်သွက် ဖြစ်ပေါ်လာပြီး ခပ်သွက်သွက် ကွယ်ပျောက်သွားတာကို မြင်သိလာရတဲ့အခါ အားသေးတဲ့ နှစ်သိမ့်အားရမှု၊ အားကြီးတဲ့ နှစ်သိမ့်အားရမှုတွေ ဖြစ်ပေါ်လာပါတယ်။ အဲဒီအားရနှစ်သိမ့်မှုတွေ ဖြစ်ပေါ်လာရင် အဲဒီအားရနှစ်သိမ့်မှုတွေက အငြိမ်းဓာတ် နိဗ္ဗာန်ကို ရောက်သည်အထိ ပို့ပေးနိုင်ပါတယ်။ နိဗ္ဗာန်အထိ ပို့ပေးလို့ နိဗ္ဗာန်ကိုရောက်သွားရင် အကောင်းမြတ်ဆုံး ချမ်းသာကို ရရှိပိုင်ဆိုင်သွားပါပြီ။

အနည်းဆုံး အပါယ်လေးပါး တံခါးပိတ်တဲ့ အခြေအနေကို ရောက်သွားရင် အလွန်ကောင်းမြတ်တဲ့ အသက်ရှင်ခြင်း ဖြစ်သွားပါတယ်။ အလွန်ကောင်းမြတ်တဲ့ အဲဒီအသက်ရှင်ခြင်းနဲ့ ရှင်နိုင်အောင် ကြိုးစားသင့်ပါတယ်။ မကြိုးစားလို့ အပါယ်တံခါးမပိတ်သေးရင် ဘဝဆိုးတွေကိုရောက်ပြီး ဒုက္ခအမျိုးမျိုးတွေကို တွေ့ကြုံခံစားရပါလိမ့်မယ်။ ဘဝဆိုးတွေမှာ တွေ့ကြုံရတဲ့ဆင်းရဲတွေဟာ အင်မတန်မှ ကြောက်စရာကောင်းလှပါတယ်။ ဘဝဆိုးတွေက ဆင်းရဲတွေကို ကြောက်တဲ့သူဟာ မြတ်တဲ့အသက်ရှင်ခြင်းနဲ့ လူ့ဘဝကြီးမှာ အသက်ရှင်နိုင်အောင် ကြိုးစားကြရပါမယ်။

ပါမောက္ခကြီးတွေ၊ ဒေါက်တာကြီးတွေ၊ ပါရဂူကြီးတွေ၊ အင်ဂျင်နီယာကြီးတွေ၊ သိပ္ပံပညာရှင်ကြီးတွေ၊ သမ္မတကြီးတွေ၊ ဝန်ကြီးချုပ်ကြီးတွေ၊ သူဌေးကြီးတွေစတဲ့ ပုဂ္ဂိုလ်ကြီးတွေကို လောကီလူသားတွေက 'ကြီးကျယ်ပြုင့်မြတ်တဲ့ ပုဂ္ဂိုလ်ကြီးတွေ' လို့ သတ်မှတ်ကြပါလိမ့်မယ်။ ဘုရားရှင်ကတော့ အဲဒီပုဂ္ဂိုလ်ကြီးတွေမှာ ရုပ်နာမ်ရဲ့ အဖြစ်အပျက်ကို

www.dhammaransi.com



သိမြင်တဲ့ အသိပညာမရှိသေးရင် အဲဒီပုဂ္ဂိုလ်ကြီးတွေရဲ့ အသက်ရှင်ခြင်းကို မြင့်မြတ်တဲ့ အသက်ရှင်ခြင်းလို့ သတ်မှတ်တော်မမူပါဘူး။

လူတစ်ဦးတစ်ယောက်ရဲ့ အသက်ရှင်မှု မြင့်မြတ် မမြင့်မြတ်ကို ရုပ်နာမ်အဖြစ်အပျက်ကို သိမြင်တဲ့ အသိပညာနဲ့ပဲ ဘုရားရှင်က ခွဲခြား သတ်မှတ်တော်မူပါတယ်။ ဒါကြောင့် ဘုရားရှင် အလိုတော်အရ ရုပ်နာမ် အဖြစ်အပျက်ကို သိတဲ့အသိပညာဟာ ပါမောက္ခကြီးအဖြစ်၊ ဒေါက်တာကြီးအဖြစ်၊ ပါရဂူကြီးအဖြစ်၊ အင်ဂျင်နီယာကြီးအဖြစ်၊ သိပ္ပံပညာရှင်ကြီးအဖြစ်၊ သမ္မတကြီးအဖြစ်၊ ဝန်ကြီးချုပ်အဖြစ်၊ သူဌေးကြီးအဖြစ်ထက် သာလွန်မြင့်မြတ်လှပါတယ်။ လောကအမြင်အားဖြင့် ကြီးကျယ်တဲ့ ပုဂ္ဂိုလ်ကြီးတွေ မဖြစ်ရလို့လည်း အဖြစ်အပျက်မြင် ပညာရှင်အဖို့ အားငယ်စရာ မရှိပါဘူး။

အဖြစ်အပျက်မြင် ပညာရှင်ရဲ့ဘဝဟာ အေးချမ်းပါတယ်။ အဖြစ်အပျက် မမြင်သေးတဲ့ ပါမောက္ခကြီး၊ ဒေါက်တာကြီး၊ ပါရဂူကြီး၊ အင်ဂျင်နီယာကြီး၊ သိပ္ပံပညာရှင်ကြီး၊ သမ္မတကြီး၊ ဝန်ကြီးချုပ်ကြီး၊ သူဌေးကြီးတွေရဲ့ဘဝဟာ ပူလောင်ပါတယ်။ ပူလောင်ရတဲ့ဘဝဟာ မကောင်းပါဘူး။ အေးချမ်းရတဲ့ဘဝပဲ ကောင်းပါတယ်။ တဲကုပ်ထဲက အဖြစ်အပျက်မြင် ပညာရှင်ရဲ့ဘဝဟာ လောကအမြင်အားဖြင့် မကြီးကျယ်ပေမယ့် ဓမ္မအမြင်အားဖြင့်တော့ ကြီးကျယ်မြင့်မြတ်နေပါတယ်။ လောကအမြင်အားဖြင့် မကြီးကျယ်ချင် နေပါစေ၊ ဓမ္မအမြင်အားဖြင့်တော့ ကြီးကျယ်ဖို့ မြင့်မြတ်ဖို့ လိုအပ်လှပါတယ်။ ရုပ်နာမ်အဖြစ်အပျက် လောက် မြင်ရင်ကိုပဲ မြင့်မြတ်နေပါပြီ။ ဗုဒ္ဓသာသနာဝင်တွေဟာ မြင့်မြတ်တဲ့ အသက်ရှင်ခြင်းနဲ့ အသက်ရှင်နိုင်အောင် ကြိုးစားသင့်ကြပါတယ်။

✤

www.dhammaransi.com

# ချမ်းသာရေး ရှေးရှု

'ပုဏ္ဏား၊ ဆွမ်းဦးဆွမ်းဖျားဖြစ်ဖြစ်၊ တစ်ဝက်စားပြီး အကြွင်းအကျန်ဖြစ်ဖြစ်၊ နောက်ဆုံး အကြွင်းအကျန်ဖြစ်ဖြစ် ငါဘုရားအား လျှောက်ပတ်တယ်၊ မှန်တယ်၊ ငါဘုရားရှင်တို့ဟာ သူတစ်ပါးပေးတာနဲ့ အသက်ရှင်ရတဲ့ ပြိတ္တာတွေနဲ့ တူတယ်'

(ဓမ္မပဒဋ္ဌ၊ ဘိက္ခုဝဂ်၊ ပဉ္စဂ္ဂဒါယက ဗြာဟ္မဏဝတ္ထု)

ပဉ္စဂ္ဂဒါယကပုဏ္ဏားအား ဘုရားရှင် မိန့်ကြားတော်မူခဲ့တဲ့ စကားဖြစ်ပါတယ်။ လယ်ဦး၊ တလင်းဦး၊ ကျီဦး၊ ထမင်းအိုးဦး၊ စားဦးဆိုတဲ့ အဦးအဖျားငါးမျိုးကို လှူတတ်လို့ ပဉ္စဂ္ဂဒါယက (ငါးဦးဖျား အလှူရှင်) ပုဏ္ဏားနဲ့ သူ့ဇနီးပုဏ္ဏေးမတို့ အနာဂါမ်ဖြစ်မှာကို ဘုရားရှင်က မြင်တော်မူလို့ ပုဏ္ဏား ထမင်းစားချိန်မှာ ကြွသွားပြီး အိမ်တံခါးမှာ ရပ်တော်မူနေပါတယ်။ ပုဏ္ဏားက တံခါးဘက်ကျောပေးပြီး အိမ်တွင်းဘက် မျက်နှာမူကာ ထိုင်ပြီးစားနေပါတယ်။ တံခါးမှာ ရပ်နေတဲ့ ဘုရားရှင်ကို မမြင်ပါဘူး။ ပုဏ္ဏားကို ပြုစုလုပ်ကျွေးနေတဲ့ ပုဏ္ဏေးမက မြင်ပါတယ်။ 'ဒီပုဏ္ဏားဟာ ငါးနေရာမှာ အဦးအဖျား လှူပြီးမှ စားတယ်၊ အခုလည်း ရဟန်းဂေါတမက လာပြီး အိမ်ရှေ့မှာရပ်နေတယ်၊ ပုဏ္ဏား သူ့ကို မြင်သွားရင် သူစားနေတဲ့ ထမင်းကို လှူလိုက်လိမ့်မယ်၊ လှူရင် ငါဟာ ထပ်ပြီးလည်း မချက်နိုင်တော့ဘူး' လို့ တွေးနေပါတယ်။

ပုဏ္ဏား'က ဘုရားကိုမမြင်အောင် ပုဏ္ဏေးမက ဘုရားကို ကျောပေးနေတဲ့ ပုဏ္ဏားနောက်က ပုဏ္ဏားကိုကွယ်ပြီး ကိုယ်ကိုကိုင်းညွတ်ကာ လပြည့်ဝန်းကို လက်ဝါးနဲ့ ကွယ်ထားသူပမာ ရပ်နေပါတယ်။ အဲဒီလို

www.dhammaransi.com



ရပ်တည်ရင်းသာ ဘုရားကြွသလား၊ မကြွသလား လို့ သိလိုလို့ ဘုရားရှင်ကို ထက်ဝက်သောမျက်စိနဲ့ ကြည့်ပါတယ်။ ဘုရားရှင်က အဲဒီနေရာမှာပဲ ရပ်တော်မူနေပါတယ်။ ပုဏ္ဏား ကြားသွားမှာစိုးလို့ 'ကန်တော့ဆွမ်းပါ' လို့ မပြောပါဘူး။ နောက်နားဆုတ်သွားပြီး တိုးတိုးလေးပဲ 'ကန်တော့ ဆွမ်းပါ'လို့ ဆိုပါတယ်။ ဘုရားရှင်က 'မသွားဘူး' လို့ ဆိုတဲ့သဘောနဲ့ ဦးခေါင်းကို ယမ်းတော်မူပါတယ်။ လောကကြီးက အလေးပြုခံရတဲ့ ဘုရားရှင်က မသွားဘူးဆိုတဲ့သဘောနဲ့ ဦးခေါင်းယမ်းတဲ့အခါ မထိန်းနိုင်လို့ အကြီးအကျယ် ရယ်ပါတယ်။ အဲဒီခဏမှာ ဘုရားရှင်က အိမ်ဘက်ဆီကို ရောင်ခြည်တော် လွှတ်လိုက်ပါတယ်။

ဘုရားရှင်ကို ကျောပေးထိုင်နေတဲ့ ပုဏ္ဏားကလည်း ပုဏ္ဏေးမရဲ့ ရယ်သံကိုလည်း ကြားရ၊ ရောင်ခြည်တော်ခြောက်သွယ်ကိုလည်း ဖူးမြော်ရလို့ ဘုရားရှင်ကို မြင်သွားပါတယ်။ မှန်ပါတယ်၊ ဘုရားရှင်တွေဆိုတာ ရွာမှာဖြစ်စေ၊ တောမှာဖြစ်စေ၊ အကြောင်းနဲ့ပြည့်စုံသူတွေအား မိမိကိုယ်တော်ကို မပြဘဲ ဖဲသွားတော်မမူကြပါဘူး။ ပုဏ္ဏားကလည်း ဘုရားရှင်ကို မြင်တဲ့အခါ 'ရှင်မ သင်ဟာ ငါ့ကိုဖျက်ဆီးတယ်၊ အိမ်တံခါးမှာ လာရပ်နေတဲ့ သာကီဝင်မင်းသား ဘုရားကို မြင်ပါလျက် ငါ့ကိုမပြောတာဟာ ကြီးလေးတဲ့အမှုကို ပြုတာပဲ' လို့ပြောကာ ထမင်းတစ်ဝက်ကျန်ရှိနေတဲ့ ထမင်းခွက်ကိုယူပြီး ဘုရားရှင်အနီးကို သွားပါတယ်။ သွားပြီး 'အရှင်ဂေါတမ၊ အကျွန်ုပ်ဟာ နေရာ ၅ နေရာမှာ အဦးအဖျားကို လှူပြီးမှသာ စားပါတယ်။ ဒီထမင်းတွေထဲက အလယ်က ခွဲပြီး တစ်ဝက်ကို စားပြီးပါပြီ၊ တစ်ဝက်ကျန်နေပါသေးတယ်၊ အကျွန်ုပ်ရဲ့ ဒီကျန်နေသေးတဲ့ ထမင်းတစ်ဝက်ကို အလှူခံပါမည်လား' လို့ မေးပါတယ်။ ဘုရားရှင်က 'သင်ရဲ့ စားကြွင်းစားထမင်းကို ငါ အလိုမရှိဘူး' လို့ မိန့်တော်မမူဘဲ အစမှာဖော်ပြတဲ့စကားကို မိန့်တော်မူလိုက်ပါတယ်။

ဘုရားရှင်မှာ အဦးအဖျားဆွမ်းကို ဘုဉ်းပေးတော်မူရလို့လည်း သာယာမှု လောဘမဖြစ်၊ အကြွင်းကျန်ဆွမ်းကို ဘုဉ်းပေးတော်မူရလို့

www.dhammaransi.com



လည်း မကျေနပ်မှု ဒေါသမဖြစ်၊ အစားအသောက်နဲ့ ပတ်သက်ပြီး မက်မောခြင်း၊ ဇိဇာကြောင်ခြင်း အလျဉ်းရှိတော်မမူတဲ့ ဘုရားရှင်ဟာ အစားအသောက်နဲ့ပတ်သက်ပြီး မက်မောသူတွေ၊ ဇိဇာကြောင်သူတွေ အဖို့ အတုယူစရာကောင်းလှပါတယ်။

အနာထပိဏ်သူဌေးဟာ ဆင်းရဲသွားစဉ်က သံဃာတော်တွေအား မွန်မြတ်တဲ့ စားဖွယ်သောက်ဖွယ်တွေကို မလှူနိုင်ရှာပါဘူး။ ပုန်းရည်ဟင်းနဲ့ ဆန်ကွဲထမင်းကိုပဲ လှူနိုင်ပါတယ်။ အဲဒီအခါ မြတ်စွာဘုရားက 'အနာထပိဏ်သူဌေး၊ အကြမ်းစားလှူဖွယ်တွေကို လှူရတယ်လို့ မတွေးနဲ့၊ စိတ်မွန်မြတ်ရင် ဘုရားအစရှိတဲ့ ပုဂ္ဂိုလ်တွေအား လှူရတဲ့အလှူဟာ အကြမ်းစား အညံ့စားဆိုတာ မရှိဘူး' လို့ မိန့်တော်မူခဲ့ပါတယ်။

'မြတ်နိုးဖွယ်ပစ္စည်းကိုလှူရင် မြတ်နိုးဖွယ်အကျိုးကို ရတယ်၊ အမြတ်စား လှူဖွယ်ကိုလှူရင် အမြတ်စားအကျိုးကို ရတယ်' လို့ ဘုရားဟောတော်မူထားတဲ့ စကားလည်း ရှိပါတယ်။ မြတ်နိုးဖွယ် အကောင်းစားပစ္စည်းရှိရင် မြတ်နိုးဖွယ် အကောင်းစားကိုလှူက မြင့်မြတ်တဲ့အလှူ ဖြစ်ပါတယ်။ အကောင်းပစ္စည်းမရှိလို့ အလတ်စားပဲရှိရင် စိတ်ထား မွန်မြတ်စွာနဲ့ လှူရပါတယ်။ အညံ့စားပစ္စည်းပဲ ရှိရင်လည်း အညံ့စား ပစ္စည်းကိုပဲ စိတ်ထားမွန်မြတ်စွာနဲ့ လှူရပါတယ်။

အလှူခံတွေဘက်ကလည်း အလှူရှင်ရဲ့အပေါ် မေတ္တာရှေ့ထားပြီး အလှူခံရပါတယ်။ အလှူရှင်တွေဘက်ကလည်း အလှူခံတွေအပေါ် မေတ္တာထားရှိရပါတယ်။ ဒါမှ နှစ်ဦးနှစ်ဝ ကောင်းကျိုးတွေကို ရနိုင်ကြပါတယ်။ နှစ်ဦးလုံးမှာ မေတ္တာမပါကြရင် ကောင်းကျိုးတွေကို ရသင့်သလောက် မရနိုင်တော့ပါဘူး။ ဒါကြောင့် အလှူခံကလည်း အလှူရှင်ရဲ့အကျိုးကို လိုလားတဲ့စိတ်ထား ရှိရပါတယ်၊ အလှူရှင်ကလည်း အလှူခံ ရဲ့ချမ်းသာရေးကို ရှေးရှုရပါတယ်။

✤

www.dhammaransi.com

# ချမ်းသာသူ

'ပညာရှိဟာ စိတ်ကိုစောင့်ရှောက်ရာ၏၊ စောင့်ရှောက်အပ်တဲ့စိတ်ဟာ ချမ်းသာ ကိုဆောင်ပေးတယ်'

ပညာရှိဟာ ကိုယ့်စိတ်ကို နိုင်အောင်စောင့်ရှောက်နိုင်ရပါတယ်။ ကိုယ့်စိတ်ကို နိုင်အောင်စောင့်ရှောက်နိုင်မှလည်း ပညာရှိပီသရာရောက်ပါတယ်။ လူတစ်ယောက်မှာ သူတစ်ပါးကို သတ်ချင်စိတ်ပေါ်လာတယ်၊ သတ်လိုက်တယ်၊ ဒေါသစိတ်ကို မထိန်းနိုင်ဖြစ်သွားပါတယ်။ သူတစ်ပါး ဥစ္စာကို ခိုးယူချင်စိတ်ပေါ်လာတယ်၊ ခိုးယူလိုက်တယ်၊ လောဘစိတ်ကို မထိန်းနိုင် ဖြစ်သွားပါတယ်။ သူတစ်ပါးမယားကို စော်ကားချင်စိတ်ပေါ်လာတယ်၊ စော်ကားလိုက်တယ်။ လောဘစိတ်ကို မထိန်းနိုင် ဖြစ်သွားပါတယ်။ သူတစ်ပါးအကျိုးပျက်ပြားအောင် လိမ်ညာသူ၊ မူးယစ်ဆေးသုံးစွဲသူတွေဟာလည်း ကိုယ့်စိတ်ကို မထိန်းနိုင်ကြသူတွေ ဖြစ်ပါတယ်။

ကိုယ့်စိတ်ကို စောင့်ရှောက်သူ၊ ထိန်းနိုင်သူတွေက ငါးပါးသီလ လုံခြုံအောင် စောင့်ထိန်းနိုင်ကြပါတယ်။ အင်္ဂုလိမာလဟာ သူတစ်ပါးအသက်တွေကို သတ်ခဲ့ပါတယ်။ သတိနဲ့ ရာနှုန်းပြည့် စောင့်ရှောက်မှုကို ခံရတဲ့စိတ်ကို ပိုင်ဆိုင်သူ ရဟန္တာဖြစ်သွားတဲ့အခါ မသတ်တော့ပါဘူး။ တံငါသည်ဖြစ်တဲ့ အရိယဆိုတဲ့လူဟာ သောတာပန်ဖြစ်သွားတဲ့အခါ ငါးတွေကို မသတ်တော့ပါဘူး။ အရိယဆိုတဲ့ အဲဒီလူဟာ သောတာပန်ဖြစ်သွားတဲ့အခါ သူ့ရဲ့စိတ်မှာ သတိရဲ့စောင့်ရှောက်မှုကို

www.dhammaransi.com



၄ ပုံ ၁ ပုံ ရရှိသွားပါတယ်။ မုဆိုးဖြစ်တဲ့ ကုက္ကုဋမိတ္တ သောတာပန်ဖြစ်သွားရာမှာလည်း ဒီအတိုင်းပါပဲ။ သတိအစောင့်အရှောက်ခံရတဲ့စိတ်ဟာ အရိယတင်ငါသည်နဲ့ ကုက္ကုဋမိတ္တတို့ကို အပါယ်ဆင်းရဲတွေက လွတ်အောင် လုပ်ပေးလိုက်ပါတယ်။ နိဗ္ဗာန်ချမ်းသာကို ရသွားစေပါတယ်။ သတိအစောင့်အရှောက်ခံရတဲ့စိတ်ဟာ လူသတ်တဲ့ အင်္ဂုလိမာလကို သံသရာဆင်းရဲတွေမှ လွတ်မြောက်စေလိုက်ပါတယ်။ နိဗ္ဗာန်ချမ်းသာကို ရသွားစေပါတယ်။

ခုဇ္ဇုတ္တရာဆိုတဲ့ ကျွန်မဟာ သာမာဝတီမိဖုရားအတွက် ဥတေနမင်းက ပေးတဲ့ ပန်းဖိုး ၈ ကျပ်ထဲက ၄ ကျပ်ကို နေ့တိုင်း ခိုးယူခဲ့ပါတယ်။ ခုဇ္ဇုတ္တရာဟာ ဘုရားတရားနာရလို့ သောတာပန် ဖြစ်သွားတဲ့အတွက် မခိုးယူတော့ပါဘူး။ ခုဇ္ဇုတ္တရာဟာ အသက်သာ အသေခံမယ် ခိုးယူမှုကိုတော့ လုံးဝမပြုလုပ်တော့ပါဘူး။ ခုဇ္ဇုတ္တရာသာ မဟုတ်ပါဘူး။ နိဗ္ဗာန်ကိုမြင်သိရလို့ သောတာပန် ဖြစ်သွားရင် မည်သူမဆို မခိုးတော့ပါဘူး။ ခုဇ္ဇုတ္တရာမှာလည်း သတိရဲ့ ၄ ပုံ ၁ ပုံ အစောင့်အရှောက်ခံရတဲ့စိတ်ကို ပိုင်ဆိုင်သွားပါတယ်။ သတိဟာ မကောင်းတာတွေကို မလုပ်မိအောင် ဟန့်တားပေးရာမှာ အစွမ်းထက်လှပါတယ်။

အနာထပိဏ်သူဌေးမှာ တူတစ်ယောက်ရှိပါတယ်။ နာမည်ကတော့ ခေမက တဲ့။ ခေမကကလည်း သူဌေးသားပါပဲ။ ရုပ်က အလွန်ချောတယ်၊ များသောအားဖြင့် မိန်းမတွေဟာ သူ့ကိုမြင်ရင် မနေနိုင် မထိုင်နိုင်အောင် ကြိုက်ကြသတဲ့။ သူကလည်း အလွန်ပွေဆိုပဲ။ မိန်းမပွေတဲ့နေရာမှာ အလွန်ပျော်တယ်တဲ့။ မိန်းမပွေတဲ့ ဝါသနာသန်တယ်လို့ ဆိုရမယ်ပေါ့။ ညအခါ မင်းချင်းယောကျ်ားတွေက သူ့ကိုဖမ်းပြီး ကောသလမင်းထံ ပြကြတယ်၊ ကောသလမင်းက 'အနာထပိဏ်သူဌေးကြီးအား ငါ ရှက်ပါတယ်' လို့တွေးကာ ခေမကကို ဘာမှမပြောဘဲ လွှတ်ပေးလိုက်ပါတယ်။ ခေမကကတော့ ဆက်ပွေမြဲ ပွေပါတယ်။ ခေမကကို

www.dhammaransi.com



နှစ်ကြိမ် သုံးကြိမ်မြောက်မှာလည်း မင်းချင်းယောကျ်ားတွေက ဖမ်းပြီး ကောသလမင်းထံ ပြကြပါတယ်။ ကောသလမင်းက လွှတ်မြဲပဲ လွှတ်ခိုင်းပါတယ်။ အနာထပိဏ်သူဌေး အဲဒီအကြောင်းကို ကြားရတဲ့အခါ ခေမကကို ဘုရားထံ ခေါ်သွားပါတယ်။ တရားဟောပေးဖို့ လျှောက်ထားပါတယ်။

'အကုသိုလ် ရရှိခြင်း၊ အိပ်ချင်တိုင်း မအိပ်ရခြင်း၊ အကဲ့ရဲ့ခံရခြင်း၊ ငရဲကျခြင်းတွေကို သူတစ်ပါးမယား ပြစ်မှားသူမှာ ရရှိတယ်၊ နှစ်ဦးနှစ်ဝ ကြောက်ကြောက်နဲ့ ပျော်ပါးရတာမို့ တစ်ခဏပျော်ရတဲ့ အဲဒီအပျော်ဟာ ကာလတိုတယ်၊ ကြီးလေးတဲ့ မင်းပြစ်မင်းဒဏ် သင့်ရောက်ရတယ်၊ ဒါကြောင့် သူတစ်ပါးမယားကို မမှီဝဲရာ။'

ဘုရားရှင်ရဲ့ အထက်ပါတရားကို ကြားနာရတဲ့အခါ ခေမကဟာ သောတာပန်ဖြစ်သွားပါတယ်။ ခေမကဟာ သူ့ရဲ့စိတ်မှာ သတိရဲ့ အစောင့်အရှောက်ကို ၄ ပုံ ၁ ပုံ ရရှိသွားပါတယ်။ အဲဒီအခါမှစပြီး ခေမကရဲ့ရန် ကင်းသွားလို့ ချမ်းချမ်းသာသာ နေနိုင်ကြတော့သတဲ့။

ခုဇ္ဇုတ္တရာဆိုတဲ့ ကျွန်မဟာ သာမာဝတီမိဖုရားအား 'သူမဟာ ပန်းဖိုးထဲက ငွေ ၄ ကျပ်ကို နေ့စဉ် ခိုးယူခဲ့ပါတယ်' လို့ အမှန်အတိုင်း ပြောပါတယ်၊ မလိမ်ညာပါဘူး။ သတိရဲ့အစောင့်အရှောက်ကို ၄ ပုံ ၁ ပုံရတဲ့စိတ်ကြောင့်ပဲ ဖြစ်ပါတယ်။ သတိရဲ့ စောင့်ရှောက်မှုကြောင့် သောတာပတ္တိမဂ်ပညာရှင်၊ သောတာပတ္တိဖိုလ်ပညာရှင် ဖြစ်သွားလို့ပါပဲ။ သောတာပတ္တိမဂ်ပညာရှင်၊ သောတာပတ္တိဖိုလ်ပညာရှင်တိုင်းဟာ ငါးပါးသီလကို အသက်ထက် ပိုပြီး မြတ်နိုးပါတယ်။ အသက်သာ အသေခံမယ်၊ ငါးပါးသီလကို လွန်ကျူးရိုးထုံးစံ မရှိပါဘူး။

အရက်သမားသန္တတိအမတ်ကြီးဟာ ဘုရားတရားတော်ကို နာရလို့ ရဟန္တာဖြစ်သွားတဲ့အခါ အရက်ပြတ်သွားရုံတွင်မက ဒုက္ခခပ်သိမ်းပါ ချုပ်ပြတ်ငြိမ်းသွားပါတယ်။ သန္တတိအမတ်ကြီးရဲ့စိတ်မှာ သတိရဲ့ အစောင့်အရှောက်ကို ရာနှုန်းပြည့် ရရှိသွားပါတယ်။

www.dhammaransi.com



ချမ်းသာကို လိုလားတဲ့ အမျိုးသား၊ အမျိုးသမီးတွေဟာ သတိနဲ့ စိတ်ကို စောင့်ရှောက်ပေးဖို့ လိုပါတယ်။ သတိအစောင့်အရှောက် ကင်းမဲ့တဲ့စိတ်ဟာ ဒုက္ခအမျိုးမျိုးတွေကို ပေးတတ်ပါတယ်။ စိတ်မှာ သတိရဲ့ အစောင့်အရှောက်ကို ရရင် ရသလောက် ချမ်းသာမှုကို ခံစားကြရပါတယ်။ တစ်ခါရရင် တစ်ခါချမ်းသာပါတယ်။ နှစ်ခါရရင် နှစ်ခါချမ်းသာပါတယ်။ အခါခါရရင် အခါခါ ချမ်းသာပါတယ်။

www.dhammaransi.com

# သတ္တိရှိသူ

'ကောင်းတဲ့သူဟာ ကောင်းတဲ့အမှုကို ပြုဖို့လွယ်တယ်၊ မကောင်းတဲ့သူဟာ ကောင်းတဲ့အမှုကို ပြုဖို့ ခက်တယ်၊ မကောင်းတဲ့သူဟာ မကောင်းတဲ့အမှုကိုပြုဖို့ လွယ်တယ်၊ အရိယာတွေဟာ မကောင်းမှုကိုပြုဖို့ ခက်တယ်'

(စူဠဝဂ္ဂပါဠိ၊ သံဃဘေဒကက္ခန္ဓ၊ ဓမ္မပဒ၊ ယမကဝဂ္ဂ၊ ဒေဝဒတ္တဝတ္ထု)

အရှင်ဒေဝဒတ်ရဲ့ သံဃာသင်းခွဲမယ့်အရေးကို တွေးပြီး ဘုရားရှင် ဥဒါန်းကျူးတော်မူထားတဲ့ စကားဖြစ်ပါတယ်။ သူတစ်ပါးအား ကိုယ့်ပစ္စည်းကို ဖြူစင်စွာပေးတယ်၊ ဒါဟာ ကောင်းတဲ့အလုပ်ဖြစ်ပါတယ်။ ဖြူစင်တဲ့အလုပ် ဖြစ်တယ်၊ ဖြူစင်ကောင်းမြတ်တဲ့ အလုပ်ကို ကောင်းတဲ့သူတွေပဲ လုပ်လွယ်ပါတယ်။ သူတစ်ပါးပစ္စည်းကို မတရားယူတယ်၊ ဒါဟာ မကောင်းတဲ့အလုပ်ဖြစ်ပါတယ်။ မည်းညစ်တဲ့အလုပ်ဖြစ်တယ်၊ မည်းညစ်တဲ့အလုပ်ကို မကောင်းတဲ့လူတွေပဲ လုပ်လွယ်ပါတယ်။ ဖြူစင်သူဟာ ညစ်ပေတာကို မကြိုက်ပါဘူး။ ညစ်ပေသူဟာ ဖြူစင်တာကို မလိုချင်ပါဘူး။

သူတစ်ပါးကို ညှဉ်းဆဲတယ်၊ သတ်ဖြတ်တယ်၊ ဒါဟာ သူတစ်ပါးကို ဒုက္ခပေးလို့ မကောင်းပါဘူး။ ကိုယ့်ကို ညှဉ်းဆဲရင်၊ သတ်ဖြတ်ရင် မကြိုက်သလို သူတစ်ပါးလည်း မကြိုက်ပါဘူး။ သူတစ်ပါးကို ဒုက္ခပေးတဲ့အလုပ်ကို ကောင်းတဲ့သူတွေက မလုပ်ချင်ကြပါဘူး၊ ရွံ့ကြပါတယ်၊ ရှက်ကြပါတယ်၊ သူတစ်ပါးကို ဒုက္ခပေးဖို့ ဝန်လေးကြပါတယ်။ မကောင်းတဲ့သူတွေကတော့ သူတစ်ပါးကို ညှဉ်းဆဲဖို့၊ သတ်ဖြတ်ဖို့အရေး ဝန်မလေးကြပါဘူး။ လွယ်လွယ်လေးပဲ ဖြစ်နေပါတယ်။ ထမင်းစား ရေသောက်ကိစ္စလို ဖြစ်နေပါတယ်။

www.dhammaransi.com



သူတစ်ပါးကို ကြင်နာဖို့၊ ကူညီဖို့၊ မေတ္တာထားဖို့၊ ကယ်တင်ဖို့၊ စောင့်ရှောက်ဖို့အရေးမှာ မကောင်းတဲ့လူတွေ လက်နှေးသလောက် ကောင်းတဲ့သူတွေကတော့ လက်သွက်ကြပါတယ်။ မကောင်းတဲ့သူတွေဟာ မကောင်းတဲ့ဘက်မှာ ထက်သလို၊ သွက်သလို၊ သတ္တိရှိသလို ကောင်းတဲ့သူတွေကလည်း ကောင်းတဲ့ဘက်မှာထက်ကြပါတယ်၊ သွက်ကြပါတယ်၊ သတ္တိရှိကြပါတယ်။

ကောင်းတဲ့သူတွေက ကောင်းတဲ့အလုပ်တွေကို ရာဇဝင်တွင်အောင်၊ သမိုင်းကျန်ရစ်အောင် လုပ်သွားကြပါတယ်။ မကောင်းတဲ့သူတွေကလည်း မကောင်းတဲ့အလုပ်တွေကို ရာဇဝင်တွင်အောင်၊ သမိုင်းကျန်ရစ်အောင် လုပ်သွားကြပါတယ်။ ဘုရားရှင်နဲ့ အရှင်ဒေဝဒတ်ကို ကြည့်နိုင်ပါတယ်။ ဘုရားရှင်ဟာ ကောင်းတဲ့ဘက်မှာ သမိုင်းတွင်ခဲ့ပါတယ်။ အရှင်ဒေဝဒတ်ဟာ မကောင်းတဲ့ဘက်မှာ သမိုင်းတွင်ခဲ့ပါတယ်။

ကောင်းတဲ့သူတွေက ကောင်းတဲ့စကားတွေကို ရာဇဝင်တွင်အောင်၊ သမိုင်းကျန်ရစ်အောင် ပြောသွားကြပါတယ်။ မကောင်းတဲ့သူတွေကတော့ မကောင်းတဲ့စကားတွေကို ရာဇဝင်တွင်အောင်၊ သမိုင်းကျန်ရစ်အောင် ပြောသွားကြပါတယ်။ ဘုရားရှင်နဲ့ တိတ္ထိဆရာကြီးတွေကိုကြည့်နိုင်ပါတယ်။ ဘုရားရှင်က ကောင်းတာတွေကိုလုပ်ဖို့ မကောင်းတာတွေကို ရှောင်ဖို့ မိန့်ခဲ့ပါတယ်။ တိတ္ထိဆရာကြီးတွေကတော့ ကောင်းတာတွေကို လုပ်စရာမလို၊ မကောင်းတာတွေကို ရှောင်စရာမလိုလို့ ဆိုကြပါတယ်။ အဆိုအမိန့်ချင်းဟာ ပြောင်းပြန်ဆန့်ကျင်ဘက်အနေနဲ့ သမိုင်းတွင်ရစ်ပါတယ်။

ကောင်းတဲ့သူတွေက ကောင်းတဲ့အတွေးအကြံ၊ အယူအဆတွေကို ရာဇဝင်တွင်အောင် သမိုင်းကျန်ရစ်အောင် တွေးကြံယူဆခဲ့ကြပါတယ်။ မကောင်းတဲ့သူတွေကလည်း မကောင်းတဲ့အတွေးအကြံ၊ အယူအဆတွေကို ရာဇဝင်တွင်အောင် သမိုင်းကျန်ရစ်အောင် တွေးကြံယူဆ

www.dhammaransi.com



ခဲ့ကြပါတယ်။ ဘုရားရှင်နဲ့ တိတ္ထိဆရာကြီးတွေကိုပဲ ကြည့်နိုင်ပါတယ်။ ဘုရားရှင်က 'ကောင်းတာလုပ်ရမယ်၊ လုပ်ရင် ကောင်းကျိုးရမယ်၊ မကောင်းတာတွေကို ရှောင်ရမယ်၊ မရှောင်ရင် ဆိုးကျိုးရမယ်' ဆိုတဲ့ အယူအဆ ရှိခဲ့ပါတယ်။ တိတ္ထိဆရာကြီးတွေက 'ကောင်းတာကို လုပ်စရာမလို၊ ကောင်းတာလုပ်လည်း ကောင်းကျိုးမရ၊ မကောင်းတာကို ရှောင်စရာမလို၊ မကောင်းတာလုပ်လည်း ဆိုးပြစ်မရ' ဆိုတဲ့ အယူအဆ ရှိခဲ့ကြပါတယ်။ အယူအဆချင်းဟာ ပြောင်းပြန်ဆန့်ကျင်ဘက်အနေနဲ့ သမိုင်းတွင်ရစ်ခဲ့ပါတယ်။

ကောင်းတဲ့သူတွေက ကောင်းတဲ့အလုပ်လုပ်ဖို့၊ ကောင်းတဲ့စကား ပြောဖို့၊ ကောင်းတဲ့အတွေးအကြံ အယူအဆ တွေးကြံယူဆဖို့ သတ္တိရှိသလောက် မကောင်းတဲ့သူတွေကတော့ မကောင်းတဲ့အလုပ် လုပ်ဖို့၊ မကောင်းတဲ့စကားပြောဖို့၊ ကောင်းတဲ့ အတွေးအကြံ တွေးကြံဖို့ သတ္တိရှိကြပါတယ်။ ကောင်းတဲ့သူတွေက မကောင်းတာကို လုပ်ဖို့၊ ပြောဖို့၊ ကြံဖို့ ရှုံ့ကြသလောက် မကောင်းတဲ့သူတွေကတော့ ကောင်းတာတွေကို လုပ်ဖို့၊ ပြောဖို့၊ ကြံဖို့ ရှုံ့ကြပါတယ်။

ဘုရားအစရှိတဲ့ သူတော်ကောင်းတွေက ကောင်းတာတွေကို လုပ်ရဲ၊ ပြောရဲ၊ တွေးရဲသူနဲ့ မကောင်းတာတွေကို မလုပ်ရဲ၊ မပြောရဲ မတွေးရဲသူကို သတ္တိရှိသူအဖြစ် သတ်မှတ်ကြပါတယ်။ မသူတော်တွေက တော့ မကောင်းတာတွေကို လုပ်ရဲ၊ ပြောရဲ၊ တွေးရဲသူနဲ့ ကောင်းတာ တွေကို မလုပ်ရဲ၊ မပြောရဲ၊ မတွေးရဲသူကို သတ္တိရှိသူအဖြစ် သတ်မှတ် ကြပါတယ်။

ဘုရားအစရှိတဲ့ သူတော်ကောင်းတွေရဲ့ သတ္တိရှင်အဖြစ် သတ်မှတ်ခြင်းကို ခံယူရအောင် ကောင်းတာတွေကို လုပ်ရဲ၊ ပြောရဲ၊ တွေးရဲဖို့ လိုပါတယ်။ မကောင်းတာတွေကို မလုပ်ရဲ၊ မပြောရဲ၊ မတွေးရဲဖို့လည်း လိုပါတယ်။

www.dhammaransi.com

# မသေတဲ့ ဘဝ

'ငှက်ပျောသီးက ငှက်ပျောပင်ကို သတ်တယ်၊ ဝါးသီးက ဝါးပင်ကို သတ်တယ်၊ ကျူသီးက ကျူပင်ကို သတ်တယ်၊ ကိုယ်ဝန်က အဿတိုရ် မြင်းမကို သတ်တယ်၊ လာဘ် ပူဇော်သက္ကာရ၊ အကျော်အစောက ယုတ်ညံ့သူကို သတ်တယ်'

(အင်္ဂုတ္တရ စတုက္က၊ ၂ ဒုပဏ်၊ ၂ ပဋ္ဋကမ္မဝဂ္ဂ၊ ၈ ဒေဝဒတ္တဝတ္ထုစသည်)

အရှင်ဒေဝဒတ်ကို အကြောင်းပြုပြီး ဘုရားရှင် ဟောတော်မူထားတဲ့ စကားဖြစ်ပါတယ်။ လူ့လောကထဲက လူသားတွေမှာ ပစ္စည်းကြွယ်ဝလာရင် ဟိုလူ ဒီလူက အရေးပေးလာရင် နာမည်ကျော်ကြားလာရင် သတိလက်လွတ်ကြပါတယ်။ အသိပညာ ကင်းမဲ့သွားတတ်ကြပါတယ်။ သတိ ပညာ ကင်းမဲ့သွားရင် လူဟာ လူညံ့ဖြစ်သွားပါတယ်။ သတိ ပညာ ကင်းမဲ့လို့ လူညံ့ဖြစ်သွားသူမှာ ကြွယ်ဝတဲ့ပစ္စည်းရဲ့ဒဏ်ကို မခံနိုင်ပါဘူး။ ဟိုလူ ဒီလူရဲ့ အရေးပေးမှုထဲမှာ သာယာမိန်းမောသွားပါတယ်။ နာမည်ကျော်ကြားမှုဟာ သူ့အတွက် အဖျက်လက်နက်ဖြစ်သွားပါတယ်။ ကြွယ်ဝတဲ့ပစ္စည်း၊ အရေးပေးခံရမှု၊ နာမည်ကျော်ကြားမှုတွေဟာ လူညံ့ကို အဆိပ်ပင် ရေလောင်းပေးသလို ဖြစ်သွားပါတယ်။ မာန်တက်လာစေပါတယ်။ အောက်ခြေလွတ်သွားစေပါတယ်။ အဆင်းကို ဘီးတပ်ပေးကြပါတယ်။ အလုပ်မှားတွေကို ပြုလုပ်စေပါတယ်။ အပြောမှားတွေကို ပြောကြားစေပါတယ်။ အတွေးမှားတွေကို တွေးစေပါတယ်။

သာသနာ့လောကထဲက ရှင် ရဟန်းတွေမှာလည်း ဒီအတိုင်းပါ

www.dhammaransi.com



ပဲ။ သစ်ပင်လေးငယ်ငယ် အသီးကြွယ်ရင် ကိုင်းပဲ့တတ်ပါတယ်။ ကိုင်းမပဲ့အောင် ခွထောက်ပေးရပါတယ်။ ရဟန်းလေးငယ်ငယ် ဘုန်းကြီးလာရင် ဘုန်းဒဏ်မခံနိုင်လို့ လူဝတ်လဲသွားတတ်ပါတယ်။ သမာဓိဆိုတဲ့ ခွထောက်ပေးရပါတယ်။ လာဘ်လာဘ၊ အရေးပေးခံရမှု၊ နာမည်ကျော်ကြားမှုတွေဟာ ရဟန်းငယ်၊ ရှင်ငယ်တွေကိုသာ ဖျက်ဆီးတတ်တာမဟုတ်ပါဘူး။ ရဟန်းကြီး၊ ဆရာတော်ကြီးတွေကိုလည်း ဖျက်ဆီးတတ်ပါသေးတယ်။ ရှင်ရဟန်းတွေမှာလည်း ကြီးငယ်မဟူ သတိ၊ သမာဓိ၊ ပညာကင်းမဲ့သွားရင် လောဘ၊ မာနစတဲ့ တရားဆိုးတွေက ကြီးစိုးလာပါတော့တယ်။ လောဘ၊ ဒေါသ၊ မာနစတဲ့ တရားဆိုးတွေကြီးစိုးခံရတဲ့သူမှာ အမှန်အမှားကို ခွဲခြားသိမြင်နိုင်စွမ်း ကင်းမဲ့သွားပါတယ်။ အကောင်းအဆိုး၊ အကြောင်းအကျိုးကို မချင့်ချိန်တော့ပါဘူး။

လောဘ ကြီးစိုးခံရရိုက် လောဘခိုင်းတဲ့အတိုင်း လုပ်ပါတယ်၊ ပြောပါတယ်၊ တွေးပါတယ်၊ လောဘအလုပ်၊ လောဘအပြော၊ လောဘအတွေးတွေဟာ ဂုဏ်သိက္ခာတို့ကို တူးဖြိုပစ်ပါတယ်။ ဝါးစားပစ်ပါတယ်။ ဒေါသကြီးစိုးခံရရိုက် ဒေါသခိုင်းတဲ့အတိုင်း ရမ်းရမ်းကားကားလုပ်ပါတယ်၊ ရမ်းရမ်းကားကား ပြောပါတယ်၊ ရမ်းရမ်းကားကားတွေးပါတယ်။ ရမ်းကားတဲ့အလုပ်၊ အပြော၊ အတွေးတွေဟာ အမှားတွေကိုပွားစေပါတယ်။ အကျိုးမဲ့တွေကို ဖြစ်လာစေပါတယ်။ မာနကြီးစိုးခံရရိုက် မာနခိုင်းတဲ့အတိုင်း မောက်မောက်မာမာ ပြုမူပါတယ်။ မောက်မောက်မာမာ ပြောပါတယ်၊ မောက်မောက်မာမာ တွေးကြပါတယ်။ ဘဝင်မြင့်တာဟာ ဘဝကို နိမ့်ကျသွားစေနိုင်ပါတယ်။

လာဘ်၊ ပူဇော်သက္ကာရ၊ အကျော်အစောတွေဟာ သတိ၊ ပညာကင်းမဲ့သူ လူညံ့ရဲ့ရင်မှာ လောဘမီး၊ ဒေါသမီး၊ မောဟမီး၊ မာနမီးစတဲ့ ကိလေသာမီးတွေကို မွေးပေးပါတယ်။ အဲဒီမီးတွေရဲ့ လောင်မြိုက်မှုကို ခံရတဲ့ အရှင်ဒေဝဒတ်ဟာ အခုအခါ အဝီစိငရဲမှာ ငရဲမီးတွေရဲ့လောင်

www.dhammaransi.com



မြိုက်မှုကိုလည်း ခံနေရပြန်ပါတယ်။ လာဘ်၊ ပူဇော်သက္ကာရ၊ အကျော် အစောတွေရဲ့ ငြိုပ်ဖွဲ့မှုကြောင့် သတိ၊ ပညာကင်းမဲ့လို့ လူညံ့ဖြစ်သွား တယ်။ အရှင်ဒေဝဒတ်ဟာ ကြီးမားလှတဲ့ ဒုက္ခဝဲဂယက်ထဲမှ မလွတ် ထွက်နိုင်ရှာသေးပါဘူး။

ပစ္စည်းဥစ္စာ ကြွယ်ဝမှု၊ အများ အရေးပေးခံရမှု၊ နာမည်ကျော် ကြားမှုတွေ ရှိလာပြီဆိုရင် သတိလွတ်မသွားဖို့၊ အသိပညာ ကင်းမသွား ဖို့ အရေးကြီးလှပါတယ်။ 'ပစ္စည်းဥစ္စာကြွယ်ဝမှု၊ အရေးပေးခံရမှု၊ နာမည်ကျော်ကြားမှုတွေဟာ အမြဲတည်ရှိနေနိုင်တဲ့အရာတွေ မဟုတ်ပါ ဘူး။ ပြောင်းလဲဖောက်ပြန်သွားတတ်တဲ့ အရာတွေ ဖြစ်ပါတယ်' လို့ သတိထားပြီး အသိရှိလိုက်ရင် ငါမှ ငါဆိုပြီး လက်မထောင်စရာမရှိ တော့ပါဘူး။ 'ငါလိုလူ ဇမ္ဗူမှာရှိသေးလား' လို့အထင်ရောက်စရာ မရှိတော့ ပါဘူး။ 'ဘယ်အရာမှ မမြဲဘူး၊ အရာအားလုံး ပြောင်းလဲဖောက်ပြန်တတ် တာချည်းပဲ' လို့ သတိဝင်နိုင်ရင် ဝင်နိုင်သလောက်၊ အသိရောက်နိုင်ရင် ရောက်နိုင်သလောက်၊ မာန၊ ဒေါသ၊ မောဟ၊ လောဘစတဲ့ တရားဆိုး တွေဟာ ရှဲရှဲသွားကြပါတယ်၊ အရှိန်လျော့လျော့သွားကြပါတယ်။

လောကမှာ သတ္တဝါတွေဟာ အဆိုးလောကဓံကို ခံနိုင်ရည်အား ရှိတတ်ကြပေမယ့် အကောင်းလောကဓံကိုတော့ ခံနိုင်ရည်အား နည်းနေ တတ်ကြပါတယ်။ အဆိုးလောကဓံနဲ့ တွေ့တဲ့အခါမှာ မဖြုံသလို အကောင်းလောကဓံနဲ့ တွေ့တဲ့အခါမှာလည်း မဖြုံအောင် သတိ ပညာ များများ ရှိထားကြရပါမယ်။ ရေဆန်မှာ အားမာန်အပြည့်နဲ့ ဆန်တက် နိုင်ကြပေမယ့် ရေစုန်မှာတော့ အသာအယာ မျောပါသွားတတ်ကြပါ တယ်။

လာဘ်က အရှင်ဒေဝဒတ်ကို သတ်ခဲ့ပါတယ်။ ပူဇော်သက္ကာရ က အရှင်ဒေဝဒတ်ကို သတ်ခဲ့ပါတယ်။ အကျော်အစောက အရှင် ဒေဝဒတ်ကို သတ်ခဲ့ပါတယ်။ အရှင်ဒေဝဒတ် ဘဝသေခဲ့ပါတယ်။

www.dhammaransi.com



အရှင်ဒေဝဒတ်ဘဝမှာ ကုသိုလ်တွေ သေခဲ့ပါတယ်။ အကုသိုလ်တွေဝေခဲ့ပါတယ်။ ကုသိုလ်တွေသေလို့ သုခတွေ သေခဲ့ပါတယ်။ အကုသိုလ်တွေဝေလို့ ဒုက္ခတွေ ဝေခဲ့ပါတယ်။

ပစ္စည်းကြွယ်ဝသူမှာ ပစ္စည်းက ကိုယ့်ကို မသတ်အောင် သတိ၊ ပညာ ရှိရပါမယ်။ အများအရေးပေးခံရသူမှာ အရေးပေးခံရမှုက ကိုယ့်ကိုမသတ်အောင် သတိ ပညာရှိရပါမယ်။ နာမည်ကျော်ကြားနေသူမှာ နာမည်ကျော်ကြားမှုက ကိုယ့်ကိုမသတ်အောင် သတိ ပညာရှိရပါမယ်။

ပစ္စည်းဥစ္စာကြွယ်ဝပေမယ့် အများအရေးပေးခံရပေမယ့် နာမည်ကျော်ကြားနေပေမယ့် သတိ ပညာရှိလို့ ကုသိုလ်တွေ ဝေနေရင် အဲဒီသူရဲ့ဘဝဟာ မသေပါဘူး။ ကုသိုလ်တွေဝေလို့ သုခတွေ ဝေနေပါလိမ့်မယ်။

www.dhammaransi.com

# မေတ္တာ သင်္ဂဟ

'မိဘနှစ်ပါးက သားသမီးတို့အား ပေးကမ်းခြင်း၊ ချစ်ဖွယ်သောစကားကို ပြောဆိုခြင်း၊ အကျိုးစီးပွား ဆောင်ရွက်ခြင်း၊ အေးအတူ ပူအမျှ ဖြစ်ခြင်း ဆိုတဲ့ ချီးမြှောက်မှုလေးမျိုးကို မပြုလုပ်ခဲ့ရင် မိဘနှစ်ပါးဟာ သားသမီးတွေထံမှ မြတ်နိုးမှု ပူဇော်မှုကို မခံယူရရာ'

'ပညာရှိတွေဟာ အဲဒီချီးမြှောက်မှု လေးမျိုးကို ပြုကြတဲ့အတွက် ကြီးပွားကြတယ်၊ အချီးအမွမ်းခံကြရတယ်'

(အင်္ဂုတ္တရ နိကာယ၊ စတုက္က၊ ပ ပဏ်၊ ၄ စက္ကဝဂ္ဂ၊ ၂ သင်္ဂဟဝတ္ထု)

လောကမှာ တချို့သောပုဂ္ဂိုလ်တွေဟာ ပေးကမ်းမှုနဲ့သာ သိမ်းသွင်းချီးမြှောက်လို့ ရပါတယ်။ အဲဒီလိုပုဂ္ဂိုလ်တွေအား ပေးကမ်းမှုကိုသာ ပြုရပါတယ်။

လောကမှာ တချို့သောပုဂ္ဂိုလ်တွေက 'ဒီပုဂ္ဂိုလ်ဟာ ပေးကမ်းမှုတော့ ပြုပါတယ်၊ ဒါပေမဲ့ အပြောဆိုးတယ်၊ စကားတစ်ခွန်းတည်းနဲ့ အကုန်ကိုချေဖျက်ပစ်တယ်၊ သူ့ရဲ့ပေးကမ်းမှုဟာ ဘာအကျိုးရှိမှာလဲ' လို့ ပြောတတ်ကြပါတယ်။ တချို့ပုဂ္ဂိုလ်တွေကတော့ 'ဒီပုဂ္ဂိုလ်ဟာ မပေးကမ်းပေမယ့် စကားပြောတဲ့အခါမှာတော့ ဆီနဲ့လိမ်းကျံပေးသလို ချောမွတ်ပြေပြစ်တယ်၊ သူဟာ ပေးချင်ပေး မပေးချင်နေ၊ သူ့ရဲ့စကားကသာ တစ်ထောင်တန်ပါတယ်' လို့ ပြောတတ်ကြပါတယ်။ အဲဒီလိုပုဂ္ဂိုလ်တွေဟာ ပေးကမ်းမှုကို မတောင့်တကြပါဘူး။ ချစ်ဖွယ်သောစကားကိုသာ တောင့်တကြပါတယ်။ အဲဒီလိုပုဂ္ဂိုလ်အား ချစ်ဖွယ်သောစကားကိုသာ ပြောကြားရပါတယ်။

www.dhammaransi.com



လောကမှာ တချို့သောပုဂ္ဂိုလ်တွေက ပေးကမ်းမှုကိုလည်း မလိုလားပါဘူး၊ ချစ်ဖွယ်သောစကားကိုလည်း မမျှော်လင့်ပါဘူး၊ အကျိုးစီးပွား ဖြစ်ထွန်းစေမယ့်စကား၊ ကြီးပွားရေးနဲ့ပတ်သက်တဲ့စကားကိုသာ မျှော်လင့်တောင့်တကြပါတယ်။ အဲဒီလိုပုဂ္ဂိုလ်တွေအား 'ဒီအမှုကို လုပ်ထိုက်တယ်၊ ဒီအမှုကို မလုပ်ထိုက်ဘူး၊ ဒီလိုပုဂ္ဂိုလ်ကို မှီဝဲထိုက်တယ်၊ ဒီလိုပုဂ္ဂိုလ်ကို မမှီဝဲထိုက်ဘူး' လို့ အကျိုးစီးပွား တိုးပွားစေမယ့်စကားကို ပြောဆိုပေးရပါတယ်။

လောကမှာ တချို့သောပုဂ္ဂိုလ်တွေက ပေးကမ်းမှုကိုလည်း မလိုလား၊ ချစ်ဖွယ်သောစကားကိုလည်း မလိုလား၊ အကျိုးစီးပွား ဆောင်ရွက်ပေးတာကိုလည်း မလိုလားကြပါဘူး။ သွားအတူ၊ လာအတူ၊ စားအတူ၊ သောက်အတူစသည်ဖြင့် အေးအတူ ပူအမျှ ပြုလုပ်ပြီး တန်းတူညီမျှ ထားကာ ဆက်ဆံတာကို လိုလားကြပါတယ်။ အဲဒီလိုပုဂ္ဂိုလ်တွေအား တန်းတူညီမျှထားပြီး ဆက်ဆံကြရပါတယ်။

မိဘနဲ့ သားသမီး ဆက်ဆံရာမှာတောင် ဒီချီးမြှောက်မှုလေးမျိုး လိုအပ်တယ်လို့ဆိုတော့ အခြားပုဂ္ဂိုလ်တွေရဲ့ ဆက်ဆံရေးမှာတော့ စည်းစည်းလုံးလုံး ညီညီညွတ်ညွတ် ဖြစ်ဖို့ရာအတွက် ပိုပြီးလိုအပ်နေပါတယ်။

သွားနေတဲ့ မြင်းလှည်း၊ နွားလှည်းမှာ ဆက်လက်သွားနိုင်ဖို့ရာ လှည်းဘီးကျွတ်ထွက်မသွားအောင် ထိန်းထားမယ့် နားစောင့် လိုအပ်ပါတယ်။ လှည်းဝင်ရိုးရဲ့အဖျားမှာ စွပ်ထားပြီး လှည်းဘီးကိုထိန်းထားတဲ့ အဲဒီနားစောင့်သာ မရှိခဲ့ရင် လှည်းဘီးဟာ ကျွတ်ထွက်ကာ လဲသွားပါလိမ့်မယ်။ လဲသွားရင် ဆက်သွားလို့ မရတော့ပါဘူး။ အဲဒီနားစောင့်ဟာ ရထားကို ထိန်းထားပါတယ်။

လူ့လောကမှာလည်း ဒီချီးမြှောက်မှု လေးမျိုးဟာ လောကသားတွေကို တစ်ဦးနဲ့တစ်ဦး စည်းစည်းလုံးလုံး ညီညီညွတ်ညွတ် ရှိဖို့ရာ ထိန်းထားပါတယ်။ ဒီလေးမျိုးကို မကျင့်သုံး၊ မလိုက်နာနိုင်တဲ့ အသိုင်း

www.dhammaransi.com



အဝိုင်းမှာ စည်းလုံးမှုတွေ ညီညွတ်မှုတွေ ပျက်ပြားနေကြပါတယ်။ ဒီလေးမျိုးဟာ လှည်းရဲ့နားစောင့်နဲ့တူပါတယ်။ ဒီလေးမျိုးရှိတဲ့နေရာဟာ စည်းစည်းလုံးလုံး ညီညီညွတ်ညွတ် ရှိနေပါတယ်။

ချီးမြှောက်မှု လေးမျိုးလုံးမှာ မေတ္တာတရားတွေ ပါနေတယ်။ မေတ္တာပါတဲ့ ပေးကမ်းမှုသာ စည်းလုံးရေး၊ ညီညွတ်ရေးကို ဖြစ်စေပါတယ်။ မေတ္တာကင်းမဲ့တဲ့ ပေးကမ်းမှုမှာ စည်းရုံးရေး ကင်းမဲ့နေပါတယ်။ စည်းလုံးရေး၊ ညီညွတ်ရေးကို မဖြစ်စေပါဘူး။ ပေးကမ်းပြီး စည်းရုံးပေမယ့် မေတ္တာမပါရင် မအောင်မြင်နိုင်ပါဘူး။ မေတ္တာပါမှ အောင်မြင်နိုင်ပါတယ်။ ချစ်ဖွယ်သောစကား၊ အကျိုးစီးပွားဆောင်ရွက်မှု၊ တန်းတူညီမျှ ထားမှုတွေမှာလည်း မေတ္တာပါမှသာ စည်းလုံးရေး၊ ညီညွတ်ရေးကို ဖြစ်စေနိုင်ပါတယ်။ စည်းရုံးရေး အောင်မြင်နိုင်ပါတယ်။

မိသားစုတစ်စုမှာ စည်းစည်းလုံးလုံး ညီညီညွတ်ညွတ် ရှိချင်ရင် မေတ္တာနဲ့ ပေးကမ်းပါ၊ မေတ္တာနဲ့ စကားကို ချိုချိုသာသာပြောပါ၊ မေတ္တာနဲ့ သူ့အကျိုးကို ဆောင်ရွက်ပေးပါ၊ မေတ္တာနဲ့ တန်းတူညီမျှ ထားပြီး ဆက်ဆံပါ၊ မေတ္တာအားပါရင် ပါသလောက် ချီးမြှောက် အောင်မြင်မှု ရှိပါတယ်။ မေတ္တာ အအေးဓာတ်၊ အစိုဓာတ် ခန်းခြောက်နေရင် အဲဒီမိသားစုရဲ့ ဆက်ဆံရေးဟာ ခြောက်ကပ်ကပ်ဖြစ်နေပါတယ်။

စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်ရှိနေတဲ့ မိသားစုကို တွေ့ခဲ့ရင် လေ့လာကြည့်ပါ၊ ဒီချီးမြှောက်မှု လေးမျိုးကို ကျင့်သုံးနေတာကို တွေ့ရပါလိမ့်မယ်။ စည်းစည်းလုံးလုံး ညီညီညွတ်ညွတ် ရှိနေတဲ့ အဖွဲ့အစည်းကို တွေ့ခဲ့ရင်လည်း လေ့လာကြည့်က ဒီချီးမြှောက်မှု လေးပါးကို ကျင့်သုံးနေတာကို တွေ့ရပါလိမ့်မယ်။ မေတ္တာတရားဟာ လောကသားတွေကို စည်းစည်းလုံးလုံး ရှိစေပါတယ်။ ညီညီညွတ်ညွတ် ရှိစေပါတယ်။ စိုစိုပြည်ပြည် ရှိစေပါတယ်။ စည်းလုံးညီညွတ်မှုဟာ မေတ္တာရဲ့သင်္ကေတ မေတ္တာရဲ့ အမှတ်အသားဖြစ်ပါတယ်။

www.dhammaransi.com

# နတ်စောင့်သူ

'နေရာသစ်မှာနေတဲ့ ပညာရှိဟာ ကိုယ်၊ နှုတ်၊ စိတ် သုံးပါးကို စောင့်စည်းတဲ့၊ အကျင့်မြတ်ကို ကျင့်တဲ့၊ သီလရှိတဲ့၊ အရှင်ကောင်း အရှင်မြတ်တွေကို ဆွမ်းကျွေးပြီး ကိုယ့်နေရာသစ်မှာ နေကြတဲ့ နတ်တွေအား အမျှပေးဝေပါ။' (ကုသိုလ်ဝေစုကို မျှဝေပေးပါ)

'ပူဇော်မြတ်နိုးခံရတဲ့ နတ်တွေဟာ ပူဇော် မြတ်နိုးသူကို ပူဇော်ကြတယ်၊ မြတ်နိုးကြတယ်။ မိခင်ဟာ ရင်မှာဖြစ်တဲ့သားကို စောင့်ရှောက်သလို နတ်တွေဟာ သူ့ကိုသနားစောင့်ရှောက်ကြတယ်။ နတ်တွေစောင့်ရှောက်ခံရတဲ့သူဟာ အခါခပ်သိမ်း ကောင်းတဲ့အရာတွေကို မြင်တွေ့ရတယ်'

(ဝိနည်းမဟာဝါ၊ ဘေသဇ္ဇက္ခန္ဓက၊ သုနိဓဿကာရဝတ္ထု)

ဘုရားရှင်က ပါဋလိပုတ်မြို့သစ် တည်ပြီးလို့ ပါဋလိပုတ်မြို့သစ်မှာ ဆွမ်းပင့်ကပ်ကြတဲ့ သုနိဓအမတ်ကြီးနဲ့ ဝဿကာရအမတ်ကြီးတို့အား မိန့်ကြားတော်မူခဲ့တဲ့ စကားဖြစ်ပါတယ်။ နေရာသစ်တစ်ခုမှာ နေကြရင် နေရာသစ်မှာ စောင့်ကြတဲ့ နတ်တွေအား ကုသိုလ်ပြုပြီး အမျှဝေဖို့ အရေးကြီးပါတယ်။ အလှူခံပုဂ္ဂိုလ်တွေက ကိုယ်၊ နှုတ်၊ စိတ်ကို စောင့်ထိန်းသူတွေ ဖြစ်ရမယ်။ အကျင့်မြတ်ကို ကျင့်သူတွေဖြစ်ရမယ်။ သီလရှိသူတွေဖြစ်ရမယ်။ ဆွမ်းအလှူဒါနတွင်မက အခြားအလှူဒါနတွေကိုလည်း ပြုနိုင်ပါတယ်။ အလှူပြုပြီး ကုသိုလ်ဝေစုကို မျှဝေပေးရပါတယ်။ လူတွေ ကုသိုလ်ပြုပြီး ကုသိုလ်ရဲ့ဝေစုကို မျှဝေပေး

www.dhammaransi.com



ရင် နတ်တွေက အလွန်ပဲ ကြိုက်နှစ်သက်ကြပါတယ်။ ကုသိုလ်ရဲ့ဝေစုကို နတ်တွေက အလွန်ပဲ လိုလားကြပါတယ်။

တစ်ခါက သိကြားမင်းဟာ မြတ်စွာဘုရားရဲ့တရားတော်ကို နာကြားပြီး မြတ်စွာဘုရားကို ရှိခိုးကာ 'မြတ်စွာဘုရား၊ ဒီလိုကြီးကျယ်တဲ့ တရားအလှူမှာ တပည့်တော်တို့အား ဘာကြောင့်အမျှမပေးဝေစေပါသလဲ၊ ဒီအချိန်ကစပြီး ရဟန်းသံဃာအပေါင်းအား တပည့်တော်တို့ကို အမျှပေးဝေဖို့ ပြောကြားပြီး အမျှပေးဝေစေပါဘုရား' လို့ လျှောက်ထားပါတယ်။ မြတ်စွာဘုရားက သူ့စကားကို နားထောင်ပြီး ရဟန်းအပေါင်းကို စုဝေးစေပါတယ်။ စုဝေးစေပြီး 'ရဟန်းတို့၊ ဒီနေ့ကစပြီး တရားပွဲအကြီးအကျယ်ဖြစ်စေ၊ ရိုးရိုးတရားပွဲဖြစ်စေ၊ ထိုင်ပြောတရားပွဲဖြစ်စေ အောက်ထစ်ဆုံးအားဖြင့် အနုမောဒနာ (ဝမ်းသာဖွယ်ဖြစ်အောင် ဟောတဲ့) တရားပင်ဖြစ်စေ ဟောကြားပြီးရင် သတ္တဝါအားလုံးတို့အား အမျှပေးဝေကြပါ' လို့ မိန့်တော်မူခဲ့ပါတယ်။

ဒီအဖြစ်အပျက်အရလည်း နတ်တွေဟာ လူတွေပေးဝေတဲ့ ကုသိုလ်ဝေစုကို ရလိုကြပါတယ်။ သိကြားမင်းတောင်မှ ရချင်နေရှာပါတယ်။ နတ်တွေရဲ့ အလိုဆန္ဒ၊ နတ်တွေရဲ့အကြိုက်ကို မသိကြတဲ့လူတွေက နတ်တွေအား အမျှပေးဝေဖို့ထက် အုန်းပွဲ၊ ငှက်ပျောပွဲတွေနဲ့ ပူဇော်ပသတာကို အလေးပေးနေကြပါတယ်။ ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါးကို ကိုးကွယ်ဆည်းကပ်ကြတဲ့ ဗုဒ္ဓသာသနာဝင်တွေဟာ မြတ်စွာဘုရားရဲ့ အဆုံးအမတော်ကို သိရှိနားလည်ပြီး နတ်တွေရဲ့ဆန္ဒ၊ နတ်တွေရဲ့ အကြိုက်ကို ဖြည့်ဆည်းပေးသင့်ကြပါတယ်။

နတ်တွေလိုလားတောင့်တတဲ့ ကုသိုလ်ဝေစုကို နတ်တွေရသွားရင် နတ်တွေ အလွန်ကျေနပ်ကြပါတယ်။ မြန်မာနိုင်ငံမှာ အုန်းပွဲ၊ ငှက်ပျောပွဲတွေနဲ့ နတ်ကနားပွဲလုပ်ကာ နတ်တွေကို ပူဇော်ပသတာထက် အလှူပွဲ၊ တရားပွဲတွေကို လုပ်ကာ အမျှပေးဝေတဲ့ အလေ့အထတွေ

www.dhammaransi.com



ပိုမိုအားကောင်းလာရင် နတ်တွေ ပိုမိုဝမ်းသာကျေနပ်ကြပါလိမ့်မယ်။ နတ်တွေရဲ့ စောင့်ရှောက်မှုကို မြန်မာနိုင်ငံက ဗုဒ္ဓသာသနာဝင်တွေ ပိုမိုရရှိလာကြပါလိမ့်မယ်။ နတ်တွေရဲ့ စောင့်ရှောက်မှုကို ခံယူရရင် မြန်မာနိုင်ငံက ဗုဒ္ဓသာသနာဝင်တွေမှာ ဘေးအန္တရာယ်တွေ ပိုမိုကင်းလာပါလိမ့်မယ်။ ကောင်းကျိုးချမ်းသာ မင်္ဂလာတွေကိုလည်း ပိုမိုတွေ့ကြုံလာရပါလိမ့်မယ်။

နတ်တွေကို အုန်းပွဲ၊ ငှက်ပျောပွဲနဲ့ ကုသိုလ်ဝေစုတို့ထဲက ကုသိုလ်ဝေစုကိုပဲ လိုချင်ကြတယ်ဆိုတာကို မြန်မာနိုင်ငံက ဗုဒ္ဓသာသနာဝင်တွေ အသိနည်းနေကြပါသေးတယ်။ နတ်တွေရဲ့ကူညီမှု၊ စောင့်ရှောက်မှု၊ မြတ်နိုးမှု၊ ပူဇော်မှုကို လိုချင်ကြသူတွေဟာ ဘုရားပေးတဲ့ နတ်ကြိုက်နည်းကို လေးလေးနက်နက် လိုက်နာကျင့်သုံးသင့်ကြပါတယ်။ နတ်တွေဟာ လူတွေမျှဝေတဲ့ကုသိုလ်ဝေစုကို အလွန်ပဲ တန်ဖိုးထားကြပါတယ်။ သိကြားမင်းတောင် ဘုရားရှင်ထံ အမျှပေးဝေကြစေဖို့ လျှောက်ထားတာကို သတိပြုနိုင်ပါတယ်။

'အို အသင်တို့၊ သင် နတ်တို့အတွက် ဒီကုသိုလ်ကောင်းမှုကို ပြုလုပ်ပါတယ်။ သင်တို့ကို ရည်စူးပြီးတော့ ပြုလုပ်ပါတယ်၊ အသင်နတ်တို့ဟာ ဒီကုသိုလ်ကောင်းမှုကို ဝမ်းမြောက်ဝမ်းသာ သာဓုခေါ်ကြပါ' လို့ ပြောပြီး တချို့က ကုသိုလ်ပြုလုပ်ပေးကြပါတယ်။ နတ်တွေအပေါ်မေတ္တာထားပြီး ပြုလုပ်ပေးတော့ နတ်တွေကလည်း လူတွေအပေါ်မေတ္တာပြန်ထားကြပါတယ်။ မေတ္တာတရားဟာ ဘယ်သတ္တဝါအပေါ်မှာပဲ ထားထား အထားခံရတဲ့သတ္တဝါထံမှ မေတ္တာရောင်ပြန်ဟပ်လေ့ရှိပါတယ်။ မေတ္တာတရားကို သတ္တဝါတိုင်း လိုလားကြပါတယ်။ အေးမြတဲ့မေတ္တာကို မလိုလားသူဟာ လောကကြီးမှာ တစ်ယောက်မှ မရှိပါဘူး။

www.dhammaransi.com

# မျက်စိအောက်က အပျောက်မခံချင်ရင်

'အို နကုလမာတာ နကုလာပိတာတို့၊ သင်တို့ ဇနီးမောင်နှံနှစ်ယောက်ဟာ ဒီဘဝမှာလည်း အချင်းချင်းကို မြင်ချင်ရင်၊ နောက်ဘဝတွေမှာလည်း အချင်းချင်းကိုမြင်ချင်ရင် ဇနီးမောင်နှံ နှစ်ယောက်လုံးဟာ ယုံကြည်မှု တူရမယ်၊ သီလ တူရမယ်၊ ဒါန တူရမယ်၊ ပညာ တူရမယ်၊ ဒါဆိုရင် ဒီဘဝမှာရော နောင်ဘဝမှာပါ အချင်းချင်းကို မြင်တွေ့နိုင်ကြတယ်

(အင်္ဂုတ္တရ၊ စတုက္က၊ ဒု ပဏ်၊ ၁ ပုညာဘိသန္ဒဝဂ်၊
၅ ပဌမသမဇီဝိသုတ္တ)

တစ်ချိန်မှာ မြတ်စွာဘုရားဟာ ဘဂ္ဂတိုင်း သုသုမာရဂိရတောင်သားကောင်တို့အား ဘေးမဲ့ပေးရာ ပဲစင်းငုံတောမှာ သီတင်းသုံးတော်မူခဲ့ပါတယ်။ မြတ်စွာဘုရားဟာ နံနက်ပိုင်း နကုလပိတုအိမ်ကို ကြွတော်မူပါတယ်။ ခင်းထားတဲ့နေရာမှာ ထိုင်တော်မူပါတယ်။ နကုလပိတာနဲ့ နကုလမာတာတို့ ဇနီးမောင်နှံနှစ်ယောက် ဘုရားထံသွားပြီး ဘုရားကို ရှိခိုးကာ သင့်တော်ရာမှာ ထိုင်နေကြပါတယ်။ နကုလပိတာက ဘုရားကို ဒီလိုလျှောက်ထားပါတယ်။

'မြတ်စွာဘုရား၊ တပည့်တော် နကုလမာတာကို ငယ်ရွယ်စဉ်ကပဲ လက်ထပ်ခဲ့ပါတယ်။ လက်ထပ်ပြီးချိန်ကစပြီး နကုလမာတာကို ကျော်လွန်ပြီး အခြားမိန်းမကို စိတ်နဲ့တောင် မကျူးလွန်ဖူးပါ။ ကိုယ်နဲ့တော့ ပြောစရာမလိုတော့ပါ။ တပည့်တော်တို့ဟာ တစ်ယောက်ကိုတစ်ယောက် ဒီဘဝမှာရော နောက်ဘဝမှာပါ မြင်လိုကြပါတယ် ဘုရား'

www.dhammaransi.com



နကုလမာတာကလည်း မြတ်စွာဘုရားကို နကုလပိတာလိုပဲ လျှောက်ထားပါတယ်။ အဲဒီအခါ မြတ်စွာဘုရားက အထက်ပါစကားကို မိန့်ကြားတော်မူပါတယ်။

နကုလပိတာ၊ နကုလမာတာ ဇနီးမောင်နှံတို့လို အချစ်ကြီးကြတဲ့ ဇနီးမောင်နှံတွေ လောကမှာ များစွာပဲ ရှိပါလိမ့်မယ်။ သူတို့လိုပဲ ဒီဘဝမှာရော နောင်ဘဝတွေမှာပါ မကွဲမကွာ နေလိုကြ၊ မြင်လိုကြတဲ့ ဇနီးမောင်နှံတွေ ဒုနဲ့ဒေး နေမှာပါပဲ။ အဲဒီလို စုံတွဲတွေအတွက် ဘုရားရဲ့စကားဟာ မှတ်သားလိုက်နာစရာ ကောင်းလှပါတယ်။

ဇနီးမောင်နှံ နှစ်ယောက်လုံး ဘုရားကို ယုံကြည်ရပါမယ်၊ တရားကို ယုံကြည်ရပါမယ်၊ သံဃာကို ယုံကြည်ရပါမယ်။ 'ကောင်းတာလုပ်ရင် ကောင်းကျိုးရမယ်၊ ဆိုးတာလုပ်ရင် ဆိုးပြစ်ခံရမယ်' လို့ ကံနဲ့ကံရဲ့အကျိုးကို ယုံကြည်ရပါမယ်။ တစ်ယောက်ကသာ ယုံပြီး တစ်ယောက်က မယုံရင်လည်း မဖြစ်သေးပါဘူး။

ဇနီးမောင်နှံ နှစ်ယောက်စလုံး သူတစ်ပါးအသက်ကို သတ်ခြင်းမှ ရှောင်ကြဉ်ကြရပါမယ်၊ သူတစ်ပါးဉစ္စာကို ခိုးယူခြင်းမှ ရှောင်ကြဉ်ကြရပါမယ်၊ သူတစ်ပါးမယား၊ သူတစ်ပါးလင်နဲ့ ကာမဖောက်ပြားခြင်းမှ ရှောင်ကြဉ်ရပါမယ်။ လိမ်ညာခြင်းမှ ရှောင်ကြဉ်ရပါမယ်။ မူးယစ်ဆေးဝါး သုံးစွဲခြင်းမှ ရှောင်ကြဉ်ရပါမယ်။ တစ်ယောက်ကသာ ရှောင်ကြဉ်ပြီး တစ်ယောက် မရှောင်ကြဉ်ရင်လည်း မဖြစ်သေးပါဘူး။

ဇနီးမောင်နှံ နှစ်ယောက်လုံးဟာ မယ်ကလှူတော့ မောင်ကကြည်ဖြူ၊ မောင်ကလှူတော့ မယ် ရွှင်လန်း ဖြစ်ကြရပါမယ်။ တစ်ယောက် လှူတာကို တစ်ယောက်က မကြည်ဖြူ၊ မရွှင်လန်းနိုင်ရင်လည်း မဖြစ်သေးပါဘူး။

ဇနီးမောင်နှံ နှစ်ယောက်လုံးမှာ ဝိပဿနာပညာ ရှိထားကြရပါမယ်။ အနည်းဆုံး သောတာပတ္တိမဂ်ပညာ၊ ဖိုလ်ပညာ ရှိကြရင်တော့

www.dhammaransi.com



ပိုကောင်းပါတယ်။ ဒါကြောင့် ဇနီးမောင်နှံနှစ်ယောက်လုံးဟာ သတိပဋ္ဌာန် (ဝိပဿနာ) တရားကို အားထုတ်ထားကြရပါမယ်။ တစ်ယောက်ကသာ တရားအားထုတ်ပြီး တစ်ယောက်က အားမထုတ်နိုင်သေးရင်လည်း မဖြစ်သေးပါဘူး။

ဒါနပြုလည်း အတူတူ၊ သီလစောင့်လည်း အတူတူ၊ ဘာဝနာပွားလည်း အတူတူဆိုရင် ဒီဘဝတွင်မက သံသရာတစ်ခွင်ပါ မကွဲမကွာ အတူတူနေနိုင်ကြတဲ့ ဇနီးမောင်နှံ ဖြစ်လာပါလိမ့်မယ်။ ယုံကြည်မှုမတူ၊ သီလမတူ၊ ဒါနမတူ၊ ဘာဝနာမတူရင်တော့ ဒီဘဝမှာ အတူနေရစေဦးတော့ နောက်ဘဝတွေမှာ အတူတူမနေနိုင်တော့ပါ။ မတွေ့နိုင်တော့ပါ။

စာရှုသူဟာ အိမ်ထောင်သည်ဖြစ်နေရင် စာရှုသူဟာ ရှေးဦးစွာ ရတနာသုံးပါးနဲ့ ကံ ကံရဲ့အကျိုးကို ယုံကြည်မှု ရှိရပါမယ်။ ငါးပါးသီလ လုံခြုံရပါမယ်။ ဒါနပြုရပါမယ်။ ဝိပဿနာပညာ ရှိရပါမယ်။ ကိုယ့်အိမ်ထောင်ဖက်က ရတနာသုံးပါးနဲ့ ကံ ကံရဲ့အကျိုးကို မယုံကြည်သေးရင် ယုံကြည်လာအောင် လုပ်ပေးရပါမယ်။ သီလမရှိသေးရင် သီလရှိလာအောင် လုပ်ပေးရပါမယ်။ ဒါနမပြုရင် အပြုခိုင်းရပါမယ်။ ဝိပဿနာ မရှိသေးရင် ရှိလာအောင် ဆောင်ရွက်ပေးရပါမယ်။ သတိပဋ္ဌာန်တရား အားထုတ်ဖို့ တိုက်တွန်းရပါမယ်။

စာရှုသူဟာ အိမ်ထောင်သည်လောင်းလျာဖြစ်နေရင် ကိုယ့်အိမ်ထောင်ဖက်လောင်းလျာရော ကိုယ်ပါ သဒ္ဓါ၊ သီလ၊ ဒါန၊ ပညာအရာမှာ တူနေကြရပါမယ်။ သတိပဋ္ဌာန်တရား အားထုတ်ထားသူတစ်ယောက်က ကိုယ့်အိမ်ထောင်ဖက်ကို လက်မထပ်ခင်မှာဖြစ်စေ၊ လက်ထပ်ပြီးချိန်မှာဖြစ်စေ သတိပဋ္ဌာန်တရား အားထုတ်ခိုင်းတာတွေကို တွေ့ရပါတယ်။ နှစ်ဦးစလုံး သတိပဋ္ဌာန်တရားကို ထိထိရောက်ရောက် အားထုတ်လိုက်ရင် သဒ္ဓါတရားတွေလည်း တိုးပွားလာကြပါတယ်။ သီလတွေ

www.dhammaransi.com



လည်း လုံခြုံလာကြပါတယ်။ ဒါနတွေလည်း ပြုလာကြပါတယ်။ ဝိပဿနာပညာတွေလည်း ဖြစ်ပွားလာကြပါတယ်။

ဇနီးမောင်နှံနှစ်ယောက်လုံးရဲ့ အိမ်ထောင်သက်တမ်းတစ်လျှောက်မှာ သတိပဋ္ဌာန်တရားကို နှစ်ယောက်စလုံးရဲ့ ဘဝအဖော်မွန်အဖြစ် ကျင့်သုံးနိုင်ကြရင် ဒီဘဝမှာရော ဘဝသံသရာမှာပါ မကွဲမကွာ နေလိုပါက နေနိုင်ကြပါတယ်။ ဇနီးမောင်နှံနှစ်ယောက်ရဲ့ မေတ္တာကြိုးကို သတိပဋ္ဌာန်က ဘဝသံသရာမှာပါ ဆက်လက်ခိုင်မြဲနေအောင် ချည်နှောင်ပေးထားနိုင်ပါတယ်။ သတိ ပညာပါတဲ့ မေတ္တာရှင်ဇနီးမောင်နှံရဲ့ လက်တွဲဟာ ဘယ်သောအခါမှ ပြုတ်မသွားအောင် ခိုင်မြဲနေပါတယ်။ နကုလမာတာနဲ့နကုလပိတာတို့ဇနီးမောင်နှံဟာ သတိပဋ္ဌာန် (ဝိပဿနာ) တရား အားထုတ်ထားလို့ သောတာပန် ဖြစ်ထားကြသူတွေ ဖြစ်ပါတယ်။ ဒါကြောင့် သူတို့မှာ သဒ္ဓါ၊ သီလ၊ ဒါန၊ ပညာ တူမျှနေကြပါတယ်။ ဒါကြောင့် ဒီဘဝမှာရော ဘဝသံသရာမှာပါ တစ်ဦးကိုတစ်ဦး မျက်စိအောက်က အပျောက်မခံလိုကြတဲ့ သူတို့ရဲ့ဆန္ဒ ပြည့်ဝပါလိမ့်မယ်။

✤

www.dhammaransi.com

# ကျိုးငှက်နဲ့ ရွှေဟင်္သာ

'အသိ အလိမ္မာ ဉာဏ်ပညာမရှိသူဟာ အသိ အလိမ္မာ ဉာဏ်ပညာ မရှိမှန်းသိလျှင် အသိ အလိမ္မာ ဉာဏ်ပညာရှိသူ ဖြစ်လာနိုင်၏။ အသိ အလိမ္မာ ဉာဏ်ပညာ မရှိပါဘဲလျက် ရှိသည်ဟုထင်နေလျှင်ကား လူမိုက် ဟူ၍သာ ဆိုအပ်၏'

(ဓမ္မပဒ၊ ဗာလဝဂ္ဂ၊ ဂဏ္ဍိဘေဒက စောရဝတ္ထု)

သူငယ်ချင်းနှစ်ယောက်ဟာ တရားနာဖို့သွားတဲ့ လူအများနဲ့အတူ ဇေတဝန်ကျောင်းကို သွားကြတယ်။ တစ်ယောက်က တရားနာတယ်၊ တစ်ယောက်က ခိုးယူရမယ့်ပစ္စည်းကို ကြည့်နေတယ်။ တရားနာသူက သောတာပန်ဖြစ်သွားတယ်၊ အခြားတစ်ယောက်က လူတစ်ယောက်ရဲ့ အဝတ်အစွန်မှာ ထုပ်ထားတဲ့ ငါးပဲမျှကို ခိုးယူနေတယ်။ သူခိုးရဲ့အိမ်မှာ ထမင်းချက်စရာ ရလာတယ်။ မခိုးသူရဲ့အိမ်မှာ ထမင်းမချက်ရဘူး။ သူငယ်ချင်းသူခိုးက သူ့မယားနဲ့အတူ ပြောင်လှောင်ပြောဆိုနေပါတယ်။ 'သင်ဟာ အလွန်ပညာရှိလို့ သင့်အိမ်မှာ ထမင်းချက်စရာ ဆန်ဖိုးမျှ မရဘူး' လို့ မခိုးသူကို ခိုးသူက ငေါ်တော့တော့ပြောဆိုပါတယ်။ မခိုးတဲ့လူက 'ဒီသူခိုးဟာ မိုက်လို့သာ သူ့ကိုယ်သူ ပညာရှိလို့ ထင်နေတယ်' လို့ တွေးကာ ဆွေမျိုးတွေနဲ့အတူ ဇေတဝန်ကျောင်းကို သွားကာ ဘုရားအား အကြောင်းစုံလျှောက်ထားပြတဲ့အခါ အထက်ပါစကားကို ဘုရားရှင်က မိန့်ကြားတော်မူပါတယ်။

ဒီလူ့လောကကြီးမှာလည်း အများမိုးခါးရေသောက်တိုင်း လိုက်မသောက်သူကို 'လူ့တုံး' လို့ ခေါ်ဝေါ်ပြောဆိုတတ်ကြပါသေးတယ်။

www.dhammaransi.com



မသူတော်တွေ အားများနေရင် အားနည်းတဲ့သူတော်ကောင်း အနည်းစုလေးကို အဲဒီအားများတဲ့ မသူတော်တွေက အထက်က ဇာတ်လမ်းမှာပါတဲ့ သူခိုးပမာ ပြောင်လှောင်တတ်ကြပါသေးတယ်။ ကျီးငှက်တွေက များရင် ရွှေဟင်္သာလေးကို ဝိုင်းပြီးအာတတ်ကြပါတယ်။ မသူတော်တွေကြားမှာ ရောက်နေတဲ့ သူတော်ကောင်းကို မသူတော်တွေက လွှင့်စဉ်သွားအောင်လည်း လုပ်တတ်ကြပါသေးတယ်။ မသူတော်တွေရဲ့ တိုက်ထုတ်မှုကြောင့် သူတော်ကောင်းတွေဟာ တောကြိုတောင်ကြား အစွန်အဖျား အရပ်တွေမှာ အေးအေးဆေးဆေး သွားနေတတ်ကြပါတယ်။ မသူတော်တွေက အားများလာတဲ့အခါ လူတွင်ကျယ်လုပ်လာကြပါတယ်။ စကားကိုလည်း ဖွာလောင် ဖွာလောင် တဖောင်ဖောင် ပြောဆိုနေတတ်ကြပါတယ်။

လုပ်ငန်းတစ်ခုမှာ မှန်ကန်တည့်မတ်စွာပြုလုပ်သူက တစ်ယောက်တလေသာ ပါရှိပြီး မမှန်ကန် မတည့်မတ်သူတွေက များနေရင် မှန်ကန်တည့်မတ်သူဟာ မမှန်ကန် မတည့်မတ်သူတွေရဲ့ ခလုတ်ကန်သင်း ဖြစ်နေပါတော့တယ်။ ဒါကြောင့် မမှန်ကန် မတည့်မတ်သူတွေက မှန်ကန်တည့်မတ်သူကို ဆူးငြောင့်ပမာ ရှင်းပစ်တတ်ကြပါတယ်။ သူတို့ကိုယ်သူတို့ တကယ့်လူလည်ကြီးတွေ၊ တကယ့်ပညာရှင်ကြီးတွေလို့လည်း ထင်မှတ်ယူဆနေကြတတ်ပါတယ်။ မှန်မှန်ကန်ကန် တည့်တည့်မတ်မတ် ပြုလုပ်သူကိုတော့ 'လူအ၊ လူ့ငတုံး၊ လူနုံ' လို့ ထင်မှတ်ယူဆကာ ပြောဆိုနေကြပါတယ်။

ကိုယ်က လူ့ငတုံးဖြစ်နေပါလျက် ကိုယ့်ကိုယ်ကို လူလည်ကြီးလို့ ထင်နေရင် လူ့ငတုံးဘဝနဲ့ပဲ နိဂုံးချုပ်ရပါလိမ့်မယ်။ တုံးရာမှ ထက်မလာနိုင်တော့ပါဘူး။ မိုက်ရာက လိမ္မာမလာနိုင်တော့ပါဘူး။ အရာက လည်မလာနိုင်တော့ပါဘူး။ လူ့ငတုံး၊ လူမိုက်၊ လူနုံ၊ လူအတွေက ကိုယ့်အခြေအနေမှန်ကို အမှန်အတိုင်း မမြင်နိုင်သေးသမျှ 'ငါဟာ

www.dhammaransi.com



တကယ့်လူနပ်ပဲ၊ လူပါးပဲ၊ လူလိမ္မာပဲ၊ လူလည်ပဲ၊ လူပညာရှိပဲ' လို့ ကိုယ့်ကိုယ်ကို ဘယ်လောက်ပဲ အထင်ကြီးနေနေ လူနပ်၊ လူပါး၊ လူလိမ္မာ၊ လူလည်၊ လူပညာရှိ ဖြစ်မလာနိုင်ပါဘူး။ ကျီးငှက်ဟာ သူ့ကိုယ်သူ ဘယ်လောက်ပဲ ရွှေဟင်္သာလို့ထင်ထင် ကျီးငှက်ဟာ ရွှေဟင်္သာ ဖြစ်မလာနိုင်ပါဘူး၊ ကျီးငှက်ဟာ ကျီးငှက်ပါပဲ။

ကျီးငှက်ဟာ ရွှေဟင်္သာအဖြစ် မပြောင်းလဲနိုင်ပေမယ့် လူမိုက်ကတော့ လူလိမ္မာအဖြစ်၊ လူအက လူလည်အဖြစ်၊ လူပညာမဲ့က လူပညာရှိအဖြစ်ကို ပြောင်းလဲလို့ ရပါတယ်။ လူမိုက်၊ လူအ၊ လူပညာမဲ့တွေဟာ ကိုယ့်အခြေအနေမှန်ကို သိနိုင်တဲ့ အသိလေးရှိဖို့ ရှေးဦးစွာ လိုအပ်ပါတယ်။ လူမိုက်ဟာ ကိုယ့်ကိုယ်ကို လူမိုက်မှန်း၊ လူအဟာ လူအမှန်း၊ လူပညာမဲ့ဟာ လူပညာမဲ့မှန်းသိပြီးရင် လူလိမ္မာ၊ လူပညာရှိဖြစ်လိုတဲ့ ဆန္ဒ ရှိရပါမယ်။ ဆန္ဒရှိလာရင် ပညာရှိတွေထံ ချဉ်းကပ်ရပါမယ်။ ပညာရှိတွေရဲ့စကားတွေကို နာခံမှတ်သားလိုက်နာရပါမယ်။ အဲဒီလိုဆိုရင် ကျီးငှက်ဟာ ရွှေဟင်္သာ ဖြစ်လာတယ်လို့ တင်စားပြောလိုက ပြောနိုင်ပါတော့တယ်။ လူမိုက်ကို ကျီးငှက်နဲ့ နှိုင်းပြီး လူလိမ္မာပညာရှိကို ရွှေဟင်္သာနဲ့နှိုင်းကာ တင်စားပြောဆိုနိုင်ပါတယ်။

ရွှေဟင်္သာဖြစ်မလာနိုင်တဲ့ ကျီးငှက်ဟာ များမလာဖို့ လိုအပ်ပါတယ်။ ကျီးငှက်ဖြစ်စေဦးတော့၊ ရွှေဟင်္သာ ဖြစ်လာနိုင်သေးရင်တော့ တော်ပါသေးတယ်။ ရွှေဟင်္သာဖြစ်လာနိုင်မယ့် ကျီးငှက်တွေ ရွှေဟင်္သာ ဖြစ်လာအောင် ကြိုးစားဖို့လိုအပ်ပါတယ်။ နဂိုထဲက ရွှေဟင်္သာဖြစ်နေရင်တော့ အကောင်းဆုံးပေါ့။ ရွှေဟင်္သာတွေ လောကကြီးမှာ များနေရင် လောကကြီးဟာ အလွန်ပင် တင့်တယ်နေပါလိမ့်မယ်၊ လှပနေပါလိမ့်မယ်၊ သာယာနေပါလိမ့်မယ်။

✤

www.dhammaransi.com

# ဟန်ဆောင်လှည့်စားတယ်

'သာယာဖွယ်မဟုတ်တဲ့အရာက သာယာဖွယ်အနေနဲ့၊ ချစ်ဖွယ်မဟုတ်တဲ့အရာက ချစ်ဖွယ်အနေနဲ့၊ ဆင်းရဲက ချမ်းသာအနေနဲ့ မေ့လျော့သူကို လွှမ်းမိုးနှိပ်စက်တယ်'

(ဥဒါနပါဠိ၊ ၂ မုစလိန္ဒဝဂ်၊ ၈ သုပ္ပဝါသာသုတ္တ)

လာဘ်ပေါ်တဲ့ ရဟန်းတွေထဲမှာ အသာဆုံးဖြစ်တဲ့ အရှင်သီဝလိဟာ သူ့မိခင် သုပ္ပဝါသာရဲ့ ဝမ်းဗိုက်ထဲမှာ ၇ နှစ်ကြာအောင် နေခဲ့ရပါတယ်။ ၇ ရက်ကြာအောင် ဝေဒနာခံစားရပြီးမှ သူ့မိခင်ဟာ မီးဖွားခဲ့ရပါတယ်။ သူ့မိခင်ဟာ ပြင်းထန်ကြမ်းတမ်းတဲ့ ဆင်းရဲတွေကို ခံစားရရှာပါတယ်။ အဲဒီအခါ အတွေး ၃ မျိုးကို တွေးခဲ့ပါတယ်။

၁။ ဒီလိုဒုက္ခတွေကို ဖယ်ရှားဖို့ တရားကိုဟောတော်မူတဲ့ ဘုရားဟာ သိစရာမှန်သမျှတရားတွေကို ကိုယ်တော်တိုင် မှန်ကန်စွာ သိတော်မူပါပေစွ။

၂။ ဒီလိုဒုက္ခတွေကို ပယ်ရှားဖို့ တရားကျင့်တော်မူကြတဲ့ ဘုရားတပည့် သံဃာတွေဟာ ကောင်းစွာကျင့်တော်မူကြပါပေစွ။

၃။ ဒီလိုဒုက္ခတွေ မရှိရာ နိဗ္ဗာန်ဟာ အလွန်ချမ်းသာပါပေစွ။

သုပ္ပဝါသာရဲ့ ခင်ပွန်းက ဘုရားရှင်ထံသွားပြီး သုပ္ပဝါသာရဲ့ အခြေအနေကို လျှောက်ထားပြပါတယ်။ အဲဒီအခါ ဘုရားရှင်က 'သုပ္ပဝါသာ ချမ်းသာပါစေ၊ ရောဂါကင်းပါစေ၊ ရောဂါကင်းတဲ့သားကို မွေးဖွားပါစေ' လို့ မိန့်ကြားတော်မူလိုက်ပါတယ်။ မိန့်လိုက်တာနဲ့

www.dhammaransi.com



တစ်ပြိုင်နက် သုပ္ပဝါသာဟာ ကျန်းမာချမ်းသာစွာနဲ့ ကျန်းမာတဲ့ သားလေးကို မွေးဖွားလိုက်ပါတယ်။ မွေးဖွားပြီး ၁၁ ရက်လွန်သွားတဲ့အခါ ၇ ရက်တိုင်တိုင် ဘုရားအမှူးရှိတဲ့ သံဃာတော်တွေကို ဆွမ်းကပ်ပါတယ်။ သီဝလိလေးကို ဘုရားရှင်ကိုရော ရဟန်းအပေါင်းကိုပါ ရှိခိုးခိုင်းပါတယ်။ အဲဒီအခါ အရှင်သာရိပုတ္တရာက သီဝလိလေးကို 'သီဝလိ ချမ်းချမ်းသာသာ မှုမှုတတရှိရဲ့လား၊ တစ်စုံတစ်ရာ ဆင်းရဲမရှိဘူး မဟုတ်လား' လို့ မေးတော်မူပါတယ်။ 'အရှင်ဘုရား၊ ဘယ်မှာချမ်းသာမလဲ၊ ဘယ်မှာ မှုတမလဲ၊ တပည့်တော်ဟာ ၇ နှစ်လုံးလုံး သွေးအိုးထဲမှာ နေခဲ့ရပါတယ်ဘုရား' လို့ အရှင်သာရိပုတ္တရာအား သီဝလိလေး လျှောက်ထားနေသံကို ကြားရတဲ့ မိခင်သုပ္ပဝါသာဟာ ကြည်နူးကျေနပ် ဝမ်းသာရွှင်ပျနေပါတယ်။ အဲဒါကို မြင်တော်မူတဲ့ ဘုရားရှင်က 'သုပ္ပဝါသာ သင်ဟာ အဲဒီလိုသားမျိုး အခြားတစ်ယောက်ရရင် လိုချင်ပါသလား'လို့ မေးတဲ့အခါ 'ဒီလိုသားမျိုး အခြား ၇ ယောက်ကိုလည်း လိုချင်ပါသေးတယ်ဘုရား' လို့ လျှောက်လို့ အထက်ပါစကားကို ဥဒါန်းကျူးရင့်တော်မူပါတယ်။

သုပ္ပဝါသာဟာ သားလေးသီဝလိ အာရုံကို သာယာပါတယ်။ ချစ်ခင်ပါတယ်၊ ချမ်းသာလို့ ထင်ပါတယ်။ သားအာရုံနဲ့ အကြည်နူးကြီး ကြည်နူးနေပါတယ်။ ၇ နှစ်နဲ့ ၇ ရက်ကြာ ခံစားခဲ့ရတဲ့ ဆင်းရဲအပြင်းစား ဆင်းရဲအကြီးစားတွေကို မေ့ပျောက်သွားပါတယ်။ သာယာဖွယ်မဟုတ်တဲ့အရာကို သာယာဖွယ်လို့ ထင်မှားနေရှာပါတယ်။ ချစ်ဖွယ်မဟုတ်တဲ့အရာကို ချစ်ဖွယ်လို့ ထင်မှားနေရှာပါတယ်။ ဆင်းရဲကို ချမ်းသာလို့ ထင်မှားနေရှာပါတယ်။ ဒီလိုထင်မှားနေတာဟာ သုပ္ပဝါသာမှာ သတိလက်လွတ်နေလို့ပါပဲ။ သတိလွတ်နေကြတဲ့ သားရှင်မိဘတွေကို သားအာရုံက၊ သမီးရှင်မိဘတွေကို သမီးအာရုံက၊ မြေးရှင်ဘိုးဘွားတွေကို မြေးအာရုံက၊ ခင်ပွန်းကို ဇနီးအာရုံက၊ ဇနီးကို ခင်ပွန်းအာရုံ

www.dhammaransi.com



က၊ ပစ္စည်းရှင်ကို ပစ္စည်းအာရုံက လွှမ်းမိုးနှိပ်စက်ပါတယ်။ လွှမ်းမိုးနှိပ်စက်ခံရသူတွေမှာတော့ သုပ္ပဝါသာလိုပါပဲ၊ သာယာဖွယ်လို့ ထင်မှားနေကြပါတယ်။ ချစ်ဖွယ်လို့ ထင်မှားနေကြပါတယ်။ ချမ်းသာလို့ ထင်မှားနေကြပါတယ်။

အဆင်းလှလှလေးတွေကို မြင်ရတဲ့အခါ သတိလွှတ်နေသူတွေမှာ သာယာဖွယ်၊ ချစ်ဖွယ် ချမ်းသာပဲလို့ ထင်မှားကာ သာယာမက်မောစွဲလမ်းကြပါတယ်။ သာယာဖွယ်၊ ချစ်ဖွယ်၊ နားချမ်းသာဖွယ် အသံလေးတွေကို ကြားရတဲ့အခါ၊ အနံ့ကောင်းကို နမ်းရှူရတဲ့အခါ၊ အရသာကောင်းကို စားရတဲ့အခါ၊ အတွေ့အထိကောင်းကို တွေ့ထိရတဲ့အခါတွေမှာလည်း သတိလွှတ်နေသူတွေဟာ သာယာဖွယ်၊ ချစ်ဖွယ်၊ ချမ်းသာပဲလို့ ထင်မှားကာ သာယာမက်မောကာ စွဲလမ်းကြပြန်ပါတယ်။ သာယာမက်မောစွဲလမ်းသူတွေမှာ ဒုက္ခများစွာ ခံစားကြရပါတယ်။

အဆင်းလှလှလေးတွေက သတိလွှတ်လို့ သာယာနေသူကို ဒုက္ခတွေ ပေးပါတယ်၊ အသံကောင်းကောင်း၊ အနံ့ကောင်းကောင်း၊ အရသာကောင်းကောင်း၊ အတွေ့အထိကောင်းကောင်းတွေကလည်း သတိလွှတ်လို့ သာယာနေသူကို ဒုက္ခတွေပေးပါတယ်။ သတိလွှတ်နေသူက ဒုက္ခကို သုခလို့ပဲ ခံယူကာ ကျေနပ်ကြည်နူးနေပါတယ်။ အပူကို အအေးလို့ ထင်ကာ နှစ်ခြိုက်နေကြပါတယ်။ သတိလွှတ်သူကို သာယာဖွယ်၊ ချစ်ဖွယ်အာရုံတွေက ကောင်းကောင်းကြီးလှည့်စားပါတယ်။ သတိလွှတ်သူဟာ ချစ်ဖွယ် သာယာဖွယ်အာရုံတွေရဲ့ လှည့်စားမှုကို ကောင်းကောင်းကြီး ခံရပါတယ်။ သတိလွှတ်နေရင် ချစ်ဖွယ်၊ သာယာဖွယ်အာရုံတွေရဲ့ ချုပ်ချယ်လွှမ်းမိုးမှု စေစားမှုဒဏ်ကို ကောင်းကောင်းကြီး ခံရပါတယ်။

မြတ်စွာဘုရားမှာ ကြင်ရာတော် ယသော်ဓရာနဲ့ သားတော်ရာဟုလာ ရှိခဲ့ပါတယ်။ သတိအပြည့် ရှိနေတဲ့ မြတ်စွာဘုရားကို

www.dhammaransi.com



ယသော်ဓရာနဲ့ ရာဟုလာဆိုတဲ့အာရုံတွေက မလွှမ်းမိုးနိုင်ပါဘူး၊ မလှည့်စားနိုင်ပါဘူး၊ မာရ်နတ်ရဲ့သမီးတော် အာရုံတွေကတောင် မလွှမ်းမိုး၊ မလှည့်စားနိုင်ပါဘူး။ မြတ်စွာဘုရားတွင်မကပါဘူး၊ သတိအပြည့်ရှိလို့ ကိလေသာကင်းနေတဲ့ အရှင်သာရိပုတ္တရာ၊ အရှင်မောဂ္ဂလာန်အစရှိတဲ့ ရဟန္တာအရှင်မြတ်တွေနဲ့ အနာဂါမ်တွေကိုလည်း ကာမဂုဏ်အာရုံတွေက မလှည့်စား မလွှမ်းမိုးနိုင်ပါဘူး။

အနာဂါမ်၊ ရဟန္တာမဟုတ်သေးတောင်မှ သတိရှိရင် ရှိသလောက် သာယာဖွယ်၊ ချစ်ဖွယ်အာရုံတွေရဲ့ လှည့်စား လွှမ်းမိုးမှုစက်ကွင်းမှ လွတ်ကင်းကြပါတယ်။ သတိဟာ သာယာဖွယ်၊ ချစ်ဖွယ်အာရုံတွေရဲ့ လှည့်စားမှု လွှမ်းမိုးမှုစက်ကွင်းမှ လွတ်ကင်းစေနိုင်ပါတယ်။ သတိရှိသူကို သာယာဖွယ်မဟုတ်တဲ့အရာတွေက သာယာဖွယ်ဟန်ဆောင်ပြီး မလှည့်စားနိုင်ပါဘူး။ ချစ်ဖွယ်မဟုတ်တဲ့အရာတွေက ချစ်ဖွယ်ဟန်ဆောင်ပြီး မလှည့်စားနိုင်ပါဘူး။ ဆင်းရဲက ချမ်းသာဟန်ဆောင်ပြီး မလှည့်စားနိုင်ပါဘူး။ အလှည့်စားမခံချင်ရင် သတိရှိရပါတယ်။

✤

www.dhammaransi.com

# သတိမထားရင် လိမ့်သွားမယ်

'အာနန္ဒာ၊ အမျိုးသမီးတွေကို မမြင်ရတာ ကောင်းတယ်၊ မမြင်မဖြစ်လို့ မြင်ရရင်လည်း စကားမပြောတာ ကောင်းတယ်၊ စကားမပြောမဖြစ်လို့ ပြောရရင်လည်း သတိထားရမယ်'

**(ဒီဃနိကာယ၊ မဟာဝဂ္ဂပါဠိ၊ ၃ မဟာပရိနိဗ္ဗာနသုတ္တ)**

အရှင်အာနန္ဒာက 'အမျိုးသမီးတွေနဲ့ ပတ်သက်ပြီး ဘယ်လိုကျင့်သုံးရပါမလဲ' လို့ မြတ်စွာဘုရားအား မေးလျှောက်လို့ မြတ်စွာဘုရားက အရှင်အာနန္ဒာအား အထက်ပါအတိုင်း မိန့်ကြားတော်မူပါတယ်။

တံခါးကိုပိတ်ပြီး ကျောင်းခန်းထဲမှာ ထိုင်နေတဲ့ရဟန်းဟာ တံခါးမှာလာပြီး ရပ်နေတဲ့ အမျိုးသမီးကို မမြင်ရသေးသမျှ ရဟန်းမှာ သေချာပေါက် လောဘမဖြစ်ဘူး၊ စိတ်မတုန်လှုပ်ဘူး၊ မြင်သွားရင်တော့ လောဘလည်း ဖြစ်နိုင်တယ်၊ စိတ်လည်း တုန်လှုပ်သွားနိုင်တယ်။ ဒါကြောင့် အမျိုးသမီးကိုမမြင်ရတာဟာ အကောင်းဆုံးပါပဲ။ 'မမြင်ရရာ ကိလေသာ သူ့ဟာသူ ငြိမ်းသည်' ဆိုတဲ့ ဘုရားစကားတော်အတိုင်းပါပဲ။

မမြင်လို့ မဖြစ်တဲ့နေရာမျိုးတွေ ရှိပါတယ်၊ ဆွမ်းကိုယူပြီး လာကပ်တဲ့ နေရာစသည်မှာ စကားမပြောတာဟာ အကောင်းဆုံးပါပဲ၊ သံလျက်ကိုယူပြီး 'ငါနဲ့စကားပြောရင် သင့်ရဲ့ဦးခေါင်းကို ဖြတ်သတ်မယ်' လို့ပြောကာ ရပ်နေတဲ့ ယောကျ်ားနဲ့ စကားပြောတာ ကောင်းပါတယ်။ 'ငါနဲ့စကားပြောရင် သင့်ရဲ့အသားတွေကို ကျွတ်ကျွတ်အသံမြည် ဝါးစားပစ်မယ်' လို့ ပြောကာ ရပ်နေတဲ့ ဘီလူးမနဲ့ စကားပြောတာ ကောင်းပါတယ်။ အဲဒီယောကျ်ားနဲ့ ဘီလူးမ သတ်လို့သေရင် တစ်ဘဝပဲ

www.dhammaransi.com



သေပါမယ်၊ အပါယ်မှာ အဆုံးအပိုင်းအခြားမရှိတဲ့ ဆင်းရဲကို မခံစားရပါဘူး။ အမျိုးသမီးနဲ့ စကားပြောရင် အကျွမ်းဝင်မယ်၊ အကျွမ်းဝင်ရင် ရာဂစိတ် ဝင်လာမယ်၊ ရာဂစိတ်ဝင်လာရင် သီလပျက်စီးမယ်၊ အပါယ်ကိုရောက်ရလိမ့်မယ်။ ဒါကြောင့် စကားမပြောတာဟာ အကောင်းဆုံးပါပဲ။

အမျိုးသမီးက နေ့ရက်ကိုမေးတဲ့အခါ ရှိတယ်၊ သီလယူတဲ့အခါ ရှိတယ်၊ တရားနာချင်တဲ့အခါ ရှိတယ်၊ မေးခွန်းမေးတဲ့အခါ ရှိတယ်။ အမျိုးသမီးအတွက် ရဟန်းတွေပြုလုပ်ထိုက်တဲ့ အခြားအလုပ်တွေ ရှိပါသေးတယ်။ အဲဒီလိုအခါမျိုးမှာ စကားမပြောရင် 'ဒီရဟန်းဟာ အအပဲ၊ နားထိုင်းသူပဲ၊ စားပြီးလို့သာ မျက်နှာသေကြီးနဲ့ထိုင်နေတယ်' လို့ အပြစ်တင်စကား ပြောကြားပါလိမ့်မယ်။ ဒါကြောင့် စကားပြောကို ပြောရပါမယ်၊ ပြောတဲ့အခါမှာ 'ရဟန်းတို့၊ သင်တို့ဟာ အမိအရွယ်ရှိသူတွေအပေါ်မှာ အမိစိတ်ထားကြ၊ နှမအရွယ်ရှိသူတွေအပေါ်မှာ နှမစိတ်ထားကြ၊ သမီးအရွယ်ရှိသူတွေအပေါ်မှာ သမီးစိတ်ထားကြ' လို့ ဘုရားရှင်မိန့်တော်မူထားတဲ့ ဩဝါဒစကားတော်အတိုင်း ဆွေမျိုးစိတ်ထားကာ စကားပြောရပါမယ်။ တစ်နည်းအားဖြင့်တော့ 'ဆံပင်၊ မွေးညင်း၊ ခြေသည်း၊ လက်သည်း၊ သွား၊ အရေ' စတဲ့ ၃၂ မျိုးရှိတဲ့ ခန္ဓာကိုယ်အစိတ်အပိုင်းတွေကို အောက်မေ့ဆင်ခြင်တဲ့ သတိရှိပြီး စကားပြောရပါမယ်။

မြတ်စွာဘုရားရဲ့ ဒီဩဝါဒစကားတော်ကို သာသနာ့ဝန်ထမ်းရှင်ရဟန်းတွေဟာ အထူးပဲ မှတ်သားလိုက်နာ ကျင့်သုံးကြရပါမယ်။ ဒီစကားတော်ကို မလိုက်နာ၊ မကျင့်သုံးနိုင်ကြလို့ ဒုက္ခရောက်ကြရတဲ့ ရှင် ရဟန်းတွေ ယခုကာလမှာ မနည်းနိုင်ပါဘူး။

ဘုရားလက်ထက်တော်ကလည်း အံ့ဩဖွယ်ရာဇာတ်လမ်းတစ်ပုဒ် ရှိခဲ့ပါတယ်။ အမေက ဘိက္ခုနီဝတ်ပါတယ်။ သားက ရဟန်းဝတ်ပါ

www.dhammaransi.com



တယ်၊ သာဝတ္ထိမြို့မှာ ဝါဆိုကြပါတယ်။ အဲဒီသားအမိနှစ်ယောက်ဟာ အမြဲပဲ မြင်တွေ့ချင်နေကြတယ်၊ အမေကလည်း သားကို အမြဲမြင်ချင် တယ်၊ သားကလည်း အမေကို အမြဲမြင်ချင်တယ်၊ အမြဲမြင်တွေ့နေရ တော့ ရောနှောမှုဖြစ်လာတယ်၊ ရောနှောတော့ ရင်းနှီးလာတယ်၊ ရင်းနှီး တော့ ရာဂစိတ်ဝင်လာတယ်၊ ရာဂစိတ်ဝင်လာပြီး သိက္ခာမချဘဲ မေထုန် မှု ပြုကြတယ်။ ရဟန်းတွေက ဘုရားအား အဲဒီအကြောင်းကို လျှောက် ထားလို့ ဘုရားက ဒီလိုမိန့်တော်မူပါတယ်။

'ရဟန်းတို့၊ အမေက သားအပေါ်မှာ မသာယာ၊ မတပ်မက်ဘူး လို့၊ သားကလည်း အမေအပေါ်မှာ မသာယာ၊ မတပ်မက်ဘူးလို့ မင်္ဂဖိုလ် မမှီးတဲ့ အဲဒီအချည်းနှီးယောကျ်ားက ထင်ရသလဲ၊ မိန်းမရဲ့ အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အတွေ့အထိဟာ ယောကျ်ားတွေအတွက် ဒီလောက် တပ်မက်စရာ၊ နှစ်သက်စရာ၊ ယစ်မူးစရာ ဖြစ်တယ်။ ဒီ လောက် နှောင်ဖွဲ့တတ်တယ်၊ တွေဝေစေတတ်တယ်၊ ဒီလောက် နိဗ္ဗာန် ရဖို့အတွက် အန္တရာယ်ပြုတတ်တယ်။ မိန်းမရဲ့အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အတွေ့အထိမှာ သာယာမက်မော တွေဝေမူးမေ့ မျိုသိပ်ထားတဲ့ သတ္တဝါတွေဟာ အာရုံငါးပါး ကာမဂုဏ်တရားတို့ရဲ့အလိုကို လိုက်နေရ လို့ အချိန်ကြာမြင့်စွာ ပူပန်သောကရောက်ကြရတယ်။

ရဟန်းတို့၊ မိန်းမဟာ သွားနေသည်ဖြစ်စေ၊ ရပ်နေသည်ဖြစ်စေ၊ ထိုင်နေသည်ဖြစ်စေ၊ လျောင်းနေသည်ဖြစ်စေ၊ ရယ်နေသည်ဖြစ်စေ၊ ငိုနေသည်ဖြစ်စေ၊ စကားပြောနေသည်ဖြစ်စေ၊ သီချင်းဆိုနေသည်ဖြစ်စေ၊ ဖူးဖူးရောင် ပုပ်နေသည်ဖြစ်စေ၊ သေနေသည်ဖြစ်စေ ယောကျ်ားရဲ့စိတ်ကို သိမ်းကျုံးဆွဲဆောင်နိုင်တယ်၊ 'မာရ်မင်းရဲ့ ကျော့ကွင်း' လို့ ပြောရင် အမျိုးသမီးကို ပြောမှ မှန်ကန်စွာ ပြောရာရောက်တယ်။

ရဟန်းတို့၊ သတ်ဖို့ သံလျက်ကို ကိုင်လာတဲ့သူ၊ ကိုက်သတ်စား မယ့် ဘီလူးမနဲ့ စကားပြောချင် ပြောပါ။ ကိုက်သေရင် သေစေမယ့်

www.dhammaransi.com



မြွေကို သွားကိုင်ချင်ကိုင်ပါ၊ အမျိုးသမီးနဲ့ တစ်ယောက်ချင်း စကား မပြောပါနဲ့၊ သတိလက်လွတ်နေသူကို အမျိုးသမီးတွေက အကြည့်၊ အပြုံး၊ မလုံ့တလုံ အဝတ်၊ ချိုသာတဲ့စကားတွေနဲ့ နှောင်ဖွဲ့တတ်ကြ ပါတယ်။'

မြတ်စွာဘုရားရဲ့ ဒီစကားတော်တွေဟာလည်း သာသနာ့ဝန်ထမ်း ရှင်ရဟန်းတွေအတွက် အလွန်ပဲ မှတ်သားလိုက်နာစရာ ကောင်းလှပါ တယ်။

✤

www.dhammaransi.com

# ဘုရားရှင့်အကြိုက်

'အာနန္ဒာ၊ ရဟန်း၊ ရဟန်းမ၊ ဥပါသကာ၊ ဥပါသိကာမတွေဟာ လောကုတ္တရာတရား ၉ ပါးရဲ့ ရှေ့ပြေးဖြစ်တဲ့ သီလ၊ သမာဓိ၊ ပညာအကျင့်ကို ကျင့်ပြီး နေတယ်။ အဲဒီရဟန်း၊ ရဟန်းမ၊ ဥပါသကာ၊ ဥပါသိကာမဟာ မြတ်စွာဘုရားကို မြတ်တဲ့ပူဇော်ခြင်းနဲ့ အရိုအသေပြုတယ်၊ အလေးပြုတယ်၊ မြတ်နိုးတယ်၊ ပူဇော်တယ်'

(ဒီဃနိကာယ၊ မဟာဝဂ္ဂပါဠိ၊ မဟာပရိနိဗ္ဗာနသုတ္တ)

မြတ်စွာဘုရားဟာ ပရိနိဗ္ဗာန်စံတော်မူခါနီးမှာ အရှင်အာနန္ဒာအား အထက်ပါစကားကို မိန့်ကြားတော်မူခဲ့ပါတယ်။ ပန်းတွေ၊ နံ့သာတွေ၊ တူရိယာသံ၊ ဂီတသံတွေနဲ့ ပူဇော်တာတွေဟာ ပူဇော်ရာ၊ အရိုအသေပြုရာ၊ အလေးပြုရာ၊ မြတ်နိုးရာမရောက်ကြောင်းကိုလည်း မိန့်တော်မူခဲ့ပါသေးတယ်။

မြတ်စွာဘုရားဟာ အခြားနေရာတွေမှာ ပန်းတစ်ပွင့်လေးကို ယူကာ ဘုရားဂုဏ်တော်တွေကို ဆင်ခြင်ပြီး ပြုလုပ်အပ်တဲ့ ပူဇော်မှုရဲ့ အကျိုးကို ဗုဒ္ဓဉာဏ်တော်နဲ့တောင် ပိုင်းခြားမရကြောင်း ချီးမွမ်းတော်မူထားပါလျက် ဒီနေရာမှာ ဒီလောက်ကြီးကျယ်တဲ့ ပူဇော်မှုကို ဘာကြောင့် ပယ်မြစ်ပါသလဲလို့ မေးစရာရှိလာပါတယ်။ အဖြေကတော့ ပရိသတ်ကို ချီးမြှောက်လိုတာရယ်၊ သာသနာတော် ကြာရှည်စွာ တည်ရှိစေလိုတာရယ်ကြောင့်ပါပဲ။ မြတ်စွာဘုရားဟာ ဒီလိုသာ မပယ်မြစ်ခဲ့ရင် နောင်သောအခါ သီလ ဖြည့်ကျင့်ရမယ့်နေရာမှာ သီလကို မဖြည့်ကျင့်ဘဲ

www.dhammaransi.com



နေကြပါလိမ့်မယ်။ သမာဓိ ဖြည့်ကျင့်ရမယ့်နေရာမှာ သမာဓိကို မဖြည့်ကျင့်ဘဲ နေကြပါလိမ့်မယ်။ ပညာဖြည့်ကျင့်ရမယ့်နေရာမှာ ပညာကို မဖြည့်ကျင့်ဘဲ နေကြပါလိမ့်မယ်။ ဒကာ ဒကာမတွေကို ပူဇော်မှုပြုဖို့ တိုက်တွန်းပြီး ပူဇော်မှုကိုသာ ပြုနေကြပါလိမ့်မယ်။

အဲဒီပစ္စည်းတွေနဲ့ ပူဇော်တယ်ဆိုတာကလည်း သာသနာတော်ကို တစ်ရက်ကလေးတောင်မှ ယာဂုတစ်ကျိုက်သောက် ကာလလေးတောင်မှ ဆောင်ထားခြင်းငှာ မစွမ်းနိုင်ပါ။ မှန်ပါတယ်၊ မဟာဝိဟာရကျောင်းတော်ကြီးလို ကျောင်းပေါင်းတစ်ထောင်၊ မဟာစေတီတော်ကြီးလို စေတီပေါင်းတစ်ထောင်မှ သာသနာတော်ကို ဆောင်ထားခြင်းငှာ မစွမ်းနိုင်ကြပါ။ ပူဇော်မှုကိုပြုရင် ပြုတဲ့သူအတွက်သာ ဖြစ်ပါတယ်။ အကျင့်မြတ်ကတော့ မြတ်စွာဘုရားအား သင့်လျော်တဲ့ ပူဇော်မှု ဖြစ်ပါတယ်။ မှန်ပါတယ်၊ အဲဒီဓမ္မပူဇာကို ဘုရားရှင်လည်း လိုလားတော်မူပါတယ်။ သာသနာတော်ကိုလည်း ကောင်းစွာ ဆောင်ထားနိုင်ပါတယ်။ သီလ၊ သမာဓိ၊ ပညာ၊ အကျင့်တွေကို ရဟန်း၊ ရဟန်းမ၊ ဥပါသကာ၊ ဥပါသိကာမတို့ ကျင့်ပြီး ပူဇော်နေသမျှကာလပတ်လုံး မြတ်စွာဘုရားရဲ့ သာသနာတော်ဟာ ကောင်းကင်အလယ်က လပြည့်ဝန်းပမာ တင့်တယ်နေပါလိမ့်မယ်။

မြန်မာနိုင်ငံက ဗုဒ္ဓသာသနာဝင်တွေဟာ သာသနာ့ဝန်ထမ်းရှင်ရဟန်းတွေကို ဆွမ်းတွေ လှူဒါန်းကြတယ်၊ သင်္ကန်းတွေ လှူဒါန်းကြတယ်၊ ကျောင်းတွေဆောက်ပြီး လှူဒါန်းကြတယ်၊ ဆေးပစ္စည်းတွေ လှူဒါန်းကြပါတယ်။ အခြားအခြား လိုအပ်ရာရာ ပစ္စည်းတွေကိုလည်း လှူဒါန်းကြပါတယ်။ စေတီတော်တွေကိုလည်း တည်ကြပါတယ်။ ဘုန်းကြီးကျောင်းတွေ၊ စေတီတော်တွေဟာ မြန်မာနိုင်ငံမှာ အလွန်ပဲ များလှပါတယ်။ ဘုန်းကြီးကျောင်းတွေ၊ စေတီဘုရားတွေ မြန်မာနိုင်ငံမှာ ဘယ်လောက်ပဲများများ သီလ၊ သမာဓိ၊ ပညာ အကျင့်ကို ကျင့်သူ

www.dhammaransi.com



တွေ အားမကောင်းရင် သာသနာကြာရှည်စွာ မတည်နိုင်ပါဘူး။ ဗုဒ္ဓသာသနာဝင်ဦးရေတွေ ဘယ်လောက်ပဲများများ ဗုဒ္ဓသာသနာဝင်တွေမှာ သီလ၊ သမာဓိ၊ ပညာ အကျင့်တွေ အားနည်းနေရင် သာသနာ ရှည်ကြာစွာ မတည်နိုင်ပါဘူး။ အရေအတွက်သာများပြီး အရည်အသွေး အားနည်းနေရင် သာသနာကြာရှည်စွာ မတည်နိုင်ပါဘူး။

ဗုဒ္ဓသာသနာဝင် ရဟန်း၊ ရှင်၊ လူတွေမှာ သီလအရည်အသွေး၊ သမာဓိအရည်အသွေး၊ ပညာအရည်အသွေး ကောင်းကြဖို့ လိုပါတယ်။ အဲဒီအရည်အသွေးတွေ တိုးတက်နေမှ သာသနာ တိုးတက်နေပါတယ်။ အဲဒီအရည်အသွေးတွေ ဆုတ်ယုတ်နေရင်တော့ သာသနာ ဆုတ်ယုတ်နေပါတယ်။ သီလအရည်အသွေးတွေ ထက်သည်ထက် ပိုထက်လာအောင်၊ သမာဓိအရည်အသွေး၊ ပညာအရည်အသွေးတွေ ထက်သည်ထက် ပိုထက်လာအောင် ကျင့်ဆောင်ကြမှသာ မြတ်စွာဘုရားကို အမြတ်ဆုံး ပူဇော်ခြင်းနဲ့ ပူဇော်ရာရောက်ပါမယ်။

ငါ့ရဲ့တစ်နေ့တာမှာ သီလ၊ သမာဓိ၊ ပညာ အရည်အသွေးကောင်းတွေနဲ့ ဘုရားရှင်ကို ဘယ်လောက်ပူဇော်နိုင်သလဲလို့ ကိုယ့်ရဲ့အခြေအနေကို နေ့စဉ်စစ်ဆေးသင့်ပါတယ်။ ဒီနေ့တစ်နေ့တာမှာ ငါ့သာသနာ တိုးတက်နေသလား၊ ဆုတ်ယုတ်နေသလားလို့လည်း စဉ်းစားသုံးသပ်သင့်ပါတယ်။ ဗုဒ္ဓသာသနာဝင် ရဟန်း ရှင် လူတွေဟာ နေ့စဉ်နေ့စဉ် ကိုယ့်သီလ အရည်အသွေး မြင့်လာအောင် ကြိုးစားကြရပါမယ်။ သမာဓိ၊ ပညာအရည်အသွေးတွေကိုလည်း မြင့်လာအောင် ကြိုးစားကြရပါမယ်။ မြင့်နေတဲ့ သီလ၊ သမာဓိ၊ ပညာအရည်အသွေးတွေနဲ့ ဘုရားရှင်ကို ပူဇော်နိုင်အောင် ကြိုးစားကြရပါမယ်။

လောကလူသားတွေဟာ ခနဲ့ရှင်ဖြစ်အောင် ကြိုးစားကြသလို သီလရှင်၊ သမာဓိရှင်၊ ပညာရှင်ဖြစ်အောင်လည်း ကြိုးစားနိုင်ကြရင် သိပ်ကောင်းပါမယ်။ သီလမဲ့တဲ့ ခနရှင်၊ သမာဓိမဲ့တဲ့ ခနရှင်၊ ပညာမဲ့တဲ့

www.dhammaransi.com



ဓနရှင်ဘ၀ကို ဘုရားရှင် နှစ်ခြိုက်တော်မမူပါဘူး။ မြန်မာနိုင်ငံက ဓနရှင်တွေဟာ သာသနာတော်ကို ဓနအား၊ ဒါနအားနဲ့သာမက သီလအား၊ သမာဓိအား၊ ပညာအားတွေနဲ့ပါ ပူဇော်နိုင်ကြမှ ဘုရားအလိုတော်ကျ ဖြစ်ပါလိမ့်မယ်။ ဓနရှင်မဟုတ်လို့ ဒါနရှင်မဟုတ်နိုင်ပေမယ့် သီလရှင်၊ သမာဓိရှင်၊ ပညာရှင်ဖြစ်ရင် ဘုရားရှင်ကျေနပ်တော်မူပါတယ်။ ဓနရှင်ရဲ့ဘ၀ထက် သီလရှင်၊ သမာဓိရှင်၊ ပညာရှင်ဘ၀ကို ဘုရားရှင်က ပိုမိုနှစ်ခြိုက်တော်မူပါတယ်။ မြန်မာနိုင်ငံက ဗုဒ္ဓသာသနာ၀င်တွေဟာ ဘုရားလည်း နှစ်ခြိုက်ပြီး အမြတ်နိုးဆုံးပူဇော်မှုလည်းဖြစ်တဲ့ ပူဇော်မှုနဲ့ ပူဇော်နိုင်အောင် ကိုယ်စီကိုယ်စီ ကြိုးစားသင့်ကြပါတယ်။

✤

www.dhammaransi.com

# မသေဖူးတဲ့နေရာ

'လောကမှာ သုသာန်မဖြစ်ဖူးတဲ့နေရာ မရှိ၊ သစ္စာလေးပါးကို သိတဲ့ ဉာဏ်၊ လောကုတ္တရာတရား၊ မညှဉ်းဆဲမှု၊ သီလစောင့်မှု၊ ဣန္ဒြေတို့ကို ဆုံးမမှုတွေဟာ မသေအောင် (မသေရာရောက်အောင်) လုပ်ပေးတဲ့တရား တွေပဲ။ အဲဒီဂုဏ်ငါးပါးရှိသူကို ဘုရားစတဲ့သူတော်ကောင်းတွေ ချီးကပ် ကြတယ်'

(ဇာတကဋ္ဌ၊ ၂ သန္ထဝဝဂ်၊ ၆ ဥပသာဠကဇာတက)

အထက်ပါစကားကို ဘုရားရှင်က သုသာန်သန့်သန့်ကြိုက်တဲ့ ဥပသာဠကအမည်ရှိ ပုဏ္ဏားတစ်ယောက်ကို အကြောင်းပြုပြီး ဟော တော်မူခဲ့ပါတယ်။ သူဟာ ကြွယ်ဝချမ်းသာပါတယ်။ မိစ္ဆာအယူရှိသူဖြစ် လို့ ဘုရားရှင်ကို ထောက်ပံ့မှု မပြုပါဘူး။ သူ့သားကတော့ ပညာ ဉာဏ်ရှိပါတယ်။ သူက အသက်ကြီးလာတဲ့အခါ သူ့သားကို 'ချစ်သား ငါ့ကို အခြားလူသေ မီးသင်္ဂြိုဟ်ဖူးတဲ့ သုသာန်မှာ မီးမသင်္ဂြိုဟ်ပါနဲ့၊ လူသေ မစွန့်ဖူးတဲ့ သုသာန်တစ်ခုမှာသာ ငါ့ကို မီးသင်္ဂြိုဟ်ပါ' လို့ ပြောပါတယ်။ 'ဖခင် ကျွန်တော်ဟာ ဖခင်ကို မီးသင်္ဂြိုဟ်ထိုက်တဲ့နေရာ ကို မသိပါ၊ ကျွန်တော့ကို ခေါ်သွားပြီး ဒီနေရာမှာ ငါ့ကိုမီးသင်္ဂြိုဟ်လို့ ဖခင်ကိုယ်တိုင်ပဲ ပြောပြရင် ကောင်းပါလိမ့်မယ်' လို့ သားကပြောပါ တယ်။ 'ချစ်သား ကောင်းပြီ' လို့ ဖခင်ကပြောကာ သားကိုခေါ်ပြီး မြို့မှ ထွက်၍ ဂိဇ္ဈကုဋ်တောင်ထိပ်တက်ကာ 'ချစ်သား ဒီနေရာဟာ အခြားလူသေကောင် မီးမသင်္ဂြိုဟ်ဖူးတဲ့နေရာ ဖြစ်တယ်၊ ဒီနေရာမှာ

www.dhammaransi.com



ငါ့ကို မီးသင်္ဂြိုဟ်ပါ' လို့ ပြောပါတယ်။ ပြီးတော့ သားနဲ့အတူ တောင်ပေါ်က ဆင်းလာကြပါတယ်။

မြတ်စွာဘုရားက အဲဒီနေ့နံနက် မိုးသောက်တဲ့အခါ ကျွတ်ထိုက်တဲ့သတ္တဝါတွေကို ကြည့်တော်မူတဲ့အခါ အဲဒီသားအဖနှစ်ယောက် သောတာပန်ဖြစ်ဖို့ အကြောင်းကံပါလာတာကို မြင်တော်မူပါတယ်။ ဒါကြောင့် လမ်းကိုယူပြီး တည်နေတဲ့ မုဆိုးပမာ တောင်ခြေကိုသွားပြီး တောင်ထိပ်ကဆင်းလာတဲ့ သားအဖကို စောင့်ရင်း ထိုင်နေပါတယ်။ ဆင်းလာတဲ့သားအဖက ဘုရားရှင်ကို မြင်ကြပါတယ်။ ဘုရားရှင်က နှုတ်ဆက်စကား ပြောကြားလိုလို့ 'ပုဏ္ဏား သင်တို့ဘယ်သွားကြမလို့လဲ' လို့ မေးတော်မူပါတယ်။ သားက အဲဒီအကြောင်းကို ပြောပြပါတယ်။ မြတ်စွာဘုရားက 'ဒီလိုဆိုရင် လာ၊ သင့်ဖခင်ပြောတဲ့နေရာကို သွားကြစို့' လို့ မိန့်ကာ သားအဖနှစ်ယောက်ကိုခေါ်ပြီး တောင်ထိပ်ကို တက်သွားပါတယ်။ 'ဘယ်နေရာလဲ'လို့ မေးပါတယ်။ သားက တောင်သုံးလုံးရဲ့အကြား အရပ်ကို ပြောပြပါတယ်။ 'လုလင် သင့်ရဲ့ဖခင်ဟာ ယခုမှသာ သုသာန်သန့်သန့်ကို ကြိုက်တာမဟုတ်ဘူး၊ ရှေးကလည်း ကြိုက်ခဲ့တယ်၊ အဲဒီနေရာမှာ သင်္ဂြိုဟ်ဖို့ သင့်ကို ယခုမှသာ သင့်ဖခင်က ပြောခဲ့တာမဟုတ်ဘူး၊ ရှေးကလည်း ပြောခဲ့တယ်' လို့ ဘုရားရှင်က မိန့်ကာ အဖြစ်အပျက်ချင်းဆင်တူတဲ့ အတိတ်ဇာတ်ကြောင်းကို ပြောပြပါတယ်။

အတိတ်ဇာတ်လမ်းမှာ လုလင်အား ဘုရားအလောင်းတော်ရသေ့က 'လုလင် ဒီနေရာမှာပဲ မီးသင်္ဂြိုဟ်ခဲ့ရတဲ့လူတွေရဲ့ အတိုင်းအတာ ပမာဏ မရှိ၊ သင့်ရဲ့ဖခင်ကိုပဲ ဒီရာဇဂြိုဟ်မြို့မှာပဲ၊ ဒီပုဏ္ဏားမျိုးမှာပဲ ဖြစ်ပြီး ဥပသာဠကဆိုတဲ့ နာမည်နဲ့ပဲ ဒီတောင်ကြားမှာပဲ ဘဝပေါင်း ဘစ်သောင်းလေးထောင် ၁၄၀၀၀ မီးသင်္ဂြိုဟ်ခဲ့ရတယ်။ မှန်တယ်၊ ဒီ မြေကြီးပေါ်မှာ မီးမသင်္ဂြိုဟ်ဖူးတဲ့နေရာ သုသာန်မဖြစ်ဖူးဘဲ့နေရာ

www.dhammaransi.com



ဦးခေါင်းတွေ မမြုပ်နှံဖူးတဲ့နေရာကို ရဖို့ရာ မတတ်ကောင်းဘူး' လို့ မိန့်ကာ အစပိုင်းမှာဖော်ပြခဲ့တဲ့ စကားတွေကို မိန့်ပါတယ်။

အကိတ်ဇာတ်လမ်းမှာ လုလင်အားဘုရားလောင်း မိန့်ကြားတဲ့ စကားတွေကို သိရတဲ့အခါ သံဝေဂရမိပါတယ်။ သားနှစ်ယောက်၊ လင်၊ မိခင်၊ ဖခင်၊ အစ်ကိုတို့ ဆုံးသွားလို့ ဒုက္ခအကြီးအကျယ် ရောက်ရရှာတဲ့ ပဋာစာရီအား 'သား စသူတွေသေလို့ ငိုခဲ့ရတဲ့ သင့်ရဲ့မျက်ရည်တွေဟာ သမုဒ္ဒရာလေးစင်းက ရေတွေထက် ပိုပြီးများပါတယ်၊ သင်ဟာ ဘာကြောင့် မေ့လျော့နေရသလဲ' လို့ ဘုရားရှင်က မိန့်တော်မူခဲ့တဲ့ စကားကိုလည်း သတိရလာမိပါတယ်။ ဒီဘုရားစကားဟာလည်း သံဝေဂတရားကို ဖြစ်ပွားစေပါတယ်။

'အမှန်တရား (သစ္စာ) လေးပါး မသိခဲ့ကြလို့ သင်တို့ရော ငါဘုရားပါ ဒီလောက်ရှည်လျားတဲ့ သံသရာခရီးကို ဖြတ်သန်းကျင်လည်ခဲ့ရတယ်' လို့ မိန့်ခဲ့တဲ့ ဘုရားရှင်ရဲ့စကားကိုလည်း သတိရလာမိပါတယ်။

ဒီဘုရားစကားတော်တွေအရ အငိုရပ်ဖို့၊ အသေရပ်ဖို့ရာ သစ္စာလေးပါးကို သိအောင် ဝိပဿနာတရား အားထုတ်ကြရပါမယ်။ သစ္စာလေးပါးသိတဲ့ဉာဏ်ကိုရရင် လောကုတ္တရာ တရားကိုလည်း ရလာပါမယ်။ သစ္စာလေးပါးသိအောင် ဝိပဿနာအားထုတ်ရင် မညှဉ်းဆဲမှု၊ သီလစောင့်မှု၊ ဣန္ဒြေတို့ကို ဆုံးမမှုတွေကိုလည်း တစ်ပါတည်း ပြုလုပ်ပြီးဖြစ်သွားပါတယ်။

လောကကြီးမှာ မသေဖူးတဲ့နေရာ မရှိဘူးတဲ့။ ဒီစကားလေးကို စဉ်းစားကြည့်ရင် အလွန်ပဲ သံဝေဂရစရာ ကောင်းလှပါတယ်။ ယခု စာရှုသူ ထိုင်နေတဲ့နေရာလေးမှာလည်း စာရှုသူဟာ အခါခါသေခဲ့ဖူးပြီပေါ့။ သစ္စာကို မသိရင် အခုထိုင်နေတဲ့နေရာလေးမှာ ဘယ်လောက်ကြာအောင် ဆက်ပြီးသေနေရဦးမယ်ဆိုတာကို မသိနိုင်ဘူးပေါ့။ အခု

www.dhammaransi.com



ထိုင်နေတဲ့ နေရာလေးမှာ ဆက်ပြီးအခါခါမသေရအောင်တော့ ကြိုးစားကြမှ ဖြစ်ပါမယ်။ သစ္စာကို မသိရင် ဒုက္ခတွေရောက်လို့ ကျလာမယ့် မျက်ရည်တွေက နောက်ထပ် သမုဒ္ဒရာ ၄ စင်းက ရေတွေထက် များနေပါလိမ့်မယ်။ မျက်ရည်ရပ်ပြီး အသေပြတ်အောင် ကြိုးစားကြပါစို့။ ။

သာမဏေကျော်

www.dhammaransi.com

အမှတ် ၂၂၆၄၄
ရက်စွဲ

## ပါရမီစာပေမှ ထုတ်ဝေခဲ့သည့်
## သာမဏေကျော်၏ စာအုပ်များ

၁–မဟာစည်ဆရာတော်ကြီး၏ အဆိုအမိန့်များ
၂–နေမဝင်ခင် ရိက္ခာပြင်
၃–ကြည်ညိုဖွယ်ရာ အရှင်သာရိပုတ္တရာ
၄–မဟာဂန္ဓာရုံဆရာတော်၏ ပုံဝတ္ထုဖြင့်ပြောပြသောအဆုံးအမများ
၅–မဟာစည်ဆရာတော်၏ ထူးခြားသောအတွေးအမြင်များ
၆–မဟာဂန္ဓာရုံဆရာတော်၏ လူဝတ်ကြောင်တို့အတွက်
နံနက်ခင်းဩဝါဒများ
၇–လူပီသသူ
၈–ဘုရားနဲ့စပ် အထူးမှတ်ဖွယ်
၉–သို့သော်
၁၀–တွေးမိတာလေးတွေ
၁၁–ပြောချင်တာလေးတွေ
၁၂–မှတ်သားလိုက်နာဖွယ် ဘုရားစကား ၅၀

www.dhammaransi.com

## ၂၀၀၁ ခုနှစ်အတွင်းထုတ်ဝေခဲ့သည့် ပါရမီစာအုပ်များ

| | | |
|---|---|---|
| ၁၂၅။ | သာမဏေကျော် | မဟာဂန္ဓာရုံဆရာတော်၏ လူဝတ်ကြောင်တို့အတွက် နံနက်ခင်းဩဝါဒများ |
| ၁၂၆။ | ဒေါက်တာမတင်ဝင်း | လက်ဆင့်ကမ်းရတနာ |
| ၁၂၇။ | သာမဏေကျော် | ဘုရားနဲ့စပ် အထူးမှတ်ဖွယ် |
| ၁၂၈။ | ဒေါက်တာမတင်ဝင်း | ပုလဲတစ်လုံး ရွှဲတစ်လုံး |
| ၁၂၉။ | ချစ်နိုင်(စိတ်ပညာ) | အနာဂတ်ကိုပိုင်စိုးသူများ |
| ၁၃၀။ | သုခ | ဓမ္မကထာ စာပဒေသာ |
| ၁၃၁။ | သာမဏေကျော် | သို့သော် |
| ၁၃၂။ | ဒဂုန်ဦးထွန်းမြင့် | ဗုဒ္ဓဘာသာနှင့် မြန်မာ့ယဉ်ကျေးမှု |
| ၁၃၃။ | မစန္ဒာ | မဂ္ဂဇင်းဝတ္ထုရှည်များ(၂) |
| ၁၃၄။ | တက္ကသိုလ်သျှင်သီရိ | ကံဇာတ်လမ်း ဉာဏ်ဖြတ်သန်း ချမ်းသာရွှေပြည်နန်း |
| ၁၃၅။ | Ma Sandar | Upstream and other stories |
| ၁၃၆။ | ဦးသော်ဇင် | ဓမ္မပဒ |
| ၁၃၇။ | သာမဏေကျော် | ပြောချင်တာလေးတွေ |
| ၁၃၈။ | သာမဏေကျော် | တွေးမိတာလေးတွေ |
| ၁၃၉။ | ဒေါက်တာမတင်ဝင်း | ထက်မြက်ထူးချွန်သူတို့၏ နှုတ်ထွက်စကားများ |
| ၁၄၀။ | သုခ | သဗ္ဗေသတ္တာ |
| ၁၄၁။ | ပန်းဒကာကိုတင်မြင့် | ဘာသာသွေးနွေးပါစေ |
| ၁၄၂။ | ထက်ခေါင် | တု တူ တူး |
| ၁၄၃။ | မစန္ဒာ | နက်ပြန်ခါ |
| ၁၄၄။ | မန်းတင် | မြို့ပိုင်မောင်ပြုံးချို |
| ၁၄၅။ | Rawe Htun | The Modern Buddhist Nun |
| ၁၄၆။ | မောင်အုန်းဖေ | သူဌေးဖြစ်စို့ |
| ၁၄၇။ | ဦးဖိုးကျား | သီပေါမင်းပါတော်မူအရေးတော်ပုံ |
| ၁၄၈။ | ဒေါက်တာမတင်ဝင်း | ရေကြည်ချမ်းမြ |
| ၁၄၉။ | သာမဏေကျော် | မှတ်သားလိုက်နာဖွယ် ဘုရားစကား ၅၀ |

www.dhammaransi.com

# ဆက်လက်ထုတ်ဝေမည့် ပါရမီစာအုပ်များ

| | |
|---|---|
| သာမဏေကျော် | စကားကိုဘယ်လိုပြောရမယ်<br>[စာမူခွင့်ပြုချက်အမှတ် ၄၃၂/ ၂၀၀၁(၇)] |
| သာမဏေကျော် | မဟာစည်ဆရာတော်နှင့်<br>ယနေ့ခေတ်ဝိပဿနာရှုနည်းများ<br>[စာမူခွင့်ပြုချက်အမှတ် ၄၉၉/ ၂၀၀၁(၇)] |
| ဦးဖိုးကျား | မြန်မာ့ဂုဏ်ရည် သူရဲကောင်းများ<br>[စာမူခွင့်ပြုချက်အမှတ် ၆၀၈/ ၂၀၀၁(၆)] |
| ဦးသော်ဇင် | မိလိန္ဒပဉှာ<br>[စာမူခွင့်ပြုချက်အမှတ် ၂၅၃/ ၂၀၀၁(၄)] |
| ဦးအောင်မိုး | ဓမ္မသေနာပတိ အရှင်သာရိပုတ္တရာ<br>[စာမူခွင့်ပြုချက်အမှတ် ၁၈၂/ ၂၀၀၁(၃)] |
| မန်းတင် | နယ်ပိုင်မောင်ပြုံးချို<br>[စာမူခွင့်ပြုချက်အမှတ် ၉၃၁/ ၂၀၀၀(၇)] |
| မန်းတင် | ကိုဖိုးလုံး<br>[စာမူခွင့်ပြုချက်အမှတ် ၂၂၁/ ၂၀၀၁(၃)] |
| အဏ္ဏဝါစိုးမိုး | ချစ်ခရီးက ရှည်နေဦးမည်<br>[စာမူခွင့်ပြုချက်အမှတ် ၅၅၀/ ၂၀၀၁(၆)] |
| ဒေါက်တာမတင်ဝင်း | ကြည်ညိုဖွယ်ရာမာတာများ<br>[စာမူခွင့်ပြုချက်အမှတ် ၅၆၉/ ၂၀၀၁(၆)] |
| ဒေါက်တာမတင်ဝင်း | ကမ္ဘာအနှံ့ ပတ်ကြမယ်<br>[စာမူခွင့်ပြုချက်အမှတ် ၆၄၅/ ၂၀၀၁(၆)] |
| ဒေါက်တာမတင်ဝင်း | မင်းကျန်စစ်ကို ချစ်တဲ့သူများ<br>[စာမူခွင့်ပြုချက်အမှတ် ၃၃၈/ ၂၀၀၁(၄)] |
| မစန္ဒာ | ကွက်လပ်ကလေးဖြည့်ပေးပါ<br>[စာမူခွင့်ပြုချက်အမှတ် ၄၈၂/ ၂၀၀၁(၆)] |

www.dhammaransi.com

ပါရမီစာပေကမကြာမီထုတ်ဝေမည့်ဘာသာရေးစာအုပ်များ

မိလိန္ဒအမေးအဖြေစာအုပ်များထဲတွင်အထူးလူကြိုက်များ၍
အကြိမ်ကြိမ်ပြန်လည်ပုံနှိပ်ရသော
ဦးသော်ဇင်

## မိလိန္ဒပဉှာ

[စာမူခွင့်ပြုချက်အမှတ် ၂၅၃/ ၂၀၀၁(၄)]

မြတ်ဗုဒ္ဓ၏ လက်ယာတော်ရံကိုယ်တော်မြတ်ကြီးအကြောင်း
အပြည့်စုံဆုံးရေးသားပူဇော်ချက်
ပါဠိပါရဂူ ဦးအောင်မိုး

## ဓမ္မသေနာပတိ အရှင်သာရိပုတ္တရာ

[စာမူခွင့်ပြုချက်အမှတ် ၁၈၂/ ၂၀၀၁(၃)]

မာတာအမည်ရ ထေရီများ၊ ဥပါသိကာမကြီးများ
၁၀ ဦးတို့၏ ကြည်ညိုဖွယ်ရာ ဖြစ်ရပ်များ
ဒေါက်တာမတင်ဝင်း(ပညာရေးတက္ကသိုလ်)

## ကြည်ညိုဖွယ်ရာ မာတာများ

[စာမူခွင့်ပြုချက်အမှတ် ၅၆၉/ ၂၀၀၁(၆)]

www.dhammaransi.com



# သာမဏေကျော်

## မှတ်သားလိုက်နာဖွယ် ဘုရားစကား ၅၀